
www.burmeseclassic.com
ကြူးနစ် ၊ မောင်ညိုမှိုင်း(သန်လျင်)
ထောင်မှူးကြီးသိန်းဝင်း ၊ ထွန်းရင်(သဖန်းကိုင်း)
မောင်မြင့်မား(ပြည်ကလေး) ၊ နန်းကြော့သျှင် ၊ ဇလွန်ကျော်ဦး ၊ တင့်ထူး(ဝေဠုဝတီ)
မောင်သာမန်(ဇီကုန်း) ၊ တွင်းကြီးသား တင်ဝင်းဦး ၊ နတ်မိမယ်

www.burmeseclassic.com








ဗိုလ်ချုပ်၏ ခေါင်းဆောင်မှုအကြောင်းနှင့်
ချမ်းပြည်စစ်သင်တန်းဝင် ရဲဘော်သုံးကျိပ်တို့၏
ခွန့်လွှတ်စွန့်စားမှု အကြောင်းများပါဝင်သည့်

ဗိုလ်ချုပ်အောင်ဆန်း
ရဲဘော်သုံးကျိပ်

ဗိုလ်မင်းခေါင် (ရဲဘော်သုံးကျိပ်)







Quality Publishing House
အမှတ် ၅၀၈/၅၁၂ (၂-ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၅၊ ၃၈၆၈၃၃။

http: Quality.myanmaronline...
www.burmeseclassic.com

NO . 119

DECEMBER 2014


[illegible]

သွေးသောက်ပတ္တမြား ၆

[illegible]

ဆူးဖြွန်းနှင်းသီ ၃၁

[illegible]

ညှို့အာရုံနှစ်ပင်ယှက်တယ် ၅၀

[illegible]

တန်ပြန်ကလဲ့စား ၆၇

မောင်ညီမှိုင်း([illegible])

ရင်တုန်ခဲ့ရသည့်နေ့များ ၈၀

[illegible]

ဝှက်ပဲတစ်ချပ် ၁၀၅

[illegible]

အုံတစ်ပါးပါပေတည်း ၁၁၆

[illegible]

[illegible]ငရုံ ၁၃၁

[illegible]

[illegible]ကိုယ်တိုင်ရေးသည်းထိတ်ရင်ဖိုပုံပြင် ၁၄၄

[illegible]

[illegible]မြူတောကငွေ့နေ့လယ်ခင်း ၁၅၆

[illegible]

[illegible]င်းလော၊ဘီလူးလော ၁၈၉

[illegible]

[illegible]ချိုး ၂၀၃

[illegible]

[illegible]ယ်ကောင်လား၊ဟင်းစားလား ၂၁၄

[illegible]

[illegible]ချောင်းတချသည့် ၂၃၄


www.burmeseclassic.com

www.burmeseclassic.com



အယ်ဒီတာချုပ်
(Quality)
တာဝန်ခံအယ်ဒီတာ
အုပ်ချုပ်မှုအယ်ဒီတာ
အယ်ဒီတာအဖွဲ့
ရုံးအဖွဲ့
ထုတ်ဝေသူ
Quality Publishing House
မျက်နှာဖုံးဒီဇိုင်း
အတွင်းသရုပ်ဖော်
ကွန်ပျူတာနှင့် ဖလင်
Quality
ပုံနှိပ်သူ
စာအုပ်ချုပ်
အုပ်ရေ–
တန်ဖိုး–
စာစာညီအဖွဲ့နှင့် ဖြန့်ချိရေးဌာန

# NEXT MONTH PREVIEW



**ဇေဝင်ကာရဲ့အော်သံ**
မောင်ညိုမှိုင်း (သန်လျင်)



**ွေးဝါလေမိုးအဆုံးမြေအနှံ့**
မှုံ သုမှန်



**လူသတ်သမားက ဘယ်သူ**
ဂါဦးနွန်းကို

www.burmeseclassic.com

www.burmeseclassic.com



နှစ်တွင် ကျွန်ုပ်သည် ပြည်မြို့ထောင်၌ ရှိနေသည်ဖြစ်၍
ထိုအခါက ထောင်မှူးကြီးမှာ မြို့မှ မကြာမီကပင် ပြောင်းလာသော
မျက်နှာဖြူ "မစ္စတာမက်ကောမစ်" ဆိုသူဖြစ်လေသည်။
ထောင်မှူးကြီးသည် ဆိုးသွမ်းဟောင့်ရမ်းသော အကျဉ်းသမားများအပေါ်တွင်
တစ်ခါတစ်ရံ မှတ်လောက်အောင် ဆုံးမလေ့ရှိသော်လည်း အလုပ်အကိုင် ရှိသေစွာလုပ်
ဝတ္တရား မပျက်မကွက်သူတို့အပေါ်၌ကား ကြင်နာသနားစိတ် ရှိခဲ့လေသည်။

ဒဂုန်ရွှေမျှား

www.burmeseclassic.com

www.burmeseclassic.com

သို့ဖြစ်၍လည်း ထောင်သားများမှာ ၎င်းအား ချစ်ကြောက်ရှိသေ ရှိကြကုန်၏။ တစ်ခါက ၎င်းမှာ အသက်ပေါင်ကုမ္ပဏီတစ်ခုမှ ငွေ (၅၀၀၀)ကျပ် ထုတ်ယူရရှိခဲ့သည်ဆိုပြီးလျှင် ထောင်သားများအား ထိုနေ့အဖို့ ကြက်သားဟင်းနှင့် ထမင်းအဝကျွေးပြီးလျှင် ဆေးလိပ်တစ်လိပ်စီပင် ဝေငှခဲ့လေသည်။

မစ္စတာမက်ကောမစ်မှာ အသက် (၅၅)နှစ်မျှ ရှိပြီဖြစ်၍ ပင်စင်ယူရန်နီးကပ်လာပြီဖြစ်ရာ မကြာမီပင် အခွင့်ယူ၍ ၎င်း၏နေရင်းဌာနသို့ ပြန်တော့မည့်အကြောင်းနှင့် ကျွန်ုပ်အား စကားစပ်မိသည့်အခါအများ၌ ပြောဖူး၏။ ထောင်မှူးကြီးက ကျွန်ုပ်အား များစွာခင်မင်သည့်အလျောက် ၎င်းအိမ်၌ ဗာဟီရနိုင်းစေရန် လက်ပါးစေအတွက် နေ့စဉ်ထောင်သား (၄)ယောက်မျှ သွားရောက်အလုပ်လုပ်ကိုင်ရလေရာ ထို(၄)ယောက်ကို ကျွန်ုပ်ကိုယ်တိုင်သဘောအကောင်းဆုံးနှင့် အရိုးဖြောင့်ဆုံးလေးယောက်ကို ရွေးချယ်ပေးခဲ့ရလေသည်။

၎င်းတို့မှာ နံနက်(၇း၃၀)နာရီတွင် ထောင်မှူးကြီး၏အိမ်သို့ရောက်ရှိရ၍ (၁၀)နာရီတွင် ထောင်သို့ ပြန်ရ၏။ ညနေပိုင်းကာ နေ့လယ်(၁)နာရီတွင် အလုပ်စပြီးလျှင် ညနေ (၄)နာရီ၌ ပြန်ရလေသည်။

ကျွန်ုပ်တို့ကိုယ်တိုင်မှာကား တစ်ပတ်လျှင် (၂)ကြိမ်ကျ ထိုလူများ အလုပ်ကောင်းစွာ လုပ်၊မလုပ်ကို သွားရောက်ကြည့်ရှုရ၏။ လုပ်ရသည့် အလုပ်မှာ ပင်ပန်းကြီးစွာ လုပ်ရသည်မဟုတ်ချေ။ ထောင်မှူးကြီး၏အဝတ်များကို ဖွပ်လျှော်ရခြင်း၊ မီးပူတိုက်ရခြင်း၊ ကြမ်းနှင့် အိမ်ထောင်ပရိဘောဂများကိုပြောင်လက်အောင်ပွတ်တိုက်ရခြင်း၊ ပန်းပင်များကိုရေလောင်းရခြင်း၊ အိမ်တွင်း၌ အလှထားသည့် ပန်းအိုးများကို ပြင်ဆင်ရခြင်း၊ ပန်းကန်ခွက်ယောက်များကို ဆေးကြောရခြင်း၊ ဖိနပ်တိုက်ရခြင်းမှစ၍ အိမ်တွင်းမှု၌ အစစလိုလေသေးမရှိလုပ်ကိုင်ရ၏။ ထောင်မှူးကြီးမှာလူပျိုကြီးတစ်ယောက်ဖြစ်၍ မိန်းမပင် မရှိစေကာမူ ထောင်သားများ၏အပြုအစုကို ခံခြင်းဖြင့် ကျေနပ်နေသူ ဖြစ်လေသည်။

၎င်းမှာ ပန်းပင်များကိုလွန်စွာဝါသနာပါသူတစ်ယောက်ဖြစ်၍ အိမ်တွင်း၌ပင် အလွန်လှပသော ရွက်လှပင်အမျိုးမျိုးကို ကြေးအိုး၊ ကြွေအိုး၊ မြေအိုးအမျိုးမျိုးဖြင့် စိုက်ပျိုးထား၏။ ထိုမျှသာမကသေး အိမ်ရှေ့ဧည့်ခန်းရှိ စားပွဲတစ်လုံးပေါ်တွင် စားပွဲတစ်လုံးလျှင် ပန်းအိုးတစ်လုံးကျစီ တင်ထားလျက် ထိုပန်းအိုးများထဲသို့ ထောင်ခြံမှထွက်သည့်ပန်းအမျိုးမျိုးကို နေ့စဉ်လဲလှယ်စိုက်ထိုးထားရ၏။

ပန်းအိုးများမှာလည်းတရုတ်ပြည်မှလာသောကြွေအိုးများ၊ဥရောပတိုက်ထွက်အိုးများ၊ ကြေးအိုးများ၊ မြန်မာဖြစ် ကြွေတုအိုးများ စသည်ဖြင့် အမျိုးပေါင်းများစွာရှိ၏။ ပန်းနှင့်အလှအပကြိုက်သူတစ်ယောက်ဖြစ်သည့်အတိုင်းလည်း စိတ်သဘောကောင်းသူတစ်ယောက် ဖြစ်လေသည်။

ထောင်မှူးကြီးအိမ်တွင်အလုပ်ကျသူများမှာအလုပ်သက်သာရုံသာမက လက်ဖက်ရည်ကြမ်းနှင့် ပေါင်မုန့်အကျန်များ၊ တစ်ခါတစ်ရံ နို့ဆီဘူး အကပ်အသပ်များ၊ ဟင်းကြွင်းဟင်းကျန်များကိုပင် စားသောက်ရသဖြင့် အလုပ်သက်သာရုံမက စားကောင်း၊သောက်ကောင်းတို့ကိုလည်း စားကြရသည်ဖြစ်ရကား ထောင်သားများမှာ ထိုအလုပ်ကိုရရှိရန် သူ့ထက်ငါ တိုးဝှေ့လျှောက်ထားကြလေသည်။

ကျွန်ုပ်မှာ ထိုအလုပ်အတွက် ခန့်ထားရသူဖြစ်သည့်အတိုင်း ကျွန်ုပ်ထံ ထိုအလုပ်အတွက် အမြဲကပ်ရပ်သူများရှိရာ ကျွန်ုပ်ကသာလျှင် ၎င်းတို့၏ အကျင့်စာရိတ္တကို ရွေးချယ်၍ လူများလျှင် များသည့်အလျောက် လူချင်းလဲလှယ်၍ ခန့်ထားရလေသည်။

www.burmeseclassic.com

တစ်နေ့သ၌တောင်ယာကြီးဘက်တွင်အလုပ်ဝတ္တရားကျသောအကျဉ်းသမား (၃၀)တို့ကို သေနတ်ကိုင်အစောင့် စန္ဒရီ (၇)ယောက်၊ ဗာရာ (၆) ယောက်နှင့် ကျွန်ုပ်ပါကြီးကြပ်ပြီးလျှင် ထောင်ထဲမှထုတ်ခဲ့၍တောင်ယာကြီးဘက်သို့ လာခဲ့ကြ၏။ အချိန်မှာ နံနက် (၆)နာရီမျှသာရှိသေး၍ ဆီးနှင်းများသည် ထူထပ်စွာ ကျရောက်လျက်ရှိရာ ကျွန်ုပ်တို့လူစုလည်း ထောင်၏အရှေ့တောင်ဘက်ရှိ တောင်ယာခင်းသို့ လာခဲ့ကြလေသည်။

ထောင်သားများမှာ နံပါတ်များအသီးသီးရှိကြရာ ဗာရာ(၆)ဦးမှာ တစ်ဦးလျှင် အကျဉ်းသား (၅)ယောက်မျှမိမိတို့လူများကို အသီးသီးထိန်းကြရလေ






သည်၊ ၎င်းတို့အားလုံးကို ကျွန်ုပ်က စောင့်ကြည့်ရ၍ အလုပ်ခွင်တွင် အလုပ်လုပ်နေစဉ် စန္ဒရီ(၇)ယောက်တို့က နံဘေးမှ ဝိုင်းဝန်းစောင့်ရှောက်ရလေသည်၊

အချိန်မှာ ဆောင်းဦးပေါက်အချိန်ဖြစ်ရကား လုပ်ရသောအလုပ်မှာ ပန်းမှန်လာနှင့် "နီကို" များစိုက်ပျိုးရန်အတွက် မြေကိုပြောင်းဖော်ရသောအလုပ်၊ ကျောက်ခဲနှင့် အမှိုက်သရိုက်များကို ရှင်းလင်းရသောအလုပ် ဖြစ်လေသည်၊

နစ်စကမျှ ကျယ်ဝန်းသော မြေကွက်ပေါ်တွင် ကျွန်ုပ်နှင့် ဗာရာ(၆) ယောက်တို့သည် အကျဉ်းသားအလုပ်သမား (၃၀)အား သူ့နေရာနှင့်သူ အသီးသီးတာဝန်ချထားပေးပြီးသော် ကျွန်ုပ်ကိုယ်တိုင်မှာ ချမ်းအေးလှသည် ဖြစ်၍ သဲပုံစေတီနှင့်မနီးမဝေးရှိကုက္ကိုပင်တစ်ပင်အောက်တွင်အမှိုက်သရိုက်များကို စုပုံမီးရှို့ပြီးနောက် ခါးကြားတွင် လိပ်ထားသည့်တစ်လက်မခန့်ရှိ ဆေးပြင်းလိပ်တိုကိုခဲကာ "ဖိမ်" ကျလျက် ရှိနေခဲ့လေ၏၊

အလွန်အေးချမ်းသောအချိန်တွင်မီးပုံအနီး၌လည်းရှိပြန်၊ ဆေးပြင်းလိပ်တိုအရသာကိုလည်း ခံစားရပြန်ဖြစ်ရကား ကျွန်ုပ်မှာ ယခင်က ရှေးဟောင်းနောင်းဖြစ်များကို စဉ်းစားလျက်လည်းကောင်း၊ လွတ်မည့်နေ့ရက်ကို လက်ချိုးရေတွက်လျက်လည်းကောင်း ရှိနေခဲ့၏၊

သဲပုံစေတီမှာ ထောင်သားများစု၍ သဲများကိုကျုံးယူကာ တည်ဆောက်ခဲ့သော စေတီတော်ဖြစ်ပြီးလျှင် ၎င်း၌ ရဟန္တာဓာတ်တော်များပင် ဌာပနာ၍ထားရန် ထောင်သားများ ကြိုးစားခဲ့ကြောင်းကို ကျွန်ုပ်ထက် ထိုထောင်တွင် ထောင်သက်ရှည်သူများက ပြောကြားသဖြင့် သိရှိရလေသည်၊ ထိုသဲပုံစေတီတော်ကလေးမှာ မှန်(၄)ပေါက်ဖြင့် သပ်ရပ်စွာတည်ရှိလျက် ထိုမှန်လေးမှန်တွင် ပန်းများစိုက်ထိုးထားသော မြေပန်းအိုးတစ်လုံးစီရှိလေသည်၊



www.burmeseclassic.com

www.burmeseclassic.com

ထိုပန်းတကောင်းများ၌ တောင်ယာကြီးသို့ အလုပ်ဝတ္တရားကျသော အကျဉ်းသားများကိုယ်တိုင် ဇုဒ္ဓသရက်ပင်ခေါ် နေရာတိုင်းလိုလို၌ ပေါက်ရောက်ရှိသော တောင်ခြံနံဘေးပတ်လည်ရှိ ပန်းပင်များမှ ပန်းများနှင့် ယှက်စွ အဆုံးအားဖြင့် ရွက်လှကိုင်းများကိုပင် ထိုး၍ လှုဒါန်းလေ့ရှိကြ၏။

ဤသို့ မီးဖိုအနီးတွင် စိတ်ကူးယဉ်နေခိုက် အရှေ့ဘက်မှစ်ဆီသို့ တရွေ့ရွေ့လာနေသော ပုံသဏ္ဍာန်တစ်ခုကို မြင်ရသဖြင့် ကျွန်ုပ်လည်း အကျဉ်းသား (၃၀)ထဲမှ တစ်ယောက်ယောက်သည် အခါတိုင်းကဲ့သို့ ပန်းများတင်ရန် လာရောက်ခြင်းဖြစ်သည်ဟု အမှတ်မဲ့ပင် နေလိုက်၏။

သို့သော် ထိုသူ၏နောက် မနီးမဝေးမှ အခြားသဏ္ဍာန်တစ်ခု လိုက်လာပြီးလျှင် နောက်လိုက်လာသောသဏ္ဍာန်သည် လဲ၍နေသောသစ်ပင်ကြီးတစ်ပင်နောက်တွင် ရိုပ်ခနဲ ပျောက်ကွယ်သွားလေ၏။ ပထမပုံသဏ္ဍာန်သည် ၎င်းအား မည်သူများ ချောင်းမြောင်းကြည့်ရှုနေဘိသနည်းဟူသော အမူအရာဖြင့် တစ်ခဏမျှ ပတ်ဝန်းကျင်ကို လှည့်ကြည့်ပြီးသော် လက်ထဲ၌ပါသည့် ပန်းကိုင်းကို လွှင့်ပစ်လိုက်ရုံမျှမက ပန်းတကောင်းမှ ပန်းများကိုပါ လွှင့်ပစ်လိုက်ပြီးလျှင် ပန်းတကောင်းကို နံငယ်ပိုင်းအောက်သို့ ဝှက်လိုက်လေ၏။ ဆီးနှင်းများမှာ ထူထပ်စွာ ကျရောက်လျက် ဝေလီဝေလင်းမျှသာ ရှိသေး၏။ မှန်ပေါက်မှာ ကျွန်ုပ်နှင့် ကိုက်(၅၀)ခန့်ဝေးရာ ပုံသဏ္ဍာန်သည် ကျွန်ုပ်အား ကျောခိုင်းလျက်ရှိသဖြင့် မည်သူမည်ဝါဟူ၍ မသဲကွဲချေ။

ကျွန်ုပ်လည်း ထိုအကျဉ်းသား၏ အပြုအမူကို အံ့သြစွာကြည့်ရှုလျက်ရှိလေသည်။ သို့သော် ထိုအံ့သြခြင်းများကား အချိန်များစွာ မကြာလှချေ။ အခြားအကျဉ်းသားတစ်ယောက်၏ သဏ္ဍာန်တစ်ခုသည် ပန်းတကောင်း ဝှက်၍ထားသူအား နောက်ကျောမှ တစ်စုံတစ်ခုသောလက်နက်ဖြင့် တအား စိုက်လိုက်ပြီးလျှင် ဝှက်၍ထားသော ပန်းတကောင်းကို လုယူလေ၏။



ထိုအချိန်၌ကား ဆီးနှင်းများသည် ယခင်ကထက် ထူထပ်စွာ ကျရောက်လျက်ရှိသည်ဖြစ်၍ ၎င်းတို့၏မျက်နှာကို သဲကွဲစွာ မမြင်သော်လည်း နှစ်ယောက်သား ထွေးလုံးနေသည်ကိုကား မြင်ရ၏။ ထိုအခါ ကျွန်ုပ်မှာ ကြက်သေ,သေလျက်ရှိရာမှ သတိရလာပြီးလျှင် ဘုရားစေတီသို့ တအားကုန် ပြေးသွားလေ၏။

သို့သော် ထိုနေရာသို့မရောက်မီ လက်နက်ကိုင်သော သူနှင့် ပထမလူသည် ပန်းတကောင်းကို တစ်ယောက်တစ်ပြန် လုယူနေရာမှ ပထမလူသည် မြေပေါ်သို့ လဲကျသွားလေ၏။ သို့သော် ပန်းတကောင်းကို လက်မှမလွှတ်ချေ။

ကျွန်ုပ်ရောက်သွားသောအခါ၌ကား ဒုတိယလူမှာ တအားကုန် ပြေးလေပြီ။ ၎င်းမှာ ပထမလူလဲကျသွားသည်ကို မြင်သဖြင့်တစ်ကြောင်း၊ ကျွန်ုပ်ပြေးလာသည်ကို မြင်သဖြင့်တစ်ကြောင်း ပန်းတကောင်းကို လက်လွှတ်ခဲ့ပြီးလျှင် ထောင်ခြံစည်းရိုး ရှိရာဆီသို့ တအားကုန်ပြေးသွားလေ၏။

အခြားတာရာများနှင့် စန္တရီကုလားများရှိသောနေရာမှာ ကျွန်ုပ်တို့နှင့် ကိုက်(၁၀၀)ခန့် ဝေးသည်ဖြစ်ရာ ကျွန်ုပ်လည်း အသံကုန်ဟစ်အော်လိုက်သဖြင့် အနီးဆုံး စန္တရီတစ်ယောက်သည် ခြံစည်းရိုးဆီသို့ပြေးသော အကျဉ်းသားနောက်သို့ လိုက်လေ၏။

ခြံစည်းရိုးမှာ တောင်ယာကြီးပတ်လည်တွင် ခါးစောင်းခန့်မြင့်သော သံတိုင်ဖြင့် ကာရံထားသော်လည်း သွပ်ကြိုးများမှာ အလွန်လျော့ရဲစွာ ရှိနေသဖြင့် ထွက်ပြေးသောအကျဉ်းသားမှာ ထိုသွပ်ကြိုးအောက်မှလျှိုကာ အပြင်သို့ ရောက်သွားဟန်လက္ခဏာ ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်၌ ဆီးနှင်းများမှာ ယခင်ကထက် ပိုမိုကျလာပြီးလျှင် ဝါးတစ်ရိုက်သာသာခန့်ရှိ လူတစ်ယောက်ကိုပင် မြင်နိုင်ရန် ခဲယဉ်းသဖြင့်တစ်ကြောင်း၊ အထူး



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် ထိုနေရာများတွင် ရှုံ့ပုတ်များ ထူထပ်သဖြင့်တစ်ကြောင်း စန္ဒရီသည် အကျဉ်းသားအား မျက်ခြေပြတ်သွားလေ၏။

ထိုအခါ စန္ဒရီကုလားသည် (၃)ကြိမ်မျှ ရပ်တန့်ရန် ဟိန္ဒူဘာသာဖြင့် တစ်အော်ပြီးနောက် သေနတ်ကို ကောင်းကင်သို့မြှောက်၍ပစ်ဖောက်လိုက်လေ၏။ ထိုအချိန်မှာကား အခြားစန္ဒရီနှစ်ယောက်နှင့် ဇာရာနှစ်ယောက်တို့လည်း လာရောက်ကြပြီဖြစ်ရာ အကျဉ်းသားကိုကား မတွေ့ရတော့ချေ။ ဆီးနှင်းများအကြားတွင် ပျောက်ကွယ်၍ သွားခဲ့ချေပြီ။

ထိုအခါ ကျွန်ုပ်တို့လည်း ဘုရားစေတီရှိရာသို့ လာခဲ့ကြပြီးလျှင် အရှေ့ဘက်မုခ်အနီးတွင် လဲနေသော အကျဉ်းသားကို တွေ့ရသည်နှင့် မျက်နှာကို ကြည့်ရှုရာ ၎င်းမှာ သာယာဝတီနယ်သား ရန်အောင်ဆိုသူဖြစ်ကြောင်း တွေ့ကြရလေသည်၊ ရန်အောင်မှာ အတော်အတန်ခွန်အားကောင်းသော သူတစ်ယောက်ဖြစ်လျက် ဓားခုတ်မှုတစ်မှုနှင့် အပြစ်ခံနေရသူတစ်ဦးဖြစ်ပြီးလျှင် ယခင်က ပြစ်မှုပေါင်းများစွာ ကျူးလွန်ဖူးသော လူဆိုးတစ်ယောက်ဖြစ်၍ အသက်မှာ (၄၀)ခန့်ရှိလေပြီ၊

နောက်ကျော၌ကား စည်ပတ်သံပြားကို ချွန်ထက်အောင် သွေး၍ထားသော ထင်းရှူးသစ်သားလက်ကိုင်ဖြင့် ဓားမြှောင်တစ်ခုမှာ လက်ကိုင်သည့်နေရာအထိ စူးဝင်နစ်မြုပ်လျက်ရှိပြီးလျှင် အလောင်းမှာ သဲနုံးမြေပေါ်တွင် လက်ဝဲဘက်သို့စောင်းကာ လဲကျလျက် ၎င်း၏လက်များသည်ကား အပြာနရောင် ပန်းတကောင်းကို မြဲမြံစွာ ဆုပ်ကိုင်လျက်ပင် ရှိသေး၏၊

ကျွန်ုပ်တို့မှာ အလောင်းကိုကြည့်ရှုသနားနေရုံမျှနှင့် ကိစ္စမပြီးသေးချေ၊ ထွက်ပြေးသူကိုစစ်ဆေးရမည်ဖြစ်လေသည်၊ သို့ဖြစ်၍ ကျွန်ုပ်လည်းအားလုံး



ဇာရာများကိုခေါ်ပြီးလျှင်လူသတ်မှုကျူးလွန်ထွက်ပြေးသောအကျဉ်းသားကို အားလုံးအကျဉ်းသားများအား တန်းစီရှာဖွေသောအခါ ထွက်ပြေးသူမှာ ထွန်းပြည့်ဆိုသူဖြစ်ကြောင်း သိကြရ၏။

ထွန်းပြည့်မှာ နှစ်ကြီးသမားမဟုတ်ဘဲ လွတ်ရက် (၁၃)ရက်မျှသာ လိုတော့သည့် အကျဉ်းသားတစ်ယောက်ဖြစ်ရာ ၎င်းနှင့် တစ်စုံတစ်ရာဆက်သွယ်ဟန်လက္ခဏာမရှိသော သာယာဝတီသား ရန်အောင်အား အဘယ်ကြောင့်သတ်ရသည်ကို ကျွန်ုပ်တို့မှာ စဉ်းစားမရနိုင်ချေ၊

၎င်းနောက် ကျွန်ုပ်လည်း ဇာရာတစ်ယောက်ကို ခေါ်ပြီးလျှင် ထောင်မှူးကြီးထံ အစီရင်ခံရန် ထောင်ဆီသို့ ပြန်ခဲ့၏။ ဤပြစ်မှုများအတွက် ဇာရာ(၆)ယောက်နှင့် ကျွန်ုပ်ကိုယ်တိုင် "လျှော့" ရက် မည်မျှပဲတင်းရဦးမည်ကိုလည်း စဉ်းစားမိသေး၏။ ထောင်မှူးကြီးအတွက်လည်း သက်သာလှမည်မဟုတ်ချေ၊

ထောင်မှူးကြီးသည် ကျွန်ုပ်ပြန်ပြောသော စကားများကို ခေါင်းတညိတ်ညိတ် နားထောင်လျက်ရှိရာမှ -

"ကိုင်းလေ - ဖြစ်ပြီးတဲ့ဟာ ဘယ့်နယ်လုပ်ပြီး တတ်နိုင်ပါတော့မလဲ၊ အထက်က ကျုပ်တို့အပေါ်အပြစ်ရှိတယ်ထင်လို့အပြစ်ပေးရင်လည်း ဒီအပြစ်ကို ဝေခံကြရုံပေါ့"

ဟုသာ နောက်ဆုံးပြောကြားပြီးလျှင် အကျိုးအကြောင်းကို ရာဇဝတ်ဝန်ကြီးနှင့် အရေးပိုင်ထံ တယ်လီဖုန်းဖြင့် အကြောင်းကြားလိုက်၏။ မကြာမီ ဆိုင်ရာပုလိပ်အရာရှိများ ရောက်လာ၍ ရန်အောင် ဓားထိုးခံရပုံနှင့်တကွ၊ ထွန်းပြည့်ထွက်ပြေးပုံတို့ကိုပါစစ်ဆေးရာ (၂)မှုစလုံး၌ပင် ပုလိပ်အရာရှိများသည် သေသူအကျဉ်းသားရန်အောင်နှင့် ထွက်ပြေးသော အကျဉ်းသား ထွန်းပြည့်တို့နှင့် ပတ်သက်သော မှတ်တမ်းအမှုတွဲများကိုလည်း ကြည့်ရှုရန်



www.burmeseclassic.com

www.burmeseclassic.com

ထောင်မှူးကြီးထံမှ တောင်းယူပြီးလျှင် ရန်အောင်၏အလောင်းကိုလည်း ဆေးရုံသို့ ပို့စေ၏။

ထောင်မှူးကြီးမှာ စိတ်ကောင်းရှိသူတစ်ယောက်ဖြစ်၍ ကျွန်ုပ်အပေါ်တွင်လည်းကောင်း၊ အခြားတရာ (၆)ယောက်အပေါ်တွင်လည်းကောင်း ဆိုင်ရာအထက်အစိုးရသို့ ညာတာစွာ အစီရင်ခံမည်ဖြစ်သော်လည်း ကျွန်ုပ်မှာ ထိုနေ့အဖို့ဝမ်းနည်းကြေကွဲဖွယ်၊ စိတ်နှလုံးမချမ်းမြေ့ဖွယ် အဖြစ်အပျက်များကိုတွေ့ရသဖြင့် တစ်နေ့လုံး ကိုယ်လက်မအီမသာ ရှိနေခဲ့၏။

နောက်တစ်နေ့၌ ထောင်မှူးကြီးသည် ကျွန်ုပ်အား ၎င်း၏ရုံးခန်းမှ နေအိမ်သို့ခေါ်သွားလေ၏။ ထိုအချိန်မှာ၎င်းအိမ်၌တာဟီရအလုပ်လုပ်ရသော ထောင်သားများထမင်းစားပြန်နိုက်ဖြစ်၍အိမ်၌စားပွဲထိုးကုလားတစ်ယောက်နှင့် အစေခံတစ်ယောက်သာရှိလေသည်။

ထောင်မှူးကြီးသည် ယမန်နေ့ကဖြစ်ပျက်သော အမှုအကြောင်းကို ဆက်လက်၍မေးရာမှ -

"ဘယ့်နှယ်လဲ - ဒီကောင်နှစ်ယောက်ဟာ ဘာရန်ငြိုးမှအဆက်မရှိဘဲနဲ့ သည်လောက် ရက်ရက်စက်စက်သတ်သွားတယ်ဆိုတာ မဆန်းဘူးလား မောင်ဘိုးတော်"

"မှန်ပါတယ် - သခင်၊ ပြီးတော့ - သည့်ထက်ဆန်းတာက သေသွားတဲ့ ရန်အောင်နဲ့ထွန်းပြည့်ဟာ ဘာမဟုတ်ဘဲ ပန်းထိုးတဲ့ ရေတကောင်းကလေးကို အတင်းလုရင်းဖြစ်ရတာ သာပြီးဆန်းပါတယ်"

"ဩော် - ဟုတ်တယ်၊ မောင်ဘိုးတော်ပြောမှ ကျုပ်တစ်ခုသတိရတယ်၊ သေသွားတဲ့ ရန်အောင်ဆိုတဲ့အကောင်ဟာ ကျုပ်အိမ်မှာ တာဟီရလုပ်ဖို့ ခေါ်လာဖူးတဲ့ ရန်အောင်ပဲ မဟုတ်လား"



"မှန်ပါတယ် - သခင် - သူပါပဲ"

"နေပါဦး - ဒီအကောင်ဟာ စိတ်မှကောင်းရဲ့လား - မောင်ဘိုးတော်"

"ဘာပြုလို့လဲ - သခင်"

"ဟိုဘက်စားပွဲပေါ်တင်ထားတဲ့ ပန်းတကောင်းအပြောကလေး ကြည့်စမ်း၊ သူတို့လုတယ်ဆိုတဲ့ သဲပုံစေတီက ပန်းတကောင်းနဲ့ မတူဘူးလား"

"ဟုတ်တယ် - သခင်၊ တူတာမှ သိပ်တူတာပဲ"

"ဒီအကောင်ဟာ ... မောင်ဘိုးတော် ... စပြီးခေါ်လာတဲ့နေ့ကပဲ ... ဒီပန်းတကောင်းအပြောကလေးကို ဖုန်သုတ်ရာက စေ့စေ့စပ်စပ် ကိုင်ကြည့်လိုက်၊ အောက်ကြည့်လိုက်၊ အပေါ်ကြည့်လိုက်နဲ့ လှည့်ပတ်ကြည့်နေတာ ကျုပ်တွေ့ရတယ်၊ တစ်ခါနှစ်ခါကြည့်ရင် ကျုပ်ဂရုမစိုက်ပါဘူး။ နို့ပေမဲ့ - ဒီလိုကြည့်တာ သုံးလေးခါတွေ့ရတော့ ဒီအကောင်ဟာ ပန်းအိုးကိုများ ခိုးချင်လို့လားလို့ ကျုပ်စိတ်ကတောင် နည်းနည်းသင်္ကာမကင်း ဖြစ်မိသေးတယ်၊ ဒီအကြောင်းကို မနေ့ကသူ့ကိုသတ်သွားပြီး မောင်ဘိုးတော်အစစ်ခံတော့မှ ကျုပ်အမှတ်ရတော့တယ်"

"ဟုတ်တယ် - သခင်၊ ဒီကောင် - ခိုးချင်လို့များလားမှမသိဘဲ"

"နို့ပေမဲ့ - ဒီဟာက တရုတ်ပြည်ကထွက်တာ (၃၀)ကျပ်တောင် ပေးရတယ်၊ သဲပုံစေတီက ပန်းတကောင်းက မောင်ဘိုးတော်တို့ မြန်မာပြည်ဖြစ်ပဲ၊ သမိုင်းစက်မှာ လုပ်တာထင်ပါရဲ့၊ ကျုပ်လည်း ရန်ကုန်လေလံပွဲက ဆွဲလာတာပဲ၊ သူတို့ သဲပုံစေတီမှာ ပန်းထိုးဖို့လိုနေတယ် ပြောသံကြားတာနဲ့ ကျုပ်ရှာလိုက်တာပဲ"

"ဩော် - ကျွန်တော် မရောက်သေးခင်က မှတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် - မောင်ဘိုးထော်၊ ဒီလိုထင်တယ် - မောင်ဘိုးထော်ရဲ့ တချို့လူတွေမှာ လုံးလုံးစိတ်နောက်တာတော့ မဟုတ်ဘူး၊ နို့ပေမဲ့ - ထောင်ကျလို့ စိတ်ညစ်ရာက တစ်စတစ်စ စိတ်နောက်လာပြီး တိုလီမိုလီကလေး ကစားစရာတို့လို၊ အရုပ်ကားတို့လို အဲဒီလို အဖိုးမတန်တဲ့ ပစ္စည်းကလေးတွေကို ကလေးများစိတ်ရှိသလို လိုချင်ပြီး ခပ်ယဥ်ယဥ်နဲ့ ရူးနေတဲ့ အရူးတစ်မျိုး ကျုပ်တို့နိုင်ငံမှာ ရှိတယ်၊ ဒါကြောင့် - ရန်အောင်လည်း ဒီလိုများရူးနေသလား မပြောတတ်ဘူး"

"ဆန်းတော့ဆန်းတာပဲ - သခင်၊ ကျွန်တော်လည်း မတွေးတတ်နိုင်အောင် ရှိနေပါတယ်"

"နေပါဦး - မနေ့က သူတို့ချင်း ပန်းအိုးလုတော့ ဘယ်လိုဖြစ်သလဲ၊ ပန်းအိုးကော - ဘယ်ရောက်သွားသလဲ"

"သူတို့ချင်းအလုမှာ ပန်းအိုးဟာ လည်ပင်းနားက ပြတ်ထွက်သွားတာနဲ့ အသုံးမကျလို့ အမှိုက်တွင်းထဲကို ကျွန်တော် ပစ်ချလိုက်ပြီ"

"ကိုင်းလေ - သေတဲ့လူလည်း သေပြီ၊ ထွက်ပြေးတဲ့အကောင် မိဖို့လည်း ပုလိပ်တာဝန်ပဲ၊ ကျုပ်တို့အပေါ်မှာ အထက်အစိုးရက ပေါ့လျော့တယ်ဆိုပြီး ဘယ်လိုများ အရေးယူဦးမယ်ဆိုတာ ကျုပ်တော့ စောင့်ကြည့်ရုံရှိတာပေါ့၊ မဟုတ်ဘူးလား - မောင်ဘိုးထော်"

"မှန်ပါတယ် - သခင်"

နောက်တစ်လခန့်မျှ ကြာသောအခါ ထောင်မှူးကြီးမှာ သာယာဝတီထောင်သို့ ပြောင်းရွှေ့ရမည်ဟူသော အမိန့်ရောက်လာ၏၊ ကျွန်ုပ်မှာ "လျော့ရက်" (၅)ရက်လည်းကောင်း၊ တရာ (၆)ယောက်မှာ (၁၀)ရက်မျှစီလည်းကောင်း ဖြတ်တောက်ခြင်းကို ခံရ၏၊ အစောင့်စန္ဒရီ(၇)ယောက်မှာ ၎င်းတို့



လခထဲမှ တစ်လလျှင် (၂)ကျပ်ကျစီ (၆)လမျှ ဖြတ်တောက်ခြင်းကို ခံခဲ့ရလေသည်၊

ထောင်မှူးကြီးသည် ပြောင်းရွှေ့ခါနီး၌ ကျွန်ုပ်အား ထောင်မှလွတ်သောအခါ မည်သည့်နေရာ၌ပင်ရှိစေကာမူ လာရောက်လည်ပတ်ရန် မှာကြားခဲ့ပြီး လျှင် ၎င်းထံလာရောက်ရန် စရိတ်ငွေ (၁၀)ကျပ်ကို ထောင်မှူးကလေးတစ်ဦးထံ ကျွန်ုပ်သို့ပေးရန် အပ်ခဲ့လေသည်၊

ထောင်မှူးကြီး ပြောင်းရွှေ့သွားပြီးနောက် (၇)လကျော်ကျော်မျှ ကြာသောအခါ ကျွန်ုပ်လည်း လွတ်မြောက်ခဲ့၏၊ သို့သော် ထောင်မှူးကြီးထံသို့ကား မရောက်ခဲ့ချေ၊ ဆင်းရဲသားဘဝ လုပ်ကိုင်စားသောက်နေရခြင်းဖြင့် သာ အချိန်ကို ကုန်လွန်ရလေ၏၊

နောက် (၅)နှစ်ခန့်ကြာလတ်သော် ကျွန်ုပ်လည်း အထက်ပါအဖြစ်အပျက်များကို မေ့လျော့လျက်ရှိ၏၊ ထိုအခါ ကျွန်ုပ်မှာ ခားခုတ်မှုတစ်မှုအတွက် ရန်ကုန်ထောင်ကြီးတွင် (၁)နှစ်မျှ အကျခံလျက်ရှိနေခဲ့၏၊ ထိုအခါက ထောင်မှူးကြီးမှာ ဦးဘမောင်ဆိုသူဖြစ်၍ ကျွန်ုပ်အား အတော်ပင် အရေးပေးသူဖြစ်လေသည်၊

တစ်နေ့သ၌ လူသတ်မှုဖြင့် ထိုနေ့ပင် ကြိုးမိန့်ပေးခြင်းခံရမည့်သူတစ်ယောက်က ကျွန်ုပ်အားတွေ့လိုကြောင်း ထောင်မှူးကြီးထံမှ တစ်ဆင့် သိရှိရသဖြင့် ကျွန်ုပ်လည်း ထောင်မှူးကြီးထံ အခွင့်တောင်းပြီးလျှင် ထိုသူအခန်းသို့ အရေးတကြီး လိုက်ပါသွားလေသည်၊ ကျွန်ုပ်မသွားမီ ကျွန်ုပ်၏ကိုယ်ပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com

ရာဇဝတ်မှုဖြစ်လောက်သည့်ပစ္စည်းများပါ၊မပါကိုကားဆိုင်ရာထောင်ပြောတာများက ထုံးစံအတိုင်း စစ်ဆေးကြသေး၏။

ကြိုးမိန့်ပေးခြင်းခံရသောသူများထားရာ တိုက်ခန်းများမှာ တစ်ခန်းနှင့်တစ်ခန်း စီတန်းလျက် မျက်နှာချင်းဆိုင် ဆောက်လုပ်ထားလေရာ အမိုးမှာ တစ်ဆက်တည်းရှိနေသဖြင့် ကျွန်ုပ်လည်း ထိုအမိုးအောက်ရှိ လူသွားလမ်းမှ ၎င်းရှိရာ အခန်းနံပါတ်ကို မေးခဲ့ပြီးဖြစ်သည့်အတိုင်း ထိုသူထံသို့ တိုက်ရိုက်သွားလေ၏။

ကြိုးမိန့်ကျပြီးတရားခံမှာ အရပ် (၅) ပေ၊ (၁၀) လက်မခန့်ရှိ၍ ဖြောင့်စင်းတောင့်တင်းသော ကိုယ်ရှိပြီးလျှင် လေးထောင့်ပုံသဏ္ဌာန်ရှိ မေးရိုးကြီးမှာ ခံ့ညားထည်ဝါလှပေ၏။ ကြိုးမိန့်ကျပြီး တရားခံများမှာ အများအားဖြင့် မည်သည့်စကားမျှမပြောနိုင်ဘဲ ဆွံ့အဘိသကဲ့သို့ တွေဝေမိန်းမော၍သော်လည်းကောင်း၊ သတိလစ်ကာ အော်ဟစ်၍သော်လည်းကောင်း ရှိနေတတ်ကြရာ ထိုသူမှာမူ တစ်စုံတစ်ရာမဖြစ်ဘိသကဲ့သို့ အနည်းငယ်မျှ "မှု" မပျက်ဘဲ သံတိုင်များကို အတွင်းမှကိုင်၍ မတ်တတ်ရပ်ကာ ကျွန်ုပ်အား ပြုံးရွှင်စွာ နှုတ်ဆက်လေ၏။

"သြော် - ဦးဘိုးဝေတ်ဆိုတာ မှတ်တယ်၊ ကြားဖူးပါတယ် ခင်ဗျာ၊ ကြားဖူးပါတယ်။ ဒါကြောင့် - ထောင်ပိုင်ကြီးဆီမှာ အခွင့်တောင်းပြီး ခဏကလေး မသေခင် တွေ့ချင်လို့"

"နာမည် ဘယ်လိုခေါ်သလဲ"

"ဟုတ်ကဲ့ - ကျွန်တော့်နာမည်စိန်ကြီးတဲ့ခင်ဗျ (ကျွန်းပြန်စိန်ကြီး) ဆိုရင် သာယာဝတီနယ်တစ်လွှားမှာတော့ ပြားပြားဝပ်သွားတာပေါ့ဗျာ။ သို့သော် စိန်ကြီးသော ဘာကြီးသော နောက်ဆုံး ဘယ်လောက်ကြာအောင် အစွမ်းကောင်းနိုင်ကြမလဲဆိုတာလိုပေါ့ဗျာ၊ တစ်နေ့မှာ အစိုးရလက်အောက် ရောက်ကြစမြဲပေါ့"

"အမှုက လူသတ်မှုနော်၊ ဘယ်သူ့ကိုသတ်ခဲ့တာလဲ - မောင်စိန်ကြီး"

"စံနွဲ့ဆိုတဲ့အကောင်ပေါ့ဗျာ၊ ထွန်းပြည့်လို့လည်းခေါ်တယ်၊ အရင်ဆရာစံသူပုန်ထတုန်းက ကျွန်တော်တို့ ဂိုဏ်းသားတစ်ယောက်ပါပဲ၊ သူလည်း ကျွန်တော်တို့လိုတိုက်ဝံ့ခိုက်ဝံ့၊ သတ်ဝံ့ဖြတ်ဝံ့တဲ့လူတစ်ယောက်ပေါ့၊ သတ္တိလည်း သိပ်ကောင်းပဲ၊ သို့သော် ကျွန်တော့်အပေါ်မှာ သူတို့ သစ္စာဖောက်ကြတယ်ခင်ဗျား၊ ဒါကြောင့် - နောက်ဆုံး အဆုံးစီရင်လိုက်ရတယ်၊

သို့သော် ကျွန်တော်လွဲသွားတာတစ်ခုက သူတို့သိတဲ့ပစ္စည်း ရအောင်ရှာဖွေမယူနိုင်ခင်ဒေါသအလျောက်လက်လွန်သွားတော့ကျွန်တော်လွဲတယ်ဆိုရမှာပေါ့၊ ပြောပါ့မယ် - ခင်ဗျာ - ပြောပါ့မယ်၊ ပြောရုံတောင်မကဘူး၊ ကျွန်တော်သေပြီးတဲ့နောက် ဆရာ့ကိုပစ္စည်းတစ်ခုတောင် အပ်ခဲ့ချင်တဲ့အတွက် ဆရာနဲ့တွေ့ရအောင် ကျွန်တော်စီမံလိုက်တာပဲ၊ လူချင်းမတွေ့ဘူးပေမဲ့ ဆရာ့နာမည်ကြားဖူးနေတာ ကြာလှပြီခင်ဗျ၊ မြင်မြင်ချင်းလည်း ကျွန်တော့်အစ်ကိုအရင်းတစ်ယောက်လို့ အောက်မေ့မိပါတယ်"

"ဘယ်လိုပစ္စည်းများလဲဗျာ - ပြောစမ်းပါဦး"

"ပစ္စည်းဆိုပေမယ့် ကျွန်တော့်လက်ထဲမှာ အခုတော့ မရှိဘူးခင်ဗျ၊ သို့သော် ရှိတဲ့နေရာကိုတော့ ကျွန်တော် တပ်အပ်သိပါတယ်"

"ဘာပစ္စည်းလဲဗျ"

"ဒီလိုပါ ခင်ဗျာ - ကျွန်တော်ဟာ ဆရာစံလက်ထက်က သူ့ညာလက်ရုံးကြီးတစ်ယောက်ပါပဲ၊ ဖားရွှေကျော်တိုက်ပွဲဆိုတာ ကြားဖူးပါလိမ့်မယ်၊ အဲဒီတိုက်ပွဲကို ခေါင်းဆောင်တဲ့ဗိုလ်စိန်ဆိုတာ တခြားလူဟုတ်ပါရိုးလားဗျာ၊



www.burmeseclassic.com

ကျွန်တော်ပါပဲ၊ ဒါနဲ့ - အလံတောင်စခန်းမှာ ရှိကွာအတွက် အင်မတန်လိုနေတဲ့အကြောင်း၊ ငွေရအောင် အမြန်ကြံစည်ရမယ့်အကြောင်း၊ စားပြတိုက်တန်လျှင် တိုက်ပြီးငွေရှာရမယ်ဆိုတဲ့အကြောင်း ကျွန်တော်တို့ဆရာကြီးအမိန့်ရတော့ ကျွန်တော်လည်း သရက်တစ်ပင်ရွာက သူဌေးဖိုးရွှေသီးဟာ ပစ္စည်းဥစ္စာနဲ့ပြည့်စုံတဲ့အကြောင်း၊ သူ့ဆီမှာ အင်မတန် အဖိုးတန်တဲ့ပတ္တမြားကြီးတစ်လုံး ရှိတဲ့အကြောင်း မာတ်သိဖြစ်တာနဲ့ ကျွန်တော့်တပည့်(၇)ယောက်နဲ့ ကျွန်တော်ပါဖိုးရွှေသီးအိမ်ဝင်စီးတာကိုးခင်ဗျ၊ စီးတော့ - အဘိုးကြီးက ဒီပြင်ပစ္စည်းသာထုတ်ပေးတယ်၊ ပတ္တမြားကိုတော့ သူ မထုတ်ဘူး ခင်ဗျ။

ဒါနဲ့ - ကျွန်တော်လည်း တောင်းလို့မရနိုင်တဲ့အဆုံးမှာ ရင်ဝကို ဓားမြှောင်နဲ့ စပါးလုံးတစ်ထောက်လောက်ဝင်အောင် ခပ်ဆတ်ဆတ်ကလေး ထောက်လိုက်တော့မှ နောက်ဆုံး ထုတ်ပေးတာကိုး - ဆရာရဲ့၊ ကောင်းလိုက်တဲ့ ပတ္တမြား ခင်ဗျာ၊ ဒီအသက်၊ ဒီအရွယ်သာ ရောက်လာရော သည်လောက် အရည်ကောင်းတဲ့ပတ္တမြား ကျွန်တော် မတွေ့ဖူးပါဘူး၊ ကွမ်းသီးလုံးကလေး နီးပါးရှိတယ် - ဆရာရဲ့"

"ဒါနဲ့ - အားလုံးပစ္စည်းတွေယူ တောထဲရောက်တော့ ပတ္တမြားကြီး ထုခွဲဖို့ တိုင်ပင်ကြတာကိုး ခင်ဗျ၊ သည်တုန်းက ကျွန်တော့်လက်အောက်မှာ လက်အောက်ငိုလ် ငိုလ်ရန်အောင်ဆိုတာရှိတယ် ခင်ဗျ၊ သူက ဒီအတွက် ဘာမှ မစိုးရိမ်ဖို့အကြောင်း၊ သူကိုယ်တိုင် ရန်ကုန်သွားပြီး ပတ္တမြားကို ထုခွဲ ရောင်းချပေးမယ့်အကြောင်းပြောတော့ ကျွန်တော်လည်း သူ့ကို စရိတ်စက အလုံအလောက်ပေးပြီး ရန်ကုန်ကို လွှတ်လိုက်ပါရော ခင်ဗျ။



နို့ပေမဲ့ - သူတို့ထင်တဲ့အတိုင်း
ဘာမှမတွေ့ရဘဲကိုး ခင်ဗျ။
သည်တော့မှ ပတ္တမြားကြီးဟာ
ပြည်မြို့က ထောင်မှူးကြီး
ဝယ်သွားတဲ့ ပန်းအိုးထဲမှာ ကေန်
ရှိပြီဆိုတာ တွက်တာကိုး - ဆရာရဲ့။
သည်တော့မှ - ကျွန်တော်လည်း
ရန်အောင်နဲ့ထွန်းပြည့်ကို
ပြည်မြို့ထောင်ထဲမှာ
မကျ,ကျအောင် ကြံခဲ့ရတယ်။





ဒါနဲ့ - (၁၀)ရက်နဲ့လည်း ပြန်မလာ၊ (၁၅) ရက်နဲ့လည်း ပြန်မလာတော့ ...ပြည့်ဆိုတဲ့အကောင်ကို တစ်ခါလွှတ်ရပြန်တာကိုးဗျ၊ "ငနေ" မလာနိုင် ...့ "ကြော" လွှတ်တော့မှ တစ်ခါတည်းကို ပြန်မလာတော့ပါဘူးဗျာ၊ ဒါနဲ့ ...်လက နှစ်လ၊ နှစ်လက သုံးလ စောင့်တာ တစ်ယောက်မှ ပေါ်မလာတော့ ...

"ကျွန်တော့်မှာတော့ သူတို့ဆီကို မလိုက်နိုင်ဘူး၊ ဆရာကြီးနဲ့ အထက် ...ပြီ တိုင်ပင်ရ၊ ငွေကြေးစုဆောင်း၊ စားရေရိက္ခာဝယ်ပြီး စခန်းတွေလျှောက် ...အချိန်ကုန်ခဲ့တာပါပဲ၊ ဒါနဲ့ - ကျွန်တော့်တို့ဆရာကြီးဆရာစံကို ဖမ်းမိပြီး



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ကိုပါ ဖမ်းမိလေတော့ ဆရာကြီးကို ကြိုးမိန့်ပေးလိုက်ပြီး ကျွန်တော့်မှာတော့ ကံကောင်းထောက်မလို့ တစ်ကျွန်းပို့ခံခဲ့ရတာကို ခင်ဗျ။

သို့ပေမဲ့ - ကျွန်းမှာ တယ်မကြာပါဘူး။ (၁)နှစ်ကျော်ကျော်လောက်နေပြီး ကျွန်တော် သေချင်သေ၊ ကြေချင်ကြေ ရောက်ချင်ရာရောက် ပေါက်ချင်ရာပေါက်ဆိုပြီး ဖောင်ကလေးတစ်ခုနဲ့ ပြေးလာခဲ့တာ လမ်းမှာဖြစ်ပျက်ပုံတွေများ လျှောက်ပြီးပြောရမယ်ဆိုရင် တစ်ညလုံးဆုံးမှာ မဟုတ်ဘူး - ဆရာရယ်၊ ဒါနဲ့ - နောက်ဆုံးပိတ် ပင်လယ်နားက ကျွန်းကလေးတစ်ကျွန်းရောက်သွားပြီး ကံအားလျော်စွာ ဆလုံလူမျိုးတွေက ကျွန်တော့်ကို သနားသဖြင့် ကယ်ဆယ်ထားပါတယ်။

ဟိုမှာ သူတို့နဲ့အတူနေရင်တစ်သက်လုံးနေရပါရဲ့။ နို့ပေမဲ့ - ကျွန်တော်က မနေနိုင်သေးဘူး။ ဒီအကောင်တွေ ကျွန်တော့်အပေါ်မှာ တစ်ပတ်ရိုက်သွားတာနဲ့ ကျွန်တော်ကိုယ်တိုင် အသက်စွန့်ပြီး တိုက်ယူခဲ့ရတဲ့ ပတ္တမြားကြီးအကြောင်းဟာ ကျွန်တော့်စိတ်ထဲမှာ ဖျောက်ဖျက်လို့မရအောင် စွဲနေတယ်။ ဒါနဲ့ - ကျွန်တော်လည်း ဆလုံတွေနဲ့အတူ (၆)လလောက် အလုပ်လုပ်ပြီး မြန်မာပြည်ဘက် ကူးလာတယ်။

မော်လမြိုင်ကိုရောက်ပြီး နောက်ဆုံးစုံစမ်းဦးမယ်လို့ ရန်ကုန်မှာ ခိုနေခဲ့တယ်။ ကျွန်တော့်စိတ်ကူးက ရန်ကုန်မှာမတွေ့မှ သူတို့နေရင်းဌာနဖြစ်တဲ့ တောကိုလိုက်မယ်လို့ အောက်မေ့တာကိုး - ဆရာရဲ့၊ ဒီလိုနဲ့ - ရန်ကုန်မှာ ရုပ်ဖျောက်ပြီးနေခဲ့တာ သူတို့ဟာ အဖမ်းခံရတဲ့အထဲမှာတော့ မပါသေးဘူးလို့ သတင်းအစအန ရတာကိုး ခင်ဗျ။



သို့ပေမဲ့ - ဘယ်နေရာရောက်လို့ ဘယ်နေရာပေါက်နေတယ်ဆိုတာ အခက်သားပဲ။ လိုက်ပြီးရှာတယ်ဆိုတာက ငွေရှိမှဖြစ်တာကိုး - ဆရာ၊ လွယ်တာမှမဟုတ်ဘဲ၊ ဒါနဲ့ - ရန်ကုန်ရောက်လို့တစ်လကျော်ကျော်လောက်ရှိတော့ တရုတ်တန်းက ဖဲဝိုင်းတစ်ဝိုင်းမှာ ရန်အောင်ကို သွားပြီးတွေ့တာကိုးဗျ။ နို့ပေမဲ့ - ကျွန်တော့်ကို ကောင်းကောင်းမမှတ်မိဘူး၊ မမှတ်မိဆိုလည်း ကျွန်တော့်မှာ ပါးမြိုင်းမုတ်ဆိတ်မွေးတွေကိုမရိတ်ဘဲ တမင်ရှည်အောင်ထား၊ တရုတ်ဘောင်းဘီအပွကြီးဝတ်၊ မျက်မှန်အနက်ကြီးတပ်ထားတော့ ဘယ်သူမှမမှတ်မိနိုင်ပါဘူး ခင်ဗျာ၊ တရုတ်အဘိုးကြီးတစ်ယောက်လို့ အောက်မေ့ကြတာပါပဲ။

ဒါနဲ့ - ကျွန်တော်လည်း ဒီအကောင်ကို မိတ်ဖွဲ့ချင်တဲ့သဘောနဲ့ အရက်ဆိုင်တစ်ဆိုင်ခေါ်သွား၊ အရက်ဆိုင်က ဟိုတယ်တစ်ခုခေါ်သွားပြီး ကျွန်တော့်ဓါးသမှုငွေကလေးနဲ့ တိုက်လား ကျွေးလားလုပ်၊ တော်တော်ယုံကြည်တော့မှ ကျွန်တော်လည်း မျက်မှန်ကြီးဖြုတ်၊ ခါးက ဓားမြှောင်ဆွဲထုတ်ပြီး -

"ဟေ့ - ရန်အောင် - မင်း - ငါ့သိသေးရဲ့လား"

လို့နဂိုအသံနဲ့မေးလိုက်တော့မှလက်နက်ကလည်းမပါပြန်၊ ယဲကြောက်လည်းဖြစ်ပြန်၊ ကျွန်တော့်ဓားမြှောင်အကြောင်းလည်း သိပြန်ဆိုတော့ ဒီကောင် ကုလားထိုင်ပေါ်ကဆင်း၊ ဒူးထောက်ပြီး -

"ချမ်းသာပေးပါ - ဆရာရယ်၊ ကျွန်တော် သစ္စာမဖောက်ပါဘူး။ ကျွန်တော်တို့အဖြစ်အပျက်ကလေး နားထောင်ပါဦး"

ဆိုပြီး တောင်းပန်တာကိုးဗျ။ ဒီတော့မှ -

"ကိုင်း - မင်း ပြောစရာရှိရင်ပြော၊ ငါ့အပေါ်မှာ လိမ်မယ်၊ ကောက်မယ်များတော့ မကြံနဲ့"



www.burmeseclassic.com

www.burmeseclassic.com

ဆိုပြီး နံ့စောင်းကို ဓားမြှောင်ဦးနဲ့ထောက်တော့မှ ဒီကောင်လည်း သူတို့ အဖြစ်အပျက်ပြန်ဖြေတာကိုး – ဆရာရဲ့။

သူ့အပြောက သူနဲ့ထွန်းပြည့်နဲ့ ဒီပတ္တမြားကို မထုခွဲရခင် ရုပ်ဖျောက်ပြီး သမိုင်းက ပန်းကန်ခွက်ယောက် ကြွေအိုးကြွေခွက်လုပ်တဲ့ စက်ထဲ ဝင်လုပ်သတဲ့ခင်ဗျ။ ဒီအချိန်မှာ သူတို့နှစ်ယောက်ကို ဝရမ်းထုတ်ထားတော့ သူတို့လည်း အသာရုပ်ဖျောက်ရင်း တစ်နေ့တော့ ပန်းကန်စက်ထဲ ပုလိပ်တွေ ဝင်လာပြီး ဖမ်းပါလေရောတဲ့ ခင်ဗျာ။

ဒီအခါမှာ သူတို့က စားပွဲပေါ်မှာ ပန်းစိုက်ထားတဲ့ ပန်းတကောင်းတွေကို မီးဖုတ်တဲ့ဘက်က အလုပ်လုပ်နေရလေတော့ ထွန်းပြည့်က ညက်ရပြီး ပတ္တမြားကြီးကိုပန်းအိုးတစ်လုံးဖင်ကရွှံ့ပျော့ထဲအမှတ်တမဲ့ထည့်လိုက်သတဲ့ ခင်ဗျာ။ ကြံကြံဖန်ဖန် ခင်ဗျာ၊ သူတို့မို့ အကြံရတာတပ်ပလေတယ်။ ဒါနဲ့ – သူတို့ နှစ်ယောက်ကိုလည်း ဖမ်းသွားပြီး သူ့ပုန်မှုက မထင်ရှားဘဲ ဓားပြမှုရှိးရှိးနဲ့ သာယာဝတီထောင်မှာ (၃)နှစ်စီ ချလိုက်တာကိုးခင်ဗျ။

ဒီအတောအတွင်း သူတို့ဟာ ပတ္တမြားကြီးကိုတော့ ဘယ်တော့မှ မမေ့ပါဘူးဆိုတာ ပြောတယ်။ တစ်နေ့နေ့ – ဒီပန်းကန်စက်ထဲသွားပြီး သူတို့လုပ်တဲ့ ပန်းတကောင်းတွေ ဘယ်ရောက်သွားသလဲဆိုတာ စုံစမ်းမယ်ပေါ့ခင်ဗျာ။ ဒါနဲ့ – နောက်ဆုံး ထောင်ကထွက်လာ၊ သမိုင်းစက်မှာ သွားပြီးစုံစမ်းတော့ ကံအားလျော်စွာပဲ ဟိုနေ့ကဖုတ်တဲ့ ပန်းတကောင်း (၃)လုံးဟာ ဂျူဗလီပြပွဲ အတွက် အထူးဖုတ်တဲ့အကြောင်း၊ ဆေးရောင်က အပြာရောင်ဖြစ်တဲ့ အကြောင်း သိရတာကိုးခင်ဗျ။

ဒါနဲ့ – ဂျူဗလီက ပြပွဲအရာရှိဆီလိုက်ပြန်တော့ (၁)လုံးကို ပြည်ထောင်မှူးကြီးက ဝယ်သွားတယ်။ ကျန်တဲ့(၂)လုံးကတော့ ရွှေတောင်တန်းက



ဘုရားလူကြီးတစ်ယောက်က ဝယ်ပြီး ရွှေတိဂုံဘုရား အနောက်ဘက်စောင်းတန်းဘက်က တန်ဆောင်းမှာထားတဲ့အကြောင်း သိရလေတော့ သူတို့လည်း ဘုရားပေါ်က ပန်းအိုးနှစ်လုံးကို ပထမခိုးပြီး ခွဲကြည့်ကြတာပေါ့ – ဆရာ။

နို့ပေမဲ့ – သူတို့ထင်တဲ့အတိုင်း ဘာမှမတွေ့ရဘဲကိုး ခင်ဗျ။ သည်တော့မှ ပတ္တမြားကြီးဟာ ပြည်မြို့က ထောင်မှူးကြီးဝယ်သွားတဲ့ ပန်းအိုးထဲမှာ ကျန်ရှိပြီဆိုတာ တွက်တာကိုး – ဆရာရဲ့၊ သည်တော့မှ – ကျွန်တော်လည်း ရန်အောင်နဲ့ထွန်းပြည့်ကိုပြည်မြို့ထောင်ထဲမှာ မကျ့ကျအောင် ကြံခဲ့ရတယ်။

နို့ပေမဲ့ – ထောင်ထဲမှာ ပန်းအိုးကို တွေ့သလား၊ မတွေ့ဘူးလားဆိုတာ ကျွန်တော် မပြောတတ်သေးဘူး။ ကျွန်တော် တစ်ခါ ထောင်ဝင်စာခံပြီး မေးကြည့်တော့ ပထမတစ်ခါက မတွေ့ရှာလို့ပြောတယ် – ဆရာရဲ့၊ ဒုတိယအကြိမ်ကျတော့ တွေ့တော့တွေ့ပြီ။ နို့ပေမဲ့ – ထောင်မှူးကြီးအိမ်ပေါ် ဧည့်ခန်းမှာ ရောက်နေလေတော့ ဘာမှမတတ်နိုင်သေးဘူးတဲ့ – ဆရာရဲ့။

ဒါနဲ့ – ကျွန်တော်လည်း သူတို့ကိုစောင့်ရင်း ရန်ကုန်မှာ အလုပ်အကိုင် အကြံအစည်ကလေးတွေ ကြံစည်နေတုန်း တစ်နေ့တော့ လတ္တာ(ယခု လသာ)လမ်းက လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှာ လက်ဖက်ရည်သောက်ရင်း သတင်းစာတစ်စောင်မှာ "ပြည်အကျဉ်းထောင်ထဲမှာရန်အောင်ကိုထွန်းပြည့်က သတ်သွားတယ်" ဆိုတဲ့သတင်းကို ဖတ်ရတော့ ကေနှ ထွန်းပြည့်ဟာ သစ္စာဖောက်ပြီလို့ တစ်ထစ်ချ တွက်လိုက်တယ်။ ထွက်ပြေးရင် – ကေနှ ရန်ကုန်လာရမယ်၊ ဒီအကောင်တွေ့ရင်တော့ ချမ်းသာမပေးဘူးဆိုပြီး ရှာလိုက်တာ၊ လားလား – တွေ့မယ့်တွေ့တော့ – အင်းစိန်မှာ သွားတွေ့ပါရောခင်ဗျာ။

www.burmeseclassic.com

တိုတိုပြောပါရစေတော့ - ဒီအကောင်သတ်ခါနီး အကုန်လုံး ဖွင့်ပြောခဲ့တာက ရန်အောင့်ကို သတ်တာမှန်ပါတယ်တဲ့။ သတ်တာလည်း ပန်းအိုးထဲက ပတ္တမြားကို ထုတ်ယူဖို့အကြံပါတဲ့။ နို့ပေမဲ့ - ပတ္တမြားဟာ သူ့လက်ထဲ ပါမလာတဲ့အကြောင်း၊ ပန်းအိုးလုတဲ့နေရာမှာ ပန်းအိုးဟာ လည်ပင်းကျိုးပြီး နှုတ်ခမ်းပြတ်သာ သူ့လက်ထဲပါလာခဲ့တဲ့အကြောင်း ပြောတာကိုး ခင်ဗျ။ နို့ပေမဲ့ - ကျွန်တော်လည်း သစ္စာဖောက်တဲ့အကောင်မို့ ချမ်းသာမပေးပါဘူး။ တစ်ခါတည်း ကိစ္စတုံး စီရင်လိုက်တော့တာပါပဲ။

"ဒါဖြင့် - ခင်ဗျားအမှုမှာ သေတဲ့လူဟာ ထွန်းပြည့်ပေ့ါ"

"ဟုတ်ပါတယ် - ဆရာ။ ဒါကြောင့် - ဆရာ - ဒီပတ္တမြားကို ကျွန်တော်သေပြီးတဲ့နောက် ဆရာထောင်ကထွက်ရင် ရအောင်ကြံပါ - ဆရာ။ ကျွန်တော့်စိတ်ထင် အနည်းဆုံး (၃၀၀၀၀) ကျပ်လောက်တော့ တန်ပါလိမ့်မယ်။ ဆရာက အားလုံး ထောင်တွေကို ရောက်ဖူးပြီး ထောင်မှူးတွေနဲ့ အကျွမ်းတဝင်ရှိတော့ ကြံမယ်ဆိုရင် အထမြောက်နိုင်ပါတယ်"

"ကောင်းပါပြီဗျာ - ခင်ဗျားပြောတာ ကျုပ်နားလည်ပါပြီ"

"ပြီးတော့လည်း ကျွန်တော့်မိန်းမ မညွန့်ဆိုတာ ဖားရွှေကျော်ရွာမှာ ရှိပါတယ် - ဆရာ။ ကလေးသုံးယောက်နဲ့ ထင်းရဲနေပါတယ်။ ဆရာ - အကျိုးခံစားရရင် ကျွန်တော့်မိန်းမကိုလည်း အတော်အသင့် ကြည့်ရှုလိုက်ပါ - ဆရာ"

"စိတ်ချပါ - မောင်စိန်ကြီး၊ ကျုပ်ကြည့်ရှုလိုက်ပါမယ်"

"ကျေးဇူးတင်ပါတယ် - ဆရာ။ ဒီလိုဆိုရင် - ကျွန်တော် သေပျော်ပါပြီ။ ဒီအကြောင်းတွေသာ ဆရာ့ကိုဖွင့်မပြောခဲ့ရင် ဒီပတ္တမြားကြီးဟာ မြေကြီးသြဇာဖြစ်ရတော့မယ်"



"စိတ်သာချ - ကျုပ်ကြည့်ပြီး ဆောင်ရွက်လိုက်ပါမယ်"

ရန်ကုန်ထောင်မှ လွတ်မြောက်ခဲ့ပြီးနောက် ကျွန်ုပ်လည်း ပြည်မြို့သို့ လာခဲ့ရာ ထောင်မှူးကြီးမက်ကောမစ်ကိုပင် ကံအားလျော်စွာ ပြန်၍တွေ့ရသဖြင့် အထူးဝမ်းမြောက်မိ၏။ မစ္စတာမက်ကောမစ်သည် အထက်လူကြီးနှင့် သင့်မြတ်သဖြင့် သာယာဝတီထောင်တွင် တစ်နှစ်မျှနေပြီးလျှင် ပြည်မြို့သို့ ပြန်ရောက်၏။ ကျွန်ုပ်လည်း အထက်ပါအကြောင်းများကို မကွယ်မထောက် ဟုတ်တိုင်းမှန်ရာ ပြောပြလေရာ ထောင်မှူးကြီးကပင် မယုံ့တယုံနှင့် -

"ဒါဖြင့်လည်း - ရှာကြည့်ချင် ကြည့်လေ။ ပင်ပန်းတာမှ မဟုတ်ဘဲ"

ဟုပြောသဖြင့် ကျွန်ုပ်သည် ပေါက်ပြားတစ်ခုကိုယူခဲ့ပြီးလျှင် သဲပုံစေတီအနီးရှိအမှိုက်တွင်းကိုဖော်လေရာ နှစ်ပေါင်းများစွာမြုပ်၍နေသော ပန်းအိုး၏ အောက်ပိုင်းကို တွေ့ရလေသည်။

ပန်းအိုး၏ဖင်၌ကား အသေအချာ ကြည့်သောအခါ တစ်နေရာတွင် အပြင်သို့ အနည်းငယ်ရှုထွက်လျက်ရှိသော နေရာတစ်ခုကို တွေ့ရသည်နှင့် လက်ရိုက်တူကလေးဖြင့် ခွဲကြည့်ရာ ကျွန်ုပ်အား စိန်ကြီးပြောသွားသည့် ပတ္တမြားကြီးကို တွေ့ရသဖြင့် ကျွန်ုပ်တို့မှာ အတိုင်းမသိ ဝမ်းမြောက်၏။

ဤပတ္တမြားကြီးကြောင့် လူသုံးယောက်၏သွေးများ မြေကျခဲ့ရပြီ ဖြစ်ရကား ပတ္တမြားကြီးကို ကြည့်ရင်းကြည့်ရင်း "သွေးသောက်ပတ္တမြား" ဟုပင် အမည်မှည့်ချင်စိတ် ပေါက်လာရပေသည်။


www.burmeseclassic.com

ထောင်မှူးကြီးသည် သုံးလမျှအခွင့်ယူ၍ ထိုပတ္တမြားကြီးကို ထုခွဲရာ ငွေ (၂၀၀၀၀) ရရှိသဖြင့် ၎င်းအနက် ကျွန်ုပ်အား (၁၀၀၀၀) ပေးရာ ကျွန်ုပ်သည် စိန်ကြီးသေခါနီး၌ ထားရှိလိုက်သော ကတိကို မဖျက်ဘဲ ဖားရွှေကျော်ရွာသို့ သွားရောက်ပြီးလျှင် စိန်ကြီး၏မိန်းမ မညွှန့်အား ငွေ (၅၀၀၀) ပေးခဲ့ပါသည်။ ထောင်မှူးကြီးလည်း အလုပ်ပြန်၍မဝင်ဘဲ တစ်ခါတည်း ပင်စင်ယူ၍ သွားပါကြောင်း။

→ ဒဂုန်ရွှေမျှား

## စာမူများ

ပေးပို့လိုပါက



www.burmeseclassic.com

## မြင်းတစ်စီးနှင့် တောသောက်ဆိုင်သို့ ရုတ်တရက် ရောက်လာသော ထူးဆန်းသော လူငယ်တစ်ယောက်အကြောင်း ...

### ၁၉၄၈ ခုနှစ် ...

မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိပြီးသည့်အချိန် နိုင်ငံရေးအခြေအနေများ တည်ငြိမ်မှု ကင်းဝေးလျက် ပြည်တွင်းစစ်သို့ ဦးတည်လျက် ရှိနေပေ၏။ ထိုကာလများတွင် ရန်ကုန် - ပြည်ရထားကားလမ်း ဆုံစည်းရာ မြို့တစ်မြို့၏ တိုက်နယ်တစ်ခုတွင်မူ ပကတိငြိမ်သက်လျက် သုသာန်တစ်စပြင်ကဲ့သို့ တိတ်ဆိတ်ငြိမ်သက်လွန်းလှ၏။ ထိုမြို့နယ်ခွဲတိုက်နယ်သည် လမ်းပန်းဆက်သွယ်ရေး ညံ့ဖျင်းသည့်ပြင် တရားဥပဒေစိုးမိုးမှု၊ ငြိမ်းချမ်းသာယာမှုနှင့် အချုပ်အချာ အာဏာ တည်တံ့ခိုင်မြဲမှုတို့သည် ယိမ်းယိုင်နဲ့လျက်ရှိနေပေ၏။

ထိုတိုက်နယ်လေးသည် လယ်ယာကိုင်းကျွန်း ဥယျာဉ်ခြံမြေများမှ ကုန်ပစ္စည်းများ ပေါကြွယ်ဝသည့်တိုင် ဓနရှင်ငွေကြေး ပေါများသူတို့၏ သွေးစုပ်ခြယ်လှယ်မှုကို တောင်သူများ လည်စင်းခံနေရရှာ၏။ ကိုလိုနီခေတ်အကြွင်းအကျန် ပုလိပ်များ၏ အာဏာပြမှု၊ လာဘ်စားမှုများသာမက ကာလသားလူမိုက်များ၏ သူတစ်လူ၊ ငါတစ်မင်း မိုက်ပြရမ်းကားပြနေမှုများကြောင့် ထိုနယ်တစ်ဝိုက်ရှိ ပြည်သူများမှာ အမှန်တရားကို မဖော်ထုတ်နိုင်ပဲ ဒုက္ခမျိုးစုံခံစားနေရရှာ၏။ သို့သာမက တောမီးလောင် တောကြောင် လက်ခမောင်းခတ်ဆိုသကဲ့သို့ ပျူစောထီးဟူသော ကာကွယ်ရေးများသည်လည်း လက်နက်များ ကိုင်ဆောင်လျက် ခေတ်ပျက်ဗိုလ်အဖြစ် ခြယ်လှယ်ကြပြန်၏။ ယင်းကြောင့် တိုက်နယ်ရှိ ပြည်သူအများစုမှာ နေ့နေ့ညည ဆိုသလိုပင် အချိန်နှင့်အမျှ ကျီးလန့်စာ စားနေကြရပေ၏။

ထိုစဉ်ကာလတွင် မြန်မာနိုင်ငံ၏အခြေအနေသည် ပို၍ရှုပ်ထွေးလာလျက်ရှိ၏။ လက်ရှိအစိုးရအဖွဲ့မှ အင်အားကြီးမားသည့် ဗကပပါတီအား မတရားအသင်းအဖြစ် ကြေညာရန်ကြိုးစားအားထုတ်နေခြင်းပင်။ ထိုဖြစ်ရပ်သည် မြန်မာနိုင်ငံ မငြိမ်မသက်ဖြစ်ရန် ဦးတည်နေခြင်းတစ်ခု ဖြစ်သည်ဟု ဆိုရမည်သာ။ ရှုပ်ထွေးပွေလီသော တိုင်းပြည်အခြေအနေဟု ဆိုရမည်။

ထိုအတောအတွင်း တိုက်နယ်အတွင်း တစ်ပူပေါ် နှစ်ပူဆင့်ရသည့် အကြောင်း ဖြစ်ပေါ်လာပြန်၏။ ယင်းမှာ ပါလီမန်အမတ်ရွေးကောက်ပွဲတွင် မည်သည့်အသင်းအဖွဲ့မျှမဝင်ပဲ ပုဂ္ဂလိကအမတ်အဖြစ် ဝင်ရောက်ရွေးချယ်မည့် လယ်ပိုင်ယာပိုင် သူဌေးကြီး ဦးအောင်ဒင်တစ်ယောက် အသတ်ခံခဲ့ရသည်၊ ထိုလူသတ်မှုနှင့်ပတ်သက်၍ ပုလိပ်အဖွဲ့သည် မည်းမည်းမြင်သမျှလူများအား သင်္ကာမကင်းဖြစ်လျက်ရှိ၏။ မြို့သူမြို့သားပါမက ဗကပအဖွဲ့ဝင်များ၊ ကာကွယ်ရေး ပျူစောထီးများပါ တစ်ဦးနှင့်တစ်ဦး ယုန်ထင်ကြောင်ထင်ဖြစ်နေကြပေ၏။ မြို့လူထုမှာ ဘယ်သူ့ကို ကြောက်ရမည်၊ အားကိုးရမည်မသိဘဲ ရင်တထိတ်ထိတ်နှင့် နေနေရသည့်ဘဝ။

* * *

တိုက်နယ်ရဲဌာနအုပ်သည် မြို့နယ်ရဲမှူးနှင့် ခရိုင်ရဲမင်းကြီး၏ ညွှန်ကြားချက်ညွှန်မှုများဖြင့် လူသတ်တရားခံအား စုံစမ်းရှာဖွေဖော်ထုတ်ရန် ကြိုးစားအားထုတ်ကြသော်လည်း ရက်သတ္တပတ်တစ်ပတ် ပြည့်သည့်တိုင် ထူးခြားမှု

www.burmeseclassic.com

တစ်စုံတစ်ရာ မရှိခဲ့ပေ။ ရဲဌာနအုပ်သည် ထိုလူသတ်မှုအား မဖော်ထုတ်နိုင်ခဲ့သည်ရှိသော် ရာထူးတစ်ဆင့်ချ၍ နယ်ပြောင်းရမည်မှာ ကြိမ်းသေကောန် ဖြစ်နေပါ၏။ သို့ဖြင့် မသင်္ကာသည့်လူများအား ရဲဌာနသို့ ရမ္မာန်ယူ၍ စစ်ဆေးမေးမြန်းခဲ့ပေ၏။ သို့သော် အချည်းနှီးပင် ဖြစ်၏။

ယင်းတို့ဖြင့် မြို့သူမြို့သား၊ နယ်သူနယ်သားများမှာ ဖျူစောထီးလည်း ကြောက်ရ၊ လူမိုက်လည်းကြောက်ရ၊ မြင်မြင်ရာလူတကာလူ အကုန်ကြောက်ရသည်ကြောင့် စားဝတ်နေရေးအတွက် အလုပ်လုပ်ရမည်ကိုပင် နောက်ကြောင်း မအေးမလုံ ဖြစ်နေကြရသည်။ မည်သို့ပင်ဆိုစေ၊ ထိုတိုက်နယ်ရှိ သုသာန်တစ်စပြင်ဖြစ်နေသောဈေးအနီး၌ရှိသော ခေါက်ဆွဲဆိုင်နှင့်တွဲလျက်ဖွင့်ထားသည့် အရက်ဆိုင်သည် အရက်သောက်သူများနှင့် စည်ကားလျက်ရှိနေ၏။ တိုင်းပြည်နိုင်ငံ မည်သည့်အခြေအနေရှိရှိ အရက်သောက်စံတွင်းလိုက်သည့် သူများမှာမူ ထိုဆိုင်၌ ဝင်ထွက်မစဲ တသဲသဲ ဖြစ်နေကြပေ၏။ ထိုအရက်ဆိုင်သည် ဈေးမြောက်ဘက်မှ ပေါက်ဖော်ကြီးအရှုပ်ဆိုင်ထက်ပို၍စည်ကား၏။ ထိုသို့စည်ကားရသည်မှာလည်း အကြောင်းရှိပါ၏။ ထိုအရက်ဆိုင်၏ဆိုင်ပိုင်ရှင်အမျိုးသမီးသည် ချောမောလှပသည့်ရုပ်ရည်ရူပကာနှင့် တောင့်တင်းသည့် ခန္ဓာကိုယ်အလှအပများကြောင့် ဓာတ်ရှင်မင်းသမီးတင်တင်မူကဲ့သို့ ထင်မှတ်မှားရပါ၏။ သူ၏အချောအလှ၊ သူ၏နွေးထွေးသောအပြောအဆိုများကြောင့် သောက်သုံးသူများ ထိုဆိုင်တွင် ကြက်ပျံမကျစည်ကားနေခြင်း ဖြစ်၏။

ယမကာ သောက်သုံးသောသူများ၊ စားသုံးသောသူများအား သူမ၏အပြုံးလှလှဖြင့်ညှို့ငင်လိုက်လိုက်လှဲလှဲ ပြောဆိုဆက်ဆံရသော်လည်း သူမ၏စိတ်အစဉ်သည် ကြည်လင်နိုင်ခြင်းကား ရာနှုန်းပြည့် အလျဉ်းမရှိခဲ့ပါပေ။ အမှုရုပ်ကို ဟန်လုပ်နေသည်ဆိုသော် မှန်ကန်ပါ၏။ ရယ်မောခြင်းဖြင့် ဟန်ဆောင်နေရ၏။ သူမ၏ဘဝကား နာကြည်းဖွယ်များဖြင့်သာ တန်ဆာဆင်ထားပါ၏။



ထိုအရက်ဆိုင်ပိုင်ရှင်၏အမည်မှာ ခင်နှင်းဆီ ဖြစ်၏။ သူမသည် အိမ်ထောင်နှစ်ကြိမ် ကျဖူး၏။ ပထမယောကျ်ားမှာ ဖျူစောထီးဗိုလ်တစ်ဦး ဖြစ်သည်။ ဖျူစောထီးဗိုလ်သည် အရက်မူးလာပြီဆိုပါက ခြောက်လုံးပြူးတစ်လက်ဖြင့် ရမ်းကား၍ ပစ်ခတ်တတ်၏။ အရက်သေစာ သောက်စားပြီး အမူးလွန်၍လူသတ်မှုဒိမ်းမှုများ ကျူးလွန်မိခြင်းကြောင့် ထောင်တစ်သက်တစ်ကျွန်းကျသွားရသည်။ ထို့ကြောင့် ခင်နှင်းဆီ တစ်ခုလပ်ဖြစ်သွားရ၏။ အားကိုးရာမဲ့သွားရသည်။

ယောကျ်ား ထောင်ကျသွားသော ခင်နှင်းဆီသည် မိဘမဲ့၊ ဆွေမျိုးမရှိသည်ကြောင့် ပတ်ဝန်းကျင်၏ဖေးမမှုဖြင့် တရုတ်ထောင်ကဲကြီး ချူတီးနှင့် အကြောင်းပါခဲ့ရပြန်၏။ သို့သော် ပထမယောကျ်ားအတိုင်း ခင်နှင်းဆီမှာ ထောင်ကဲချူတီးနှင့် သက်ဆုံးတိုင် မပေါင်းသင်းလိုက်ရရှာပေ။ ခြောက်လခန့် ပေါင်းသင်းပြီးနောက် ထောင်ကဲကြီးမှာ သွေးတိုးရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားပြန်၏။ သူမအတွက် ဘဝအပြောင်းအလဲတွေ ဖြစ်လာပြန်သည်။


ခင်နှင်းဆီသည် ယောကျ်ားနှစ်ယောက် ဆုံးရှုံးခဲ့ရသော်လည်း သူမသည် စိုင်ကော်လို့ ချူပေါ်ရောက်ရသည့်ကိန်းပမာ၊ ထောင်ကဲကြီးပိုင်ဆိုင်သော ဆိုင်နှင့် အတွင်းပစ္စည်းများစွာအား ခင်နှင်းဆီ ပိုင်ဆိုင်ခဲ့ရ၏။ သူမသည် ဘဝ နာခဲ့၍လားမသိ၊ ရင့်ကျက်လာ၍လားမသိ၊ စားသောက်ဆိုင်နှင့် ယမကာ လုပ်ငန်းကို သူများတကာထက် တိုးတက်အောင် ကြိုးစား၏။ မည်သို့ပင်ဖြစ် စေ ရောမပြည်ကြီး မီးဟုန်းဟုန်းတောက်လောင်လင့်ကစား စောင်းတီးမပျက် ခဲ့သည့် ဇာရိုးဘုရင်ကြီးလိုပင်က ခင်နှင်းဆီပင် အပြုံးမပျက်ခဲ့ပေ။

ယခုလည်း ခင်နှင်းဆီသည် အရောင်းကောင်းတာ၌ လှပချောမောတင့် တယ်စွာ ပြုံးပြုံးကာ ထိုင်နေရပြား သူမ၏စိတ်တို့သည် အလင်းတစ်ပေါ်၊ အမှောင်တစ်ဝက်၊ လင်းတစ်ခါ၊ မိုန်တစ်လှည့်၊ ပူတစ်လှည့်၊ အေးတစ်လှည့်



www.burmeseclassic.com

www.burmeseclassic.com




ဖြင့် ယောက်ယက်ခတ်နေသည်၊ ရှုပ်ထွေးနောက်ကျိနေသည်ဆိုရပေမည်၊ ထိုစဉ် သူမ၏ဆိုင်ထဲသို့ လူငယ်နှစ်ယောက် ဝင်လာပြီး ထိုလူငယ်ထဲမှ တစ်ယောက်က -

"မမကြီးရေ - ကျွန်တော်တို့ကို အရက်ဖြူတစ်လုံးနဲ့ အခေါက်ကင်တစ်ပွဲ"

သူမမှ - "အေး - အေး - ဧကန္တ - ငါ့မောင်တွေ - ဒီနေ့ - အဆင်ပြေလာတယ်နဲ့တူတယ်"

ပြောပြောဆိုဆိုဖြင့် မီးဖိုခန်းထဲ၌ အကြော်အလှော်တို့ဖြင့် အလုပ်ရှုပ်နေသော တပည့်ကျော် ဘိန်းစားတင်မောင်အား အခေါက်ကင်နှင့် အချဉ်တစ်ပွဲ ပြုလုပ်ရန် မှာလိုက်၏၊ ဖောက်သည်အသစ်မို့ ညည့်ဝတ်ကျေရမည်၊



ယင်းနောက် စားပွဲထိုးလူငယ်ချာတူးအား အရက်တစ်ပုလင်းနှင့် အမြည်းအား လူငယ်များရှိရာသို့ သွားရောက်ချပေးရန် ခိုင်းစေလိုက်၏၊ ခင်နှင်းဆီသည် ထိုလူငယ်နှစ်ဦးအား -

"မင်းတို့တွေ မြင်းထီပေါက်လာကြပြီနဲ့တူတယ် - ဟုတ်တယ်မဟုတ်လား"

စကားရော၊ ဖောရောဖြင့် ဝင်လုံးလေသည်၊

လူငယ်တစ်ဦးမှ ရယ်ကျဲကျဲဖြင့် - "ကြုံကြီးစည်ရာ - မမကြီးရာ၊ ပစ္စည်းတစ်ခုကို အရောင်းအဝယ်လုပ်လို့ အမြတ်ကလေးရလာလို့ မမကြီးတို့ဆိုင်ကို စောစောစီးစီး ဝင်ခဲ့တာပါဗျာ"

လူငယ်တစ်ဦးမှ အမြည်းစားလျက် - "မမပြောတဲ့မြင်းထီကို ကျွန်တော်တို့ စိတ်မဝင်စားပါဘူးဗျာ၊ မြင်းထီဆိုတာကလည်း လောင်းကစားတစ်မျိုးပဲ မဟုတ်လား၊ ဒီကစားပွဲတွေက ကိုယ်မှန်းဆအတိုင်း ဖြစ်မလာပါဘူးဗျာ၊ သူများတွေပြောစကားအရ မြင်းထီကစားမယ်ဆိုရင် ရေဒီယိုတို့၊ သတင်းစာတို့ ခတ်မှသိတာလို့ ပြောတာပဲ၊ ဟုတ်လားမသိဘူး"

လူငယ်၏ပြောစကားကြောင့် ခင်နှင်းဆီမှ ပြုံးသွားရသည်၊ ဟုတ်တော့ သည်း ဟုတ်၏၊ ခေတ်အရ ဆိုရှယ်ကျသူတိုင်း ယောကျ်ား၊ မိန်းမ မြင်းထီ ထိုး ကြ၏၊ သို့သော် ပေါက်လျှင် တစ်ကြိမ်၊ မပေါက်လျှင် အကြိမ်များစွာ၊ သို့ကြောင့် သည်း သူမ မြင်းထီကို စိတ်မဝင်စားခဲ့ပေ၊ သွားလေသူ ချုတီးကတော့ မြင်းထီ ကို ဝါသနာပါသည်၊ မြင်းထီအကြောင်းမှ ယောကျ်ားချုတီးအကြောင်း ဆောက်သွားရပြန်တော့ မျက်နာညှိုးသွားရပြန်၏၊ သို့ဖြင့် သက်ပြင်းခါခါ ချနေ သည့် သူမအဖို့ အရက်သောက်မည့် ဖောက်သည်များကိုမူ ရောင်းရေးဝယ် ရေးအတွက် အပြုံးမပျက်ခဲ့ပါပေ၊ စိတ်ညစ်တောင်မှ ဟန်ဆောင်ပြုံးရမည်၊

နီး နီး နီး



www.burmeseclassic.com

www.burmeseclassic.com

နေ့စောင်းခဲ၏။

အသွားအလာကျဲပါးသော မြို့တွင်းလမ်း၌ မြင့်မားသော မြင်းညိုကြီးအား အသားတကျစီး၍ ခန့်ခန့်ညားညား လူရွယ်တစ်ယောက် ခင်နှင်းဆီ၏ အရက်ဆိုင်ရှေ့သို့ ရောက်ရှိလာ၏။ ထိုလူရွယ်သည် ဆိုင်ရှေ့ရောက်သည်နှင့် မြင်းပေါ်မှ ဆင်းလိုက်ပြီး မြင်းအား နီးရာဇန်ပါပင်၌ ကြိုးချည်၍ ထားလိုက်၏။ ယင်းနောက် ဆိုင်ထဲသို့ လူရွယ် ဝင်လာ၏။ လူရွယ်သည် အဖြူရောင်စပို့ရှပ်၊ အညိုရောင်ဘောင်းဘီရှည်၊ မြင်းစီးဖိနပ်ကို ကျနစွာ ဝတ်ဆင်ထားပါ၏။ သေသေသပ်သပ်ရှိလှသော ထိုလူရွယ်သည် အမှတ်မထင် ကြည့်ပါက ဓာတ်ရှင်မင်းသား ချစ်ရွှေကြီးများလားဟု ထင်ရပါ၏။ ထိုလူရွယ်၏ ခန့်ညားသည့်အသွင်သဏ္ဌာန်ကြောင့် ခင်နှင်းဆီမှမခုန်စဘူးရင်တွေ ခုန်ခဲ့၏။ လူရွယ်ထိုင်နေသော စားပွဲဝိုင်းသို့ သူမကိုယ်တိုင် သွားရောက်လျက် –

"ငါ့မောင် – ဘာများသုံးဆောင်မှာလဲကွယ်"

လူရွယ်သည် သူမအား မော့ကြည့်လိုက်ပြီး နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်ပါ၏။

"ဖြစ်နိုင်ရင်တော့ ဝီစကီတစ်ပက်လောက်ပေးပါ။ အမြည်းတစ်ခုခုနဲ့ပေါ့ဗျာ"

လူရွယ်၏အပြုံးသည် လေးနက်၍ အကြောင်းအရာတစ်ခုအား ဖော်ထုတ်လိုသော အပြုံးတစ်ချက်ကြောင့် ခင်နှင်းဆီ ရင်ထိတ်သွားရသည်။ ခင်နှင်းဆီသည် အလုပ်သမားများအား အရက်နှင့် ဝီစကီအမြည်းများ မှာကြားပြီးနောက် လူငယ်နားမှ ခွာ၍ ကောင်တာသို့ ပြန်လာခဲ့၏။ သူမသည် သူမ၏ ကောင်တာသို့ ရောက်သည့်တိုင် လူငယ်အကြောင်း စိတ်ဝင်စားနေ၏။ သူမ၏အတွေးထဲ၌လည်း –

"ဒီကောင်လေးအကြည့်က စူးရဲပြီး ငါ့အတွက် ပဟေဠိဆန်နေသလိုပဲ။ သူ့အကြည့်တွေကြောင့် တစ်ကြိမ်တစ်ခါမှ မခုန်ခဲ့ဘူးတဲ့ ငါ့ရင်တွေ အခုခုန်နေရပြီ၊ သွားလေသူ ဗိုလ်လှဦးတို့၊ ကိုချုတ်းတို့ရဲ့အကြည့်တွေကို ရင်ခုန်လို့မရပေမဲ့ ဒီကောင်လေးနဲ့ကျမှ ငါ့ရင်တွေ ခုန်နေရတယ်။ ဘာဖြစ်တာပါလိမ့်" ဟု ဒွိဟဖြစ်စွာ စဉ်းစားရခက်နေတော့၏။

လူရွယ်သည် ရာတူး လာရောက်ချပေးသော ဝီစကီအား တစ်ငုံသောက်လိုက်ပြီး အမြည်းများကို စားနေပါ၏။ ပတ်ဝန်းကျင်ကိုတော့ လူရွယ်လှည့်မကြည့်ပါပေ။ လူရွယ်၏ တည်ကြည်သော ဟန်ပန်အမူအယာကြောင့် ခင်နှင်းဆီမှာ –

"သူ့ကို ဒီမြို့မှာ မတွေ့ဖူးပါဘူး။ အရက်သောက်တယ်ဆိုပေမယ့် ဣန္ဒြေပျက်လောက်အောင် ဟန်မပျက်လှ၊ ရန်ကုန်က သူဌေးသားများလား၊ ဒါမှမဟုတ် စုံထောက်များလား"

ခင်နှင်းဆီမှာ စဉ်းစားတွေးတောရင်း မျက်နှာတွေဝေသွားပါ၏။ ထိုအခိုက် သူမ၏ဆိုင်ရှေ့သို့ ရာဇဝတ်အုပ်ကိုခင်မောင်သည် ယူနီဖောင်းအစုံအလင်ဖြင့် ဘီအက်(စ်)အေ မော်တော်ဆိုင်ကယ်ကြီးအား အင်ဂျင်သံ တဗုန်းဗုန်းဖြင့် ညာသံပေးလျက် ရောက်ရှိလာပါ၏။ ယင်းနောက် ရာဇဝတ်အုပ်ကြီးသည် ဆိုင်ထဲသို့ ဝင်ရောက်လာပြီး ခင်နှင်းဆီထိုင်ရာ ကောင်တာသို့ တန်းတန်းမတ်မတ်သွားလျက် သူမအား လေသံဖြင့် –

"မခင်နှင်းဆီ – ဒီမြို့လေးမှာ အရက်ဆိုင်ဆိုလို့ ခင်ဗျားဆိုင်နဲ့ မြောက်ဘက်တန်းက အရှစ်ရဲ့ဆိုင်ပဲ ကြီးကြီးကျယ်ကျယ်ရှိတာ။ အရက်ဆိုင်ဆိုတာ တာလူမျိုးတစ်ရာ့တစ်ပါးဝင်ထွက်စားသောက်တဲ့ဆိုင်ဆိုတော့ ထူးထူးခြားခြား လူစိမ်းတွေများ သတိပြုမိရင် ရဲဌာနကို လှမ်းပြီးအဆက်အသွယ်လုပ်ပါ"

မခင်နှင်းဆီသည် ထိတ်လန့်သောဟန်အမူအယာကို စိတ်ညစ်သည့်သဏ္ဌာန်ဖြင့် ဖုံးကွယ်လျက် –

"ရာဇဝတ်အုပ်မင်းရယ် – မထိတ်သာ၊ မလန့်သာ၊ ဒီမှာ ဘာတွေဖြစ်နေတာလဲ ရှင်၊ သိရင်လည်း ပြောပြစမ်းပါဦး"

ရာဇဝတ်အုပ်မှ ပတ်ဝန်းကျင်အား ဟိုဒီကြည့်လိုက်ပြီး သူမ၏အနားသို့ ကပ်လျက် –





www.burmeseclassic.com

www.burmeseclassic.com

“ဒီမြို့မှာ ဘယ်လိုကပ်ရောဂါတွေ ဆိုက်နေလဲ မသိပါဘူးဗျာ၊ အမတ်လောင်းဦးအောင်ဒင်အသတ်ခံရလို့လူသတ်တရားခံကိုအခုထိ မဖော်ထုတ်နိုင်သေးဘူးလေ၊ ဒီကြားထဲ တစ်ပူပေါ် နှစ်ပူဆင့်ဆိုသလို အစိုးရကလည်း ဗကပတွေကို မတရားအသင်းအဖြစ် ကြေညာတော့မှာ၊ ဒီကိစ္စကလည်း အစာမကြေမလည်ဖြစ်ပြီး ဗကပတွေတော့ လာရောက်ပုန်းရှောင်မနိုဘူးလို့ ပြောလို့မရတော့ဘူး၊ ဒါကြောင့် – ထူးခြားတဲ့ ဘယ်သူစိမ်းမဆို ဌာနာကို မဖြစ်ဖြစ်တဲ့နည်းနဲ့ အကြောင်းကြားပေးဖို့ပါပဲ၊ ဒါနဲ့ – ခင်ဗျားတို့ဆိုင်ရှေ့က မြင်းကြီးက ဘယ်သူ့မြင်းလဲဗျ၊ တော်တော်တောင့်တဲ့မြင်းပဲ”

သူမမှ လူရွှယ်ရှိရာစားပွဲသို့ မျက်စပစ်လိုက်ပြီးနောက် –

“ဟိုမောင်လေးရဲ့...မြင်းလေ”

ရာဇဝတ်အုပ်သည် ပုလိပ်ပီပီ လူရွယ်ရှိရာသို့ လျှောက်သွားပြီး မြင်းအကြောင်း စပ်စုနေပြန်ပါ၏။

“ဟိုမြင်းက ညီလေးမြင်းလား၊ တော်တော်ကောင်းတဲ့မြင်းပဲကွ၊ မင်းဘယ်က ဝယ်လာတာလဲကွ”

လူရွယ်မှာစိတ်မပါ၊တစ်ပါဖြင့် – “ရန်ကုန်မြင်းပြိုင်ကွင်းက ဝယ်လာတာ၊ ကျုပ်မြင်းက ပြိုင်မြင်းကျတစ်ကောင်ပေါ့၊ ခေတ်တွေ ပြောင်းလဲတော့မယ့် အခြေအနေဖြစ်နေပြီး ပိုင်ရှင်က မရောင်းချင်ပေမဲ့ ကျုပ်က ကြိုက်ဈေးနဲ့ ဖွတ်အတင်း ဝယ်ထားတာဗျ”

“အေးကွာ – မြင်းကောင်းတစ်လက်ပဲကွ” ရာဇဝတ်အုပ် ခင်မောင်သည် မှတ်ချက်ပြုလျက် ပြိုင်မြင်းညိုကြီးအား အာသာငမ်းငမ်းဖြင့် ငေးမောကြည့်နေသေး၏၊ ထိုနောက် မြင်းပိုင်ရှင်လူရွယ်အား ငေးစိုက်ကြည့်လိုက်ပြီး မျက်မှောင်ကြုတ်လျက် မေးမြန်းနေပြန်၏။

“ဒါ့ထက် – ငါ့ညီက ဘယ်ကလဲကွ၊ မင်းကို ဒီမြို့မှာတော့ မတွေ့ဖူးသေးဘူး”

လူရွယ်ကပြုံးလိုက်ပြီးနောက် – “ကျုပ်က ဒီမြို့က မဟုတ်ပါဘူး၊ ရန်ကုန်ကပါ၊ ကျွန်းကြီးရွာက ဆွေမျိုးတွေဆီ လာလည်တာပါ”



ရာဇဝတ်အုပ် ကိုခင်မောင်မှ သူ၏လက်ပတ်နာရီအား မြှောက်ကြည့်လိုက်ပြီး –

“ကျွန်းကြီးရွာနဲ့ဒီမြို့နဲ့က ဆယ်မိုင်ဝေးတာလေ၊ မင်းမမှောင်ခင်ကျွန်းကြီးကို ရောက်အောင်ပြန်ပေါ့ကွာ၊ ဒီမှာက အခြေအနေမကောင်းဘူး”

လူရွယ်မှ – “ကျုပ် နားလည်ပါတယ်ဗျာ၊ ဒီမြို့မှာက ကျုပ်အတွက် အန္တရာယ်ဆိုတာ မရှိနိုင်ပါဘူး”

ရာဇဝတ်အုပ် ကိုခင်မောင်မှ ပခုံးတစ်ချက် တွန့်ပြလိုက်ပြီး –

“ဒါဆိုလည်းမင်းသဘောပေါ့ကွ၊ ကဲ – မခင်နှင်းဆီ – ကျုပ် သွားလိုက်ဦးမယ်၊ အော် – ပြီးတော့ – ကျုပ်ပြောတာ မမေ့နဲ့ဦးနော်”

ပြောပြောဆိုဆိုဖြင့်ရာဇဝတ်အုပ်ကိုခင်မောင်တစ်ယောက် ဘီအက်(စ်)အေ ဆိုင်ကယ်ကြီးအား စီးလျက် အင်ဂျင်သံ တဗုန်းဗုန်းဖြင့် မြို့အရှေ့ဘက်သို့ ထွက်ခွာသွားတော့၏။

၂

လူရွယ်သည် ဝီစကီတစ်ပက်ကိုပင် ကုန်အောင်မသောက်၊အမြည်းကိုတော့ ကုန်အောင်စား၍ စားပွဲဝိုင်းမှ ထလိုက်၏၊ လူငယ်၏အရိပ်အခြေအနေတို့ကြည့်နေသော ခင်နှင်းဆီမှ –

“ငါ့မောင် – ပြန်တော့မလားကွဲ့”

“ဒီညတော့ – ရွာကိုမပြန်တော့ပဲ ကြုံရာနေရာမှာပဲ အိပ်ရတော့မယ်ထင်တယ်”

ခင်နှင်းဆီမှသိလိုဇောဖြင့် – “ဘာဖြစ်လို့လဲကွဲ့၊ စောသေးသားပဲ၊ ပြန်မယ်ဆိုလည်း အချိန်ရှိပါသေးတယ်”

လူရွယ်မှ သူမအား ကြည့်လိုက်ပြီး –

“မပြီးပြတ်သေးတဲ့ကိစ္စ ရှိသေးလို့ပါ”



www.burmeseclassic.com

www.burmeseclassic.com

စားပွဲထိုး ရှာတူးမှ လောက္ကတ်ရျော်၍ – "ဒါဆိုလည်း – အစ်ကိုရယ်၊ အိပ်နိုင်တယ်ဆိုရင် ကျွန်တော်တို့ အိမ်လိုက်အိပ်ပေါ့၊ အိမ်မှာက ကျွန်တော် တစ်ယောက်တည်းရယ်"

လူငယ်သည် ရှာတူး၏လောက္ကတ်အား အသိအမှတ်ပြုလိုက်ပြီး ခေါင်းဆတ်ပြလိုက်ပြီး –

"ဒါဆိုလည်း – ငါ့ညီအိမ်မှာပဲ၊ အစ်ကို စတည်းချမယ်ကွာ၊ ဒါနဲ့ – မင်းတို့အိမ် ဘယ်နားမှာလဲ – တော်တော်ဝေးလား"

"သိပ်မဝေးပါဘူး၊ ဟိုဘက်လမ်းထိပ်ကလေးမှာပါ"

ခင်နှင်းဆီမှ လူရှုယ် ဖြစ်ကတတ်ဆန်း အိပ်ရမည်ကို စိုးရိမ်သွားသည့် ဟန်ဖြင့် လူရှုယ်အား –

"ကဲပါ – ငါ့မောင်ရယ် – ဘယ်မှာမှ အိပ်မနေနဲ့တော့၊ မမရဲ့ဆိုင်မှာပဲ အိပ်ကွယ်၊ ဟိုဘက်မှာ ညေ့သည်အိပ်ဖို့ အခန်းတစ်ခန်း ရှိတယ်"

လူရှုယ်သည် သဘောကျစွာ ရယ်မောလျက် –

"အခုလိုကူညီတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ဒီမြို့မှာက တည်းခိုခန်းမရှိလို့ အခက်တွေ့နေတာ၊ မမက အကူအညီပေးလိုက်လို့ပဲ"

အခန်းလွတ်အား ခင်နှင်းဆီသည် သူမကိုယ်တိုင် သန့်ရှင်းရေး လုပ်ပေးခဲ့၏၊ ထိုအခန်းလွတ်သည်ကားသေသပ်သန့်ရှင်းပါ၏၊ နစ်ယောက်အိပ်ခုတင် တစ်လုံးလည်း ရှိနေပြီး အလှပြင်ခုံလည်း ရှိနေ၏၊ လူရှုယ်သည် ထိုအခန်း၏ သွင်ပြင်ကြောင့် စဉ်းစားရကြပ်သွား၏၊ ခင်နှင်းဆီမှ –

"ဒီအခန်းက ပထမ မမတို့တွေ အိပ်တဲ့အခန်းပေါ့၊ အခုတော့လည်း ညေ့သည်စောင်သည်တွေ မဖြစ်မနေ တည်းရတဲ့အခန်း၊ လျှပ်တစ်ပြက် တည်းခိုနားနေခန်းလေးဖြစ်သွားတာပေါ့၊ ဒါနဲ့ – မေ့နေလိုက်တာ၊ ငါ့မောင်ရဲ့ နာမည်က ..."

"ကျွန်တော့်နာမည် ဝဏ္ဏအောင်ပါ၊ နက်ဖြန် လူတစ်ယောက်နဲ့ တွေ့စရာ ရှိလို့သာ မမနှင်းဆီတို့ဆိုင်မှာ အိပ်ရတာပါ၊ ဒီအတွက် ကျေးဇူးတင်ပါတယ်"



ယင်းနောက် ဝဏ္ဏအောင်သည် သူ့၏မြင်းအား ရေတိုက်ခြင်းနှင့် မြင်းပေါ်တွင် တစ်ပါတည်းပါလာသော ဖွဲ့နှမျှား၊ ပဲမှော်တို့အား စပ်ကာကျွေးထားလိုက်၏၊ မြင်းညိုကြီးမှာ ဝဏ္ဏအောင်မှအပ လူတိုင်း အကပ်မခံ၊ အမှတ်တမဲ့ သူ့နားသွားမိပါက ခြေထောက်ဖြင့် ကန်ရန်သာ ကြိုးစားနေတော့၏၊

မှောင်ရီသန်းလာသည်နှင့် ခင်နှင်းဆီ၏စားသောက်ဆိုင်သည် လူစည်တားလာ၏၊ ထိုလူများမှာ အမြဲသွားလာသောက်စားသည့် ဖောက်သည်များမှာ အများစုဟု ဆိုရမည်၊ ဝဏ္ဏအောင်သည် ထိုဆိုင်၌ပင် ထမင်းနှင့်ခေါက်ဆွဲ တစ်ပွဲ ဝယ်၍စားလိုက်သည်၊ ခင်နှင်းဆီမှ ပိုက်ဆံမပေးရန် ပြောသော်လည်း ဝဏ္ဏအောင်မှ ဇွတ်အတင်းပေးလိုက်ပါ၏၊ ခင်နှင်းဆီသည် ဝဏ္ဏအောင်အား အပျောက်မခံလိုက်လဲကြည့်၍နေပြီး ဝဏ္ဏအောင်မှလည်း ဆိုင်သို့လာရောက် သောက်စားကြသူများအား ထောင့်တစ်ထောင့်တွင် ထိုင်လျက် အကဲခတ်နေခဲ့သည်၊

ညဥ့်နက်လာသည်နှင့် လူများ ပါးလာသည့်အခါ ခင်နှင်းဆီသည် ဝဏ္ဏအောင်မှ –

"စိတ်မရှုပ်ပါဘူး – စားသောက်ဆိုင်ဆိုတော့ ဆိုင်ဆိုတော့လည်း စားသုံးသု လာစမြဲပဲလေ"

သူမသည် စိတ်ရှုပ်သည့်ပုံမပေါက်၊ ပင်ပန်းနွမ်းနယ်ဟန်လည်း မရှိ၊ ရွှေးရောင်းနေရ၍ ပျော်ရွှင်နေသည့်ပုံပင်၊ သူမသည် ဝဏ္ဏအောင်၏အနီး တုဂဟားထိုင်တွင် နီးကပ်စွာ ဝင်ထိုင်သည့်အခါ နှင်းဆီရနံ့ပါသော ကိုယ်လိမ်းခေါင်ဒါရနံ့သည် စူးစူးရှရှ ထွက်ပေါ်လာပါ၏၊ ဝဏ္ဏအောင်သည် သူမ၏နှင်းဆီ မွှေးကြောင့် ယစ်ဝေဝေ တိမ်းမူးသလို ခံစားလိုက်ရ၏၊ ယင်းနောက် သူသည် ခမ့ခနဲ၊ မိုက်ခနဲ ဖြစ်သွားပြီး မလှုပ်ချင်၊ မကိုင်ချင်သလို ဖြစ်သွားရ၏၊

"ဟ – ရှာတူး – မြန်မြန်လာစမ်း၊ နှင့်အစ်ကိုကိုတွဲပြီး အခန်းထဲကိုပို့လိုက်စမ်း"

ခင်နှင်းဆီ၏ လုံးလုံးထွေးထွေးအသံအား နောက်ဆုံးကြားလိုက်ရ၏၊

⁂



www.burmeseclassic.com

www.burmeseclassic.com

ဝဏ္ဏအောင်တစ်ယောက်မျက်လုံးဖွင့်ကြည့်လိုက်သည့်အခါတွင်အခန်းတွင်း၌ မီးအိမ်တစ်လုံး ထွန်းထားပါ၏။ သူ၏နံဘေးတွင် ခင်နှင်းဆီနှင့်အတူ သူစိမ်းနှစ်ယောက် ရှိနေ၏။

သူသည် အိပ်ရာမှ ထဖို့ကြိုးစား၏။ သို့သော် လူစိမ်းနှစ်ယောက်မှ သူ၏လက်များကို ချုပ်ကိုင်၍ဖိထားခြင်းကြောင့် ထ၍မရဖြစ်နေ၏။ ခင်နှင်းဆီမှ –

"လောလောဆယ် ထဖို့မကြိုးစားပါနဲ့ – ဝဏ္ဏအောင်။ မင်း ငါမေးတာ မှန်မှန်ဖြေပါ။ မှန်မှန်မဖြေပဲ ငြင်းဆန်နေမယ်ဆိုရင် ငါ့ကို အဆိုးမဆိုနဲ့၊ မင်း ငါမေးတာ ဖြေစမ်း၊ မင်း – ဘယ်သူလဲ"

ဝဏ္ဏအောင်မှ –

"ကျုပ်ဖြေပြီးပြီပဲ၊ ကျုပ်နာမည် ဝဏ္ဏအောင်ပါလို့၊ ရန်ကုန်မှာနေတယ်၊ ကျွန်းကြီးရွာမှာ ဆွေမျိုးတွေရှိလို့ လာလည်ရင်း လူတစ်ယောက်နဲ့ စီးပွားရေးတိုင်ပင်ဖို့ ချိန်းထားရင်း ဒီည ဒီမှာအိပ်ဖြစ်သွားတာ"

"သေရာတယ်နော်၊ ဒါပေမဲ့ – မင်းရဲ့ဘောင်းဘီအိတ်ထဲက ကြေးနန်းစာက ဘာကိုညွှန်းတာလဲ၊ ဒီစာရဲ့ကြေးနန်းပို့ပုံစနစ်က လက်နက်ကိုင်တွေ ကျင့်သုံးတဲ့စနစ်မျိုးပဲ၊ မှန်မှန်ပြော – မင်း ပုလိပ်ဘက်ကလား၊ စစ်တပ်ဘက်ကလား၊ စုံထောက်ဘက်ကလား"

ဝဏ္ဏအောင်သည်ပက်လက်အနေအထားမှလူစိမ်းများအားကြည့်လိုက်သည့်အခါတွင် မိမိအား စားမတတ်၊ ဝါးမတတ်အကြည့်မျိုးဖြင့် ကြည့်နေ၏။ လူတစ်ယောက်၏ အသက်ဇီဝိန်ကို ခြွေပစ်ရန် ဝန်မလေးသည့်ပုံစံများ ဖြစ်နေသည်၊ လျှို့ဝှက်ကြေးနန်းပို့စနစ်ပုံစံကိုပင် လေ့လာထားသည့်လူများအားအထင်သေး၍မဖြစ်တော့၊ ဝဏ္ဏအောင်သည် ဒေါသများ ပေါက်ကွဲလျက်အတင်းရုန်းကန်လျက် –

"ဒီစာက ဘယ်လိုပုံစံဖြစ်ဖြစ်၊ ခင်ဗျားတို့နဲ့ ဘာဆိုင်လဲ"

ထိုစဉ် လူစိမ်းတစ်ယောက်က အသံကိုနိမ့်၍ – "မင်းက ခြော်ကျယ်၊ ခြော်ကျယ်နဲ့ – ပါးစပ်ပိတ်ထားစမ်း" ပြောပြောဆိုဆို ဝဏ္ဏအောင်၏မျက်နှာအား လက်သီးဖြင့် ထိုးချလိုက်သည်။ အားကောင်းမောင်းသန် ထိုလူစိမ်း၏လက်သီးဒဏ်ကြောင့် မျက်လုံးများ ပြာဝေသွားရပြီး မျက်လုံးထောင့်တွင် ညိုမည်းသွားရသည်။ ခင်နှင်းဆီမှ လှောင်ရယ်,ရယ်လိုက်ပြီး ဝဏ္ဏအောင်အား –

"မင်း ဘယ်ဘက်ကပဲဖြစ်ဖြစ်၊ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူးဆိုတာ မင်းသိထားလိုက်ပါ၊ မင်းရဲ့အခြေအနေကိုကြည့်ပြီး မနေ့ကတည်းက မသင်္ကာဖြစ်နေတာ၊ အခုအခြေအနေမှာတော့မင်းဟာအဖွဲ့အစည်းတစ်ခုခုကဆိုတာ သေချာနေတာမို့ မင်း ဘုရားသာ ဆုတောင်းတော့"

လူစိမ်းတစ်ယောက်သည်ဝဏ္ဏအောင်၏မျက်နှာအားခေါင်းအုံးဖြင့်ဖိရန်ကြိုးစားနေပြီး တစ်ယောက်ကမူ ပစ္စတိုသေနတ်အား မောင်းတင်နေ၏၊ လူစိမ်းနှစ်ဦး၏ လုပ်ကိုင်ပုံများ ယောင်နနဖြစ်နေသည်မို့ သူမက စိတ်မရှည်စွာဖြင့် –

"မြန်မြန်ဆန်ဆန် လုပ်စမ်းပါဟယ်၊ တောက် – စိတ်မရှည်လိုက်တာ"

ဝဏ္ဏအောင်သည် ငယ်ရွယ်သူ၊ သန်မာသူဖြစ်သဖြင့် ထိုလူမိုက်တို့၏သတ်ဖြတ်မှုအား လည်စင်းမခံနိုင်၊ ထို့ကြောင့် ခွန်အားများကို စုစည်းလျက်ရှတ်တရက် ရုန်းကန်လိုက်ပြီး ထိုလူစိမ်းများအားပြန်လှန်ထိုးသတ်လေတော့သည်၊ နှစ်ယောက်နှင့်တစ်ယောက် အင်အားမမျှသော်လည်း လူရွယ်၏ ဖျတ်လတ်လျင်မြန်မှုကိုမူ လူစိမ်းများမကျော်လွှားနိုင်၊ ထိုသို့ထိုးကြိတ်ကန်ကျောက်လျက်မှ ရေနံဆီမီးအိမ်ကို ထိမိလျက် မီးအိမ်မှာ ခုတင်ပေါ်သို့ လွင့်စဉ်ကျရောက်သွား၏၊ ထိုအခါ လူမိုက်နှစ်လည်း ပက်လက်လန်ကာ သတိလစ်သွားသည်၊ မီးများ တဟုန်းဟုန်းဖြင့် လောင်ကျွမ်းစပြုလာသည်၊ ခင်နှင်းဆီသည်လည်းမိမိ၏ဆိုင် မီးလောင်ဆုံးရှုံးတော့မည်ကိုတွေးမြင်လိုက်ပြီး အသံပြာဖြင့် ဘေးပတ်ဝန်းကျင်အား အကူအညီတောင်းခံတော့သည်၊

"လာကြပါဦး – ကျွန်မတို့ဆိုင် မီးလောင်နေလို့ – ကယ်ကြပါဦး"

၊၊ ၊ ၊၊





www.burmeseclassic.com

www.burmeseclassic.com

ထိုမီးသည်ခေါက်ဆွဲဆိုင်မှတစ်ဆင့်ကူးစက်လောင်ကျွမ်းခဲ့ရာအိမ်ရော ဆိုင်ပါ ငါးလုံးခန့် မီးလောင်ဆုံးရှုံးခဲ့ရသည်၊ ရဲဌာနနှင့် မီးသတ်ကားတစ်စီး အလျင်အမြန် ရောက်လာခဲ့၍ မီးငြိမ်းသတ်ရာတွင် ရေကုန်သွားသဖြင့် ရေကန်သို့ရေငင်သွားစဉ် လမ်း၌ကားပျက်နေခဲ့သည်၊ နောက်ပိုင်းတခြားမြို့များမှ မီးသတ်ကားများ ရောက်ရှိငြိမ်းသတ်ခြင်းကြောင့် မီးငြိမ်းသွားရခြင်းဖြစ်၏၊ ခင်နှင်းဆီ၏ခေါက်ဆွဲဆိုင်မှစတင်လောင်ကျွမ်းခဲ့၍ထိုမီးလောင်သည့်နေရာတွင် ရှာဖွေကြရာလူနှစ်ဦး၏အလောင်းအား တွေ့ရှိခဲ့ရ၏၊ ခင်နှင်းဆီမှာ မီးလောင်ပြင်အား ကြည့်၍ ရူးမတတ်ဖြစ်နေတော့၏၊

ထူးခြားသည်မှာ ဝဏ္ဏအောင်ဟူသောလူရွယ်နှင့် သူ၏မြင်းကား မည်သို့ဖြစ်သည်မသိ၊ မြေလျှိုး၍ မိုးသို့ ပျံသွားသည်လားမသိ၊ သဲလွန်စပင် မတွေ့၊ ပျောက်ဆုံး၍နေတော့သည်၊

တကယ်စင်စစ် ခင်နှင်းဆီသည် ပန်းရနံ့ပြင်းရှ၍ ဆူးခက်များ ရှိနေခြင်းသည်ပုရိသများအား အန္တရာယ်တွင်းဖိတ်ခေါ်သည့်သဖွယ်၊ သေဆုံးသူပုဂ္ဂလိက အမတ်လောင်း ဦးအောင်ဒင်အား ပါလီမန်အမတ် ဖြစ်တော့မည့်အမြော်အမြင်နှင့် အမတ်မင်း၏ ဇနီးမယားဖြစ်စေရန် ဦးအောင်ဒင်အား မာယာများဖြင့် မြှူဆွယ်ခဲ့သည်၊ အမတ်လောင်းသည် အရက်မူးနေစဉ် ခင်နှင်းဆီနှင့် မှားယွင်းခဲ့သော်လည်း တကယ်တမ်းမူ ဦးအောင်ဒင်မှာ သားကြီးမယားကြီးရှိသဖြင့် ခင်နှင်းဆီ တောင်းဆိုသမျှ လက်မခံဘဲ ငြင်းဆိုခဲ့သည်၊ ယင်းဖြင့် ဦးအောင်ဒင်အား လူမိုက်ငှား၍ ခင်နှင်းဆီက သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်၊

ဝဏ္ဏအောင်အား သတ်ဖြတ်ရန် ကြံစည်မှုတွင် မမျှော်လင့်ပဲပြန်ရောက်လာသော တစ်ကျွန်းပြန် လူဦးနှင့် တပည့်တစ်ယောက်တို့အား စည်းရုံး၍ ကြံစည်စေခြင်းဖြစ်၏၊ လူဦးသည် ခင်နှင်းဆီနှင့် ငယ်လင်ငယ်မယားဖြစ်ခဲ့ဖူးရာ ခင်နှင်းဆီ ပိုင်ဆိုင်နေသော ဥစ္စာနေအပေါ် လိုချင်တပ်မက်ကြီးစွာဖြင့် ခင်နှင်းဆီခိုင်းသမျှ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်၏၊ အကယ်၍ ပျောက်ဆုံးနေသော ဝဏ္ဏအောင်သည် ခင်နှင်းဆီ သတ်ဖြတ်ခဲ့သော ဦးအောင်ဒင်၏သားတစ်ယောက် ဖြစ်သည်ဟုသာ ထင်ထင်ရှားရှား သိခဲ့ပါလျှင် ....၊



ယခုတော့ – ခင်နှင်းဆီတစ်ယောက် မြွေပါလည်းဆုံး၊ သားလည်းဆုံး၊ ဘဝလည်းပျက်ရသည့်အပြင် တရားဥပဒေ၏ဆိုဆုံးမခြင်းကိုခံရပေဦးတော့မည်၊

လူသားတိုင်း တရားဥပဒေအား လေးစားလိုက်နာနိုင်ကြပါစေ၊

→ **မောင်သာဝန် (ဓိးကုန်း)**


**စာမူရှင်များသို့**

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ၍ **မိတ္တူ** ပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com





နာနာဘာဝ
**ဒဂုန်ရွှေမျှား**




ဝိညာဉ်လောက
**ဒဂုန်ရွှေမျှား**

www.burmeseclassic.com

www.burmeseclassic.com



မြွေကို ရင်သွေးကဲ့သို့
ချစ်ခင်မြတ်နိုးသော
မြွေအလမ္မာယ်ဆရာ
တစ်ယောက်၏ အနစ်နာခံ
စွန့်လွှတ်မှု၊ သည်းခံမှုတို့ကို
ဖတ်ရှုရမည်..

## လူတစ်ယောက်ရဲ့ ...

အပျော်ဆုံး နေ့သုံးနေ့ ပြောပါဆိုရင် အိမ်ထောင်ကျတဲ့နေ့၊ ရှင်လိင်ပြန်တဲ့နေ့၊ ထောင်ကထွက်တဲ့နေ့တွေလို့ပဲ ပြောစရာရှိတော့တယ် မဟုတ်ပါလား။ သည်စကားအတိုင်း မှန်လို့ကတော့ သည်ကနေ့ဟာ ကျွန်တော့်ရဲ့အပျော်ဆုံးနေ့ပဲ ဖြစ်ရမှာပေါ့၊ ဟုတ်တယ်လေ - ပြစ်မှုကြီးကို တစ်နှစ်ပြည့်တဲ့အထိ ဖွေးနဲ့ဆပ်ခဲ့တာ လွှတ်ရက်စေ့ပြီးဖြစ်တာကြောင့် သည်နေ့မှာ ကျွန်တော် ထောင်ထွက်လာရပြီးကိုးဗျ။

ပျော်မှ ပျော်ပေါ့၊ မပျော်ပဲ ရှိပါ့မလား။ အကျဉ်းသားဘဝနဲ့ တစ်နှစ်ကြာအောင် ရှိနေချိန်မှာ အလုပ်ကြမ်းပြစ်ဒဏ်ပါ တွဲဖက်ကျခံရတာဆိုတော့ ကျောက်ထုတ်လုပ်ရေးအကျဉ်းဦးစီးစခန်းဆီ ပို့ခံရပြီး အကြမ်းတမ်းဆုံးလို့ ပြောရင် မှားမှာမဟုတ်တဲ့ အမာကြောဆုံး လိပ်သည်းကျောက်ကို ဖျေးကွက်င်းအရွယ်အစားရတဲ့အထိ ထုခွဲ၊ သယ်ပို့လုပ်ခဲ့ရတာပဲ တစ်နှစ်တိတိဗျာ။ ခြေလက်တွေ အသားမာတက်ရုံသာမက ကျောက်စ ကျောက်န မှန်ထားတဲ့ အက်ရာအမာရွတ်တွေကလည်း မျက်နှာကအစ တစ်ကိုယ်လုံး နေရာအနှံ့

www.burmeseclassic.com

www.burmeseclassic.com

အပြား၊ ကိုယ်ခန္ဓာကြီးက လူရုပ်တောင် မပေါ်ချင်တော့အောင် ကြမ်းတမ်းမည်းသည်းတာကလွဲပြီး အကောင်းပကတိ ကျန်းမာစွာ ထောင်က ထွက်လာရတာကိုပဲ ကံအကျိုးပေးကောင်းတယ် ပြောရမှာပါ။

သည့်ထက်မက ပျော်စရာကောင်းတဲ့အကြောင်း ရှိပါသေးတယ်၊ လွတ်ရက်ကိုလက်ချိုးမျှော်ကိုးနေမယ့်ကျွန်တော့်ချစ်ဇနီး မြကြိုးနွယ်ဆိုတာ ရွာမှာ ရှိသေးတယ်လေဗျာ။ အိမ်ထောင်ကျပြီးလို့ သုံးလလောက်အကြာ ချစ်မဝ၊ ကြင်နာမဆုံးရှိနေချိန်မှာမှ သူ့ကို ခွဲထားရစ်ပြီး ကျွန်တော် ထောင်ကျခဲ့တာ ဘယ်လောက်ရင်နာစွာ ခံစားနေရမှန်းမှ မသိတာနော်၊ တစ်ညတာ ဝေးကြရုံနဲ့ ရက်ပေါင်းခုနစ်ရာတိုင် ဆွေးခဲ့ကြတဲ့ ကိန္နရီ၊ ကိန္နရာမောင်နှံလောက် အဖြစ်သည်းစရာမဟုတ်ပေမဲ့ လင့်တစ်ဖျက်နား၊ တစ်ရွာထင်ပြီး လိုက်ပါပေါင်းဖက်နေရာက ခုလိုတစ်ယောက်တည်းစွန့်ပစ်သလို ခံစားနေရတာ၊ ကံကောင်းရင် နလုံးခုန်ရပ်သေသွားနိုင်တယ် မဟုတ်လားလို့၊ ဒါကြောင့် – ထောင်ဘူးဝက ထွက်တယ်ဆိုရင်ပဲ မြင်းရိုင်းတစ်ကောင်လို မြကြိုးနွယ်ရှိရာ သရက်တောရွာဆီ အပြေးအလွှားပြန်ဖို့သာ ခြေလှမ်းတွေ ဦးတည်ပြီးသား ဖြစ်သွားပါတော့တယ်၊

ဟုတ်ကဲ့ ...၊ ရွာမှ ကျန်ရစ်ခဲ့တဲ့ချစ်ဇနီးအကြောင်း တွေးရင်းက မေ့တ္တာချင်းယှက်နွယ်ပြီး နှစ်အတော်ကြာတိုင် သံယောဇဉ်တွယ်ခဲ့ကြတဲ့ သတ္တဝါတစ်ကောင်လည်း အိမ်မှာ ရှိသေးတာပဲ၊ သူကတော့ မောင်လိမ္မာလို့ ပညတ်ထားတဲ့နာမည်နဲ့လိုက်အောင် အင်မတန်ယဉ်ပါးသိမ်မွေ့လှတဲ့ စပါးကြီးမြွေတစ်ကောင်ပဲ ဖြစ်ပါတယ်၊ ထူးခြားတယ်ပြောရမှာက သူက လူသားမဟုတ်ပေမယ့် မြွေကောင်မဝင်ခင် လက်ကောက်ဝတ်လုံးပတ်အရွယ်ကစလို့ အသားငါးကျွေး၊ နို့တိုက်မွေးမြူခဲ့ရာက ခုလိုခြေသလုံးအရွယ် ဆယ်တောင်နီးပါး မြွေလားမြောက်နေလိုက်တာ ဆိတ်တစ်ကောင်လောက်တော့ အသာလေး မျိုနိုင်တဲ့အထိဗျ၊ သန်မာထွားကြိုင်းလာလိုက်ပုံက အရေခွံအကွက်ကွက်တွေ အဆီတက်ပြီး တင်းမာပြောင်လက်နေရောဆိုပါတော့၊ ရှင်းရှင်းပြောရရင် မိဘတွေ ရှိစဉ်ကတည်းက ဝါးကြမ်းခင်းနဲ့ ဖက်မိုးဖက်ကာ တဲသာ



သာအိမ်ကလေးပေါ်နေခဲ့ရတဲ့ ကျွန်တော်ဟာ မောင်လိမ္မာဆိုတဲ့စပါးကြီးမြွေရလာပြီးမှ သွပ်မိုးပျဉ်ထောင်အိမ် ဆောက်နိုင်ခဲ့တဲ့အပြင် ချစ်ကြင်စရာ ဇနီးမြကြိုးနွယ်ပါ အိမ်ပေါ်ရောက်လာတာ ကြည့်ရုံနဲ့ တကယ့်လာဘ်ကောင်သတ္တဝါလို့ ပြောရင်တောင် လွန်လိမ့်မယ် မထင်ပါဘူးနော်၊

မှန်ပါတယ်၊ မြွေဆိုတဲ့သတ္တဝါနဲ့ပတ်သက်လို့ ကံကြမ္မာအဆိုးဆိုတာရှိတတ်သလို စီးပွားတိုးတက်စေတဲ့အကောင်းဘက်ဖြစ်စေတာလည်းအများကြီးရှိသေးတာပဲ၊ ဒါကြောင့် – မြွေကိုးကွယ်တဲ့လူမျိုးတောင် ကမ္ဘာပေါ်ရှိကြတာ ဘယ်ဆန်းပါ့မလဲ၊ ကျွန်တော်တို့မိသားစုရဲ့နဂိုစားဝတ်နေရေးကိစ္စအဝဝကိုတောင် မြွေသတ္တဝါတွေကပဲ ဖြည့်တင်းပေးလာတာ အဖေရှိစဉ်တုန်းကပဲပေါ့၊ အဖေဟာ မြွေမုဆိုးပီပီ အဆိပ်ပြင်းတဲ့မြွေဟောက်၊ မြွေပွေး၊ ငန်းမြွေမှန်သမျှကို သူ တတ်ကျွမ်းတဲ့ပညာနဲ့ ရှာဖွေဖမ်းပြီး ဆေးဝါးအလုပ်ရုံ ဘီပီအိုင်သွင်းရောင်းချရင်းက မိသားစုဝမ်းရေး ဖြည့်တင်းပေးလာတာပဲ ငှက်ဖျားရောဂါနဲ့ သူ ကွယ်လွန်ချိန်အထိ၊ ဘီပီအိုင်ကပေးတဲ့ မှန်ပေါင်သွင်းဂုဏ်ပြုလက်မှတ်တွေတောင် အိမ်နံရံအပြည့် ရှိပါသေးတယ်၊

အဖေ မရှိတော့တဲ့နောက်မှာတော့ အဖေ့ရဲ့အမွေဖြစ်တဲ့ မြွေဖမ်းတဲ့အလုပ်နဲ့ပဲ အမေ့ကို ကျွန်တော် လုပ်ကျွေးလာတာ စားဝတ်နေရေး ဘယ်ပူရှာရှိခဲ့လို့တုံး၊ အဲသည်လို မြွေမုဆိုးလုပ်ရင်းက လက်ကောက်ဝတ်အရွယ်စပါးကြီးမြွေလေးတစ်ကောင်ရတာနဲ့ အိမ်မှာ တစ်ယောက်တည်း ကျန်ရစ်နေတဲ့ အမေ အဖော်ရအောင်ဆိုပြီး နွားနို့တိုက်၊ သားငါးကျွေးမွေးမြူလာတာ မြွေကလေးဟာ ယဉ်ပါးလာရုံမကပဲ လူစကား နားလည်သလိုလို အမူအယာတောင် ပြလာသေးကိုး၊ ဒါကြောင့် – အမေကိုယ်တိုင် နာမည်ပေးထားတာ မောင်လိမ္မာတဲ့၊ တစ်နေ့တော့ မောင်လိမ္မာရဲ့သတင်း ကြားလို့ထင်ပါရဲ့၊ မြွေအလှမွေးယ်ဆရာကုလားမတောင်ဆရာစံဆိုတဲ့ပုဂ္ဂိုလ်ရွာကိုရောက်ချလာပြီး ဆန်တဆရျေးနဲ့ မောင်လိမ္မာကို တောင်းဝယ်တာနဲ့ ကြုံရပါရောလား၊ မြွေနဲ့ လူသား သည်လောက်သံယောဇဉ်တွယ်နေကြပြီးဖြစ်လို့ အမေက ကန့်ကွက်သလိုကျွန်တော်ပါ သွက်သွက်ခါငြင်းဆန်ကြတဲ့အခါ ဆရာစံ တစ်ဆင့်တက်



www.burmeseclassic.com

www.burmeseclassic.com

လာပုံတ နယ်တကာစုံ သူ့ အလမ္မာယ်ပြတဲ့ဆီ ကျွန်တော်နဲ့ မောင်လိမ္မာပါ လိုက်ပါ.ပါပြီးပြကွက်အသစ်တွေ ထွင်လုပ်စားကြမယ်ဆိုရင် လက်ရှိအလုပ် ထက် ဝင်ငွေကောင်းမှာဆိုတာပါပဲ။ အဲသည်မှာမှ စီးပွားရေးအကွက်အကွင်း သစ်ကပဲ ပိုကောင်းမလားထင်တာနဲ့ ဆရာစံနဲ့တွဲဖို့ ကျွန်တော် လက်ခံဖြစ် လိုက်ပါတယ်။

ကျွန်တော့်စိတ်ကူး မှန်သွားတယ်လို့ပဲ ပြောရပါတော့မယ်။ နယ်တကာ အလမ္မာယ်ပြပွဲတွေမှာ ဆရာစံက မြွေပွေး၊ မြွေဟောက်တွေနဲ့ ကစားပြသလို ကျွန်တော်နဲ့မောင်လိမ္မာတို့ကလည်း သူ့အထာ၊ ကိုယ့်အထာ သဘောပေါက် ထားကြပြီးဖြစ်လို့ အသည်းယားစရာပြကွက်တွေနဲ့ ပရိသတ်နှစ်သက်စေ အောင် ဆွဲဆောင်နိုင်ခဲ့တာအမှန်။ မြွေဆိုတာ အကြားအာရုံ မရှိဘူးဆိုပြီး ပြောကြတာ ကြားဖူးပေမယ့် ကျွန်တော့်ရဲ့သွားတွေစေ့ပြီး လျှာဖျားလေး ထောက်မှုတ်လိုက်တဲ့အခါမှာ မြည်လာတဲ့အသံ ရှီရှီအတိုအရှည်၊ အတိုး အကျယ်နဲ့အညီ လိုက်ဖက်စွာ လှုပ်ရှားလေ့ရှိတဲ့ မောင်လိမ္မာလှုပ်ရပ်ကိုကြည့် ရင် လူနဲ့တိရစ္ဆာန်တို့ရဲ့အာရုံချင်း ဆက်သွယ်မှုရှိတယ်ဆိုတာ အထင်အရှားပဲ မဟုတ်ပါလား။ လက်ပွန်းတတီး အနေနီးကြရင်းက သံယောဇဉ်ကြိုးချင်း ယှက်နွယ်ရင်းနှီးကြတာလည်း ဖြစ်ချင်ဖြစ်မှာလေနော်။ ဒါပေမဲ့ – ကုလားမ တောင် ဆရာစံဟာ အရက်လွန်ရောဂါနဲ့ ကွယ်လွန်သွားလို့ မကြာသေးခင် မှာပဲ ကျွန်တော့်အမေလည်း အသစ်ဆောက်လိုက်တဲ့ သွပ်မိုးပျဉ်ထောင်အိမ် ပေါ် သုံးလကျော်ကျော်လောက်ပဲနေပြီး ပန်းနာရင်ကျပ်ရောဂါနဲ့ ကွယ်လွန် သွားတာစိတ်မကောင်းစရာလို့ပဲ ဆိုရပါတော့မယ်။ သခါရတရားနဲ့ပတ်သက် တဲ့ကိစ္စ ကျွန်တော်ကတော့ ဘာတတ်နိုင်မှာလဲ။ ပွဲမပျက်အောင် ဆက်ပြီး စီစဉ်ရတော့တာပေါ့ဗျာ။

သိပ်ခက်ခဲတဲ့ပြဿနာတော့ မဟုတ်ပါဘူး။ ဟိုဘက်ရွာက ခင်စိုးဆိုတဲ့ (၁၅)နှစ်အရွယ် ကောင်လေးတစ်ယောက်ကို ဘင်ထုဖို့နဲ့ မြွေနိုင်လက်ဖွဲ့ကု ရောင်းဖို့ခေါ်ထားတာ တစ်နှစ်နီးပါးတောင်ရှိပြီပဲ။ ဆရာစံဆီက မြွေအလမ္မာယ်



ပညာတွေလည်း ကျွန်တော် ရထားပြီးသားဖြစ်လို့ ဘုရားပွဲတွေ နဲ့ မြွေပေါတဲ့ တောနယ်ကျေးလက်တွေလှည့်ပြီး ပွဲစဉ်မပျက် နွှဲခဲ့ကြတာ အရှိန်အဟုန် မပျက်အဆင်ပြေလျက်ပဲလို့ ပြောရတော့မှာပါ၊ ဟော – ကြည့်စမ်း၊ ဖူးစာဖက် တယ်ပဲ ပြောရမလားမသိ၊ သထုံမြို့ တပေါင်းပွဲတော်မှာ နေ့ခင်းဘက် အလမ္မာယ်ပြရင်းက အနီးအနားမှာ ဗျာခင်းပြီး အံ့ဂလုံကစားဒိုင်ဖွင့်နေတဲ့ မြကြိုးနွယ်ဆိုတဲ့ ကောင်မလေးနဲ့ တရင်းတနှီး စလိုက်၊ ပြောင်လိုက်လုပ်နေ ရာက အဟုတ်တကယ် ပေါင်းဖက်မိကြတာမှ မြန်မှမြန်ဗျာ။ သူ့ကလည်း မိဘ မရှိတော့လို့ ဆင်းရဲတဲ့အဒေါ်ဆီမှာ ခိုကပ်နေတယ်ဆိုလား။ အသားညိုညို၊ ဝင်တိုတို၊ အရုပ်ပုသလို ထင်ရပေမယ့် ရှက်ကြမ်းရေကျိုရုပ်ကလေးတော့ မဆိုးလှပါဘူး။ ရှမ်းကြိုက်တော့ နွားရော့စကားအတိုင်း ဘာမှသိုင်းဝိုင်းမနေ တော့ပဲ ပွဲတော်ပြီးတဲ့နေ့ရောက်တာနဲ့ ကျွန်တော်တို့နှစ်ယောက် သထုံမြို့ တရားရုံးတက် လက်ထပ်ဖြစ်တော့တာပေါ့။ တစ်နှစ်ပတ်လုံး နယ်အစုံ ဈေးပွဲ လိုက်ရင်း အချိန်ကုန်ခဲ့တဲ့ ကျွန်တော့်အနေနဲ့ သည်လိုမှ အလွယ်တကူ အိမ် ထောင်မပြုလို့ကတော့ အိုကြီးအိုမအရွယ်ရောက်ရင် ကြုံလာနိုင်တဲ့ ဒုက္ခတွေ ထည့်တွက်ရဦးမှာလေဗျာ။

သည်ကနေတော့ – လွတ်ရက်စေ့လို့ထောင်က ထွက်လာချိန်မှာ ပထမ ဦးစွာ တွေးမိပွေ့နှစ်သိမ့်ပေးဖို့လိုတာက ချစ်ဇနီး မြကြိုးနွယ်ပဲပေါ့၊ အနားယူလို့ ဝတာနဲ့ တပည့်ကျော် ခင်စိုးကို ပြန်ခေါ်၊ သားတော်မောင်ပမာ သံယောဇဉ် တွယ်နေကြတဲ့ မောင်လိမ္မာနဲ့အတူ မြွေအလမ္မာယ်ပြလိုက်၊ မြွေနိုင်လက်ဖွဲ့ ရောင်းလိုက်အလုပ်ကိုပဲ ဆက်လုပ်ရုံရှိတော့တယ် မဟုတ်ပါလား။ သည် လောက်ပျော်စရာကောင်းတဲ့ ထောင်ထွက်တစ်ယောက်ရဲ့ဘဝဟာ တကယ့် ခံလာအပေါင်းနဲ့ ပြည့်စုံနေပုံကတော့ ယုံချင်စရာတောင်မရှိလို့ပဲ ပြောပါရ စေတော့။



www.burmeseclassic.com

www.burmeseclassic.com

"အေးကွယ် - ပြောရမှာတော့စိတ်မကောင်းစရာပဲ - မောင်ဘသိုင်းကျော်ရေ၊ ထောင်ကနေ ကျောက်ထုတ်စခန်းကိုမင်းပြောင်းသွားပြီးဘာကြာလို့လဲ၊ မင်းမိန်းမ မြကြိုးနွယ်နဲ့ ခင်စိုးတို့ တိုးတိုးတိတ်တိတ် ပစ္စည်းတွေကောက်ပြီး ညတွင်းချင်း ပြောင်းသွားကြတာ ဘယ်ရောက်လို့ ဘယ်ပေါက်နေကြမှန်း တောင် သတင်းမကြားတော့ပါဘူးကွယ်၊ အဲဒီ့မတိုင်ခင်က ခင်စိုး ခဏခဏ လာပြီး သူတို့ချင်းပရောပရည်လုပ်နေကြတာအခေါ်တို့လည်းသွေးရိုးသားရိုး ပဲထင်တာပေါ့၊ တစ်ခါတလေ သုံးလေးည်လောက်တောင်ခင်စိုးအိပ်သွားတာ သိရမှ အခေါ်တို့မသင်္ကာသလိုဖြစ်လာကြတာကွယ့် - သိလား၊ ဒါပေမဲ့ ဘယ်သူပြောရဲမှာလည်းကွယ်၊ မင်းမိန်းမပါးစပ်ပေါက်ကကြမ်းတော့ မသိသလိုပဲ နေလိုက်ကြရတာပေါ့ - မောင်ဘသိုင်းကျော်ရယ်"

အိမ်နီးချင်း ဒေါ်စိန်နုရဲ့ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းလိုက်တဲ့ စကားသံက မှန်တိုင်းထက်တောင် ပြင်းထန်ပါသေးလား၊ နေပူကလာတဲ့သူကို ရေဆူရူနဲ့ပက်လိုက်သလိုကျွန်တော့်ရင်ထဲ မီးလောင်ပြီးပေါ့၊ သည်မီးက တော်တန်ရုံ မီးပွားမီးတောက်မျိုးမဟုတ်၊ ပေါက်ကွဲတော့မယ့်မီးတောင်လို အတွင်းလှိုက်လောင်နေတဲ့မီး၊ ကြည့်စမ်း - ကျွန်တော် အယုံအကြည်ရဆုံး တပည့်ဖြစ်တဲ့ ခင်စိုးနဲ့မှ လိုက်ပြေးတယ်တဲ့လား၊ သည်ကောင်လေးကို အရွယ်မရောက်သေးဆိုပြီး ကျွန်တော် ထောင်ကျနေချိန်မှာ အိမ်မကြာခဏ လာရင်း မြကြိုးနွယ်ကို ကူညီပေးဖို့ပါ မှာခဲ့မိတာ ကျွန်တော် မှားနေပြီလား၊ နှစ်အတော်ကြာအောင် ကျွန်တော်နဲ့တွဲလာတာ သည်လောက်ရိုးသားတဲ့ ခင်စိုး၊ ကေန္တတော့ - ဟိုကောင်မ မြကြိုးနွယ်ရဲ့ညို့ချက်ထဲမှာ အရှုံးအမူးစွဲ သွားတာလည်း ဖြစ်နိုင်တာပဲ၊ ပွဲဈေးကစားဒိုင်ဆိုတော့ မာယာကွန်ချက်ထဲ သားကောင်ဝင်လာမယ့် ပရိယာယ်ကြွယ်လိမ့်မှာကို ကျွန်တော် နည်းနည်း လေးမှ ထည့်မတွက်ခဲ့မိတာ အမှန်ပဲဗျာ၊

ခုတော့ - ပါသွားကုန်ပြီလို့ပဲ ပြောရတော့မယ်မဟုတ်လား၊ အိမ်အခွံ၊ သစ်သားဗီရိုအခွံတွေလောက်ပဲ ကျန်ခဲ့ပြီး ပန်းကန်ခွက်ယောက်ပါ သယ် သွားရုံသာမကပဲ အိမ်ထောင်သက် သုံးလအတွင်းမှာ ကျွန်တော့်ရဲ့ချစ်ခြင်း



သင်္ကေတအမှတ်တရအနေနဲ့ ဝယ်ပေးထားတဲ့ ငါးမူးသား ရွှေဆွဲကြိုးတစ်ကုံးနဲ့ ရွှေနားကပ်လေးတစ်ရံတောင် ဘုရားကျောင်းဆောင်ပေါ် တင်ထားတဲ့ ရွှေဆိုင်ဘောက်ချာစာရွက်ပဲချန်ထားခဲ့တာလေ၊ ဒါတွေတင်ဘယ်ကပ့်မလဲ၊ အိမ်အောက် ဂိုဒေါင်လေးကိုပါ အသေအချာစစ်ဆေးကြည့်လိုက်မှ စပါးကြီးမြွေ မောင်လိမ္မာလည်း မရှိတော့၊ လှောင်အိမ်အခွံက ဟာလာဟင်းလင်း၊ အလမ္မာယ်ပြတဲ့ကိရိယာတွေဖြစ်တဲ့ သံသေတ္တာတို့၊ ဝါးပခြုပ်တို့အပြင် ပွဲခေါ် ရင်ထုတဲ့ ဘင်တစ်လုံးပါ သယ်သွားကြတာ ဘာကျန်သေးလို့လဲ၊ ရှိသမျှ ကုန်ပြီပေါ့၊

ရှင်းရှင်းဝန်ခံရရင်အဆိပ်ပြင်းတဲ့မြွေသတ္တဝါတွေကိုယဉ်ပါးလိမ္မာအောင် ကိုင်တွယ်တဲ့နေရာမှာ ဘယ်လိုပဲ ကျွန်တော် ကျွမ်းကျင်ပေမယ့် ဣတ္ထိယ အဆိပ်နဲ့ မိတဲ့အခါကျမှ မြကြိုးနွယ်အပေါ် ကျွန်တော်ယုံကြည်ခဲ့သမျှဟာ သဲထဲရေသွန်ချလိုက်သလို ဘာတစ်ခုမှ အရာထင်ကျန်ခဲ့တာ မရှိတော့ပါ လား၊ ကျွန်တော်လိုကောင်ကတော့ သူချန်ခဲ့တဲ့နလုံးသားဒဏ်ရာကို စိတ်တုံးယဉ်စွာ ကစားရာက လွှမ်းလိုက်၊ ဆွေးလိုက်နဲ့ အချိန်ကုန်ခံလိမ့်မယ် မဟုတ်ပါ၊ ပွဲဈေးတန်းကအလွယ်တကူကောက်ယူလာတဲ့မိန်းမတစ်ယောက် ဖြစ်လို့ ခုလိုအလွယ်တကူစွန့်ခွာသွားတာကိုကံတရားနဲ့ဖြေလောက်အောင် ကျွန်တော်ကလည်းအရိယာသူတော်စင်မဟုတ်တာအမှန်၊ သူ့လိုပျံကျမိန်းမ တစ်ယောက်ထွက်သွားတာမဆန်းပေမဲ့ဟိုသစ္စာဖောက် ခင်စိုးဆိုတဲ့ကောင် ရှိသေးတာပဲ၊ ဆရာ့ထက် လက်စောင်းထက်သလို ခေါင်းတုံးပေါ် ထိပ်ကွက် သွားတာမျိုးတော့ ကျွန်တော် လုံးဝခွင့်မလွှတ်နိုင်၊ အဓိကအကျဆုံးလို့ပြောရ ခယ်၊ စပါးကြီးမြွေ မောင်လိမ္မာကိုပါ ယူသွားတာကတော့ ကျွန်တော့်ရဲ့သွေး အဆူဆုံးခံစားချက်လို့ဆိုရင် မှန်မှမှန်ပေါ့ဗျာ၊ သူတို့နှစ်ယောက်ကို မြေလှန် ရှာပြီး စာရင်းရှင်းရုံသာ ရှိတော့တယ်မဟုတ်ပါလား၊

ကျွန်တော့်ပင်ကိုစရိုက်ကာမိုက်ရိုင်းတာတွေ ဘာတစ်ခုမှမလုပ်ခဲ့ဘူးတာ တစ်ရွာလုံးသိကြပါတယ်လေ၊ အဖေ့အမွေကိုခံယူပြီးမြွေဖမ်း၊မြွေအလမ္မာယ် ပြစားပေမယ့် သူတို့ကို ဝလင်စွာ ကျွေးမွေးရုံမက နင်ပဲငဆ အော်ငေါက်တာ



www.burmeseclassic.com

www.burmeseclassic.com

တောင် မလုပ်ဖူးခဲ့ပါဘူး။ ကြင်နာချိုသာစွာ ကရုဏာစိတ်နဲ့ပဲ ချဉ်းကပ်ဆက်ဆံခဲ့တာဖြစ်လို့ ကျွန်တော်နဲ့မောင်လိမ္မာဆို အာရုံချင်းငြိတဲ့အထိ သံယောဇဉ်တွယ်ခဲ့ကြတာ လက်တွေ့ပါပဲ။ သည်လောက်ပျော့ပျောင်းညင်သာလျက်နဲ့ ထောင်တစ်နှစ်ကျခံခဲ့ရတာ ဘယ်လိုအပြစ်ကြောင့်ဆိုတာ သိချင်ကြမှာပေါ့။

အမှန်တော့ - ကိုယ်က ဖောက်ပြန်လို့ဖြစ်လာတဲ့ ပယောဂမဟုတ်တာ အမှန်ပါ။ အသက်တစ်ရာမနေရပေမဲ့ အမှုတစ်ရာပွေနိုင်တယ်စကားအတိုင်း အမှုအခင်းက ဖွတ်အတင်း အိမ်ပေါ်ရောက်လာတာပါပြောရင် ယုံကြမလားမသိ။ ဟုတ်ပါတယ်၊ ကျွန်တော့်အလုပ်က လူစည်ကားတဲ့ဘုရားပွဲတွေ လိုက်ပြီးအလှမှာယ်ပြ၊ မြွေနိုင်လက်ဖွဲ့ရောင်းသလို မြွေပေါ်တဲ့ တောရွာကျေးလက်တွေကိုလည်း အားကိုးရသေးလို့ တောင်စွန်းအောက်ကွင်းရွာဘက်လှည့်ရာက ရှမ်းကျောင်းရွာရောက်တဲ့အခါ မိတ်ဆွေ ကိုကုလားစိန်အိမ်မှာတည်းခိုနေကျ ဖြစ်ပါတယ်။ လူချင်းလည်း အတော်လေး ရင်းနှီးနေကြတာကိုး။

တစ်နေ့တော့ဗျာ - အဲသည်ရှမ်းကျောင်းရွာက ကိုကုလားစိန်ပါပဲ။ သထုံမြို့ဘက် ဈေးဝယ်ရာက အပြန်ကားမမီတော့တာနဲ့ ဆိုက်ကားတစ်စီးငှားပြီး ရွာရောက်လာတာလေ။ အိမ်မှာ တစ်ညတည်းခိုနေတုန်းမှာ ဘယ်လိုသတင်းမျိုး ရလို့လည်း မသိပါဘူး၊ ရွာလူကြီးနဲ့ ရဲတွေ ညဘက်ရောက်လာပြီး သန်းခေါင်စာရင်းစစ်ကြတော့ ကိုကုလားစိန်လွယ်အိတ်ထဲက ဆေးခြောက်(၁၅) ကျပ်သားဆိုလား ဖမ်းမိတော့တာဗျ။ ကိုကုလားစိန်က မူးယစ်ဆေးဝါးရောင်းဝယ်မှုနဲ့ ထောင်ဒဏ်(၅)နှစ်၊ မူးယစ်ဆေးဝါးရောင်းဝယ်သူကို အိမ်မှာ လက်ခံမှုနဲ့ ကျွန်တော်က ထောင်ဒဏ်တစ်နှစ် ပြစ်ဒဏ်ခံလိုက်ရတာ ဘုမသိ၊ ဘမသိနဲ့ ကျွန်တော့်ပယောဂ မပါတာ ရှင်းနေရောပဲဗျာ။

ရှိစေတော့ - အပြစ်မှန်သမျှကိုလည်း ခွေးနဲ့ ဆေးကြောခဲ့ပြီးဟာ မျှော်လင့်ချက်တစ်ပွေ့တစ်ပိုက်နဲ့ အိမ်ပြန်ရောက်တဲ့အချိန်မှာမှ ဖောက်ပြန်တဲ့ဇနီးသည်က တပည့်နဲ့ လိုက်ပြေးပြန်။ သားတစ်ယောက်ပမာ သံယောဇဉ်တွယ်ခဲ့တဲ့ စပါးကြီးမြွေ မောင်လိမ္မာကိုပါ ယူသွားကြတာ ဘယ်လိုမှ ခွင့်လွှတ်စရာအကြောင်းမရှိလို့ပဲ ပြောရပါတော့မယ်။ ပိုပြီးစိုးရိမ်မိတာက မောင်လိမ္မာအပေါ်



ကျွန်တော့်လိုပဲ မေတ္တာထားပြီး အာဟာရ ဝဝလင်လင်ကျွေး မွေးမြူထားရဲ့လား။ စပါးကြီးညှို့နဲ့သည်းခြေ ဈေးကောင်းတယ်ဆိုပြီး ဗိုက်ခွဲလို့ အစတုံးလုပ်ပစ်လိုက်ရင်ရော။ တကယ့်မတွေးရဲစရာအဖြစ်မျိုးတွေကိုလည်း ကြိုတွက်ရင်း ကျွန်တော့်မှာ အိပ်မပျော်၊ စားမဝင်ဆိုပါတော့။

ဘာပြောပြော၊ မောင်လိမ္မာအတွက် စံစားနေရတဲ့ဒေါသကို ဘယ်လိုမှ မထိန်းချုပ်နိုင်မှတော့ ကမ္ဘာကုန် ကျယ်သရွေ့သင်းတို့ရှိရာ အသိုက်ထဲရောက်အောင် ကျွန်တော် လိုက်ရှာရတော့မှာပေါ့ဗျာ။ နဂိုက နယ်တကာစုံ လှည့်လည်ခဲ့ဖူးတဲ့ ကျွန်တော့်အနေနဲ့ သစ္စာမဲ့သူတွေရဲ့ပြေးလမ်းကို ကြိုမြင်ထားပြီးသားပါ။ ဟုတ်တယ်လေ၊ စပါးကြီးမြွေ မောင်လိမ္မာအပြင် အလှမှာယ်ပြတဲ့ ကိရိယာတွေပါအကုန်သယ်သွားမှတော့ သင်းတို့နှစ်ယောက်ပွဲတကာလှည့် အလှမှာယ်ပြတဲ့အလုပ်ကိုပဲ ဇာတ်ရှုပ်ခင်း လုပ်စားကြမှာ သေချာနေပြီဟာ။

"ပြေးနိုင်မှ လွတ်ကြမယ်ပေါ့" လို့သာ ...။

ဆန္ဒစောပြီး ပြောမယ့်သာ ပြောတာပါ။ အမှန်တကယ် ရှာပုံတော် ဖွင့်လိုက်တာ ခုဆို နွေရာသီလွန်ခါနီးလို့ မိုးကျတော့မယ့်အချိန်ထိတောင် ဪကုလိနဲ့ မျောက်မလင်မယားတို့ ဖောက်ချနေထိုင်တဲ့အသိုက်ရဲ့သဲလွန်စကို လုံးဝရှာမတွေ့သေး။ ရောဝတီတိုင်းပွဲဈေးတွေအပြင် ပဲခူးတစ်ခွင်လည်း ပြစ်ပြီး၊ သံဖြူဇရပ်၊ ရေး၊ ထားဝယ်ဘက်တွေပါမကျန် အနှံ့အပြား မြေလှန်ရှာလိုက်တာ သတင်းအရိပ်အငွေ့လေးတောင် မကြားခဲ့ရတာအမှန်။ မကြာခင် မိုးရာသီအကြိုရောက်ရင်ဖြင့် ပွဲတော်တွေ ပိတ်သိမ်းတော့မှာဖြစ်လို့ ကျွန်တော့်ရဲ့ ရှာဖွေရေးခရီးစဉ်ကိုပါ ယာယီရုတ်သိမ်းရတော့မှာ အသေအချာပဲပေါ့။

သည်လို ရှာဖွေရေးခရီးစဉ် မစခင်တုန်းကတော့ ဖြစ်သမျှအကြောင်းထောင်းချည်းသာ သဘောထားပြီး ဘဝကို တစ်ကပြန်စဖို့ ကျွန်တော် စဉ်းစားခဲ့ပါသေးတယ်။ ဒါပေမဲ့ - မောင်လိမ္မာဆိုတဲ့ စပါးကြီးမြွေက ရှိသေးတယ်

www.burmeseclassic.com


လေဗျာ၊ အဖေကိုယ်တိုင်ဖေတ္တာတွေပုံပေးပြီး စတင်မွေးမြူလာရာက ကျွန်တော့်လက်ထဲမှာလည်း အာရုံချင်း ဆက်နိုင်ကြတဲ့အထိ သံယောဇဉ်တွေနဲ့ ရစ်ပတ်နှောင်ဖွဲ့ခဲ့ကြတာ အရိပ်ပြရုံနဲ့ အကောင်ပါ မြင်တတ်တဲ့ သတ္တဝါမဟုတ်လား၊ ဘယ်လွယ်လွယ်နဲ့ လက်လွှတ်နိုင်ပါ့မလဲဗျာ၊

တန်ခူးလကွယ်နေ့ ရောက်ပါပြီ၊ ပွဲတော်တွေသိမ်းမယ့်နောက်ဆုံးရာသီရဲ့ နေ့တစ်နေ့ပါပဲ၊ ပဲခူးတိုင်း၊ စစ်တောင်းမြစ်အရှေ့ဘက်ကမ်း၊ ထန်းတပင်မြို့နယ်ထဲရှိတဲ့ ရွာတစ်ရွာမှာ ပွဲတော်ကျင်းပနေတာ စည်မှစည်ဆိုပါလား၊ ပွဲဈေးသမားတွေဆီက သတင်းကြားတာနဲ့ ရထားတစ်တန်၊ ကားတစ်တန်နဲ့ လှည်းကြုံ၊ လှေကြုံပါစီးပြီး ခရီးနှင်ခဲ့တာ နေ့နေ့လယ် အပူရှိန်ပြင်းတုန်းအချိန်မှာ ပွဲခင်းဖနေရာ ကျွန်တော် ရောက်သွားပါတော့တယ်၊ တဲလျှပ်ရောင်ညီးညီး အပူလှိုင်းအောက်မှာ တိုင်ဖုံးကန့်လန့်ကာတွေ တလွင့်လွင့်နဲ့ ဇာတ်စင်ကလည်း ကွင်းလယ်မှာ ထီးတည်းကြီး ခြောက်ကပ်လို့၊ ပွဲဈေးတန်းတချို့ဆိုလေပူနေပူဒဏ် မခံနိုင်ကြတာဖြစ်မှာပေါ့၊ ဝါးကပ်တွေကာပြီး ပိတ်ထားတာပဲတွေ့ရပါတယ်၊ ဇာတ်စင်ရှေ့သဲမြေပူပူပေါ်မှာတော့ ညကပွဲကြည့်သူတွေ ခင်းထားတဲ့ ဖျာရှုပ်တချို့နဲ့ ပလတ်စတစ်စတွေဟာ လေပွေဖွေ့လိုက်တိုင်း လွင့်နေလိုက်ကြတာ ဖုန်တထောင်းထောင်းပါပဲ၊

ဖိနပ်မပါပေမဲ့ အသားမာတက်နေတဲ့ ကျွန်တော့်ခြေဖဝါးတွေ ပူလောင်တာကိုတောင် သတိမထားဘဲ ဈေးတန်းဘေး ကွေ့ကောက်လျှောက်နေရာက ရွာထိပ်ကုက္ကိုပင်ကြီးတစ်ပင်ရဲ့အရိပ်ထဲမှာ လူအုပ်ကြီး ရုတ်ရုတ်သဲသဲ ဝိုင်းနေကြတာ လှမ်းမြင်လိုက်ပါရောလား၊ အဲသည်နေရာက လွင့်လာတဲ့ ဘင်ထုသံကလည်း တဒုန်းဒုန်း၊ ဟုတ်ပြီ - သည်ဘင်ထုသံက နားထဲ စွဲလာတာ နှစ်တွေမှ မနည်းပဲဟာ၊ ဆရာစံချွန်ခဲ့တဲ့ဘင်ဆိုတာ ဘယ်လိုမှ ယုံမှားသံသယဖြစ်စရာ မလိုတော့ပါ၊ လူအုပ်နားရောက်တယ်ဆိုရင်ပဲ ကျွန်တော့်ကိုယ်ကို ကျုံ့အောင်လုပ်ရင်း ကလေးလူကြီး ပရိသတ်ကြား တိုးဝှေ့ပြီး ဝင်လိုက်တာ၊ ရှေ့ဆုံးကန်သင်းဘေးမှာ နေရာယူပြီးသား ဖြစ်သွားပါတော့တယ်၊



"အာဖရိကပြန် စိုင်းမောင်မောင်"တဲ့ဗျာ၊ တကယ်ရယ်ချင်လိုက်တာ စိတ်ထဲကလိကလိ၊ ဘင်မျက်နှာပြင်သားရေပေါ်ရေးထားတဲ့စာလုံးတွေလေ၊ မှားစေးရောင်ဘောင်းဘီပွပွ၊ အနီရဲရဲ လက်ရှည်အကျႌဝတ်လျက်က ခါးမှာ အနက်စပဝါပတ်ထားသေးဗျ၊ ခေါင်းပေါ်မှာတော့ လျှာထိုးဦးထုပ် ပြောင်းပြန်ဆောင်းထားပုံက ဟာစ်ဖော့စတိုင်၊ ဘယ်လိုပဲ ရုပ်ပြောင်းရုပ်လွှဲ လုပ်ထားမယ့် မယားနိုးကြောကုလီ ခင်စိုးဆိုတာ ကျွန်တော် မမှတ်မိစရာ ဘယ်ရှိပါ့မလဲ၊ ဝိုင်းအလယ်တည့်တည့်ကနေ ဘေးတစ်ဝိုက်ဟန်ပါပါ လှည့်ပတ်ရာက ခုပ်ကလည်း ကျွန်တော်အလမ္မာယ်ပြတုန်းက လေသံအတိုင်း တော်ကီပစ်နေလိုက်တာ ရေပက်မဝင်တဲ့အထိလို့ပြောရင် ပိုမှန်ပါလိမ့်မယ်၊



www.burmeseclassic.com

"ကျုပ်လည်ပင်းမှာ ဆွဲထားတဲ့ ဟောဒီလက်ဖွဲ့ကြိုးအနီရောင် - တွေ့ကြလား၊ ခင်ဗျားတို့နယ်က မြွေပွေး၊ မြွေဟောက်လောက်တော့ အသာထား၊ ကျုပ် အာဖရိကက ဖိတ်ခေါ်လို့ မြွေဆိုးတွေ နှိမ်နင်းပေးနိုင်ခဲ့တာ ဒီလက်ဖွဲ့ကြိုးရဲ့တန်ခိုးပဲဗျ၊ ကိုင်း - လက်တွေ့ပဲ ပြပါတော့မယ်ဗျာ၊ ဟောဒီပခြုပ်ထဲ လှောင်ထားတာက လူတစ်ယောက်ကို တစ်ပတ်ရစ်ပြီး အသာလေးညှစ်လိုက်ရုံနဲ့ အရိုးတွေ တဖျစ်ဖျစ်မြည်၊ ကျိုးကြေကုန်အောင် အရမ်းသန်မာတဲ့ မြွေဘုရင်တစ်ကောင်ပါ၊ အဲ - ဒီလက်ဖွဲ့ကြိုး ဆွဲထားမယ်ဆိုရင်တော့ သံမဏိလိုမာကြောတဲ့မြွေဖြစ်ပါစေ မြွေကြီးပေါ်ဝပ်စင်းလို့ တီကောင်လောက်တောင် အစွမ်းမရှိတော့တာကို ပရိသတ်အားလုံး လက်တွေ့မြင်ရတော့မယ်ဗျာ၊ ကိုင်း - အစ်မကြီး ခင်ပပတင်ရေ - ဘင်သံအဆုံးမှာ တွင်ညာက်လေးသုံးပြီး ပခြုပ်အဖုံးကို အသာလေး ဖွင့်လိုက်စမ်းပါဗျာ"

တတ်လည်း တတ်နိုင်ကြတဲ့ တစ်ပတ်ရစ်လင်မယားပဲကိုး၊ မြကြိုးနွယ်ဆိုတဲ့ မှဆိုးတစ်ပိုင်း မိန်းမရှိင်းကြီးတောင် ခင်ပပတင် ဖြစ်နေပါရောလား၊ အစိမ်းရောင်ပါတိတ်ဝမ်းဆက်နဲ့ မျက်နှာမှာက မိတ်ကပ်ဖွေးဖွေး၊ ချွေးရှိသွားတောင် မှတ်မိတဲ့မျက်နှာပါ၊ ပရိသတ်ဆီကြာမျက်လုံးဝေ့ရင်းကြည့်လိုက်ရာကနေ မြွေပခြုပ်နားရပ်လိုက်တာ ကျွန်တော်နဲ့ကွာတာမှငါးကိုက်ထက်ပိုမယ် မထင်ဘူးဗျာ၊ ဒါပေမဲ့ - ဒူးထောက်ထိုင်နေတဲ့ ရှေ့ဆုံးက ကျွန်တော့်ကို သူတို့ဘယ်လိုမှမမှတ်မိနိုင်မှန်း ကျွန်တော် သိနေတယ်လေ၊ ကုပ်ဝဲဆံပင် နီကြောင်ကြောင်ပေါ်ဆောင်းထားတာက တောဆောင်းဦးထုပ်အဟောင်းညစ်ပေပေ ထောင်ထဲနေတုန်းက ရာသီဒဏ်ကြောင့် သပြေမှည့်ရောင်မျက်နှာပေါ် ကျောက်စကျောက်နမှန်ထားတဲ့အမာရွတ်တွေကလည်း ဝလှပ်၊ ပါးသိုင်းမွေး နှုတ်ခမ်းမွေး ထိုးထိုးထောင်ထောင်နဲ့ ဂျင်းဂျာကင်အရောင်လွင့်ပြီး ဘောင်းဘီ ပါ ဒူးပြဲအနားမှာ ဝတ်ထားတာဖြစ်လို့ သူတို့ဆရာ ဘသိုင်းကျော်ဆိုတာ ဘယ် မှတ်မိစရာ ရှိတော့မှာလဲ၊



ကြည့်စမ်း - ခင်ပပတင်ဆိုတဲ့မိန်းမက ယိမ်းကသလိုနွဲ့ရင်း ပခြုပ်အဖုံးဖွင့်လိုက်ဟန်က ကိန္နရီမ ထပျံတော့မယ့်သဏ္ဌာန်အပြည့်၊ အဲသည့်အချိန်မှာ ပခြုပ်အဝကနေ ကြောက်မက်ဖွယ်ရာ မြွေကြီးတစ်ကောင် ပါးပျဉ်းတထောင်ထောင်နဲ့ ရှူးခနဲ ထွက်လာလို့ ပရိသတ်တွေ ဟာခနဲ၊ ဟင်ခနဲ ဖြစ်သွားမယ် ထင်နေတာ၊ ဘယ်ဟုတ်လို့တုံးဗျာ၊ ခေါင်းတစ်ပိုင်းလွန်ဖို့တောင် အတော်လေး အားစိုက်ပြီး ရုန်းနေတာကြည့်ရင်ပဲ အာဟာရ မဝ၊ တဝ ကျွေးထားလို့ သွေးသားခြောက်ခန်းနေတဲ့ မြွေကြီးတစ်ကောင်မှန်း ကျွန်တော် နားလည်လိုက်တာပေါ့၊ မျတ်ရည်ဝေ့လာရာကမှန်ဝါးဝါးအမြင်ကြားမှာကောင်းကောင်းကြီး မှတ်မိလိုက်တာက သည်မြွေကြီးဟာ ကျွန်တော့်သား မောင်လိမ္မာဆိုတာပါ၊ ပခြုပ်အပြင်ဘက်ကိုယ်တစ်ပိုင်း ထွက်နေပြီးဖြစ်ပေမယ့် ဆက်လှုပ်ရှားဖို့ အားယူနေရုံက သိပ်မသက်မသာနဲ့ လွန့်ရုံ၊ လှုပ်ရုံ၊ မြွေကြီး တုန်လှုမတတ် ဘင်သံ ဆူညံလာချိန်မှာ အာဖရိကပြန် မောင်မောင်ဆိုတဲ့ ကောင် မြွေအနား ရောက်လာပြီး ခါးပိုင်းနေရာ ကိုင်မြှောက်လို့ သူ့လည်ပင်း ပေါ်ရစ်လိုက်တာ အားမြန်ဆန်လွန်းရောပဲကိုး၊ အားယုတ်နေတော့လည်း နည်းနည်းလေးမှ လှုပ်ရှားတာ မတွေ့ရသေး၊ ကဲဆိုးလှချည်လား ဖေ့သား မောင်လိမ္မာလေး ရယ်၊

မသေရုံ ကျွေးမွေးပြီး စီးပွားရေးတွက်ချေကိုက်ဖို့ အသေအကြေနိုင်းထားတာဖြစ်လို့ အရေခွံ မွဲခြောက်ခြောက်နဲ့ ပိန်လှီဖျော့ခွေနေလိုက်တာမှ လျှော်ထားတဲ့ ကားကျွတ်လို လျော့ရဲနေပါရောလားလို့၊ သည်ကြားထဲ မျက်လုံးလေး ပေကလပ်၊ ပေကလပ်ဖြစ်နေတဲ့ မောင်လိမ္မာရဲ့ခေါင်းကို ခင်စိုးဆိုတဲ့ကောင်က လက်နှစ်ဖက်နဲ့ ဆုပ်ကိုင်ပြီး ညှစ်ထားသေးကိုး၊ သူညှစ်တဲ့ ဒဏ်ခံနိုင်တဲ့အခါ မောင်လိမ္မာကိုယ်လုံးက လှုပ်ရှားလာပြီး သူ့ကိုယ်ကို တစ်ပတ်ဝတ်ဖို့ အချက်ပေးမှန်း ကျွန်တော် နားလည်ထားတာဆိုတော့ နလုံးသား ထဲမှာ နင့်ခနဲ နာကျင်အောင် ခံစားနေရတာ အမှန်ပါပဲ၊



www.burmeseclassic.com

www.burmeseclassic.com

သည်နေရာမှာကျွန်တော်ဘာလုပ်ရမလဲ၊ ဘာလုပ်သင့်သလဲ၊ သည်လိုအခွင့်အရေးမျိုး နောင်ဆို ရဖို့မလွယ်တော့မှန်းလည်း နားလည်ပြီးသားမဟုတ်ပါလား၊ ဝိုင်းအလယ် သံသေတ္တာဘေးမှာ သူတို့ပြကွက်တွေမှာသုံးတဲ့ မားရှည်တစ်လက် ထောင်ထားတာ တွေ့ရတော့ ဒါကိုပဲ ပြေးဆွဲပြီး သစ္စာဖောက်နှစ်ယောက်လုံးကိုပရိသတ်ဝိုလ်ပုံအလယ်မှာ အပိုင်းပိုင်းပြတ်အောင် သွေးကြွေးဆပ်လိုက်ရင် ကောင်းမလား၊ ဘာပြောပြော၊ ထောင်ထွက်တစ်ယောက်ဖြစ်ပေမယ့် ကိုယ့်ဆန္ဒနဲ့ဆန့်ကျင်ပြီး ဥပဒေအပြင်ဘက်ကကိစ္စတစ်ခုမှ မလုပ်ဘူးခဲ့တဲ့ ကျွန်တော်ဟာ လူသတ်ဖို့ စိတ်ကူးမျိုးကတော့ ဝေးရောပေါ့၊ သည်တော့ - စိတ်ကို တည်ငြိမ်စွာ ထိန်းနေရာက ရုတ်တရက် ခေါင်းထဲဝင်လာတဲ့အတွေးတစ်ခုကြောင့် မောင်လိမ္မာလေးရဲ့မျက်လုံးတွေ ကျွန်တော့်ဆီအမြန်ဆုံးရောက်လာဖို့အရေးအချက်ပြနည်းသုံးကြည့်ရတော့မှာလေဗျာ၊ အနေဝေးကြတာ ကြာလှပြီဆိုပေမယ့် လူသားနဲ့တိရစ္ဆာန်တို့ရဲ့ အာရုံချင်းငြိစေတဲ့အချက်ပေးသံ ဘယ်လောက်ထိရောက်သေးသလဲဆိုတာ အဖြေတစ်ခုတော့ ထွက်လာလိမ့်မယ်ထင်ပါတယ်၊

ပထမဦးစွာ စေ့ထားတဲ့ ရှေ့သွားတွေရဲ့ကြားမှာ လျှာဖျားလေး အသာထောက်ပြီးပြတ်တောက်ပြတ်တောက်အသံတရှိုရှိုပေးလိုက်ရင်ပဲအနီရောင်ရျက်ချင်းပြောင်းသွားတဲ့ မောင်လိမ္မာရဲ့မျက်လုံးတွေဟာ အသံလှိုင်းအတိုင်းစီးမျောလာတာမှ ကျွန်တော့်မျက်လုံးနဲ့ တည့်မတ်နေရောပါပဲ၊ သူ့မျက်လုံးနှစ်လုံးအရောင်တလက်လက်ထလာပြီးဖြစ်လို့ကျွန်တော်တို့ချင်းသာသိတဲ့အာရုံအဆက်အသွယ်တွေ မပျောက်သေးမှန်းသိတာနဲ့ လေမှုတ်သံ နရီပြောင်းပြီး ဆက်မှုတ်လိုက်ပြန်တော့ တစ်ရှိန်လုံး ပျော့ခွေနေတဲ့ မောင်လိမ္မာကိုယ်လုံးကြီးလည်း သဲသွပ်ထားတဲ့အိတ်လိုတင်းကားလာတဲ့အပြင် အမြီးပါ ကော့ပြီး ခင်စိုးခါးကို ပတ်လိုက်တာ မြန်မှမြန်၊ ဒါကိုပဲ - ကြာကူလီခင်စိုးဟာ သူ့ညြဖာကြောင့် မောင်လိမ္မာ သွက်လက်လာပြီးထင်လို့ ဖြစ်လိမ့်မယ်၊

ဘင်ထုသံပြင်းပြင်းနဲ့အတူ မြွေခေါင်းညှစ်ထားတဲ့ လက်နစ်ဖက်လွှတ်ပစ်ရာက လေထဲ မြှောက်လျက် ပရိသတ်ဆီ ကြွားပြနေသေးတာမှ ဝိုင်းတစ်ပတ်ပြီး တစ်ပတ်သည်လို သူ့အမှားကို စောင့်နေတဲ့ ကျွန်တော်ကလည်း လေမှုတ်သံ နရီပြောင်း အချက်ပေးလိုက်တယ်ဆိုရင်ပဲ မောင်လိမ္မာရဲ့ခေါင်းဟာ လျှောခနဲ လွှဲယမ်းလျက်က ခင်စိုးရဲ့ပေါင်ရင်းနှစ်ဖက် ပတ်လိုက်တာ ကွက်တိပဲဗျ၊ လည်ပင်းကိုတော့ နဂိုကမောင်လိမ္မာကိုယ်လုံးနဲ့ ပတ်ထားပြီးသားဖြစ်လို့ နည်းနည်းလေး ညှစ်လိုက်ရုံနဲ့ ခင်စိုးကိုယ်လုံးဟာ ပုံပျက်ပန်းပျက်ယိုင်လဲတော့မှာ သေချာနေပြီပေါ့ဗျာ၊

ပရိသတ်ကတော့ ဘယ်ပြောကောင်းမှာလဲ၊ ပြကွက်ဆန်းထင်လို့ လက်ခုပ်သံ ဖြောင်းဖြောင်းတီး အားပေးကြတာမှ ဆူညံနေရောဆိုပါတော့၊ ကျွန်တော့်တိုက်ကွက်ရဲ့အဆုံးသတ်ချက်ဖြစ်တဲ့ လေမှုတ်သံ တိုပြတ်ပြတ်ကို စူးရှအောင် အဆက်မပြတ် မှုတ်လိုက်တဲ့အချိန်မှာ ခင်စိုးတစ်ကိုယ်လုံး ပတ်ထားတဲ့ မောင်လိမ္မာကိုယ်လုံးကြီး တင်းပြောင်လာရာက အဝတ်ရေညှစ်သလို ညှစ်ရှုလိုက်တာဖြစ်မှာပါ၊ မြေကြီးပေါ် ဘုန်းခနဲ ပစ်လဲသွားတဲ့ ခင်စိုးရဲ့မျက်လုံးတွေ ပြူးထွက်လာခြင်းနဲ့အတူ အမြှုပ်က တစီစီ၊ ပရိသတ်ကလည်း အာဖရိကပြန် စိုင်းမောင်မောင်ရဲ့အကယ်ဒမီရှော့အိုက်တင်လို့ ထင်ကြမှာပါ၊

လက်ခေါက်မှုတ်သံ၊ အော်ဟစ်အားပေးသံတွေ ဆူညံနေရောပါပဲ၊ ဟုတ်ကဲ့ - သည်အချိန်မှာ တိုက်ကွက်ပြောင်းတဲ့အနေနဲ့ လေမှုတ်သံနရီအသစ်တစ်မျိုး ထပ်မံပေးလိုက်ရရင်တော့လား၊ တဆတ်ဆတ်တုန် သတိလစ်နေတဲ့ ခင်စိုးရဲ့တစ်ကိုယ်လုံးဆို အရိုးမှန်သမျှ ကြေမွသွားအောင် မောင်လိမ္မာ ဆက်ညှစ်တော့မှာ သိလိုက်တာနဲ့ ကျွန်တော့်စိတ်တွေ ထိန်းချုပ်ရင်းထရပ်လိုက်ရပါတယ်၊ ဘာပြောပြောပေါ့ဗျာ၊ ကျွန်တော့်ပင်ကိုစိတ်ဓာတ်က ရက်စက်တာတို့၊ မရိုးမသားအနိုင်ယူတာတို့ ဘယ်တုံးကမှ မလုပ်ခဲ့ဘူးတာဆိုတော့ ခုပြဿနာမှာလည်း တရားဥပဒေရဲ့အဆုံးအဖြတ်ကိုပဲ ခံယူဖို့ ဆုံး

www.burmeseclassic.com

တော် ဆုံးဖြတ်လိုက်တာလို့ပဲ ပြောရတော့မှာပါ။ ပျာပျာသလဲနဲ့ ခင်စိုးအနား ထိုင်ရင်းက မောင်လိမ္မာရဲ့ညှစ်ထားတဲ့ကိုယ်လုံးကို အတင်းဆွဲဖယ်ပစ်ဖို့ ကြိုးစားနေတဲ့ ခင်ပပတင်တစ်ဖြစ်လဲ မြကြိုးနွယ်ကိုတော့ သနားသလိုလို ဖြစ်မိသေးဗျ။

အမှန်ပြောရရင် – ထောင်အရသာဆိုတာ နစ်ခါပြန်ပြီး ခံစားကောင်းတဲ့ အရာမှမဟုတ်တာနော်။ ဒေါသအလျောက် စိတ်ထင်ရာလုပ်ဖို့အထိ ကျွန် တော် ဘယ်မိုက်မဲပါ့မလဲ။ ရှုတ်ရှုတ်သဲသဲဖြစ်နေတဲ့ ပရိသတ်တွေကို အမှန် အတိုင်းရှင်းပြလိုက်တယ်ဆိုရင်ပဲ ဘုရားပွဲလုံခြုံရေးကတစ်ဆင့် ဥပဒေနဲ့ အညီဆက်လုပ်သွားမှာဖြစ်လို့ကြာကူလီမယားနိုးခင်စိုးရော၊နောက်မီးလင်း မြကြိုးနွယ်ပါပုဒ်မအစုံအလင်နဲ့ တရားစီရင်တာ ခံရရုံပေါ့ဗျာ။ အရေးကြီးတာ က ကျွန်တော့်သား မောင်လိမ္မာလေးနဲ့အတူ ဘဝသစ်တစ်ခု ထူထောင်ခွင့် ရတာကိုပဲ ကျေနပ်စွာ ကျွန်တော် လက်ခံရမယ်မဟုတ်ပါလား။ ဒါဟာ လူ သားတစ်ယောက်နဲ့ မြွေတစ်ကောင်တို့ရဲ့သံယောဇဉ်တွယ်ကြရာက အာရုံ ချင်း ဆက်သွယ်နိုင်တယ်ဆိုတဲ့ သာဓကလေးတစ်ခုလို့သာ ပြောပါရစေ တော့ ခင်ဗျား။

→ မင်းရွှေသိန်း (ဝင်းကျိုက်)




www.burmeseclassic.com

www.burmeseclassic.com

ချုံပုတ်ထဲတွင်
တွေ့ရသော ဥများကို
စားသုံးရန်
ယူဆောင်လာခဲ့ကြရာ
လမ်းခရီးတစ်ဝက်
ရောက်သောအခါ ..

## အောင်မင်း ...

တို့နေထိုင်သည့်ရွာကလေးက အရှေ့ဘက်တွင် ကားလမ်းနှင့်လည်း မဝေးလှ၊ အနောက်ဘက်တွင် တောင်ခြေနှင့်လည်းနီးသော ရွာကလေး ဖြစ်သည်၊ ထိုရွာကလေး၏ ထူးခြားချက်မှာ သရက်ချောင်းဟုခေါ်သော တောင်ကျချောင်းက တောင်ပေါ်မှ မြေပြန့်တစ်လျှောက် ကွေ့တည့်ကွေ့ပတ် စီးဆင်းလာကာ ရွာ၏အလယ်မှ ဖြတ်သန်းစီးဆင်းနေခြင်းပင် ဖြစ်သည်၊

အနောက်ဘက် တောင်ခြေနှင့် ခပ်လှမ်းလှမ်းတွင် တောင်ကုန်းတောင်ကြားများမှ ဖြတ်သန်းစီးဆင်းလာခဲ့သော နရွဲချောင်း ရှိနေပြီး မြောက်ဘက်မှ စီးဆင်းလာခဲ့သော သရက်ချောင်းနှင့် ပေါင်းဆုံမိသွားကာ သရက်ချောင်း အဖြစ်နှင့်သာ မြေပြန့်တစ်လျှောက် မြွေလိမ်မြွေကောက် စီးဆင်းသွားပြီး အရှေ့ဘက် ဆယ်မိုင်ခန့်အရောက်တွင် စစ်တောင်းမြစ်အတွင်းသို့ စီးဝင်လေသည်၊

မိုးတွင်းအခါ၌ တောင်ပေါ်တွင် မိုးရွာသည်နှင့် နရွဲချောင်းနှင့် သရက်ချောင်းတို့မှ စီးဆင်းလာကြသော ရေများသည် မြေပြန့်တစ်လျှောက် ဝါးလုံး ထိုးစီးဆင်းလာသဖြင့် ရေစီးကိုမြင်ရသည်မှာ ကြောက်စရာ ကောင်းလှသည်၊

သို့သော်လည်း ထိုချောင်းရွာအလယ်မှ ဖြတ်သန်းစီးဆင်းမှုကြောင့် ရေကြီးသည့်အခါ တောင်ပေါ်မှ ထင်းတုံးတို့၊ ထင်းတုံးခြောက်များ၊ ဝါးလုံးတို့၊ ဝါးလုံးခြောက်များ မျောပါလာခဲ့သဖြင့် ရွာသားများက ထင်းများ ဆယ်ယူကြသည်၊ ရေကြီးတိုင်း ဝီရိယထားပြီး ဆယ်ယူလျှင် မီးဖိုချောင်သုံးထင်းများ အတော်ရခဲ့ကြသည်၊ ထိုသို့ရရှိလျှင် နွေဘက်၌ တောင်ပေါ်တက်ကာ ထင်းတုံးအဆွဲရ သက်သာကြလေသည်၊ ချောင်းရေကြီးလျှင် နုန်းအနည်အနစ်များ ပါလာသဖြင့် ချောင်းကမ်းဘေးများပေါ်ရေလျှံပြီး ရေပြန်လျော့သည်နှင့် နုန်းမြေများ တင်ကျန်ခဲ့သဖြင့် စပါး၊ ပဲ၊ ပြောင်း၊ နှမ်းတို့ကို ဖြစ်ထွန်းစွာ စိုက်ပျိုးနိုင်ကြလေသည်၊

မိုးတွင်းရေကြီးလျှင် မြစ်ထဲမှ ငါးမျိုးစုံက ချောင်းရေထဲအတိုင်း ချောင်းအထက်ဘက်သို့ တက်လာကြသဖြင့် ဖံ၊ မြွေ၊ ပိုက်ကွန်၊ ယက်သဲ့ ကိရိယာတို့နှင့် ထောင်ဖမ်းနိုင်ခဲ့ကြ၍ သားငါး မရှားကြပေ၊ များများစားစားရလျှင် ပြန်၍ပင် ရောင်းနိုင်ကြလေသည်၊ ထိုချောင်း၏အမည်ရင်းမှာ သရက်ချောင်းပင်ဖြစ်သော်လည်း ငါးမြွေထိုးများ ပေါလှသဖြင့် တချို့က ထိုချောင်းကို ငါးမြွေချောင်းဟုပင် ခေါ်ဝေါ်ခဲ့ကြသည်၊

အောင်မင်းတို့က မိုးတွင်းဘက် လယ်စိုက်၍ပြီးသော ထွန်တုံးပိတ်သွားချိန် ရောက်လာလျှင် စိုက်ပျိုးရေးအလုပ်က ပြီးဆုံးသွားသဖြင့် အိမ်တွင် အနားရနေကြသည်၊ တစ်မိုးတွင်းလုံး နိုင်းခဲ့သော ကျွဲ၊ နွားများကို နေ့စဉ် လယ်ကန်သင်းများမှ မြက်များ ရိတ်ကာ ဝလင်အောင် ကျွေးမွေးရသော အလုပ်သာ ရှိကြတော့သည်၊

www.burmeseclassic.com

www.burmeseclassic.com

မိုးတွင်းအခါက ညဘက်တွင် လယ်ထဲမှ ပြန်လာလျှင် ကောက်ရိုးပုံမှ ကောက်ရိုးဆွဲ၍ ပုံချကျွေးကြရသည်၊ မိုးလင်းသည်နှင့် လယ်၊ ထွန်ကောက်ပြီး လယ်ထဲ ဆင်းရသည်၊ ကျွဲ၊ နွားများအတွက် မြက်စားချိန် မရသဖြင့် ကောက်ရိုးနှင့်သာ ပြီးခဲ့ကြရ၏၊ ထွန်တုံးပိတ်သိမ်းချိန်ရောက်မှ လတ်ဆတ်သော မြက်နုများကို လူက ဂရုတစိုက် ရိတ်၍ကျွေးပေးနိုင်ကြခြင်းပင် ဖြစ်သည်၊

အောင်မင်းတို့ရွာသို့ ဝါးပွဲစားများ ရောက်လာကြပြီး ဝါးအရွယ်အစားအလိုက် ဈေးနှုန်းများ သတ်မှတ်ပေးကာ ဝါးဝယ်လာကြသည်၊ ကားလမ်းအရောက် ဈေးပေးကြသဖြင့် ဝါးခုတ်လိုသူတို့က ထွန်တုံးပိတ်ချိန်တွင် အလကားနေ အလကား ဝင်ငွေရနိုင်မည့်အလုပ်ဖြစ်၍ လူတော်တော်များများက ဝါးကြိုတင်ငွေများ ထုတ်ယူကြကာ ဝါးတက်ခုတ်ကြသည်၊

"ဟေ့ - အောင်မင်း - ငါတို့လည်း တောင်ပေါ်တက်ပြီး ဝါးတက်ခုတ်ကြရင် မကောင်းဘူးလားကွာ"

"အေးကွ - အခုလို အလုပ်အနားရနေတုန်းမှာ ဝါးတက်ခုတ်မလားလို့ စဉ်းစားနေတာလေကွာ"

"ဘာလဲ - သာအေး - မင်းကော တက်ခုတ်မလို့လား"

"အေးလေကွာ - ဒါကြောင့် အဖော်ရအောင် မင်းကို လာမေးရတာပဲ"

မိုးတွင်းဘက် တောင်ပေါ်တက် ဝါးခုတ်ကြရသည်က ခုတ်ရသည်သာ ပင်ပန်းကြသည်၊ ခုတ်ပြီး မြောင်ဘေးပုံကာ ဖောင်ဖွဲ့ပြီးသည်နှင့် မြောင်ရေထဲအတိုင်း ဖောင်ချလျှင် ကျွဲ၊ နွားနှင့် ဆွဲစရာလည်းမလိုဘဲ လူကလည်း ဖောင်ပေါ်မှပင် စီးလိုက်နိုင်သဖြင့် သက်သာလေသည်၊ မြောင်မှထွက်လျှင် ချောင်းထဲအတိုင်း ဖောင်မျောကာ ကားလမ်းသို့ရောက်သည်အထိ ဖောင်နှင့် မျောယူနိုင်ကြသည်၊

"ငါတို့ ဝါးတက်ခုတ်ရတာက တောင်ပေါ်မှာ ဝါးရှာခုတ်ပြီး ဖောင်ဖွဲ့ဖို့ စုပုံတာပဲ ပင်ပန်းတယ်ကွ၊ ဖောင်ဖွဲ့ပြီးသွားလျှင် ဖောင်ပေါ်တက်ထိုင်ပြီး လိုက်ရုံပဲလေကွာ"



"အိုကွာ - တောင်ပေါ်မှာ အဲဒီလောက်တော့ ပင်ပန်းတယ် မခေါ်ပါဘူးကွာ၊ မင်းနဲ့ငါ နှစ်ယောက်အတူ သွားခုတ်ကြမယ်ဟေ့"

အောင်မင်းနှင့် သာအေးတို့လည်း အိမ်မှ ထမင်းထုပ်ကိုယ်စီယူကာ ဓားတစ်လက်စီကိုင်၍ တောတက်လာခဲ့ကြသည်၊

"ငါတို့ - ဘယ်တောဘက်ကို သွားခုတ်ကြမလဲ - အောင်မင်း"

"ဝါးပေါတာတော့ စပေါင်းပင်စခန်းဘက်က ပေါတယ်ကွ"

"ဟာ - အဲဒီစပေါင်းပင်စခန်းဘက် သွားခုတ်ရင် ဝါးဖောင်တွေကို မြောင်ထဲအတိုင်း ကျောက်တုံးကျောက်ခဲတွေကြားက ဆွဲလာရမှာကွ၊ ချောင်းမကြီးကို ရောက်မှသာ ဖောင်မျောချလို့ရမှာလေကွာ"

"ဟို - ထိုးကျကြီးဘက် သွားခုတ်ရင် မကောင်းဘူးလားကွ၊ အဲဒီဘက် သွားခုတ်ရင် သရက်ချောင်းနဲ့နီးတော့ ဖောင်ကို သရက်ချောင်းထဲအတိုင်း စီးလာပြီး မျောချလာနိုင်မယ်လေ"

"အေး - ဒါဆိုရင်လည်း အဲဒီထိုးကျကြီးဘက်ကိုပဲ သွားခုတ်ကြတာပေါ့ကွာ၊ ဝေးတာတော့ နည်းနည်းဝေးတယ်နော်"

"ဝေးပေမယ့်ကွာ - ချောင်းထဲအတိုင်း ဝါးဖောင်မျောချလာမှာဆိုတော့ လူသိပ် မပင်ပန်းဘူးပေါ့ကွာ"

နှစ်ယောက်သား အနီးအဝေး၊ လူသက်သာမှု၊ ဖောင်မျောလွယ်ကူမှုများကို ချင့်ချိန်ကာ ထိုးကျကြီးဘက် တက်လာခဲ့ကြသည်၊

သူတို့ စရန်ငွေယူခဲ့သော ဝါးမျိုးများကို တောင်ကုန်းတောင်စောင်းများတွင် ရှာဖွေ၍ ခုတ်ကြသည်၊ ဝါးတစ်ရုံမှ ဝါးလေးငါးလုံးကို ခုတ်ကာ ဝါးခက်များ သပ်ပြီး အဖျားပိုင်းကိုခုတ်၍ စုပုံထားခဲ့ကြရသည်၊ နောက်တစ်ရုံကို ကူးကာ ခုတ်ပုံကြရသည်၊ ဖောင်တစ်စွပ်စာ ရကြသောအခါ ခုတ်ပုံခဲ့သော ဝါးများကို သရက်ချောင်းဘေးသို့ အရောက်ထမ်းသယ်ယူကြသည်၊ တစ်ဖောင်စာ ခုတ်ပြီးသားဝါးများအားလုံး သယ်ယူပြီးကြလျှင် ဝါးအဖျားဘက်၌ အပေါက်ဖောက်ကြရသည်၊ ဝါးများ အပေါက်ဖောက်ပြီးပါက ဝါးသီတံလုပ်ရန် ဝါးအရင်းသား တစ်လံလောက်ကို ထက်ခြမ်းခွဲ၍ စိတ်ရသည်၊ ဝါးစိတ်



www.burmeseclassic.com

www.burmeseclassic.com

များကိုသပ်ပြီး ဝါးနဖားပေါက်များသို့ ထိုးကာသီကြရသည်။ ဝါးတစ်ဆယ့်ငါးလုံးစီ သီကြ၏။ ထိုနည်းဖြင့် ဆယ့်ငါးလုံးစီ သီထားသော အသီတွဲလေးတွဲရလာသည်။ ထိုအသီတွဲများကို တစ်တွဲပေါ်တစ်တွဲ ထပ်ပုံခဲ့ကြသည်။ ပြီးလျှင် နွယ်များ၊ နီးရှည်များနှင့် ခိုင်ခိုင်တုပ်နှောင်ကြရသည်။

"ကဲ - ဟေ့ - သာအေးရေ - ငါတို့ ဖောင်တော့ ဖွဲ့ပြီးသွားပြီ၊ ချောင်းထဲအဝိုင်း ဖောင်မမျှောချင် ထမင်းစားကြရအောင်ကွာ၊ ပြီးမှပဲ ဖောင်မျှောပြန်ကြတာပေါ့"

အိမ်မှ ယူလာသော ထမင်းထုပ်များဖြေကာ စားဦးစားဖျားကို တောပိုင်တောင်ပိုင်တို့အား ပသကြပြီး ဘေးမသီရန်မခရအောင် စောင့်ရှောက်ပေးပါမည့်အကြောင်း ဆုတောင်းကြသည်။ ပြီးမှ - ထမင်းကို ဆာဆာနှင့် စားကြတော့သည်။

"မိုးအုံ့နေလို့သာကွ၊ အချိန်ကတော့ နေ့ခင်းနှစ်နာရီလောက် ရှိလောက်ပြီ"

"အေး - ဟုတ်နိုင်တယ်၊ ဒါပေမဲ့ကွာ - ငါတို့က ဖောင်ဖွဲ့ပြီးပြီပဲ၊ စားသောက်ပြီးရင် ဖောင်ကို ချောင်းရေထဲ ဆွဲချပြီး မျှောသွားရုံပဲ ရှိတော့တယ်လေကွာ"

"ဟာ - ငါတို့ မေ့နေလိုက်တာကွာ"

"ဘာ - မေ့နေလို့လဲကွ"

"ဟ - သာအေးရ - ထိုးဝါး မခုတ်ပဲ ဖောင် ဘယ်လိုမျှောမှာလဲ"

"အေး - ဟုတ်ပေသားပဲ"

ဝါးတောင့်တောင့်ရှည်ရှည်နှစ်လုံးစီ ခုတ်ကြသည်။ ထိုထိုးဝါးများက ဝါးဖောင်ဦးကို လိုရာ စီးမျှောရန် ထောက်ကန်၍ ထိန်းမတ်ပေးရန် ဖြစ်သည်။ ထိုးဝါးမပါလျှင် ဝါးဖောင်က ချုံထဲ ဝင်ချင် ဝင်မည်၊ အကွေ့တွင် ချောင်းကမ်းပါးနှင့် ဆောင့်တိုးမည်ဖြစ်သည်။

"ကဲ - ငါတို့ဖောင်တွေ ချောင်းရေထဲ ဆွဲချကြမယ်ဟေ့"



ချောင်းကမ်းဘေးတွင် ဖောင်ဖွဲ့ခဲ့ကြသဖြင့် ဖောင်ကို ချောင်းထဲ နှစ်ယောက်အားနှင့် ဆွဲချကြသည်။

"ကဲ - သာအေး - မင်းက ရှေ့ကမျှော၊ ငါက နောက်ကမျှောလိုက်မယ်ဟေ့"

နှစ်ယောက်သား ဝါးဖောင်ပေါ်ရပ်ကာ ဖောင်စီး၍ မျှောလိုက်လာခဲ့ကြသည်။ ချောင်းကွေ့တွင် ဝါးဖောင်ဦးက ကမ်းပါးနှင့်တိုက်ရန် ဦးတည်နေလျှင် ထိုးဝါးနှင့် ကမ်းပါးကိုထောက်ကာ ဖောင်ဦးကို လှည့်ပေးရ၏။ ဖောင်မျှောရင်း ချောင်းကမ်းဘေး ချုံတွေထဲ ဖောင်ဦးဝင်မည်ဆိုလျှင် ချောင်းရေအောက်သို့ ထိုးဝါးထောက်၍ဦးလှည့်ပေးကြရသည်။ ချောင်းအဖြောင့်တွင်တော့ သက်သက်သာသာပင် စီးလိုက်နိုင်ကြလေသည်။

"ဟာ - ရှေ့မှာ ချောင်းက တော်တော်ကျဉ်းနေတာပဲ - အောင်မင်းရေ"

"အေး - အဲဒီလိုချောင်းကျဉ်းဆိုရင် ရေစီး တအားသန်မယ်နော်၊ မင်းထိုးဝါး အဆင်သင့်ကိုင်ထားပြီး ဖောင်ဦးကို သတိထားပြီး ထိန်းပေးဟေ့"

"ဒုတ် - ဒုတ်"

"ဟာ - ဖောင်ထိပ်နဲ့ ကမ်းပါးနဲ့ တိုက်ပြီဟေ့"

"ကမ်းပါးကို ထိုးဝါး မြန်မြန်ထောက်ပြီး ရှာပေးလိုက်လေ၊ တော်တော်ကြာ - ဖောင် ပက်လက်လန်သွားမယ်ကွ"

သာအေးလည်း ချောင်းကမ်းပါးကို ထိုးဝါးအမြန်ထောက်ကာ ဖောင်ဦးကို့ ရှာပေးလိုက်မှ ဖောင်က ရှေ့ဆက်မျှောသွားတော့သည်။

"အင်း - တော်ပါသေးရဲ့ကွာ၊ ခပ်မြန်မြန်ထောက်ပြီး ရှာပေးလိုက်နိုင်ပေလို့ကွ၊ နောက်က ရေစီးအားနဲ့ ဖောင်နောက်က ရှေ့ဘက်ကိုစီးမျှောလာနေပြီလေကွာ"

"မင်း - အဲဒီလို ဖောင်ဦးကို မရှာပေးခဲ့ရင် ဖောင်ကန့်လန့်ဖြစ်ပြီး ရှေ့မျှောတော့ရင် လူနဲ့ဆင်းပြီး တည့်ပေးရတော့မှာလေ၊ ရေတိမ်ရင် တော်သေးတယ်၊ ရေသာနက်ရင် မလွယ်ဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com




"မင်းကိုယ်တိုင် ကြုံတွေ့လာတော့ ဖောင်မျှောရတာ သိပ်မလွယ်ဘူးဆိုတာ သိပြီမဟုတ်လား - သာအေး"

"အေးကွာ - ငါက ဖောင်မျှောတာဟာ ဝါးဖောင်ပေါ်အငြိမ့်သားစီးလိုက်ရတာပဲလို့ ထင်ခဲ့မိတာကွာ။ အခုလို ကြုံလာတော့မှပဲ မလွယ်ကူမှန်း သိရတော့တယ်"

သာအေး သိပ်မကျွမ်းကျင်မှန်းသိသဖြင့် အောင်မင်းက နောက်မှလိုက်ခဲ့ခြင်းဖြစ်သည်။ သို့မှ သာအေးကို လှမ်း၍သတိပေးနိုင်မည်ဖြစ်လေသည်။ ထိုနေ့က သူတို့နှစ်ယောက် ကားလမ်းသို့ ညနေငါးနာရီအချိန်လောက် ရောက်လာကြကာ ဝါးဒိုင်သို့ ရေတွက်၍ ပေးသွင်းခဲ့ကြပြီး အိမ်ပြန်လာခဲ့ကြလေသည်။

သာအေးမှာ အစ တစ်ခေါက်၊ နှစ်ခေါက်တွင် မကျွမ်းကျင်လှသော်လည်း အခေါက်ရေများလာသောအခါ အတွေ့အကြုံက လက်တွေ့သင်ယူသလိုဖြစ်ပြီး ကျွမ်းကျင်လာခဲ့တော့သည်။

"ဟာ - သာအေးရေ - ညက မိုးရွာထားလေတော့ ချောင်းရေစီးအားကောင်းမယ်ကွ။ ငါတို့ ဖောင်မျှောရတာလည်း ခရီးတွင်တာပေါ့ကွာ"

သည်နေ့ ထိုးကျကြီးဘက်ကိုပင် တက်ခုတ်ခဲ့ကြသည်။ ယခင်ခုတ်ထားသည့်နေရာ၏ အထက်ဘက် အတော်ဝေးဝေးကို တက်ခုတ်ကြပြီး ဖောင်မျှောလာခဲ့ကြသည်။

"ငါတို့ ဒီနေ့ခုတ်လာတဲ့ဝါးတွေက အတော်သန့်တယ်နော်"

"အေးလေကွာ - ဘယ်သူမှတက်မခုတ်သေးတဲ့နေရာကိုသွားခုတ်တော့ ဝါးသန့်တာပေါ့"

ဖောင်မျှောရင်း စကားပြောလာနေကြသည်။

"ဟာ - မိုးကြီး ရွာလာပြီဟ"

"ဟုတ်ပဲ့ကွာ။ ချောင်းဖျားမှာပါ။ ဒီလိုရွာရင် ရေထပ်ကြီးလာနိုင်တယ်ဟေ့"

"အေးကွ - ရေကြီးရင် ဖောင်ရေစီးနဲ့ တအားမြန်မှာဖြစ်လို့ ထိန်းသိမ်းရခက်မယ်နော်"

"ထိုးဝါးသာ အဆင်သင့်ကိုင်ပြီး ထိန်းပေးရမှာပဲပေါ့ကွာ"

"ဟော - ပြောရင်းဆိုရင်း ရေစီးတွေ မြန်လာနေပြီကွ။ သတိထားဟေ့"

ထင်သည့်အတိုင်းပင်ရေစီးမြန်လာသည်နှင့်ဖောင်များလည်း လျင်လျင်မြန်မြန် လိုက်ပါစီးမျှောနေကြသည်။

"ဟေ့ - သာအေး - ရှေ့က ချောင်းကွေ့မှာ ဖောင်ဦးဟာ ကမ်းပါးဆီကို ဦးတည်လိမ့်မယ်နော်။ အဲဒါ - ထိုးဝါးနဲ့ အဲဒီကမ်းပါးကို ဦးအောင်ထောက်ပြီး ဖောင်ဦးကို လွှဲပေးဟေ့"

"ဟော - ရှေ့မှာ ကလိမ်ချိုး တွေ့လား။ အဲဒီချိုးထဲ ဖောင်ဦး မဝင်အောင် ထိုးဝါးထောက်ပြီး လွှဲပေးထား"





www.burmeseclassic.com

www.burmeseclassic.com

"ငါတော့ကွာ – ရေစီးကကြမ်းကြမ်းနဲ့ မနည်းကို ထိန်းပြီး မျှောခဲ့ရတာပဲကွာ"

"အေး – စောစောကတွေ့ခဲ့တဲ့ ချောင်းကွေ့တို့၊ ကလိမ်ချိုတို့ထဲသာ ဖောင်ဝင်သွားရင် ဖောင်ရော၊ လူရော ချိုထဲ ဝင်သွားပြီး သေကြရတာ များတယ်ကွ"

ထိုနေ့က ရေစီးအား ကောင်းသဖြင့် ကားလမ်းသို့ ညနေ လေးနာရီခန့် ရောက်ကြပြီး ဝါးများ စောစောသွင်းနိုင်ခဲ့ကြလေသည်။ အောင်မင်းတို့မှာ တောတက်ကာဝါးဖောင်ချ၍ဝါးများရောင်းလာခဲ့ကြသည်မှာအခေါက်ရေပင် တော်တော်ရခဲ့ကြပြီဖြစ်သည်။ ယခုအခါတွင် မိုးကလည်း ပြတ်ခါနီးလာပြီဖြစ်၍ မိုးနည်းလာခဲ့သည်။

"သာအေးရေ – ငါတို့ ဒီတစ်ခေါက် ဝါးဖောင်တက်ချပြီးရင်တော့ နားကြတော့မှပဲကွ၊ ချောင်းရေလည်း အတော်နည်းလာပြီလေကွာ၊ ပြီးတော့ – မိုးပြတ်သွားရင် နှမ်းခင်း စပြီးထယ်ရေးဝင်ကြရဦးမယ် မဟုတ်လားကွ"

တောင်ပေါ်သို့ နောက်ဆုံး ဝါးတစ်ခေါက်အဖြစ် ဝါးဖောင်ချရန် တက်လာကြရင်း ပြောဆိုတိုင်ပင်လာခဲ့ကြခြင်းဖြစ်သည်။ ဝါးကလည်း နေ့စဉ်လိုလိုပင် သူသူငါငါက ခုတ်ခဲ့ကြ၍ ပါးရှားလာခဲ့သည်။

"ကဲကွာ – ဒီတစ်ခေါက်တော့ နောက်ဆုံးအခေါက်ပဲ၊ ရသလိုရှာဖွေပြီး ခုတ်ကြတာပေါ့ကွာ"

ဝါးများ ရှားသွားပြီဖြစ်၍ မွန်းတိမ်းချိန်ရောက်မှ ဝါးတစ်ဖောင်စာ ရခဲ့ကြသည်။

"ကဲ – ဟေ့ – ထမင်းအရင်စားပြီးမှပဲဝါးဖောင်ဖွဲ့ကြမယ်၊ ဗိုက်ကတအားဆာနေပြီကွ"

"အေး – ကောင်းတယ်ဟေ့ – စားကြမယ်"

နစ်ယောက်သား စားပြီးမှ ဝါးနဖားဖောက်ကာ သီကြသည်၊ ပြီးတော့ ထပ်၍ဖောင်ဖွဲ့ကြ၏။



"ကဲဟေ့ – ဖောင်မှာချည်ဖို့ နွယ်တွေ လိုက်ရှာခုတ်ကြရအောင်"

တောထဲဝင်ကာ နွယ်များ ရှာခုတ်ကြသည်။

"ဟာ – ဒီဝါးရုံပင်အရင်းက ဝါးရွက်ခြောက်ထဲမှာ ဘာဥတွေလဲကွ၊ တော်တော်များတာပဲ"

"အေးဟာ – တောကြက်ဥတွေလားပဲ"

"ဟာ – အောင်မင်း – မြွေဥတွေလည်း ဖြစ်နိုင်တယ်ကွ"

"အိုကွာ – ဘာဥတွေပဲဖြစ်ဖြစ်ကွာ – ကံကောင်းလို့တွေ့လာတာဆိုတော့ ယူသွားမယ်ကွာ၊ အိမ်ရောက်တော့ ကြော်စားရင် ဟင်းတစ်ခွက် ဖြစ်တာပေါ့ကွာ"

"မင်းယူချင်ယူလေ၊ ငါတော့ ဘာဥတွေမှန်းမသိလို့ မယူချင်ဘူး၊ ပြီးတော့ – မြွေဥတွေဆိုရင် အဲဒီမြွေက သူ့ဥတွေကို တွေ့အောင်လိုက်ရှာသတဲ့ကွ"

"လိုက်ရှာလည်း ရှာပါစေပေါ့ကွာ၊ ငါတို့က ရေထဲအတိုင်း ဖောင်စီးပြန်ကြမှာဆိုတော့ မင်းမြွေဟာ ငါတို့ကို မသိနိုင်ပါဘူးကွ"

ထိုမြွေဥများကို အောင်မင်းက သူ့ခါးပိုက်ထဲ ထည့်၍ယူလာခဲ့သည်၊ ဝါးဖောင်သို့ရောက်လျှင် ချည်နှောင်ကြသည်။

"ဟာ – ချောင်းရေတွေ သန်လာပါလားဟ"

"ဟုတ်တယ်ဟေ့၊ ဟိုချောင်းဖျားမှာ မိုးရွာတယ်ထင်တယ်ကွ၊ ရေတွေကြီးလာပြီဟေ့"

"ဟန်ကျတယ်ကွာ၊ ဖောင်ချခါနီးမှာ ရေအားကောင်းလာခဲ့လို့ ..."

အောင်မင်းလည်း သူ့လည်ပင်းတွင် ပတ်ထားသော ပဝါကိုယူ၍ ချွေးများ သုတ်နေသည်၊ ပြီးလျှင် – ဖောင်မျှောချတော့မည်ဖြစ်၍ သူ့ခေါင်းတွင် နိုင်နိုင် ခေါင်းလိုက်သည်။

"ကဲ – သာအေး – မင်းရှေ့ကထွက်၊ ငါက နောက်ကလိုက်မယ်"

ဝါးဖောင်များအား မျှောချလာခဲ့ကြသည်၊ ရေများပြီး ရေစီးသန်နေသဖြင့် မြန်တွင်ကြသည်၊ ယခုဆိုလျှင် ချောင်းဆုံကို လွန်လာ၍ မြေပြန့်ချောင်းကျယ်



www.burmeseclassic.com

www.burmeseclassic.com

ထဲသို့ ရောက်လာကြပြီဖြစ်၍ ရှောင်းက အကွေ့အကောက်နည်းကာ ဖောင်မျှောလာရသည်မှာ လွယ်ကူလာကြသည်။

"ဟာ့ – ဟေ့ – အောင်မင်း – မင်းဖောင်နောက်က ခပ်လှမ်းလှမ်းမှာ ငုပ်ချည်ပေါ်ချည်နဲ့ လိုက်လာနေတာ မြွေကြီးများလားကွ၊ သေချာကြည့်စမ်းပါဦး"

"ဟင် – ဟုတ်တယ်ဟ၊ ပါးပျဉ်းထောင်ကြည့်ပြီး အမိလိုက်လာတာပဲ"

"အဲဒါ – မင်း သူ့ဥတွေ အကုန်ယူခဲ့လို့ သားဖောနဲ့ လိုက်လာတာပဲဖြစ်မယ်ကွ"

"ယူလာပြီးမှတော့ ဘာမှမလုပ်တတ်တော့ဘူးကွာ၊ ရင်ဆိုင်ရုံပဲ ရှိတော့တယ်"

"မင်း – သတိတော့ထား ကြည့်နေဟေ့ – အောင်မင်း"

လိုက်လာသည့် မြွေကြီးက တောကြီးမြွေဟောက်ဖြစ်သည်၊ ကုန်းပေါ်မှာ လိုက်လာခဲ့တာဆိုလျှင် အကျီ၊ ခမောက် တစ်ခုခု ချွတ်ချထားခဲ့လျှင် ထိုအရာကို မာန်ဖီပေါက်ရင်း ကျန်နေခဲ့သည်၊ ယခုတော့ ရေထဲအတိုင်း ဖောင်နောက်သို့ လိုက်လာနေခြင်းဖြစ်၍ မကြာမီအချိန်တွင် မီလာတော့မည်ဖြစ်သည်။

"ငါ – ဘာလုပ်ရမလဲ၊ ဖောင်ပေါ်မှာဆိုတော့ မပြေးသာဘူး၊ ငါ့မှာလည်း ဓါးခုတ်မားတစ်လက်ပဲ ခုခံစရာရှိတယ်"

မြွေကြီး ဖောင်ပေါ်တက်လာခဲ့လျှင် ဘယ်လိုခုခံရမည်ကိုတွေးနေသည်၊ ထိုစဉ် သူ့ခေါင်းမှ မျက်နှာသုတ်ပဝါကို သတိရလာသည်။

"ဟာ – ဟုတ်ပြီ၊ ဒီမြွေကြီး ဖောင်ပေါ်တက်လာရင် ငါ့ကို ပါးပျဉ်းထောင်ပြီး ပေါက်မှာပဲ၊ ဒီအခါမှ သူ့ထောင်နေတဲ့ ပါးပျဉ်းနဲ့ ခေါင်းကို မျက်နှာသုတ်ပဝါနဲ့ ဖြန့်ပြီး အုပ်မှပဲ ..."

အောင်မင်းလည်း သူ့ခေါင်းမှ မျက်နှာသုတ်ပဝါကိုယူကာ ခွေးသုတ်သည်၊ ပြီးလျှင် – ထောင့်စွန်းနှစ်ခုကို ကိုင်၍ ဖြန့်ကာ အဆင်သင့်စောင့်နေသည်။



မကြာမီ မြွေကြီး ဖောင်ကို မီလာကာ ရေထဲမှ ခုန်တက်၍ ပေါက်သတ်ရန် ပါးပျဉ်းကြီး ထောင်လာသည်၊ ကြီးမားပြန့်ကားသော ပါးပျဉ်းခွက်ကြီးနှင့် ချိန်ရွယ်နေသည်မှာ ကြောက်စရာမြင်ကွင်းအဖြစ် မြင်တွေ့နေရသည်။

အောင်မင်းလည်း သူ့လက်ထဲ အဆင်သင့်ဖြန့်ကိုင်ထားသော မျက်နှာသုတ်ပဝါနှင့် မြွေကြီးခေါင်းကို မိမိရရပင် လှမ်းအုပ်နိုင်ခဲ့ရာ မျက်နှာသုတ်ပဝါကို မြွေကြီးက ဆီးပေါက်ရင်း ပဝါနှင့် လုံးထွေးနေ၏။

"ကဲကွာ – ကဲကွာ – ငါ့ကို ပေါက်ချင်ဦး"

"အောင်မင်း – သေအောင်ရိုက်နော်၊ ဒီမြွေမျိုးက အသက်ပြင်းတယ်ကွ၊ မသေမရှင်ဆိုရင် ထ,ပေါက်နေဦးမယ်နော်"


"အို – မင်းမြွေကြီး ထ,ပေါက်နိုင်ဖို့ နေနေသာသာကွာ – မျက်နှာသုတ်ပဝါက အမွေးနဲ့ သူ့အစွယ်နဲ့ လုံးထွေးနေခဲ့လို့ လုံးဝမပေါက်နိုင်ခဲ့တာလဲကွ"

မြွေကြီး၏ရန် ရှင်းသွားခဲ့သဖြင့် စိတ်အေးသွားကြသည်၊ သူ့ဥတွေ ယူလာခဲ့သော အောင်မင်းတို့လည်း မြွေကြီး၏သားဖောနှင့် ဝေးဝေးလံလံမှ သည်ကြီးမဲကြီး လိုက်လာကာရန်သူအား တိုက်ခိုက်လာခဲ့ပုံကိုမျက်ဝါးထင်ထင် တွေ့မြင်ကြကာ ကြက်သီးမွေးညင်းများပင် ထ,ခဲ့ကြတော့သည်။

→ တင့်ထူး (ဂေဇယျဝတီ)

www.burmeseclassic.com

www.burmeseclassic.com



"မောင်တင်"

"အဘအမည်"

"ဦးကြိုင်"

"နေရပ်လိပ်စာ"

"ဝက်ထိုးကုန်း"

"ဘာမှုလဲ"

"နိုးမှု"

"ဘာလို့နိုးတာလဲ"

ထောင်ထဲတွင် ထောင်ကျအချင်းချင်း

ကြီးနိုင်ငယ်ညှဉ်း၊ နိုင်ရာစား၊ ဝိုလ်ကျပုံကို

သတိတရားနှင့်ယှဉ်၍ ဖတ်ရှုရမည့် ..



မောင်သိုးမှိုင်း

www.burmeseclassic.com

www.burmeseclassic.com

"အဲ - အဲ"

"ဗုန်း"

"အား"

"ပြော"

"ဟို - ဟို - ငွေလိုလို့ - နိုး - မိ"

"ဗုန်း"

"အမလေးဗျာ"

"ငွေလိုရင် ကောင်းရောင်းကောင်းဝယ်လုပ်စားပါလား၊ ဘာလို့ သူများ ပစ္စည်း နိုးရတာတုံး၊ ပုံစံတင်းအောင်ထိုင်၊ မင်းအမေလင်အိမ် မဟုတ်ဘူး၊ ဒါ - အချုပ်"

"ဟုတ် - ဟုတ်ကဲ့"

နေရာကား ...

နယ်မြို့လေးတစ်မြို့ရဲ့ အချုပ်ခန်း၊

ကျွန်တော်လည်း နယ်မြို့အချုပ်ခန်းထဲမှာ အကြောင်းအားလျော်စွာ အချုပ်သားအဖြစ် ရောက်ရှိနေချိန်၊

ခေတ်ကာလက ...

လွန်ခဲ့သည့်နှစ် (၂၅) နှစ်ခန့်က ...၊

သူခိုးကို "ဘာလို့ခိုးရတာလဲ၊ ကောင်းရောင်းကောင်းဝယ်လုပ်စားပါလား" လို့မေးရင် နားရင်းအုပ်၊ ကျောကုန်းထုနေသူက အချုပ်ခန်းလူကြီး ကိုနစ်၊

"ကိုနစ်" ကလည်း သူခိုးတော့ မဟုတ်၊

ဓားပြ ...၊

•●•

သူခိုးကိုဓားပြကပုံစံထိုင်နိုင်းသင်ကြားပြီးစစ်ဆေးမေးမြန်းသင်ကြားရန် ချေးဦးဖောက်နေခြင်းဖြစ်တယ်၊



ပုံစံထိုင်တယ်ဆိုရာမှာ ...

အချုပ်ပုံစံနှင့် ထောင်ပုံစံဆိုတာ ရှိတယ်၊

အချုပ်ပုံစံက တင်ပျဉ်ခွေထိုင်၊ ကျောကို မတ်မတ်ထား၊ ဦးခေါင်းက ရှေ့တည့်တည့်ကို မတိမ်းမစောင်းစေပဲကြည့်၊

ပြန့်ဒူးပေါ်ကို လက်သီးဆုပ်နှစ်ခု လက်ဆန့်ပြီး မှောက်တင်ထား၊ လက်တလည်း တန်းနေရသလို၊ ခန္ဓာကိုယ်ကိုလည်း မတ်နေအောင် ထားရတယ်၊

သင်ပေးနေလို့မှ အရိုးမကျရင် ...

ပြောစည်တီးသံကြားရတော့တာပဲ၊ ကျွန်တော်လည်း အချုပ်ထဲ စ.ဝင်တဲ့အချိန်တုန်းက ဒီလိုပဲ ပုံစံထိုင်ရတာပဲ၊

အထိုင်မကျတော့ အတီးအပြင်း ခံရတာပဲ၊

မြင်ရပါများတော့လည်း ရိုးသွားတာပဲ၊ ခုလည်းကြည့်၊ အခန်းလူကြီးက ဓားပြ၊

ဓားပြဆိုတာ သိတဲ့အတိုင်းပဲဗျာ၊ ပိုက်ဆံရှိတဲ့အိမ်ကို ဓား၊ သေနတ်နဲ့ ပြီး အနှစ်နှစ် အလလ စုဆောင်းထားတဲ့အိမ်ရှင်ရဲ့ ချွေးနဲစာကို ရိုက်နှက် တရားယူတာလေဗျာ၊

ဓားပြက အိမ်ရှင်ထံမှာ သေနတ်နဲ့ သဒ္ဓါကြေး အလှူခံတာမဟုတ်ဘူး၊ တောင်းတဲ့ရွှေငွေမရရင် သေလုမြောပါးရိုက်၊

ဓားနဲ့မွှန်း၊ သေနတ်ဒင်နဲ့ထု၊

လူပါ အဝတ်အုပ် ရေနံဆီဓာတ်ဆီလောင်းပြီး မီးရှို့သတ်မယ်လုပ်တဲ့ မွှသားလေ ...၊ လိုအပ်ရင် ဓားစာခံ ခေါ်သွားသေး၊

အဲလိုဓားပြက ထမီခိုး၊ ကြက်ခိုး၊ သစ္စားသီးခိုးတဲ့ကောင်ကို "ဘာလို့ ကောင်းရောင်းကောင်းဝယ်လုပ်မစားပဲ ခိုးစားရတာလဲ" မေးတော့ -

ကျွန်တော်က စာရေးဆရာပါ၊

တတ မှန်မှန်ကန်ကန် တွေးမြင်တဲ့သူပါ၊

ကြားရ၊ မြင်ရတာ တစ်လွဲ၊ ကန့်လန့်ကြီးဗျာ၊

သူခိုးက လူဟာစ်၊



www.burmeseclassic.com

www.burmeseclassic.com

တားပြပါးစပ်က သူတော်ကောင်းစကားမကြားစဘူးထွက်တော့တကား၊ အော်ပြီးရယ်လိုက်ချင်ပါ့ဗျာ၊

အော်ဟစ်ရယ်လိုက်ရင်လည်း သူ့ကို လှောင်တာလားဆိုပြီး စိတ်ဆိုးလို့ ရိုက်နှက်ရင် ကိုယ်က အရှောင်ခံရဦးမှာလေ၊

ရှိစေတော့၊

သူ့ကံအကြောင်းတရားနဲ့သူ လာခဲ့ကြတာ၊ ဝင်ခဲ့ကြတာ၊

သဗ္ဗေသတ္တာ ကမ္မသကာပါပဲ၊

"မောင်တင်"

"ရှိ..."

"အပြင်က ဆရာတွေခေါ်ရင် ဘယ်လိုရပ်ရမလဲ"

"မတ်တတ်ရပ်၊ ဘယ်လက်ဝါးကို ညာလက်ဝါးနဲ့အုပ်ပြီး ဆန့်နေအောင် ရပ်ရပါ့မယ်"

"အိမ်မှာနေ၊ အိမ်စည်းကမ်းလိုက်နာရတယ်၊ ကျောင်းမှာနေရင် ကျောင်းစည်းကမ်းလိုက်နာရတယ်၊ အချုပ်ထဲမှာနေရင် အချုပ်စည်းကမ်းအတိအကျ လိုက်နာရမယ်၊ မလိုက်နာရင် ကိုယ့်ဘဝကိုယ်တွေး၊ သေသလိုပဲသာ မှတ် ကြားလား"

"ဟုတ်"

"စောစောက ငါသင်ပေးတဲ့အချုပ်စည်းကမ်း ပြန်ရွတ်စမ်း"

"မနက်( )နာရီ တန်းစီပုံစံထိုင်ပြီး အမှတ်စဉ် ရေတွက်ရမယ်"

"အမှတ်စဉ်ရေတွက်တာမှားရင် ဘာဖြစ်မလဲ"

"သေသလိုပါပဲ"

"ဟုတ်ပြီ - ဆက်ပြော"

"ရေချိုးရင် ငါးခွက်ပဲ ချိုးရမယ်၊ ချေးပါရင် ရေတစ်ခွက်ပဲသုံးရမယ်၊ စက္ကူ အဝတ်စ မသုံးရဘူး၊ ညဘက် အလှည့်ကျကင်းစောင့်ရမယ်၊ အချင်းချင်း ပစ္စည်းမခိုးရ၊ မဝှက်ရဘူး၊ ရွှန်တွန်းမလုပ်ရဘူး၊ ထမင်းကို ပုံစံနဲ့ တန်းစီဘို စားရမယ်၊ ညဘက် ချေးပါချင်ရင် ကင်းကျတဲ့သူကို ချေးပါလို့ ပြောရမယ်၊



သေးပေါက်ဆိုရင် သေးပေါက်လို့ ပြောရမယ်၊ ကင်းကျတဲ့အချုပ်သားက ပေါက်ဆိုမှ ပေါက်၊ ပါဆိုမှ ပါရမယ်၊ ကိုယ်အိပ်တဲ့နေရာကို ရောက်ရင် ပြန်ရောက်လို့ အော်ရပါမယ်"

"နောက်ထပ်ကျန်သေးတယ် - ပြော"

"အဲ - အဲ"

"ဂုန်း"

"အား"

"ဟိုဟာလေ - ယောကျ်ားချင်း"

"အဲ - အဲ - ယောကျ်ားချင်း လိင်တူချင်း ( ) မလုပ်ရဘူး"

"ဟုတ်ပြီ - သွား - ဟိုနေရာမှာ နေရာယူ၊ ဂုန်နီအိတ်အခင်းပါလား"

"မပါဘူး - ဆရာကြီး"

"ရော့ - ဂုန်နီအိတ်၊ နောက်နေ့ ရုံးထွက်ရင် ဂုန်နီအိတ်ဖိုး တောင်းခဲ့ ကြားလား"

"ဟုတ်"

"ရေဖိုးနဲ့ ဂုန်နီအိတ်ဖိုးမပါရင် ဘာဖြစ်မလဲ - ဝတင်"

"သေသလိုပါပဲ - ဆရာကြီး"

"နားတော့"

သူခိုးဝတင် အချုပ်သားငါးဆယ်ရဲ့အစွန်ဆုံးနေရာ သမံတလင်းပေါ်မှာ ခေါင်းလူကြီး တားပြ "ကိုနစ်" ပေးလိုက်တဲ့ ဂုန်နီအိတ်ကိုခင်းပြီး ငုတ်တုတ် ထိုင်နေရှာတယ်ဗျာ၊ နောင်တရနေပြီထင်ပါရဲ့၊

•●•

အဲဒါ - အချုပ်ရဲ့သဘောတရားပဲ၊

သမံတလင်းပေါ်ဂုန်နီအိတ်ထက်ခြမ်းခွဲကိုဖြန့်ခင်းပြီးအိပ်၊ အအေးဒဏ် ခံရှာရပါ၊ အချုပ်သားများက ဂုန်နီအိတ် သုံးလုံးခန့်ထပ်၊ အဲဒီ့ပေါ်က ဆင်ပိုင်းလေးခင်းပြီး အိပ်တော့၊



www.burmeseclassic.com

www.burmeseclassic.com

မိုးတွင်းနဲ့ ဆောင်းတွင်းများဆို ...

မွေ့ရာနဲ့ အိပ်ရသလို နွေးနေတာပဲဗျို့။

ပြောရရင်တော့ဗျာ။ ခုခေတ် တော်သေးတာပေါ့။

ရှေးလူကြီးတွေ ပြောပုံအရဆိုရင် အင်္ဂလိပ်အစိုးရခေတ် အချုပ်သား ထောင်သားဘဝ ပိုပြီးအောက်ကျရသတဲ့။

အင်္ဂလိပ်ခေတ် အချုပ်ထဲ ထောင်ထဲ ရောက်ခဲ့ရင် ...

ထုံးစံအတိုင်း စစ်မေးတာပေါ့လေ။

"နာမည်"

"မောင်ခင်ပါ ခင်ဗျ"

"ဗုန်း"

"သေပါပြီဗျ"

"ဟေ့ကောင် - ခွေးမသား - မောင်ခင်တွေ၊ ခင်ဗျတွေ လျှာမရှည်နဲ့။ နာမည်မေးရင် ငခင်လို့ပြော - နားလည်လား"

"ဟုတ် - ဟုတ်"

"နာမည်"

"ငခင်"

"အဖေနာမည်"

"ငရှင်"

"သေဟာ"

"ဖောင်း"

"အား"

"ဘာ - ခွေးတိရစ္ဆာန်ကောင် - မင်းကို လူဖြစ်လာအောင် မင်းအမေကို ( )ပြီး မွေးခဲ့တာ။ မင်းအဖေ ငါမဟုတ်ဘူး။ အဖေနာမည်မေးရင်ဦးမောင်ရှင် လို့ပြော - ကိုင်းဟာ"

"ဗုန်း - အုန်း"

"အမလေးဗျ"





အချင်းချင်း ပစ္စည်းမခိုးရ၊ မဖှက်ရဘူး။ ချွန်တွန်းမလုပ်ရဘူး။ ထမင်းကို ပုံစံနဲ့ တန်းစီတိုး စားရမယ်။ ညဘက် ချေးပါချင်ရင် ကင်းကျတဲ့သူကို ချေးပါလို့ ပြောရမယ်။ သေးပေါက်ဆိုရင် သေးပေါက်လို့ ပြောရမယ်။ ကင်းကျတဲ့အချုပ်သားက ပေါက်ဆိုမှ ပေါက်။ ပါဆိုမှ ပါရမယ်။ ကိုယ်အိပ်တဲ့နေရာကို ရောက်ရင် ပြန်ရောက်လို့ အော်ရပါမယ် ...။

"အသက်"

"ဟို - ဟိုး - အဲ"

"သေဟာ - ကိုယ့်အသက်ကိုယ်မသိတဲ့ကောင် - သေဟာ"

"အုန်း"

"ဗုန်း - အင့်"

အဲဒီလိုအချုပ်နဲ့ထောင်မှာပုလိပ်တွေ၊ထောင်ဝါဒတွေကမသိနားမလည် တာကို ခွင့်မလွှတ်ပဲ ဆော်ပလော်တီးတာပဲတဲ့။

တောင်တို့ ကံကောင်းပါတယ်လေ။

ခက်တာက အချို့သောအချုပ်သားတွေပဲ။

အချုပ်ထဲပြစ်မှုကျူးလွန်ပြီးဝင်လာရင်အပိုးမကျိုးဘူး။ထောင့်မကျိုးဘူး။ ကောတ်ကတ်၊ ဂျစ်တစ်တစ်။ ပမာမခန့်လုပ်ချင်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

အချုပ်ကို ဘာမှတ်နေလဲမသိဘူး။

အဲလို ထောင့်မကျိုး၊ အပိုးမကျိုးကောင်တွေ အချုပ်ထဲ ရောက်လာရင် အခန်း လူကြီးနဲ့ အဖွဲ့က မှတ်သွားရ၊ စွဲသွားရအောင် ပညာပေးလိုက်ရော။ သည်တော့မှ အပိုးကျိုးသွားပြီ။

ဩော် - အချုပ်ဆိုတာ ဒါပါကလား။

ထောင်ဆိုရင်တော့ ငရဲပြည်များ ဖြစ်နေမလား တွေးတော့ ...။

•●•

အချုပ်၊ ထောင်ထဲ ဝင်လာ၊ ရောက်လာတဲ့သူမှန်ရင် နိုင်ငံရေးသမားက လွဲ၊ အကုန်မကောင်းတဲ့လူ များတာပဲ။

နိုင်ငံရေးသမားလည်း လူကောင်းရှိသလို၊

နိုင်ငံရေး ကျက်သရေစုတ်ပဲ့တွေလည်း ရှိတာပဲ။

အများအားဖြင့် ပညာတတ်၊ လူကောင်းလူတော်ခံယူချက်နဲ့ ဝင်လာတဲ့ သူတွေ များပါတယ်ဗျာ။

လူသတ်၊ မိုင်းခွဲတဲ့အဖျက်သမားကလွဲလို့ပေါ့။

အချုပ်ထဲမှာ သူခိုးဓားပြ၊ လူသတ်သမား၊ မုဒိမ်းကောင်၊ လူလိမ်၊ လောင်းကစား၊ လက်နက်မှု၊ ဖောက်ထွင်း၊ အကြည်ညိုပျက်၊ လာဘ်စား အမှုစုံရှိတယ်။

ဒီနေရာမှာ အခန်းလူကြီး ...

အချုပ်သားတွေကို အချုပ်ခန်းမှာ အုပ်ချုပ်ဖို့ အခန်းလူကြီး၊ တာဝန်ရှိသူက ခန့်ပေးထားတာရှိသလို၊

ကိုယ်ချင်းချင်းထဲက သမ္မာရင့်ဝါရင့် လက်စလက်နလည်းရှိ၊ မိုက်လည်း မိုက်၊ အမှုလည်းကြီးတဲ့ ထောင်ဝင်ထောင်ထွက်များတဲ့ လူဟောင်းတွေ၊ အချုပ်ခန်းလူကြီး ဖြစ်လေ့ရှိတာ များပါတယ်။

ခက်တာက အချုပ်ဆိုတာ အချုပ်စည်းကမ်းအတိုင်း နေသွားကြရင် အလွန်အေးချမ်းပါတယ်ဗျာ။



သို့သော် အချို့က အနိုင်ကျင့်ချင်တယ်။

အခန်းလူကြီးနေရာကို အလွန်မက်မောကြတယ်။

အခန်းလူကြီးဖြစ်ရင် စားဦးစားဖျား တပည့်တပန်းတွေက အသင့်ပြင်ပေးတာလေး စား၊ အိပ်ခါနီး အနင်းအနှိပ်ခံ၊

သူများကို ရေငါးခွက်ချိုးပြောတာ၊

သူက ရေကို ကြိုက်သလို စိတ်ပြေနပြေချိုးနေတာပဲ။

ဘယ်သူမှ မပြောရဲဘူး။ ပြောရင်၊ ကန့်ကွက်ရင် နံရိုးတွေပါ ကျိုးကုန်မယ်၊

အချုပ်ခန်းလူကြီးဆိုတာလည်း ဩဇာအာဏာရှိတဲ့သူပဲဗျ။ အချို့အချုပ်ခန်းလူကြီး စိတ်ဓာတ်ကောင်းသူတွေလည်း တွေ့ဖူး၊ ကြုံဖူးပါရဲ့ဗျာ။

တစ်ကြိမ်မှာပေါ့ဗျာ၊

•●•

( )ရွာက၊ နမိုး(နွားခိုး)က ( )အချုပ်မှာ အခန်းလူကြီး ဖြစ်နေပါရောလား။

ဒီကောင် - ကျွန်တော်နဲ့ သွေးသားမကင်းဘူးဗျ။

စကားစပ်မိမှ၊ ရွာတွေထဲကမှန်း သိရတာ။ ဒီကောင် - ဓားပြမတိုက်ဖူးဘူး၊ လူမသတ်ဖူးဘူး၊ ဓားနဲ့ မခုတ်ဖူးဘူး၊

ဒီကောင် - နမိုး(နွားခိုး)၊ လောင်းကစားသမား၊ ရိုက်မှုသမား။

သို့သော် ...

အင်းစိန်အကျဉ်းထောင်ထဲကို အမှုသစ် အမှုဟောင်းတွေနဲ့ ဝင်ချီ၊ ထွက်ချီလုပ်နေတော့ လက်ကောက်ခေါ်တာပေါ့။

ဒီကောင့်နာမည်က ကျောက်ကြီးဆိုပါစို့ဗျာ၊

(ခုဆိုရင် သေပြီတူပါရဲ)

အချုပ်ထဲဝင်လာသမျှအချုပ်သားကိုပုံစံတိုင်ခိုင်းပြီး ထိုးကြိတ်ထုထောင်းထောက်စွမ်းပြနေတာပဲ၊

www.burmeseclassic.com

သူ့တပည့် သုံးလေးဦးရှိနေတော့ လက်သံပြောင်ရဲတာပေါ့။

တစ်နေ့ - နယ်ဘက်က အချုပ်သားငါးဦး ဝင်လာတယ်။

အရုပ်ဆိုးဆိုးလူကြီးနဲ့ အရွယ်ကောင်း၊ ဗလကောင်းတွေ၊ သူတို့က ဟိုးအရှေ့ခြမ်းက နာမည်ကြီးဓားပြတွေဗျာ။

ကျောက်ကြီးလိုလူ့ဗလကြီးကို ကိုင်ပေါက်လိမ်ချိုးလို့ တစ်စစီဖြစ်အောင် လုပ်နိုင်တဲ့ဗလကြီးတွေ။

မတုံ့ပြန်ပါဘူး။

ကျောက်ကြီးက အခန်းလူကြီးဖြစ်နေတော့ ထုံးစံအတိုင်း မေးလိုက်၊ ထုလိုက်၊ ကန်လိုက်၊ သူတို့ သည်းညည်းခံကြတယ်။

ကျောက်ကြီးက ပုံစံကိုင်ပြီးတော့ သတိပေးလိုက်ရဲ့ဗျ။

"မင်းတို့ ငါတို့က ထောင်အကြိမ်ကြိမ်ကျဖူးတဲ့ဓားပြတွေပဲဆိုပြီး ဒီအချုပ်ထဲမှာ စွာစွာထောင်ထောင်မလုပ်နဲ့၊ ခုချိန်မှာ ငါက စီနီယာပဲ၊ ငါက အခန်းလူကြီးပဲ၊ ငါ့ကိုကလန်ကကာစလုပ်ရင်တော့ အင်းစိန်ပြန်တို့၊ သာယာဝတီပြန်တို့ နားမလည်ဘူး၊ အချုပ်ထဲတင် ရှင်းပစ်လိုက်မယ်၊ စီနီယာကို လေးစားနားလည်လား"

အလဲ့ - တယ်စာဆိုတဲ့ကောင်ပဲ၊

ဟိုဓားပြတွေက အချုပ်ထဲမှာ အေးအေးဆေးဆေးပဲ နေကြပါတယ်၊ မကြာပါဘူးဗျာ၊ ကျွန်တော်နဲ့ ရင်းနှီးသွားကြတယ်၊ ဓားပြခေါင်းဆောင် အရုပ်ဆိုးဆိုး၊ အသက်ကြီးကြီးလူကြီးက တစ်မျိုးထူးဆန်းသဗျာ၊

ဓားပြသာဆိုတာ ...

အချုပ်ထဲမှာ ပရိတ်ကြီး(၁၁)သုတ် ရွတ်နေတာဗျ၊

ရှင်လောင်းသွင်းရတုအမျိုးမျိုးကို ဟစ်နေ၊ ရွတ်နေတာဗျ၊ အလင်္ကာကျော်စွာ၊ ရွှေမန်းတင်မောင်ရဲ့ဇာတ်ဝင်သီချင်းတွေဆိုတာများ အငိုအရှိုက်၊ အပြောနဲ့ဆိုနေတာ နားထောင်ကောင်းပါ့ဗျာ၊ အချုပ်သားတွေကလည်း မာကျောခက်ထန်အနိုင်ကျင့်နေတဲ့အခန်းလူကြီး ကျောက်ကြီးကို မလိုလားကြဘူးဗျ၊



ကျွန်တော်လည်း သင်းကို ကြည့်မရဘူး၊

တစ်နေ့ - ဓားပြအုပ်စုထဲက ခေါင်းဆောင်က ကျွန်တော့်ကို ယုံကြည်လို့ တိုးတိုးပြောတယ်၊

"ကျောက်ကြီး - ဒီလိုမျိုး မလုပ်သင့်ဘူးဗျာ"

"ဟုတ်တယ် - ဒီကောင် လွန်တယ် - ကိုကံမောင်"

"ကိုရွှေတင်ရေ - ခင်ဗျားကိုယုံကြည်လေးစားလို့ပြောတာဗျာ၊ ဒီကောင်စားမျိုး - ကျုပ်တို့နယ်ဘက် မျက်စိလည်လမ်းမှားရောက်လာရင်တော့ ခေါင်းဆောင်ကြီး - ဘယ်လိုတုံး"

"ဟင်း - ဟင်း - ဟင်း - တရားနဲ့ဖြေကြပါကွယ်၊ ကံ.ကံရဲ့အကျိုးတွေပါမောင်ကံမောင်၊ ငါတို့ဝဋ်ကြွေးရှိလို့ ဆပ်နေရတယ်လို့မှတ်၊ နာရင် နာတယ်လို့မှတ်၊ ကျဉ်ရင် ကျဉ်တယ်လို့မှတ်၊ ထုံရင် ထုံတယ်လို့မှတ်၊ ဟင်း - ဘုရားဘုရား - ဘုရား၊ အနိစ္စအမြဲမရှိပါကလား၊ လာပြီဟေ့ - ဝဏ္ဏပထနဲ့ လှည်းသားငါးရာ"

ကြည့်စမ်း၊ ရွှေမန်းဦးတင်မောင်ရဲ့ လှည်းသားငါးရာသီချင်း ဟစ်နေသေး၊

အဲဒါ ထောင်အကြိမ်ကျခဲ့ဖူးတဲ့ နာမည်ကြီးဓားပြခေါင်းဆောင်ကြီးဗျာ၊

သူ့အလုပ်နဲ့သူ အပြောနဲ့ တခြားစီပဲ ခင်ဗျာ၊

ဒါကြောင့် - ရှေးလူကြီးတွေ ပြောကြတာဗျ - သိလား၊

လူမိုက်စစ်စစ်က ပြုံးပြုံးလေးနေတာတဲ့၊ ထောင်ထောင်လွှားလွှားတက်မထောင်ရင်တော့ မလုပ်ဘူးတဲ့၊ လုပ်တဲ့ကောင်က ဖွတ်ကျားတဲ့၊

မကြာပါဘူးဗျာ၊

အခန်းလူကြီး နွားခိုးကျောက်ကြီး၊ နွားခိုးမှုနဲ့ ထောင် (   )နှစ် ကျသွားတယ်၊ သူ ကျန်ရစ်တဲ့ ကျောက်ကြီးတပည့်တွေ ဆရာမရှိတော့ ငြိမ်သွားပြီ၊ အချုပ်သားတွေ ဝမ်းသာကြလို့ဗျို့၊

အခန်းလူကြီး အသစ်တင်ကြရမယ်၊



www.burmeseclassic.com

www.burmeseclassic.com

အချုပ်သားတွေက ရှင်လောင်းသွင်းရတုသီချင်း အဆိုကောင်းတဲ့ ဓားပြခေါင်းဆောင်ကြီး ကိုရေတွင်းကို အခန်းလူကြီးလုပ်ဖို့ ပိုင်းပြောကြတယ်၊ ကျွန်တော်ကလည်း လုပ်ဖို့မေတ္တာရပ်တယ်၊

ဒီမှာ ဓားပြကြီး ကိုရေတွင်းက –

"ငါ့ညီတို့ – အစ်ကို – အေးအေးပဲနေပါရစေ၊ အခန်းလူကြီး မလုပ်ပါရစေနဲ့၊ ကြိုက်တဲ့သူ၊ သင့်တဲ့လူ လုပ်ပေါ့၊ မေတ္တာရပ်ခံချင်တာက အခန်းလူကြီးလုပ်သူအနေနဲ့ ကိုယ့်အခန်းသား ဘဝတူအချုပ်သားတွေအပေါ် မျှမျှတတ မေတ္တာလေးနဲ့ ပြောဆိုအုပ်ချုပ်ပါလို့ မေတ္တာရပ်ခံပါစေကွယ်"

အဲဒါကြည့်တော့ဗျာ၊

သူများတွေ အခန်းလူကြီး လုပ်ချင်လို့ နန့်နန့်တက်ဖြစ်နေကြတယ်၊ ဓားပြကြီး၊ ခေါင်းထွက်ကြီး ဦးရေတွင်းက လုံးဝမလုပ်၊

နေရာလိုချင်သူရဲ့စိတ်ဓာတ်နှင့် ...

နေရာကို မမက်မောသူတို့ စိတ်ဓာတ်ကား ...

မျက်စိရှေ့မှောက်မှာ ရေနှင့်ဆီလို ကွာလွန်းလှပါဘိ၊

•●•

ကျွန်တော် တွေ့ကြုံခဲ့ရဖူးသည့် အချုပ်ခန်းလူကြီးတစ်ဦးကတော့ ကိုကြင်ဆိုင်တဲ့၊ လက်ဝှေ့သမား၊ ဘောက်ဆာရော၊ ရိုးရာလက်ဝှေ့ရော ကျွမ်းကျင်တယ်၊

အခန်းလူကြီး ကြင်ဆိုင်ကလည်း အလကားနေ ညနေ (၄) နာရီထိုးရင် လက်ဝှေ့ထိုးဘက်ပဲရှာပြီး အချုပ်ထဲမှာ လက်ဝှေ့စွမ်းပြတယ်၊

တာဝန်ကျတော့ အမြင်မှာတော့ ...

ကစားနေတယ်ပေါ့၊

သို့သော် ဘယ်သူမှ အခန်းလူကြီး လက်ဝှေ့သမားကြင်ဆိုင်ကို အနိုင်မထိုးကြဘူး၊ ကြင်ဆိုင်ကို နာအောင်၊ ထိအောင်၊ အရှက်ရအောင် ထိုးခဲ့ရင်း



အဲဒီထိုးတဲ့ပြိုင်ဘက်ကို အပြစ်မရှိ၊ အပြစ်ရှာပြီး အချုပ်ခန်းထဲမှာ ဖားခုန်ခုန်ခိုင်းတော့တာပဲ၊

တစ်ခါတလေ တိုင်ဖက်ခိုင်းပြီး အဝတ်ကြိုးနဲ့ ရိုက်တယ်၊ တာဝန်ကျတွေက မေးရင် အချုပ်စည်းကမ်းဖောက်လို့ ဒဏ်ပေးဆုံးမတာတဲ့၊ နောက်တစ်မှု ခတိုးစေနဲ့ ကြင်ဆိုင်ကွလို့ သတိပေးရတယ်၊

မဟုတ်ဘူး၊

ကျွန်တော်တို့ ပွဲကြည့်ပရိသတ် အချုပ်သားတွေ သိတယ်၊

ကြင်ဆိုင် ရှုံးမည်းမဲပြီး နိပ်စက်နေတာ၊

နောင်တော့ – ကြင်ဆိုင်နဲ့ လက်ဝှေ့ရေးလေ့ကျင့်ထိုးသတ်ရသူတွေဟာ အလဲထိုးနိုင်ပေမယ့် အခန်းလူကြီး လက်ဝှေ့ဆရာကြီး ကြင်ဆိုင် မပြုံးဖြင်ရအောင် အလျှော့ပေးထိုးကြရတယ်၊

ဒါကြောင့် – မျက်နုံးကွဲကြတယ်၊

နှာခေါင်းက သွေးကျတယ်၊

နှုတ်ခမ်းကွဲပြီး မျက်လုံးပိတ်သွားကြ၊

ဝမ်းဗိုက် (အရှိုက်) အောင့်သွားကြ၊

အဲဒါမှ အခန်းလူကြီး၊ လက်ဝှေ့ကျော် ကြင်ဆိုင်က ကျေနပ်အားရ ...င်းသာပီတိဖြစ်တာလေး၊

သို့သော် ...

အကင်းပါးတဲ့ ကောင်လေးတစ်ယောက် တစ်နေ့မှာ အချုပ်ခန်းထဲ ရောက်ခဲ့ပါရောဗျာ၊

ကောင်လေးအမှုကလည်း ပေါ့သေးသေးမဟုတ်ဘူး၊

မုဒိမ်းကြံစည်မှုတဲ့၊

ဖြစ်ပုံက ဒီလို၊ ကောင်လေးက အသားဖြူဖြူ၊ ဗလကောင်းကောင်း ...မွှေးလေး၊ သူ့မှာ ဇနီးမယားရှိတယ်၊

ခတ်တာက မွန်လေးရဲ့ယောက္ခမက သားမက်လုပ်သူ မွန်လေးကို ...ာကျနေတယ်၊ သူ့မက မဆိုးမအရွယ်ကောင်း၊



www.burmeseclassic.com

www.burmeseclassic.com

သမီးလုပ်သူ အပြင်သွားရင် သားမက်လုပ်သူ မွန်လေးကို မကြာခဏ ဖြားယောင်းသွေးဆောင်ပြီး ပေျာ်ပါးဖို့ ကြိုးစားသတဲ့။

သို့သော် မွန်လေးက စည်းစောင့်တယ်။

ဇနီးသည်ရဲ့မျက်နှာကို ပြန်ငဲ့တယ်။

ဇနီးအပေါ်မှာ သစ္စာစောင့်သိတယ်။

ယောက္ခမလုပ်သူ သွေးဆောင်ဖြားယောင်းမှုနောက်ကို လုံးဝမပါခဲ့ဘူး။ ဒီမှာ ရှက်ရမ်းရမ်းပြီး သမီးလုပ်သူ ဈေးသွားခိုက်မှာ သူ့ကို သားမက်လုပ်သူက ဇလက္ကာရကြံစည်ပါတယ်ဆိုပြီး ရဲစခန်းကို တိုင်ပါလေရော။

အဲဒီ့အမှုနဲ့ အချုပ်ထဲ ရောက်လာခဲ့တယ်။

မွန်လူရိုးလေးဆိုတာ မြင်ရုံနဲ့ သိပါတယ်ဗျာ။

သို့သော် အစခန်းလှူကြီးက ဒီလိုယောက္ခမလုပ်သူကို စော်ကားရပ့ံမလား ဆိုပြီး ...

ပုံစံပေးလိုက်တာ။

မွန်လေး မှောက်နေရှာတယ်ဗျာ။

ခက်တာက အချုပ်ထဲ၊ ထောင်ထဲမှာလည်း မုဒိမ်းမှုဆိုရင် အလွန်နှိ ရှုံရှာစက်ဆုပ်ကြတာကလား။

မုဒိမ်းမှုနဲ့ ဝင်လာရင် အဲဒီလူ မလွယ်ဘူး။

မွန်လေးက သူ မကျူးလွန်ပါဘူးလို့ ပြောရှာတယ်။

"မင်းညာတာ။ ဟိုက မဟုတ်ပဲနဲ့ တိုင်မှာလား – လူယုတ်မာရဲ့"

ဒီလိုနဲ့ မွန်လေးခမျာ ယောက္ခမကောင်းကျိုးပေးမှုနဲ့ အမှုကို ရင်ဆိုင်ရ တော့တာပါပဲ။

•●•

လာပြီပေါ့။

မွန်လေးတဲ့ကွ။



မွန်လေးရဲ့ညာလက်ပေါ်မှာ လက်ဖွဲ့တစ်ခု ရှိတယ်ဗျ။

မွန်လေးကလည်း ညနေ(၃)နာရီကျော်ရင် လက်ဝှေ့ပွဲကျင်းပတဲ့အခန်း လှူကြီး ကိုကြင်ဆိုင်တို့ ယှဉ်ပြိုင်လက်ဝှေ့ပွဲကို ငေးမောကြည့်နေလေ့ရှိတာ ကို ဝါသနာပါသနဲ့ တူပါရဲ့လေ။

သိတဲ့အတိုင်းပဲလေဗျာ။

ကြင်ဆိုင်ကို အလဲအကွဲထိုးနိုင်တဲ့လူ မရှိဘူး။

အမြဲတမ်း ကြင်ဆိုင်ပဲ နိုင်လေ့ရှိတယ်။

အမှန်က ကြင်ဆိုင်ကို လဲအောင်၊ ကွဲအောင် ထိုးနိုင်တဲ့အချုပ်သား လက်ဝှေ့သမား ရှိနေတာပဲဗျာ။ သို့သော် ကြင်ဆိုင်ကို အရှုံးပေးမှ အချုပ်ထဲ နေရ ထိုင်ရတာ အနေချောင်သလို ကြင်ဆိုင်ကို အမြဲအရှုံးပေးနေကြရတာ လေ။

သို့သော် ကြင်ဆိုင်က တစ်မျိုးမြင်နေတယ်။

ကြင်ဆိုင်က သူ လက်ဝှေ့ကျွမ်းကျင်လို့ ...

သူ လျင်မြန်ဖျတ်လတ် ထိုးသတ်နိုင်လို့ ပြိုင်ဘက်မရှိ အမြဲနိုင်နေတာ။ ဒီလိုစံယူသဘောပိုက်ထားတာကိုး။

ဒီတော့ ...

သူနဲ့ ယှဉ်ပြိုင်ထိုးသတ်နိုင်တဲ့ လက်ရည်တူမရှိတော့

သူက ဆရာကြီး။

အချုပ်သားတွေထဲက လုံးတုဒေါက်တု ရွေးလိုက်တယ်။

ထိုးကြစမ်း၊ အချုပ်သားတွေပျော်ရွှင်အောင် ကစားကြစမ်း၊ မထိုးချင်ကြ ဘူး အချင်းချင်းတွေလေဗျာ။

သို့သော် မရဘူး။ အခန်းလှူကြီး၊ ဆရာကြီး၊ လက်ဝှေ့မာစတာကြီးရဲ့ အမိန့် ထိုးကြရတော့တာပဲ။

တောင်းမြတ်နဲ့ ကျော်စိန်ပွဲ။

ထိုးတယ်၊ ထိတယ်၊ ယိုင်သွားပြီ၊ ပြန်ရှုတယ်။

ကျော်စိန် နိုင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ပွဲ လှမြင့်နဲ့ ငတိုးချစ်တို့ပွဲ၊

ငတိုးချစ် နိုင်တယ်၊

"မွန်လေးထွက် ..."

"မထိုးတတ်ဘူး - ဆရာကြီး"

"ဝါကို မညာနဲ့၊ မင်းညာလက်မောင်းက လက်ဖွဲ့ကြိုးက မွန်လက်ဝှေ့သမားတွေသုံးတဲ့လက်ဖွဲ့ - ထွက်"

"အောင်လှ ထွက်"

နောက်ဆုံး ထွက်ရတော့တယ်၊ အောင်လှက ဆရာကြီးအခန်းလူကြီးနဲ့ နေ့စဉ်ထိုးဘက်ဗျ၊ ကိုကြင်ဆိုင်ကို နေ့တိုင်း လျှော့ထိုးပြီး အရှုံးပေးနေတဲ့လူ၊

ခု - မွန်လေးနဲ့ ထိုးကြပြီ၊

အောင်လှ မညာဘူး၊ ပင့်လက်သီး၊ ဝိုက်လက်သီး၊ ထောက်လက်သီး၊ ခြေဖျား သုံးပြီးထိုးတာ၊

မွန်လေး ခံနေရတယ်၊

သို့သော် မွန်လေးရဲ့ရှောင်ချက်က သေသပ်လှပတော့၊ သိပြီ၊ မွန်လေး ခေတ့်သူ မဟုတ်ဘူး၊

ဒီမှာပဲ ရှောင်ရင်း တိမ်းရင်း ငုံ့ရင်းကနေ ...

အောင်လှဝင်အပူးမှာ ဇက်ကိုချုပ်ပြီး ဖွဖွလေး ရင်ဝကို ဒူးနဲ့ တိုက်လိုက်တာ ...

"အင့်"

"ဟာ"

"ဟယ်"

အောင်လှရင်ဝကို လက်နှင့်ဖိပြီး လဲကျသွားပါရောဗျာ၊

သြော် - မွန်လေးက တကယ့်လက်ဝှေ့သမားပဲကိုး၊

မွန်လေးက အောင်လှ သက်သာသွားအောင် လုပ်ပေးပြီး အောင်လှကို ရှိခိုးတောင်းပန်ပါတယ်၊ ဒီကောင်လေး သိတတ်ပါပေတယ်ဗျာ၊



တွေ့ကြသေးတာပေါ့ - မွန်လေးရာ၊ ဒီမှာ အခန်းလူကြီးက -

"မွန်လေး"

"ခင်ဗျာ - ဆရာကြီး"

"မင်းနဲ့ငါနဲ့ တစ်ပွဲကစားရအောင်ဟေ့"

"မကစားရပါစေနဲ့ - ဆရာကြီး"

"ဘာဖြစ်လို့လဲ"

"ဆရာကြီးနဲ့ မယှဉ်ရဲလို့ပါ ခင်ဗျာ"

"အလှကစားကြတာပေါ့ - မွန်လေးရာ - လာ"

နောက်ဆုံးတော့ မတတ်သာဘူးလေ၊ ငြင်းလို့လည်း မရဘူး၊ အခန်းလူကြီးကြင်ဆိုင်ရဲ့လူတွေကလည်း ဝိုင်းမြှောက်ပေးကြ၊

အချုပ်သားတွေကလည်း ဒီပွဲကြမ်းမှာ သိကြတော့ ...

နေရာရှင်းပေးကြ၊

မွန်လေး ခါးတောင်းကျိုက်လိုက်တယ်၊

ကြင်ဆိုင်က လက်ပန်းပေါက် သုံးချက်ခတ်ပြီး လက်သီးချင်း တော့လိုက်ကြတယ်၊

ကြင်ဆိုင် မြန်တယ်၊ အားပြင်းတယ်၊

မွန်လေး နှုတ်ခမ်းကွဲသွားပြီ၊ သွေးတွေ ရဲခနဲ -

"ကြင်ဆိုင် - ချ - ချ"

"ကြင်ဆိုင်ကွ"

"ဖောင်း"

"အား"

မွန်လေးပါးရိုက်ကို ကြင်ဆိုင်လက်သီး ဝင်သွားပြီး မွန်လေးလည်ထွက်တယ်၊ မူးဝေသွားတယ်၊

လည်ထွက်သွားချိန်မှာ ...



www.burmeseclassic.com

www.burmeseclassic.com

ကြင်ဆိုင်က ခုန်ဝင်လိုက်ပြီး တံတောင်နှင့် လှမ်းထုတယ်၊ မွန်လေးက ကိုယ်လှည့်ရှောင်ပြီး ညာလက်သီး သွင်းလိုက်တာ ကြင်ဆိုင် တစောင်း ဖင်ထိုင်ကျအသွား -

"မွန်လေးကွ"

ဒီမှာ - ကြင်ဆိုင် ဒေါသတွေ တရကြမ်းပေါက်ကွဲပြီး

နွားရူးရှူးထိုး အတင်းဝင်ထိုး၊

မွန်လေးက အခန်းလှူကြီးမို့ မထိုးဘူး၊ ရှောင်ပေးနေတယ်၊

ဒီမှာကြင်ဆိုင်က တစ်ဖက်လှ လျှော့ပေးမှန်းသိရောဝင်လုံးပြီး မွန်လေး ရဲ့လည်ပင်းကို လက်ဖျံနဲ့ ညှစ်ထားတာ၊

မညှာတမ်းညှစ်ပြီး ယမ်းပစ်နေတာ၊ မွန်လေး လျှာထွက်နေပြီ၊



အရှေ့ခြမ်းက
ဓားပြနာမည်ကြီးတွေလည်း
အင်းစိန်ထောင် ရောက်ကုန်ကြပြီ။
ဒီမှာ အများသဘောတူ
ကိုထိန်လင်း(တွံတေး)ကို
အခန်းလှူကြီး ခန့်လိုက်ကြတယ်။
ကိုထိန်လင်းက ချွတ်တာ၊ ဒွာတာ၊
အနိုင်ကျင့်တာ လုံးဝမလုပ်ဘူး။
သူလည်း အချုပ်ပုံစံထမင်း
တစ်ပန်းကန် အများနှင့်အတူ
စားတယ်။



အပြင်က ဝန်ထမ်းတွေ မြင်သွားပြီး ရပ်တော့လို့ပြောလည်း မရဘူး၊ ကြင်ဆိုင်က ရက်ရက်စက်စက်လုပ်နေတာ၊

ဒီမှာပဲ မွန်လေးက နောက်ပြန်တံတောင်နဲ့ ဆောင့်တွတ်လိုက်တာ -

"အူး"

"အစ် - အစ် - အစ်"

အခန်းလှူကြီး ကြင်ဆိုင်ရင်ဝကိုဖိရင်း ဒူးညွှတ်လဲကျ၊

မနည်းနာနတ်ယူရ၊ ပရုပ်ဆီလိမ်းပေးရ၊

ဝန်ထမ်းတွေကလည်း ဆူပူကြိမ်းမောင်းသတိပေး၊

"ရန်ဖြစ်ရင် နောက်တစ်မှုတိုးမယ်"

"မဟုတ်ပါဘူး - ဆရာ၊ ကစားကြတာပါ ခင်ဗျာ"

"နောင်ကို မင်းတို့ လက်ဝှေ့မကစားရဘူး"

"ဟုတ်"

နောက်ဆုံး

မွန်လေး - အခန်းလှူကြီး လက်ဝှေ့ကျော် ကြင်ဆိုင်ကို လက်ဝှေ့ပညာနဲ့ အနိုင်ရတဲ့ကျေးဇူးကတော့ -

နေ့စဉ်အပြစ်မရှိအပြစ်ရှာပြီး အပြစ်ပေးတဲ့အနေနဲ့ ဖားခုန်ခုန်ခိုင်းတော့ တာပဲဗျာ၊ အခန်းရဲ့ ခေါင်းရင်းနဲ့ ခြေရင်းကို ခေါက်တုံ့ခေါက်ပြန် ခုန်ခိုင်းတာ နားတမ်းနော်၊

နောက်ဆုံး ဒူးတွေ၊ လက်တွေ ညောင်းကျပြီး ....၊

မထနိုင်တော့ဘူးဗျာ၊

အဲဒီပြစ်ဒဏ်ကို နေ့တိုင်းလိုလိုပေးတာ၊ ကြင်ဆိုင် ထောင်ကျပြီး အချုပ် အနေ အင်းစိန်ထောင်ကို ပြောင်းသွားတော့မှ မွန်လေး ဖားခုန် မခုန်ရတော့ ဘာ၊



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ကြိမ်ကြုံရတာက အခန်းလူကြီးနေရာကိစ္စပဲ ခင်ဗျ။

အချုပ်ခန်းထဲမှာ တွံ့တေးမြို့နယ်က လူသတ်မှုနဲ့ ခေတ္တချုပ်ထားတဲ့ တရားခံတစ်ဦး ရှိတယ်။

ကိုထိန်လင်းလို့ပဲ ဆိုကြပါစို့ဗျာ။

ကိုထိန်လင်းက မတရား အနိုင်ကျင့်လွန်းတဲ့ဝန်ထမ်းတစ်ဦးကို သိုင်းကစားတဲ့ ငှက်ကြီးတောင်ဓားရှည်နဲ့ ခုတ်သတ်ခဲ့တာတဲ့။

အချုပ်ထဲမှာ အချုပ်သားတိုင်း ရှိန်တဲ့အမှုက ...

လူသတ်မှုပဲ။

လူသတ်မှုနဲ့ ဝင်လာတဲ့တရားခံဆိုရင် ကြောက်ရွံ့ကြတယ်။

အဲဒီလို တရားခံမျိုးဝင်လာခဲ့ရင် ...

အခန်းလူကြီးလုပ်သူကလည်း သူလိုပဲ လူသတ်မှုကျူးလွန်ခဲ့တဲ့တရားခံ ဖြစ်ခဲ့ရင် အရမ်းကာရော ဦးကျိုးသွားအောင် ပုံစံမပေးရဲဘူး။ မကိုင်ဘူး။ အထာကြည့်ရတယ်။

တစ်ခုတော့ ရှိတာပေါ့ဗျာ။

အခန်းလူကြီးက လူသတ်မှု နစ်မှု သုံးမှု ကျူးလွန်ထားသူ၊ ဒေသမထူး နေမထူး လူစားမျိုး။ လူမိုက်မျိုးဆိုရင်တော့ ...

ပြောရော ...

"မင်းက အခုမှ လူတစ်ယောက်သတ်ဖူးတာ။ ငါက လူနှစ်ယောက်၊ သုံးယောက် သတ်ခဲ့တာ။ ငါရှိနေတဲ့အချိန်မှာ ငါ့ကို ပမာမခန့်မလုပ်နဲ့။ ခေါ်တ်မတိုင်းနဲ့ - ကြားလား"

ဒီလိုဝင်ကတည်းက ဦးနှိမ်ထားတတ်ကြတယ်။

အချို့ကျတော့လည်း လူသတ်ဖူးတဲ့ရာဇဝတ်သားဆိုတာ အခန့်မသင့်ရင် အချုပ်ထဲ၊ ထောင်ထဲမှာပေမင့် လူသတ်မှုထပ်မံကျူးလွန်ချင် ကျူးလွန်တတ် တယ်လေ။



ဒီတော့ - အဆင့်တူလို သဘောထားပြီး -

နေရာပေး၊ ဘော်ဒါဆိုက်သဘောလို ကြည့်ရှုတာလည်း ရှိတာပေါ့။

ကိုထိန်လင်း(တွံ့တေး) အချုပ်ထဲ ရောက်လာတယ်။

ဘယ်သူကမှာ ရောရောယှက်ယှက်မနေဘူး။ သူ့ဘာသာ ပုတီးစိပ်၊ သင့်ရာစကားပြောပဲ လုပ်တယ်။ အချုပ်စည်းကမ်းအတိုင်း နေတယ်။

ငါက လူသတ်လာတဲ့ကောင်ကွလို့ လက်မ မထောင်ဘူး။

ရိုးရိုးမှန်မှန်ပဲနေတယ်။

အခု - အချုပ်ထဲက အခန်းလူကြီးတွေလည်း ထောင်ကျကြလို့ အင်းစိန်တောရကို အပြီးပြောင်းသွားကြပြီ။

အရှေ့ခြမ်းက ဓားပြနာမည်ကြီးတွေလည်း အင်းစိန်ထောင် ရောက်ကုန်ကြပြီ။ ဒီမှာ အများသဘောတူ ကိုထိန်လင်း(တွံ့တေး)ကို အခန်းလူကြီး ခန့်လိုက်ကြတယ်။

ကိုထိန်လင်းက ချွတ်တာ၊ နှာတာ၊ အနိုင်ကျင့်တာ လုံးဝမလုပ်ဘူး။ သူလည်း အချုပ်ပုံစံထမင်းတစ်ပန်းကန် အများနင့်အတူ စားတယ်။

ချုပ်သစ်ဝင်လာရင်လည်း ...

ရိုက်တာနက်တာ၊ ဟိန်းဟောက်တာ လုံးဝမလုပ်ဘူး။

အချုပ်ရဲ့စည်းကမ်းပြောပြ၊ ပုံစံထိုင်၊ အလွတ်ပြန်ပြော၊ စည်းကမ်းအတိုင်း နေကြပါ။ ဒါပဲပြောတယ်။

သူ့ကို အချုပ်သားတိုင်း ချစ်ခင်လေးစားကြတယ်ဗျာ။

လက်ဝှေ့ထိုးမခိုင်းဘူး။

ဖားခုန် ခုန်မခိုင်းဘူး။

ဟိုလူ၊ ဒီလူခေါ်ပြီး မနှိပ်ခိုင်း၊ မနင်းခိုင်းဘူး။

ဖြစ်ချင်တော့ ...

တစ်နေ့ အချုပ်ထဲကို သံမောင်းဆိုသူ အချုပ်သားအဖြစ် ဝင်လာပါရော။



www.burmeseclassic.com

www.burmeseclassic.com

ဒီကောင်သံမောင်းက ဒီအချုပ်လည်း ဝင်လိုက်၊ ထွက်လိုက် အကြိမ်မနည်း၊ ထောင်လည်းကျတာ အကြိမ်မနည်း၊

ခုလည်း - ရာဇဝတ်မှုနဲ့ ဖမ်းရာမှာပြန်ခုခံလို့ လုံးထွေးရင်း သူ့မျက်နှာကြီး ယောင်ကိုင်းနေတယ်၊ အရက်နံ့လည်း ဟောင်လို့၊

ဒီကောင်ကလည်း လူမိုက်ပဲ၊ မြို့ခံပဲ၊

ပြီး - သူက ဂျူဒိုတို့၊ အိုက်ကီဒိုတို့ တတ်တယ်၊

ဟိုးလွန်ခဲ့သည့်အချိန်က သူက အချုပ်ထဲမှာ အခန်းလူကြီးလေ၊ လက်သံပြောင်သလား မမေးနဲ့၊ ခေါင်းတုံးနဲ့ နှုတ်ခမ်းမွေးကျင်စွယ်နဲ့၊ သံမောင်းဆို အသံကြားရုံနဲ့ ကြက်သီးထကြတယ်၊

အခုဝင်လာပြီ၊ တစ်လှမ်းချင်း ထီမထင်သလိုဝင်လာတာ၊

ပုံစံမထိုင်ဘူး၊ ဘယ်သူ့မှ ဂရုမစိုက်ဘူး၊

"ဒီမှာ - ဘယ်သူ့အခန်းလူကြီးလဲကွ"

"ကျွန်တော်ပါ"

ကိုထိန်လင်းက ကောင်းကောင်းမွန်မွန်ပြောပါတယ်၊

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ကိုထိန်လင်းပါ"

"ဘယ်ရွာသားလဲ - ကိုယ့်လူက"

"တွံတေးကပါ"

"မင်းက ဘာမှုနဲ့ ဝင်တာတုံး"

"လူသတ်မှုပါ"

ကြည့်စမ်း ...

အခန်းလူကြီး ကိုထိန်လင်းကို သူ ပုံစံမေး မေးလို့ဗျာ၊

ဖြစ်တော့မယ်ဆိုတာ ကျွန်တော်တို့ သိနေတယ်၊ သံမောင်းအကြောင်း သိပြီးသားလေ၊

"ငါ - ဒီနေ့ကစပြီး အခန်းလူကြီးလုပ်မယ်၊ မင်း - ဆင်းပေး"



စိုက်ကြည့်ကုန်ကြပြီ၊

ခါးထောက်ပြီး အကဲခတ်နေကြတယ်၊

"ကျုပ်ကို ဒီအခန်းထဲက အချုပ်သားတွေ အများသဘောတူ အခန်းလူကြီး ခန့်ထားတာပါ၊ သူတို့သဘောတူရင် ကျုပ် ဆင်းပေးမယ်၊ ခင်ဗျား အခန်းလူကြီး လုပ်ပါ"

နေရာ - နေရာ - နေရာ၊

ရာထူးပေါ့ဗျာ၊

ရာထူးက ဩဇာအာဏာပဲလေ၊

သံမောင်းက အချုပ်သားတွေကိုကြည့်ပြီး မေးတယ်၊

"ငါ - အခန်းလူကြီးလုပ်မယ်၊ မင်းတို့ ကျေနပ်လား"

ဘယ်သူမှမပြောဘူး၊

ဒီမှာ - နီးရာ အချုပ်သားနှစ်ဦး ကန်ကျောက်လိုက်ရော၊

အဲဒီမှာအခန်းလူကြီးကျောက်မောင်းကဝင်တားတယ်၊ ဝင်တားရမလား ဆိုပြီး သံမောင်းက ကစ်ရော၊

ရှုကုန်ပြီ၊

ဝိုင်းဒိုင်းကြဲကုန်ပြီ၊ အချုပ်သားတွေ ဘာရာတန်းပေါ် ပြေးတက်ရှောင်ကြ၊ တွံတေးထိန်လင်း၊ သိုင်းသမားမှန်းမြင်ရမှ ယုံတယ်ဗျာ၊ လွှားခနဲ၊ ယို့ခနဲ၊ ဦးခနဲ၊

သူတစ်ပြန်၊ ကိုယ်တစ်ပြန် ဗိုလ်လုပွဲ၊ နေရာလုပွဲပေါ့၊

တာဝန်ကျရဲအမှုထမ်းတွေရောက်လာပြီး "ရပ်"၊ "ပုံစံထိုင်" လို့အော်ဟစ် သတိပေးနေပြီ၊

သံမောင်း ကုန်းကုန်းကြီးဖြစ်နေတုန်း ထိန်လင်းက မျက်နှာကို ကန်ထုတ်ချိန် သံမောင်းက တံတောင်နဲ့ ကာလိုက်ချိန်မှာပဲ ...



www.burmeseclassic.com

www.burmeseclassic.com

ကျားခေါင်း အချုပ်ခန်းဖွင့်ပြီး ရဲအမှုထမ်းတွေ ရောက်လာလို့ ဝင်တားရိုက်ဖျဉ်၊ သံမောင်းက ခုပဲရောက်၊ ခုပဲ ပြဿနာရှာတာကို တာဝန်ရှိသူတွေ သိသွားပြီး အခြားအခန်းကို ပို့လို့ လူစုခွဲလိုက်ကြတယ်၊ ပြီး – နှစ်ဦးစလုံးကို ခေါ်ယူမေးမြန်း နောက်ဆုံးသတိပေးလိုက်ရတယ်၊ ထိန်လင်း မမှားဘူးဗျား၊

တော်ပါသေးရဲ့၊

နှစ်ယောက်စလုံးကို အတူသာ ထားများ ထားလိုက်ရင် …

ဘုရား – ဘုရား – မတွေးဝံ့စရာပါလား၊


ဟူး – အချုပ်ထဲမှာလည်း ရင်တုန်ရတာပဲ၊

ထောင်ထဲမှာလည်း ရင်မောရတာပဲဗျာ၊

တော်ပါပြီ – အချုပ်နဲ့ထောင်၊

→ မောင်ညီဖွိုင်း(သန့်လျှင်)

## စာမူရှင်များသို့



www.burmeseclassic.com

ရှုပ်ထွေးလှသော
သုံးဖွင့်ဆိုင် အချစ်ဇာတ်လမ်း
တွင်းသို့ ဝင်ရောက်၍ ငွေနှင့်
သူတော်သင်ရှင်းလင်းရန်
စေခိုင်းခံရသူတစ်ယောက်၏
ဖွင့်ဟဝန်ခံချက် ..

## ကိုယ့်ကို ...

ကိုယ်ဖော်၊ မသူတော် ဆိုတဲ့စကားက ကျုပ်ကို ရည်ညွှန်းထားသလား မသိဘူး။ ကျုပ်အဖြစ်ကို ကျုပ်ဖော်ပြောရမှာ ရှက်မိတာ အမှန် ပဲဗျ။ ဒါပေမဲ့ ကျုပ် မပြောလို့မဖြစ်ဘူးဗျ။ ကျုပ်အဖြစ်ကို ပြောရမှ ကျုပ်ရင် ပေါ့သွားမှာ၊

ခင်ဗျားလည်း သိမှာပါဗျာ၊ လောကဆိုထုံးစကား ရှိတယ်မဟုတ်လား၊ လူမိုက်နဲ့ငွေ အတူမနေဆိုတဲ့စကားလေ၊ ဒီပြင်လူတွေတော့ ကျုပ်မသိဘူး၊ ကျုပ်ဘဝမှာ အမှန်တကယ်ဖြစ်နေတာက လူမိုက်ဆိုတဲ့နာမည်၊

ကြည့်လေဗျာ၊ ကျုပ်က ရေသာခိုအချောင်လိုက်ချင်တဲ့အလုပ်ကိုမှ ကျွမ်းကျင်တာ၊ ဒါကြောင့်လည်းကျုပ်နာမည်အရင်းထက်ပိုပြီး လူသိများတာက လူမိုက်ဖိုးထင်၊ ကျုပ်နာမည်ကိုကြားတော့ ခင်ဗျားအံ့သြသွားပြီမဟုတ်လား၊

ကျုပ်က လူမိုက်ဆိုပေမယ့် နေရာတကာ မိုက်ပြတဲ့လူစားမျိုး မဟုတ်ဘူးဗျ၊ ကျုပ်မိုက်တာက စည်းနဲ့ကမ်းနဲ့၊ ကျုပ်စကားကြားတော့ ခင်ဗျားက အတော်ကြီးကျယ်တဲ့လူမိုက်ပါလားလို့ ပြောဦးမယ်၊

ကျုပ်က လူမိုက်နာမည်ခံထားတာ ကြီးကျယ်သလား၊ မကြီးကျယ်သလား တော့ မသိဘူး၊ ကျုပ်သိတာက ကျုပ်လိုချင်တဲ့ငွေရဖို့က အဓိက၊ ဒါကြောင့် လည်း ကျုပ် လူမိုက်ဆိုတဲ့နာမည်ခံပြီး မိုက်ပြနေရတာ၊

ခုလည်း - ကျုပ်ကို လူတစ်ယောက်က အလုပ်အပ်တယ်၊ ကျုပ် ငွေပြတ် နေတာနဲ့ အတော်ဖြစ်သွားတယ်၊ အဲဒါကြောင့် ကျုပ်ကို အလုပ်အပ်တဲ့လူနဲ့ တွေ့ပြီး ကျုပ်လုပ်ရမယ့်လုပ်ငန်း၊ ကျုပ် မမေးလို့မဖြစ်ဘူးလေ၊ ကျုပ် အလုပ် ကို ကျုပ်သိမှ ငွေကြေးဈေးဖြတ်လို့ရမှာမဟုတ်လား၊

အဲဒါနဲ့ - ကျုပ်ချောင်ကျကျစားသောက်ဆိုင်တစ်ဆိုင်မှာ ချိန်းထားတဲ့လူ ကို သွားတွေ့ရတယ်၊ ကျုပ်နဲ့ ချိန်းထားတဲ့လူရဲ့ရှေ့စားပွဲမှာ သောက်လက်စ အရက်ပုလင်းနဲ့ အတော့်ကို ထွေနေပုံရတယ်၊ ကျုပ် အဲဒီလူကိုကြည့်ပြီး အတော်အံ့သြသွားမိပါတယ်၊ ကြည့်လေဗျာ၊ အဲဒီလူက တစ်ခုခုကို မျိုသိပ် ခံစားနေရတဲ့မျက်နှာက အရက် ဘယ်လိုသောက်သောက် ဖုံးကွယ်လို့မရဘူး ဆိုတာ မျက်နှာမှာ အထင်သားပေါ်နေတာမဟုတ်လား၊

"ကျုပ်က ဖိုးထင်ပါ၊ ဒီကမိတ်ဆွေ ချိန်းထားလို့ လာတွေ့တာ"

"လာထိုင်ဗျာ - ကျွန်တော်က ကိုဖိုးထင်ကို ခုမှပဲ တွေ့ဖူး၊ မြင်ဖူးတာဗျ၊ ကိုဖိုးထင် - လာမှလာပါ့မလားလို့ စိတ်ပူနေတာ အမှန်ပဲ"

ကျုပ်ကိုယ်ကျုပ်မိတ်ဆက်ပြီး ပြောလိုက်မှ အဲဒီလူ အတော်ကြီးဝမ်းသာ သွားပုံရတယ်၊ ကျုပ်လည်း သူ့ စားပွဲမှာ ဝင်ထိုင်ပြီး အကဲခတ်ကြည့်လိုက်မိ တယ်၊

"သောက်လေ - ကိုဖိုးထင်"

"ကျုပ် - အရက်မသောက်တတ်ဘူး"

"ဗျာ - ကိုဖိုးထင်က အရက်မသောက်တတ်ဘူး - ဟုတ်လား"

ကျုပ်စကားကိုကြားတော့ အဲဒီလူက ကျုပ်ကို ထူးထူးဆန်းဆန်းအကြည့် နဲ့ကြည့်ပြီး မယုံနိုင်အောင်ဖြစ်နေတာ၊ ကျုပ်သိတာပေါ့ဗျာ၊ ကျုပ်က လူမိုက် ဆိုတော့ အရက်နဲ့ကျုပ်က ယဉ်ပါးနေပြီလို့ထင်နေတာ၊

www.burmeseclassic.com

www.burmeseclassic.com

"အံ့ဩစရာပဲ - ကိုဖိုးထင်၊ ဒါဆို - စားစရာ တစ်ခုခုမှာဗျာ၊ ပြီးတော့ ကိုဖိုးထင်လုပ်ရမယ့်အလုပ်ကို ကျွန်တော် ပြောပြမယ်၊ ကျွန်တော့်နာမည်က ကိုသော်ပါ"

အဲဒီလူက နာမည်ပြောမှ ကျုပ် ကိုသော်ဆိုတာ သိခွင့်ရခဲ့ရတာ၊ ကျုပ်က အလုပ်လက်ခံရမယ့်သူဆိုတော့ စိတ်ရှည်ရမှာပေါ့ဗျာ၊ အဲဒါနဲ့ ကျုပ် ကိုသော်ကို မဆိုင်းမတွ မေးလိုက်မိတယ်၊

"ဒါဆို - ကျုပ် ဘာလုပ်ပေးရမယ်ဆိုတာ ပြော - ကိုသော်"

ကျုပ်က ခပ်ပြတ်ပြတ်သမားဆိုတော့ ကိုသော်ကို တဲ့တိုးကြီးပဲမေးလိုက်မိတယ်၊ ကိုသော်က ရီဝေနေတဲ့မျက်လုံးအစုံနဲ့ ကျုပ်ကိုကြည့်ပြီး ပတ်ဝန်းကျင်ကို မလုံမလဲကြည့်နေတယ်၊ ပြီးမှ - စိတ်ချလက်ချဖြစ်သွားဟန် နဲ့ ကျုပ်ကို စကားစတယ်၊

"ဒီလိုဗျ - ကျွန်တော်ပြောချင်တာက ကျွန်တော့်ဘဝမှာ အလွန်ခါးသီးရွံမုန်းတဲ့လူတစ်ယောက် ရှိတယ်ဆိုပါတော့ဗျာ"

"ဒါဆို - အဲဒီလူကို ကျုပ်က"

"ဆိုပါတော့ဗျာ၊ အဲဒါ - ခင်ဗျား အရင်ဆုံး စုံစမ်းကြည့်ပြီးမှ အဖြေပေးရမှာ"

ကိုသော်က အရက်ပုလင်းကိုငှဲ့ပြီး ထပ်သောက်နေတယ်၊ ကျုပ် ကိုသော်ကိုကြည့်ရင်း အံ့ဩသွားမိတယ်၊ ဘယ်နယ့်ဗျာ၊ အရက်ဆိုတာ သောက်ပြီး အမူးလွန်သွားရင် အသိလက်လွတ်နဲ့ ပြောချင်ရာပြော၊ ဆိုချင်ရာ ဆိုတတ်ကြတာ သဘာဝပဲမဟုတ်လား၊ ခု - ကိုသော်က ဘယ်အချိန်ကသောက်ထားမှန်းမသိဘူး၊ အတော်ကြီးကို အမူးလွန်နေတာ၊

ဒါပေမဲ့ - ကျုပ် ဟန်မပျက်ပဲ စကားလက်ခံပြီး အေးအေးဆေးဆေးပြောနေရတာ၊ ကျုပ်က လက်တွေ့သမား၊ စကားကို ရှည်ရှည်ဝေးဝေး မပြောချင်ဘူး၊ ကျုပ်သိချင်တာက ကျုပ်လုပ်ရမယ့်အလုပ်၊ ကျုပ်လုပ်နိုင်၊ မလုပ်နိုင်တာပဲ စဉ်းစားရမှာ၊ ကျုပ် မစဉ်းစားလို့မဖြစ်ဘူး၊ ကျုပ် ရရှိမယ့်ငွေကြေးပဲ ကျုပ် ခေါင်းထဲမှာပဲရှိတာ၊



"ပြောရရင်တော့ဗျာ - အဲဒီလူဟာ ကျွန်တော် သိပ်ချစ်ခဲ့ရတဲ့ချစ်သူကို လှည့်ဖြားပြီး ယူသွားခဲ့တာဗျ"

"ဘယ်လို - ကိုသော် - ခင် - ခင်ဗျားချစ်သူကို လှည့်ဖြားယူသွားတာ ဟုတ်လား"

"ဟုတ်တယ် - ဟုတ်တယ် - အဲဒီလူဗျာ - အတော့်ကို စာနာစိတ်ကင်းမဲ့တာ၊ ကျွန်တော်နဲ့ ကျွန်တော့်ချစ်သူ ရာသက်ပန်လက်တွဲမယ်ဆိုတာ သိသိကြီးနဲ့ဗျာ - လုပ်ရက်လိုက်တာ"

ကိုသော်ရဲ့မရိုးတင်ကဲ ထွက်ပေါ်လာတဲ့စကားကြောင့် ကျုပ် အတော့်ကို အံ့ဩသွားမိတယ်၊ ဒါဆို - ကိုသော် - ကျုပ်ကို ချိန်းဆိုပြီး အဲဒီလူကို ...၊

ဒီအတိုင်းဆို - ခင်ဗျားချစ်သူက ခင်ဗျားအပေါ် သစ္စာဖောက်တာပေါ့ဗျာ၊ ခင်ဗျားရုပ်ရည်နဲ့ဆို ဘယ်မိန်းကလေးမဆို ဘဝလက်တွဲမယ့်သူတွေ အများကြီး ရှိနိုင်ပါတယ်ဗျာ၊ ကျုပ်က ကိုသော်ရဲ့ဥပမိရုပ်ရည်နဲ့ ဝတ်စားဆင်ယင်မှုကိုကြည့်ပြီး မှတ်ချက်ချမိတယ်၊ ကိုသော်က ကျုပ်ကို ရီဝေတဲ့မျက်လုံးအစုံနဲ့ ကြည့်ပြီး -

"ခင်ဗျားထင်သလိုမဟုတ်ဘူးဗျ၊ မေထားက ကျွန်တော့်ကို သိပ်ချစ်ခဲ့တာ၊ သိပ်ချစ်လို့လည်း သူ့မိဘတွေ သဘောမတူတဲ့ကြားက ကျွန်တော်နဲ့ ဘဝလက်တွဲဖို့ အမြဲတမ်း မျှော်လင့်နေရှာတာဗျ"

"ဒါဆို - အလွယ်လေးပဲဗျာ၊ ခင်ဗျားချစ်သူ မေထားကို ခေါ်ပြီး နှစ်ဦးသဘောတူ ဘဝလက်တွဲလိုက်ရင်း ပြီးတာပဲမဟုတ်လား"

"အင်း - ခင်ဗျားပြောတာကို ကျွန်တော် လက်သင့်ခံပါတယ်ဗျာ၊ ဒါပေမဲ့ ခက်နေတာက မေထား မဟုတ်ဘူး - ကျွန်တော်"

ကိုသော့်စကားကြောင့် ကျုပ် ကြောင်အမ်းအမ်းဖြစ်သွားမိတယ်၊ ခင်ဗျားသည်း ကြားပြီးသားပဲဗျာ၊ ကိုသော်နဲ့ မေထားက ချစ်သူတွေ၊ မေထားက လက်တွဲဖို့အသင့်၊ ဒါပေမဲ့ - မေထားနဲ့ လက်မတွဲနိုင်သေးတာက ကိုသော်၊ ကျုပ်ခေါင်းထဲမှာ အလိုလိုရှုပ်သွားမိတယ်၊

www.burmeseclassic.com

"ပြောရရင်တော့ဗျာ - ကျွန်တော် မေထားကို လက်မတွဲနိုင်သေးတာက မေထားလိုချင်တဲ့အတိုင်းအတာတစ်ခုကြောင့်ပဲ၊ အဲဒါကြောင့် - မေထား ကျွန်တော့်ကို စိတ်ပျက်ပြီး နောက်တစ်ယောက်နဲ့ တွဲတာလားဆိုတာ ကျွန်တော် ဝေခွဲလို့မရသေးဘူး - ကိုဖိုးထင်"

"ခင်ဗျား - မေထားကိုပွင့်ပွင့်လင်းလင်းမေးဗျာ၊ မေထားဘက်က အခြေအနေသိမှဖြစ်မှာ၊ ခုလို ခင်ဗျားရင်ထဲမှာ တအုံနွေးနွေးခံစားနေရတာကြာရင် ခင်ဗျား ရူးသွားလိမ့်မယ်"

"ကျွန်တော် - ရူးမယ် ဟုတ်လား၊ ဟုတ်တယ် - ကျွန်တော် - မေထားကြောင့် ရူးနေပြီ - ဟား - ဟား - ဟား"

ကျုပ်စကားကြားမှ ကိုသော်က သဘောကျပြီး ရယ်နေတာ၊ ပြီးတော့ အရက်ငုံ့ပြီး သောက်နေပြန်တယ်၊ ကျုပ် - ကိုသော့်ကိုကြည့်ပြီး ကျုပ်လုပ်ရမယ့်အလုပ်ကို မေ့နေမိတယ်၊

"ကိုသော် - ခင်ဗျားသောက်နေတာ အတော်လွန်နေပြီ၊ ထိန်းပါဦးဗျာ၊ ကြာရင် - ခင်ဗျား မလွယ်ဘူး"

ကျုပ်က ကိုသော့်အဖြစ်ကို သိရလို့ ကရုဏာသက်ပြီးပြောပေမယ့် ကိုသော်က လုံးဝမမှုဘူး၊

"ကျွန်တော့်ကို ခုလိုပြောတာ ကျေးဇူးတင်ပါတယ် - ကိုဖိုးထင်၊ ကျွန်တော့်ဘဝမှာ မိတ်ဆွေစစ် မရှိကြတော့ဘူးဗျ"

ကျုပ်က စေတနာနဲ့ပြောတာကို လက်သင့်ခံတဲ့ ကိုသော့်စကားကြောင့် ကျုပ် ရှေ့ဆက်ဘာလုပ်ရမှန်းမသိတော့ဘူး၊ ကျုပ် စားသောက်ဆိုင်က နာရီကို ကြည့်လိုက်မိတော့ အချိန်က မနည်းတော့ဘူး၊

"ခင်ဗျား - ကျုပ်ကိုတွေ့ပြီး ပြောချင်တာက ဒါပဲလား၊ ကျုပ် - ဘာဆက်လုပ်ရမှာလဲ"

"ဖြည်းဖြည်းပေါ့ - ကိုဖိုးထင်ရယ်၊ ကျွန်တော် ပြောထားပြီးပြီပဲ၊ ကျွန်တော့်ချစ်သူ မေထားကို လှည့်ဖြားနေတဲ့"

"ဘယ်သူလဲဆိုတာ ပြောစမ်းပါ - ကိုသော်၊ ကျုပ် သွားတွေ့မယ်"



ကျုပ်က ပြဿနာတစ်ခုကို လွှဲယ်မထားချင်ဘူး၊ ကိုသော့်ဘက်က စိမ်းပြတာနဲ့ လှုပ်ရှားရမှာ၊ ခုတော့ - ကျုပ် - ကိုသော့်အဖြစ်ကို နားထောင်ပြီး ဘာဆက်လုပ်ရမှန်းမသိပဲ ယောင်ချာချာ ဖြစ်နေမိတယ်၊

"ကိုဖိုးထင် - တွေ့မှာပါဗျာ၊ အဲဒီ့အတွက် ကျွန်တော် ဘယ်လောက်ပေးရမလဲ - ပြော"

ကိုသော်က ကျုပ်ကိုပြောရင်း အသင့်ပါလာတဲ့ လက်ဆွဲအိတ်ကို ဖွင့်ပြီး ပိုက်ဆံထုပ်ကို စားပွဲခုံပေါ်တင်လိုက်တယ်၊ ကျုပ် စားပွဲခုံပေါ်က ပိုက်ဆံထုပ်ကိုကြည့်ပြီး သဘောကျသွားမိတယ်၊ ဟုတ်တယ်လေ၊ ကျုပ်ဘဝမှာ အလိုချင်ဆုံးက ပိုက်ဆံပဲမဟုတ်လား၊ ဒီပိုက်ဆံရဖို့ ကျုပ်ဘက်က ရင်းနှီးမြှုပ်နှံရမယ့်ကိစ္စတွေက တစ်ပုံတစ်ပင်၊

"ကိုသော် ပြောတဲ့လူကို ကျုပ် ဘယ်လိုဆုံးမရမှာလဲ"

"နည်းနည်းပါးပါးပါပဲဗျာ၊ ပြောရရင် - ကျွန်တော့်ချစ်သူ မေထားနဲ့ လက်တွဲရအောင် လုပ်ပေးဖို့ပါ"

"ဒါဆို - ကျုပ်ပြောမယ်၊ ကျုပ်ကို"

ကျုပ်က စကားမပြောတော့ဘူး၊ လက်မနဲ့ လက်ညှိုးကို ပိုင်းပြပြီး လက်ဆယ်ချောင်း ထောင်ပြလိုက်တယ်၊ ကိုသော်က ကျုပ်ကိုကြည့်ပြီး အံ့အားသင့်သွားတယ်၊

"ကြေးမများဘူးလား - ကိုဖိုးထင်၊ ဆုံးမရုံလေးသက်သက်ပဲ မဟုတ်လား"

"ကိုသော်ပြောသလို ကျုပ်ဘက်က ဆုံးမပေးဖို့ပါ၊ တကယ်လို့ပြဿနာဆိုရင် ဘယ်သူဝင်ရှင်းမလဲ၊ ကျုပ်ကိုယ်တိုင်ပဲ ရှင်းရမှာမဟုတ်လား"

ကျုပ်စကားကြားတော့ ကိုသော် ငိုင်တွေသွားတယ်၊ ဟုတ်တယ်လေ၊ ကျုပ် မပြောလို့မဖြစ်ဘူး၊ ခုကိစ္စက ငွေကြေးထက် ကျုပ်ဘဝကို ရင်းနှီးပြီး လုပ်ရမဲ့အလုပ်၊

"အင်းလေ - ခင်ဗျားဘက်ကကြည့်ရင် မှန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

ကိုသော်က ကျုပ်ကို လေးတွဲစွာပြောပြီး အမှောင်ထု သိပ်သည်းပြီးနေတဲ့ လမ်းမကြီးကို ငေးကြည့်နေတယ်၊

"ကျုပ်ပြောတဲ့ကြေးရရင် ကျုပ်လုပ်မယ်၊ မရရင် - ကျုပ် ပြန်မယ်"

ကျုပ်စကားကြားတော့ ကိုသော် သဘောကျစွာ ပြုံးပြီး လက်ဆွဲအိတ်ထဲက ပိုက်ဆံတစ်ထပ်ကို စားပွဲခုံပေါ် တင်လိုက်တယ်၊

"ကိုဖိုးထင်ရဲ့စိတ်ဓာတ်ကို အတော်ကြိုက်သွားပြီ၊ ပြောရရင်တော့ဗျာ၊ ကျွန်တော် ရှုံမုန်းတဲ့လူတစ်ယောက်အတွက် ပိုက်ဆံဘယ်လောက်ကုန်ကုန် ကျွန်တော် ခံနိုင်တယ်၊ ပြောရရင် - အပြတ်ရှင်းပေးဖို့ပဲ - ကိုဖိုးထင်"

"ဗျာ - ကိုသော် - ကျုပ် - ကျုပ်ဘက်က အပြတ်ရှင်းပေးရမယ်"

"သိပ်အံ့ဩသွားပြီလား - ကိုဖိုးထင်၊ ကျွန်တော့်ဘက်က ကိုဖိုးထင်လိုအပ်တဲ့ငွေကြေးပေးသလို၊ ကိုဖိုးထင်ဘက်ကလည်း ကျွန်တော့်ဆန္ဒကို ဖြည့်ဆည်းပေးရမယ် မဟုတ်လား၊ ရော့ - ဒီလူက ကျုပ်ဘဝကို ဖျက်ဆီးခဲ့တဲ့လူပဲဗျ"

ကိုသော်က လက်ဆွဲအိတ်ထဲက အရာတစ်ခုကို ထုတ်ပြီး ကျုပ်ကို လှမ်းပေးလို့ ကျုပ်ယူပြီး ကမန်းကတန်းကြည့်လိုက်မိတယ်၊ ကျုပ်ကြည့်ရင်း ကျုပ်ရင်တွေ တဒိန်းဒိန်း မြည်အောင် အလိုလို ခုန်သွားမိတယ်၊

ကိုသော်ကတော့ သူ့တွက်ကိန်းနဲ့သူ ဝမ်းသာနေပေမယ့် ဝမ်းမသာနိုင်သူက ကျုပ်၊ ကျုပ် ဘာတွေဆက်လုပ်ရမယ်ဆိုတာ မတွေးနိုင်အောင် စိတ်တွေ ချောက်ချားနေမိတယ်၊ ခင်ဗျားပဲ စဉ်းစားကြည့်လေဗျာ၊

တစ်ဖက်လူက ဝမ်းသာအားရဖြစ်မယ့်ကိစ္စ၊ နောက်တစ်ဖက်က ဝမ်းနည်းကြေကွဲရမယ့်အဖြစ်၊ ကျုပ် စားပွဲခုံပေါ်က ပိုက်ဆံထုပ်ကို တစ်လှည့် ကိုသော့်ကိုတစ်လှည့် ကြည့်ပြီး ချီတုံ၊ ချတုံ ဖြစ်နေမိတယ်၊


"ဒီလိုလုပ်ဗျာ - ကျုပ်ကို ဒီကိစ္စအတွက် စဉ်းစားခွင့်ပေးဗျာ"



"ကျွန်တော် ပေးပါတယ် - ကိုဖိုးထင်၊ ဒါပေမဲ့ - ကိုဖိုးထင်ဘက်က ကတိတည်ဖို့တော့ လိုတယ်နော်၊ ခု - ကိုဖိုးထင်လုပ်ရမယ့်အလုပ်က အလွယ်လေးပါ၊ အဲ - ကိုဖိုးထင်ဘက်က ကတိမတည်ခဲ့ရင်"

ကိုသော့်ရဲ့ရုတ်တရက်တင်းမာခက်ထန်သွားတဲ့မျက်နှာနဲ့အတူ လှုပ်ရှားသွားတဲ့အရာတစ်ခု ကျုပ် သတိပြုလိုက်မိတယ်၊ ကျုပ်က လူမိုက်နာမည်ပြီး ငွေကြေးရဖို့ လုပ်ခဲ့ပေမယ့် ခုလိုအဖြစ်မျိုး မတွေ့ဘူးခဲ့တာ အမှန်၊

"ကျုပ် - ကိုသော့်ကို သုံးလေးရက်အတွင်း အဖြေပေးမယ်၊ ကျုပ် ပြန်မယ်"






www.burmeseclassic.com

www.burmeseclassic.com

"နေ – နေပါဦး – ကိုဖိုးထင်၊ ကိုဖိုးထင်မှာ ငွေကြေးလိုအပ်နေမှန်း ကျွန်တော်သိတယ်၊ ရှေ့ဗျာ – ကျွန်တော့်ကို ဘယ်လိုမှ သဘောမထားပါနဲ့"

ကိုသော်က စားပွဲခုံပေါ်မှာ တင်ထားတဲ့ ပိုက်ဆံထုပ်တစ်ထုပ်ကိုယူပြီး ကျုပ်ကို လှမ်းပေးနေတာ၊ ကျုပ်ပြောခဲ့ပြီကောလားဗျာ၊ ကျုပ်ဘဝက အမြဲတမ်း ငွေကြေးလိုအပ်နေတဲ့သူ၊ ခု – ကိုသော် လှမ်းပေးနေတဲ့ပိုက်ဆံတလောလောဆယ် ကျုပ်ဘဝအတွက် အဆင်ပြေနိုင်တာ ကျုပ်အသိ၊ ကျုပ်ကိုသော့်ကို နှုတ်မဆက်နိုင်ပဲ စားသောက်ဆိုင်ထဲကနေ ကမန်းကတန်းထွက်လာမိတယ်၊

စားသောက်ဆိုင်အတွင်းဆီမှာ ကျုပ်အဖြစ်ကို သဘောကျပြီး ရယ်မောနေတဲ့ ကိုသော့်အသံ၊ လူမိုက်ဆိုတဲ့ကျုပ်ကိုပဲ လှောင်ပြီးရယ်နေတာလားဒါမှမဟုတ် – ကိုသော် ကျုပ်ကိုပြခဲ့တဲ့ဓာတ်ပုံထဲက လူလား၊

ဟုတ်တယ်လေဗျာ၊ ကိုသော် – ကျုပ်ကိုပြခဲ့တဲ့ဓာတ်ပုံထဲကလူက ကျုပ်ရဲ့ညီ အရင်းခေါက်ခေါက်၊ ခင်ဗျား အံ့သြသွားပြီလား၊ ခင်ဗျားမပြောနဲ့ ကံကြမ္မာလှည့်စားချက်နဲ့ ကြုံတွေ့ရတဲ့ ကျုပ်အဖြစ်ကိုတောင် ကျုပ် အံ့ဩနေမိတာ အမှန်ပဲ၊

အဖြစ်မှန်ကို ပြောရရင် ကျုပ်နဲ့ တွေ့ခဲ့တဲ့ ကိုသော့်ဘဝမှာ ရှုံ့ရှာမှန်းထဲတဲ့သူတစ်ယောက်ဆိုတာ ကျုပ်ညီ ကိုသော်နဲ့ မေထား ဘဝလက်တွဲဖို့ ရည်မှန်းချက်တွေထားခဲ့ကြတယ်၊ ဒါပေမဲ့ – ကိုသော်က မေထားမိဘတွေဘက်လိုအပ်တဲ့အရာအတွက် ဖြည့်ဆည်းမပေးနိုင်ခဲ့ဘူး၊

မေထားကလည်း ကိုသော်နဲ့ အမြန်ဆုံးနီးအောင် ကြိုးစားခိုင်းတယ်နောက်ဆုံး ကိုသော် ကြံရာမရဖြစ်ပြီး အချစ်အတွက် ဘဝကို မငဲ့ကွက်နိုင်မကောင်းမှု ကျူးလွန်ခဲ့လို့ ထောင်ကျခဲ့တာ၊

ထောင်ကထွက်ပြီး မေထားဆီ ပြန်ချဉ်းကပ်ခဲ့ပေမယ့် မေထားကလက်မခံတော့ဘူး၊ အဲဒီအချိန်မှာ မေထားမိဘက ကျုပ်ညီနဲ့ သဘောတူပေးစားဖို့စီစဉ်ခဲ့တာ၊ အဲဒါကြောင့် – ကိုသော်က သူ့အချစ်ကို လှည့်ဖြားတယ်ဆိုပြီး ကျုပ်ကို – ကျုပ်ကို၊



အဲဒါကြောင့် – ကျုပ် – ကိုသော့်အဖြစ်ကို သက်ဆိုင်ရာကို သတင်းပို့ပြီး ကျုပ်ညီနဲ့မေထား အဖြစ်မှန်ကို ပြောပြခဲ့တာ၊ ခုတော့ – ကျုပ်ပြောခဲ့သလိုပါပဲ၊ လူမိုက်နဲ့ငွေ အတူမနေဆိုတဲ့စကားလိုပဲ ကျုပ်ဘဝမှာ အမြဲတမ်းလိုအပ်နေတာကငွေ၊ ကျုပ်လိုပဲလူတွေဟာ အမြဲတမ်း လောဘ၊ ဒေါသ၊ မောဟတွေနဲ့ ရှာဖွေနေကြတာမဟုတ်လား၊

ဒါပေမဲ့ – ဒီငွေအတွက် သမ္မာအာဇီဝနလုံးသားနဲ့ ရှာဖွေနေကြတဲ့လူတွေအများကြီးရှိပါတယ်ဗျာ၊ ကျုပ်စကားကိုကြားတော့ ခင်ဗျားက အတော်ကြီးကျယ်တဲ့လူမိုက်စကားလို့ပြောဦးမလို့လား၊ ဟုတ်တယ်လေဗျာ၊ ကျုပ်တောင်ငွေနောက်ကို လောဘတကြီးလိုက်ခဲ့မိလို့ ဘဝတစ်ခုလုံး ပေးဆပ်ရမယ့်အဖြစ်က သီသီလေး လွတ်ခဲ့တာမဟုတ်လား၊

အမှန်ပြောရရင် – ကျုပ်နဲ့ စားသောက်ဆိုင်မှာ တွေ့ဆုံခဲ့တဲ့ကိုသော်က ကိုသော်အစစ် မဟုတ်ဘူးဗျ၊ အဲဒီကိုသော်အမည်ခံထားတဲ့လူက ကျုပ်ထက်မိုက်တဲ့လူမိုက်၊ ကိုသော်အစစ်ရဲ့ဂုဏ်ဖဲတစ်ချပ်၊ ကိုသော်နိုင်းလို့ လူမိုက်ထွန်းက ကျုပ်ကို တစ်ဆင့်ပြန်ပြီး လူမိုက်ငှားတာ၊

ကျုပ် လူမိုက်ထွန်းကို ဘာကြောင့်သိခွင့်ရခဲ့တာလဲဆိုရင် ကျုပ်ကိုပိုက်ဆံထုပ်ပေးရင်း တွေ့လိုက်ရတဲ့ ဘယ်ဘက်လက်သုံးချောင်းတိတိ ဓားခုတ်ခံရလို့ ပြတ်နေတာ၊ အဲဒါသာ – ကျုပ် ကြုံတင်ပြီး အသိ၊ သတိ မရှိခဲ့ရင်၊

အဲ – ကျုပ်ပြောစရာ ကျန်သေးတယ်၊ တစ်ည – လူမိုက်ထွန်း သူ့တပည့်တွေနဲ့ အမှုးလွန်ပြီး စိန်ခေါ်နေတုန်း ကျုပ်ညီ ဓားနဲ့ ဝင်ခုတ်ပြီး ထွက်ပြေးခဲ့တာ၊ ကျုပ်ညီရဲ့ဓားချက်ကြောင့်လူမိုက်ထွန်းလက်ပြတ်တယ်ဆိုတဲ့သတင်း၊ အကယ်၍သာ လူမိုက်ထွန်းက ဘယ်လက်ကိုကြည့်ကြည့်ပြီး ဓားနဲ့ ခုတ်ခဲ့တဲ့သူက ကျုပ်ညီပါလို့ အတိအကျသိသွားခဲ့ရင် ....၊

→ ဆက်ရန်

www.burmeseclassic.com

www.burmeseclassic.com



လောကတွင်
အတုအယောင်များက ရှေ့ဆုံးမှ
နေရာယူ မျက်နှာပွင့်လျက်ရှိရာ
ယင်းတို့ကို လှောင်ပြောင်
သရော်ထားသည့် ဆရာကြီး
ဆင်ဖြူကျွန်းအောင်သိန်း၏
ကလောင်ခွဲလက်ရာ ။

"မြန်မာစာပေ ...

လောကကြီးသည်ကား မဟာသမုဒ္ဒရာ၏ အံ့ဖွယ် ဘယ်နပါးဆိုလား နည်းတူ အံ့ဩဖွယ်ဖြင့်ပြည့်စုံကာ မဟာသမုဒ္ဒရာကဲ့သို့နက်ရှိုင်းရှုပ်ထွေးချေ ၏တကား" ဟူ၍ ကျွန်ုပ်တို့၏ ဇာတ်လိုက်ကြီး "ဆီပလင်းနှင်းအောင်" တွေးတောနေစဉ်တွင် သူ၏ကျောနားဆီမှ ရေမ်းချဉ်သီးသုပ်စားနေသောလူများ၏ မတိုးမကျယ် စကားသံကို ကြားရလေ၏။

"ဟား - ဂလက်ဒီယေးတားစာပေ ဆုရသွားတဲ့" သွားကလေးပေါ်အောင် ပြုံးနေသည့်မြန်မာ့ "လယ်မြေ" ဝတ္ထုဟာ စောလှကေသီရေးတာ မဟုတ်ဘူး ဆိုပါကလားဟေ"

"ဟုတ်ကဲ့"

(၁) ကျွန်ုပ်တို့၏ဇာတ်လိုက်ကြီး ဆီပုလင်းနှင်းအောင်ဟူသည်ကား တနင်္ဂနွေအစ၊ ရာဟုအဆုံးရှိသော ရှစ်ရက်သားသမီးတို့၏ အခက်အခဲ၊ အကြပ်အတည်းများကို ဆီသုတ်ပေးလိုက်သည့်အလား ချောမွေ့ပြေပြစ်အောင် ဆောင်ရွက်ပေးလေ့ရှိသော ပရဟိတသမားကြီးအား အလက်ဝ မြောက်စွာ မှည့်ခေါ်ထားသောအမည်၊

www.burmeseclassic.com

www.burmeseclassic.com

(၂) ကမ္ဘာပေါ်တွင် စာပေအနုပညာဆုတွေ များစွာရှိကြကုန်၏။ ပုလစ်ဇာဆုတဲ့၊ နိုဗဲဆုတဲ့၊ ဘာဆုတဲ့၊ ညာဆုတဲ့၊ ကွိကွဆုတဲ့။

အကြွင်းဆုတို့ ရှိပင် ရှိသော်လည်း ဆုရွေးချယ်ရေးအဖွဲ့ဝင် သူခမိန်တို့သည် မြန်မာစာ၊ ထိုင်းစာ၊ အင်ဒိုနီးရှားစာ၊ မလေးရှားစာ၊ ဖိလစ်ပိုင်စာ၊ ဗီယက်နမ်စာ၊ ကမ္ဘောဒီးယားစာ၊ လာအိုစာများကိုသာ ဖတ်တတ်သောကြောင့် အဲဒီဘာသာဖြင့် ရေးသားထုတ်ဝေသောစာများကို ခမျာများ မဖတ်နိုင်ရှာကြ။

ခမျာများသည် စပိန်စာ၊ အင်္ဂလိပ်စာ၊ ဂျာမန်စာ၊ ပြင်သစ်စာ၊ ရုရှားစာနှင့် ဟီးဗရူးစာဖြင့် ရေးသားသောစာများကိုသာ ဖတ်တတ်ကြရကား ထိုဘာသာဖြင့် ရေးသားထုတ်ဝေသောစာအုပ်များကိုသာ ဖတ်ရှုပြီး ဆုပေးနိုင်ရှာကြ၏။

ဒီမှာ အရှေ့တောင်အာရှသားများမှာ စာကောင်းပေကောင်း မထွက်သူများ၊ ယဉ်ကျေးမှု မထွန်းကားသူများအဖြစ်သို့ အရှောင်သက်သက် ရောက်ရှိသွားကြတော့၏။ ဒါကို မခံရပ်နိုင်သော အရှေ့တောင်အာရှသားများက ဂလက်ဒီယေးတားစာပေဆုဟူ၍အားကျမခံ။ ထပြီးတီထွင်ကြရာတွင်မြန်မာနိုင်ငံမှ အထက်ပါစာအုပ်ဖြင့် ပွဲဦးထွက် ဂလက်ဒီယေးတား စာပေဆုကြီးကို ဆွတ်ခူးသွားခဲ့၏။

ဂလက်ဒီယေးတား စာပေဆုကား ကြီးကျယ်လှ၏။

ဆုရသူသည် ဆုယူရန် တနိုယန်စကမြို့သို့ လေယာဉ်ပျံဖြင့် သွားရာတွင် အသွားအပြန် လေယာဉ်ခ မကုန်ကျပေ။ ဆုငွေမှာ ဒေါ်လာတစ်သောင်းရသည်။ ဒေါ်လာတစ်သောင်းဟူသည်မှာမြန်မာကျပ်သိန်း(၇၀)ကျော်နေပေရာ မြန်မာစာပေလောကသားများ ကျွက်စီကျွက်စီဖြစ်နေခြင်းကို အဆိုးဆိုနိုင်အံ့လော။

အဆိုးမဆိုနိုင်ပေသည့် စာပေဆု ရွေးချယ်သူများသည် အရှုပ်ထဲမှ အတွေးကိုမှရိုးသားစွာ ရွေးချယ်လိုက်မိသောအခါ အတွင်းသိ၊ အစင်းသိများကြားတွင် ပွစိပွစိ ဖြစ်ကုန်ကြလေ၏။ စာသမားတို့ ဆုံတတ်သော အရက်ဆိုင်အချို့၊ ဂဇော်ဆိုင်အချို့နှင့် လက်ဖက်ရည်ဆိုင်အချို့တွင် ဒီစာပေဆုအကြောင်းကိုချည်း ပြောဖြစ်မိကြလေ၏။



ဆီပလင်းနှင်းအောင်သည် ပန်းဆိုးတန်းလမ်း၊ ပဒေသာဇလင်အနီးရှိ မြင်းခွာရှက်သုပ်ဆိုင်တွင် နားအေးပါးအေး လာရောက်အနားယူတော့မှ ဒါတလိုအသံများကို ကြားရသည့်အတွက် "မြန်မာစာပေနယ်ပယ်ကြီးသည်ကား နက်ရှိုင်းရှုပ်ထွေးလှစွာ၏တကား" ဟူ၍ တွေးမိရခြင်း ဖြစ်လေပေ၏။

ခရမ်းချဉ်သီးသုပ်ဝိုင်းမှ ဆရာများသည် ဆီးရွက်သာသာ ပန်းကန်ထဲက ခရမ်းချဉ်သီးကို လုယက်စားသောက်ရင်း ဆက်လက်ပြီး တွတ်ထိုးနေကြပြန်၏။

"ဂလက်ဒီယေးတား စာပေဆုရသွားတဲ့ သွားကလေးပေါ်အောင် ပြုံးနေသော မြန်မာ့လယ်မြေဝတ္ထုကို စောလှကေသီရေးတာ မဟုတ်ဘူးဆိုတာကို လူတိုင်း သိပါတယ်ကွာ။ အဲဒါများ အဆန်းလုပ်ပြီး ..."

စုတ်ပြတ်ပေါင်းနွမ်းသောအဝတ်၊ ဖွရှုပ်နေသောဆံပင်၊ ညိုသောအသား၊ ချိုင့်သောနားထင်ရှိသည့် လက်ဘဲ့ဆရာ မောင်ဗျူဟက စိတ်မရှည်သံဖြင့် ပြောအပြီး၌ ဆေးပေါ့လိပ်ကို အငြိုးတကြီး ငုံ့ဖွာနေသည်တွင် ...

တာရေးဆရာ မသိက ...။

ရှည်လျားသောဆံပင်ဖြူ၊ တိုနံ့နံ့ မုတ်ဆိတ်ဖြူ၊ ပွယောင်းယောင်း မျက်နှာရှိပြီး တစ်ပတ်နွမ်း ကချင်လွယ်အိတ်အကောင်းစားကို လွယ်ထားသူ။ သူ့အပေါ်အင်္ကျီအိတ်ထဲမှာ သနပ်ဖက်ဆေးလိပ်လည်း ပါ၏။ ဆေးပြင်းလိပ်လည်း ပါ၏။ စီးကရက်လည်း ပါ၏။

ထိုသူကား တာရေးဆရာ မသိက ...။

မသိကသည် ရှေ့သို့ ကုန်းကိုင်းလိုက်ရင်း -

"ကိုယ်က မောင်ရင်တို့လောက် မသိတော့ မောင်ရင်တို့ ပြောသမျှတွေဟာ ကိုယ့်အတွက် ပဟေဠိဖြစ်နေတယ် - ဟဲဟဲ - ဟဲဟဲ၊ ကိုယ် မရှက်ပါဘူး။ ဒါ - အဟုတ်ပြောတာ"

"ဂဠုန်ရေ - ဒီသတ္တဝါကို ထပြီး ဖနောင့်နဲ့ ပေါက်လိုက်ရရင် မကောင်းဘူးလားဟေ့"

ကဗျာဆရာ မောင်ဗျူဟက တတိယလူအား အဖော်ညှိလိုက်ရာ -



www.burmeseclassic.com

www.burmeseclassic.com

"လုပ်မနေပါဘူးကွာ၊ ခွေးကို ဖနောင့်နဲ့ ပေါက်တာကမှ ဂိန်အော်သံ ကြားဦးမယ်၊ ဒီကောင်က ခွေးလောက်မှ ဗျတ္တိမရှိ၊ သတ္တိမရှိတော့ ထိုင်ပြီး ရှိုက်နိုးမှာ ..."

ဒါနယ် - အပြောခံရတော့မှ မှသိက ပြုံးရွှင်သွား၏။

"ကျေးဇူးတင်လိုက်တာကွာ၊ မောင်ရင်တို့နဲ့ တွေ့မှပဲ ငါ့အဆင့်ဟာ ခွေးအောက် နှစ်တောင်လောက်နိမ့်နေမှန်း သိတယ်၊ ကျေးဇူးပါပဲ - ဟဲငဲ ဟဲငဲ၊ ဒါထက် - ခုနကစကား ဆက်ပါဦး"

"ဂလက်ဒီယေးတား စာပေဆုရသွားတဲ့ စာရေးဆရာမ စောလှကေသီ ဟာ စာမတတ်ဘူး"

"ဗုဒ္ဓေါ"

ဗုဒ္ဓေါအော်လိုက်သူမှာ စာရေးဆရာမှသိက ဖြစ်ပါသော်လည်း ကြားထဲ က လန့်ဖျပ်ပြီး ထရပ်မိမတတ် ဖြစ်သွားသူမှာ ဆီပလင်းနှင်းအောင် ...။

ဒီအခါမှာ ဂဠုန်က ဝင်ရောက်ဖြေရှင်းရ၏။

"မင်းက ငအေတုံးဆိုတော့ ဘာမှသိမှာမဟုတ်ဘူး၊ ဒီတော့ - ငါရှင်းပြပါ ရစေ၊ နိုင်ငံတကာစာပေဆုရတဲ့စာအုပ်ကိုရေးတဲ့ စာရေးဆရာမရင့်မာကြီးကို စာမတတ်ဘူးပြောလိုက်တော့ ..."

"ဟယ်လီကော့ပတာဒလက်ကို အောက်က ထားပြီး ပျံတာမျိုး ...၊ လေယာဉ်ပျံ နောက်ပြန်ပျံတာမျိုး ..."

"ဒါထက်ဆိုးတာပေါ့ကွာ၊ စာမတတ်ပဲနဲ့ ဘယ်လိုလုပ်ပြီး စာရေးမလဲ၊ ဒီလို ဆိုရင် - ဘယ်လို လုပ်ပြီး စာရေးဆရာ ဖြစ်လာမလဲပေါ့၊ ဒီတော့ ဒီအကြောင်းပြောတဲ့အခါ ပြောတဲ့လူတောင် အရှုးထင်ခံရမှာစိုးလို့ မပြော ဝံ့ဘူးပေါ့"

"အင်းပေါ့ - အင်းပေါ့"

စာရေးဆရာ မှသိကလည်း ခေါင်းကို ဆတ်ကာ ဆတ်ကာ ညိတ်လိုက် ရာက -

"မောင်ရင်တို့ပြောလို့သာ ကြားရပေမယ့် ယုံရခက်ခက်၊ မယုံရခက်ခက် ပဲ - ဟီး - ဟီး - ဟင့်" ဟူ၍ ဆို၏။



"စောလှကေသီနဲ့ ငါ့သူငယ်ချင်း မှောင်နိုသူဌေး မောင်ဖိုးဖြူတို့ ရုံးတက် ပြီးလက်ထပ်တော့ ဘောပင်ကို တံတွေးဆွတ်ပြီး ကြက်ခြေခတ်တာ ဘယ် သူမှတ်သလဲ၊ စာရေးဆရာမကြီး စောလှကေသီလောင်းလျာ စောလှသီ ပေါ့ကွာ - ဟေး - ငေး - ဟေး - ငေး - ငေး"

မောင်ဇျွှသည် တစ်ထွာခန့်မြင့်သော ထိုင်ခုံကလေး တယိမ်းယိမ်း တယိုင်ယိုင်ဖြစ်အောင် တကျိုးကျိုး တကျိကျိမြည်အောင် ဖင်ဆောင့်၍ ဆောင်ရွက်၍ ရယ်၏၊ ထိုအခါဝယ် မှသိကသည် အိုစာခြင်းကို ထပ်မံသိဒ္ဓိ တင်သည့်အလား နဖူးကြောကို ရှုံ့၏၊ မျက်မှောင်ကြုံ့၏။

"မောင်ရင်တို့ဟာ ကိုယ့်ကို ပတ်နေကြတာတော့ မဟုတ်ပါဘူးနော်"

"မယုံလည်း နေကွာ ..."

"အာ - မယုံမရှိပါဘူး - ယုံပါတယ် - ယုံပါတယ်၊ စောလှကစောလှကေသီ ဖြစ်လာပုံကလေး ဆက်ပါဦး"

ထိုသို့ တောင်းပန်ရာက ဆိုင်တွင်းသို့ လည်ပင်းရှည်ပြီးလည်း "ဒူးယား လေး လိပ်ပေးပါ" အော်ခြင်းဖြင့် လာဘ်ထိုးသည့်အတွက် မောင်ဇျွှက ဆက် ပြော၏။

"မှောင်နိုသူဌေးကတော်ဆိုတော့ မှောင်နိုသမားအချင်းချင်းကသာ လူရာသွင်းတာပေါ့၊ ဒါကြောင့် - အဆင့်မြင့်တဲ့လောကထဲရောက်အောင် ဘာလုပ်မလဲ စဉ်းစားတော့ ဒုက္ခသည်အပေါင်း ငတိုငရှိအပေါင်း၊ ငနုတ်ငခွာ အပေါင်း မိုအောင်းရာ စာပေနယ်ကြီးကို အတွေ့မှာ ..."

စီးကရက်ရောက်လာသဖြင့် နွားငတ်ရေကျ သောက်သည့်အနိုက် စကားပြတ်သွားပြီးမှ ဆက်ပြောပြန်သည်မှာ -

"စောလှကေသီက ရာတန်ကြီးအင်းချပြီး အို့အို့မန္တန်ရွတ်ရင်း ဖနောင့်နဲ့ ပေါက်လိုက်တာ ဝုန်းခနဲ မီးထတောက်တယ်၊ မီးခိုးလည်း တိတ်သွားရော ဗိုက်ပူနံကား သွားခေါခေါနဲ့ ရှုံ့ဒိုးငါးကောင်ဒူးတုပ်လျက်သားကလေး ပေါ်လာ တယ်၊

"ဖဲရီး - ဖဲရီး - ဝန်းဒါးဖူးလာပါတလား"



www.burmeseclassic.com

www.burmeseclassic.com




"အဲဒီနောက်မှာ စောလုကေသီဆိုတဲ့ကလောင်တစ်ချောင်းဟာ နှစ်လတစ်အုပ်၊ သုံးလတစ်အုပ် မမှန့်တမှန်ကြီး စာအုပ်နယ်ပယ်မှာ ထွက်ပေါ်ကွန့်မြူးလာရာက အခုလိုဖြစ်လာတာပါပဲဗျား"

အဲဒီအခါတွင် မောင်မှုသိကက စောဒကတက်ပြန်၏။

"စောလုသီဟာ အစမူလ ပထမတုန်းက လုံးဝစာမတတ်ပေမဲ့ ရန်ကုန်တိုင်းအတွင်း စာမတတ်သူ လုံးဝပပျောက်ရေး ဆောင်ရွက်ချက်ဆိုတာကလည်း ပေါ်လာ၊ သင်ပြပုံ နည်းစနစ်တွေကလည်း ခေတ်မီလာတာဆိုတော့ ဒီအတောအတွင်းမှာစောလုသီ(ခေါ်)စောလုကေသီဟာစာတတ်မြောက်သူဖြစ်မလာနိုင်ဘူးလား"

ဤအမေးကို ဂျူနက ခေါင်းယမ်းကာ ဖြေ၏။ မောင်ဖျူ့ကမူ –



"သူ့ခမျာ ကလေးမွေးရတာနဲ့ ဗီစီဒီကြည့်ရတာနဲ့၊ ဖဲပိုင်းထိုင်ရတာနဲ့ စာမသင်အားရှာပါဘူးကွာ"

ဟု ရှင်းပြ၏။

◎◎◎

(၂၁)ရာစုဆီက လူတစ်ယောက်

ပြည့်ဖိုးမောက်လျှံနေသူတို့၏ ဂေဟာများကား သားနားရုံသာမဟုတ်၊ ခမ်းနားရုံသာမဟုတ်၊ ကြီးကျယ်ရုံသာမဟုတ်၊ အပိုတွေဖြိုးတီးမှုဖြင့်လည်း တန်ဆာဆင်ထား၏။

ယခုပင် စာရေးဆရာမ စောလုကေသီ၏ အိမ်ဂေဟာသို့ အရုပ်ချောက်ပေခန့်မြင့်၍ နှင်းကာမျက်မှန်ကြီး တပ်ထားကာ နွေခေါင်ခေါင် ဖပြိုလကြီးကို မြောက်ဝင်ရိုးစွန်းအမှတ်ဖြင့် လောင်းကုတ်ကြီးဝတ်၊ လက်အိတ်ကြီး စွပ်ရုံသာမက သက္ကလတ်ဦးထုပ်ပျော့ကြီးကိုလည်း (၁၈)ရာစုနှစ်ဦးက ဒေါက်ဂလက်ဖဲယားဘင့်တို့ပုံစံဖြင့် ဆောင်းထားသေး၏။

ထိုသူက မဟုတ်တာတွေ လုပ်လာသလို၊ တိုက်ထဲမှ ကလေးမတစ်ယောက်ကလည်း တံခါးဖွင့်မပေးဘဲ – "ဘာကိစ္စရှိပါသလဲ၊ ဘယ်သူ့ကိုတွေ့ချင်ပါသလဲ" မေးကာ ဧည့်သည်ထံမှ ရရှိသောအဖြေကို ယူဆောင်လျက် အတွင်းသို့ ဝင်သွားလေ၏။

တစ်မိနစ်တိတိကြာသွားသည်။

ဧည့်သည် သည်းခံတတ်သူ မဟုတ်၊ လျှပ်စစ်ခေါင်းလောင်းဘုကို အဆက်မပြတ် နှိပ်သည်၊ တိုက်ထဲတွင် ဒန်အိုးဆိုင် ကျွဲဝင်ခတ်သည့်အလား ဆူညံသွားလေ၏၊ စောစောက ကလေးမ ပြေးထွက်လာသည်၊ အားရုံဘက်မှလည်း လူ့ဘီလူးကြီးတစ်ယောက် ပြေးလာကာ – "ဘာဖြစ်တာလဲ" ဟု ကလေးမကို မေး၏။

"ဟောဟို ဧည့်သည်ကြီးလုပ်တာ"



www.burmeseclassic.com

www.burmeseclassic.com

"မိတ်ဆွေက ဘယ်သူလဲ - ဘယ်ကလဲ - ဘာကိစ္စလဲ၊ ဘာဖြစ်လို့ အခုလို အထိတ်တလန့် ဆူညံမှုဖြစ်အောင် လုပ်ရတာလဲ"

ညှိသည်က လူ့ဘီလူးကြီးကို လုံးဝအရေးမထားဘဲ ကလေးမကို မေး၏။

"ဘယ်လိုလဲ - မိန်းကလေး၊ ငါက အခုလိုပဲ တစ်သက်လုံး ရပ်နေရမှာလား"

"ဒီမယ် - ဒီမယ်"

လူ့ဘီလူးကြီးက ညှိသည်၏ပခုံးကိုနစ်ချက်ဆင့်လျက် လာပုတ်သည်။ ပုတ်သောလက် နေရာတကျ ပြန်မရောက်မီ ညှိသည်၏လက်သီး အုံးပုံနှင့် လက်ဝါးစောင်းများသည် လူ့ဘီလူးကြီး၏ ဝမ်းဗိုက်၊ မျက်နှာနှင့် ကုပ်ပေါ်သို့ ရက်ရောစွာ ရောက်ရှိသွားလေ၏။

"ကြောက်မနေနဲ့ - မိန်းကလေး၊ သေရေးရှင်ရေးတမျှအရေးကြီးတဲ့ကိစ္စကို ဆွေးနွေးရအောင်လာတာ၊ အလှူခံ မဟုတ်ဘူး၊ သွား - အခုချက်ချင်း မြန်မြန်သွားပြောချေ"

မိန်းကလေး တုန်တုန်ယင်ယင်ဖြင့် တိုက်ထဲသို့ဝင်သွားလျှင် ညှိသည်သည် ဟားဗားနားဆေးပြင်းလိပ်တစ်လိပ်ကို ထုတ်ယူပြီး ပါးစပ်တွင် ကိုက်ထား၏။ သို့စဉ်တွင် တိုက်ထဲမှလူတစ်ယောက် ထွက်လာ၏။ ယင်းသူနောက်တွင် ခုနက ကလေးမသည် ရိုရိုကလေး ပါလာ၏။ ယင်းသူသည် ပေါက်ထွက်လုနီးနီး ပွဖောင်းသောမျက်နှာကို ဘာရည်ရွယ်ချက်ဖြင့် ကြောင်ထားသည် မသိ၊ နေ့ခင်းကြောင်တောင်ကြီးတွင် အရိပ်ထဲ၌ နေကာမျက်မှန်ကြီး တပ်ထား၏။ မျက်စိစွေတာ လူမမြင်စေချင်လို့လား၊ မျက်လုံးတွင် တိမ်ရှိတာ လူမြင်မခံရဲလို့လား၊ တစ်ခုခုကြောင့်ပေါ့။

ငှင်းပြင် ယင်းသူသည် ရွှေဖရုံသီးတစ်လုံးနယ်ဝပြဲ၍ ငါးပေထက် မည်သည့်နည်းနှင့်မျှ ကျော်ပုံမပေါ်သော အရပ်အမောင်းရှိကာ သုံးပန်လုပ်ဟာဝေယံရှပ်နှင့် ဂျင်းဘောင်းဘီကိုဝတ်ထား၏။



ယင်းသူက တံခါးကို မေးငေါ့ပြသောအခါ ကလေးမက သံတံခါးကို ဖွင့်ပေးသည်။ ညှိသည်သည် - "ဝင်ပါ - ကြွပါ" မခေါ်ပဲနှင့် တိုက်ထဲဝင်လာကာ "ထိုင်ပါ" မပြောပဲနှင့် နစ်ယောက်ထိုင်ဆိုဖာတစ်လုံးတွင် ဝင်ထိုင်၏။

အိမ်ရှင်သည် ညှိသည်ရှေ့၌ ကားကားကြီးရပ်လျက် ခါးထောက်ကာ ခွဲပြီး စကားစ၏။

"ဆိုစမ်း"

"မွန်တို့ဌာနီ ရာမည သာစွနေပြည် သာစွနေပြည်၊ ထန်းပင်ထန်းရွက်ဆန်းလက်စီရီ၊ ကျိုက်မရောမြို့ဟာ သာယာလှပေသည်"

ညှိသည်က လက်ဖျောက်ကလေးတီးလျက် သံနေသံထားဖြင့်ဆိုနေရာ အိမ်ရှင်က ကုန်းအော်၏။

"ဘာပေါက်တာလဲ"

"ဆိုစမ်းဆိုဗျ"

အိမ်ရှင်သည် နှုတ်ခမ်းကို တင်းတင်းစေ့ထား၏။

"ဘာကိစ္စလဲ - ဘယ်သူလဲ"

"ငါ့နာမည်က ဆီပလင်းနင်းအောင်ပဲ၊ အခက်အခဲ အရှုပ်အထွေးတွေ ချောမောပြေပြစ်အောင် ကူညီလေ့ရှိသူ ..."

"ရှုပ်လင်း - ဟုတ်လား၊ ဘာရှုပ်လင်းလဲ"

"ငါလာတဲ့ကိစ္စကတော့ စာရေးဆရာအတု စောလှကေသီနဲ့ တွေ့ချင်လို့ လာတာပဲ၊ ဂလက်ဒီယေးတား စာပေဆုရတဲ့ငွေကို တောင်းခံချင်လို့ ..."

"ဘာ" ဟူသည့် အော်သံနှင့်အတူ အိမ်သည်မှာ ငရဲမီးဖြင့် အပက်ခံရသူ ရှပ်ပျက်ဆင်းပျက် ဖြစ်သွားလေ၏။ ယင်းသည့် ရုပ်ပျက်မှုကို ဖုံးဖိရန် ဆေးရက်တစ်လိပ် ထုတ်လိုက်၏။ ဟားဗားနားဆေးပြင်းလိပ်ကြီး မီးမညှိရသေးပဲ ခဲထားသော ဆီပလင်းနင်းအောင်ကို မြင်ပါလျက် မီးခြစ်မပေး။

သည်တော့ - သူ့ကိုယ်သူ ဆီပလင်းနင်းအောင်ဟု မိတ်ဆက်ခဲ့သူသည် အိတ်ထဲမှ မီးခြစ်ဆံတစ်ချောင်းထုတ်ကာ လှပသောစားပွဲမျက်နှာပြင်ပေါ် ခြစ်ပြီး သူ၏ဆေးပြင်းလိပ်ကို မီးညှိသောက်၏။



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ့်လူ - ထွက်သွားရင်ကောင်းမယ်"

"စောလှသီ(ခေါ်)စောလှကေသီဟာ ၁၉၆၀ - ခု၊ ဇန်နဝါရီလ(၁၀)ရက်နေ့မှာ ဒေးဒရဲ၊ ဆူးကလပ်ရွာ၊ အဖဦးသာ၊ အမိ ဒေါ်ညွာတို့မှ မွေးတဲ့ သမီးဖြစ်ပြီး စာလုံးဝမတတ်ဘူး၊ ကနေ့ထက်ထိလည်း မတတ်ပါပဲနဲ့ (၁၀၁)လမ်းမှာနေတဲ့ စာရေးဆရာ စိန်ဆံထိုးရေးပေးတဲ့ စာမူတွေကို စောလှကေသီအမည်ခံ ထုတ်ဝေခဲ့တာ (၁၆)အုပ် ရှိသွားပြီ၊ မင်း - ဘာပြောချင်လဲ - ပြော"

အိမ်သည် ဦးတင်မောင်မြတ်မင်းမှာ ၎င်း၏နာမည်ကိုရော၊ ဇနီး၏ငယ်ကျိုးငယ်နာကိုပါဖော်ထုတ်သော ဆီပလင်းနှင်းအောင် အမည်ခံသူအား မုန်းတီးရွံရှာစွာ၊ ဖြုန်စွာ၊ တုန်စွာ စိုက်ကြည့်လျက် -

"ထားပါတော့လေ - တိုတိုပဲပြောပါ၊ ခင်ဗျား - ဘာလိုချင်လဲ"

မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်ကာ မေးသည်တွင် -

"ခင်ဗျားက ယဉ်ကျေးရင် ကျုပ်ကလည်း ယဉ်ကျေးဖို့အသင့်ပဲ၊ စာရေးဆရာမ စောလှကေသီ နာမည်ကြီးအောင် မှောင်ထဲက ကြိုးစားပမ်းစား ရေးပေးခဲ့တဲ့ စာရေးဆရာဦးစိန်ဆံထိုးဟာ အလွန်ဆင်းရဲနေပါတယ်၊ စောလှကေသီအနေနဲ့ ဆုယူဖို့ နိုင်ငံခြားကို သွားရတာ တစ်ခုတည်းနဲ့ပဲ အရှောင်မြတ်လှပါပြီ၊ အဲဒါကြောင့် စောလှကေသီ ဆုအဖြစ်ရတဲ့ ယူအက်စ်ဒေါ်လာ တစ်သိန်းကို မူရင်းစာရေးဆရာ စိန်ဆံထိုးကို ပေးပါ"

တင်မောင်မြတ်မင်း ပခုံးတွန့်လိုက်ကာ -

"ကောင်းပါပြီ - ကျွန်တော် - သွားပေးလိုက်ပါမယ်"

"ဆီပလင်းနှင်းအောင်ကို ဒီလိုဘတ်လို့ မရဘူးလေ၊ အခုလက်ငင်း မြန်မာကျပ်၊ ဂျပန်ယန်း၊ ယူအက်စ်ဒေါ်လာတစ်မျိုးမျိုး ပေးပါ၊ ကျုပ်ကိုမယုံရင် ခင်ဗျားကားနဲ့ လိုက်ပို့ပါ၊ ဘာလဲ - ငွေမရှိဘူး ပြောချင်သေးလို့လား"

"မပြောပါဘူးဗျာ - ပေးပါမယ်"

◎◎◎



## နတ်ပင် လူပင်လေလား

ဆံထိုးဆံညှပ်ဟူသည် လူ၏ဦးခေါင်းပေါ်က ဆံပင်တွင် နေရာပေးခြင်းခံရ၏၊ မြင့်သောနေရာ၊ မြတ်သောနေရာ ဟူလို၊

အေး - တို့ဆရာ စာရေးဆရာ စိန်ဆံထိုးမှာကား မြင့်သောနေရာ၊ မြတ်သောနေရာနှင့်တူ၍ သစ်ပင်ထိပ်ဖျားမှာပင် မနေရ၊ လမ်းထိပ်ကွမ်းယာဆိုင်ပေါင်းလိုလို၊ စက်ဘီးပြင်ဆိုင်လိုလို၊ အကြော်ဖိုပေါင်းလိုလို မပီမသ ခေတ်မကျသော တစ်ဖက်ရပ်တဲကလေးထဲတွင် နေရ၏၊

တစ်ဖက်ရပ်တဲဆိုပေသည့် အနံတစ်လံ၊ အလျားတစ်လံပင် ရှိပုံမရ၊ ဒါပေသည့်ပေါ့လေ၊ ရေမြောင်းထဲ ဆင်းပြီး မနေနိုင်၊ အမှိုက်ပုံးထဲ ဝင်မခွေနိုင်တော့လည်း ယခုနယ်ပင် နေရ၏၊

ဒါပေသည့် - တို့ဆရာမှာ အနေစုတ်သော်လည်း အင်အားက မနတ်၊ သားသမီးတစ်ကျိပ်ပြည့်ရန် နည်းနည်းသာ လိုတော့၏၊ ယခုလို မိုးတစိမ့်စိမ့်၊ နှင်းတစွက်စွက်ဖြစ်နေချိန်တွင် စိန်ဆံထိုးတို့ သားအမိ သားအဖမှာ တစ်ဖက်ရပ်တဲစုတ်ထဲတွင် လှုပ်ရှင်လှည့်ရှင်၍ပင် မရတော့ချေ၊

အရေးထဲတွင် ကလေးတွေက ထမင်းတောင်းကြ၏၊

"မင်းရှားမယ် - မင်းရှားမယ်"

"အမေ - ထမင်းဆာတယ်"

ကလေးနှစ်ယောက် ရှေ့ဆင့်နောက်ဆင့် ပူဆာလိုက်ရာ -

"အပင်းဆို့ဖို့ ဘယ်နေရာသွားပြီး ထမင်းအိုးတည်မှာလဲ ဟင်၊ မြေကြီးနှက်ပေါက်နေတာ မမြင်ဘူးလား"

စာရေးဆရာဇနီးပီသစွာ နားဝင်ပီယံဖြစ်စဖွယ် ပြောလိုက်ရာ စာရေးဆရာသားပီပီ မျက်နှာပြောင်သော အလတ်ကောင်က -

"အင်းယားလိပ်မှာ သွားစားကြတာပေါ့ - အမေရာ"

"အင်းယားလိပ်ကိုသွားတဲ့လမ်းဘေးက မြက်တွေပဲ နင် သွားစား"

"မင်းရှားမယ်၊ အမေ - ထမင်းဆာတယ်၊ မန်မန် - မန်မန်"

ကလေးသုံးယောက်ကလည်း ပြိုင်တူထအော်ပြန်ရာ ဆရာ ဦးဆံထိုးနေသာတော့ပေ၊



www.burmeseclassic.com

www.burmeseclassic.com

"သားကြီးရေ - မီးသွေးမီးဖိုကို အောက်ချပြီး မီးမွှေးဟေ့၊ အဖေ - ထီးမိုးပေးမယ်"

"အဖေကလဲဗျာ၊ စိုတီးစိုစွတ်နဲ့ - ဒုက္ခခံပြီး ချက်မနေစမ်းပါနဲ့ဗျာ၊ မြို့ထဲသွားပြီး ဆရာကြီးထမင်းဆိုင်မှာ ဝယ်စားရအောင်ပါ"

"နင့်အဖေရဲ့ဝင်ငွေနဲ့ ထမင်းဆိုင်မှာ ထမင်းစားဖို့ဆိုတာ ဝေးလို့၊ ထမင်းဆိုင်က ထမင်းရည်တောင် ဝယ်မသောက်နိုင်ဘူး - မသာလေး"

ဒါကလို မဒမ်စိန်ဆံထိုး အပေါက်ဆိုးမှတ်နေစဉ် ဒေါ့ဂျစ်တစ်စီး သူတို့တဲစုတ်ပဲ့ရှေ့သို့ ရောက်လာ၏။ ကားရှေ့ပိုင်းမှာ မိုးရွာနေသဖြင့် အလင်းရောင်အား နည်းနေမိုက်မှာပင် နှင်းကာမျက်မှန်ကြီး တပ်ထားသော သဏ္ဍာလတ်ဦးထုပ်ဆောင်းထားသည့် ဂရိတ်ကုတ်နှင့်လူတစ်ယောက် ဆင်းလာ၏။

"ဆရာစိန်ဆံထိုး - ရှိပါသလား ခင်ဗျား"

"ဟုတ်ကဲ့ - ကျုပ်ပါပဲ"

လူကသာ ရွှံ့ထဲကမီးဖိုကို ထီးစုတ်မိုးပေးနေရသော်လည်း အသံကမူ စိန်ထက်ပင် မာရျင်သေး။

"ကျွန်တော့်နာမည် ဆီပလင်းနှင်းအောင်ပါ"

"တကယ့်ဆီပလင်းဆိုရင် အသုံးဝင်တာပေါ့ဗျာ၊ နာမည်သက်သက်တော့ ဖွတ်ကြားပဲ"

"ပြီးတော့ - ဆရာ့ပရိသတ်ပါ"

"ဆိုင်မှာ ငှားဖတ်တဲ့ပရိသတ်လား၊ ကိုယ်ပိုင်ဝယ်ဖတ်တဲ့ပရိသတ်လား၊ ဘယ်လိုပရိသတ်ပဲဖြစ်ဖြစ်၊ ကျုပ်ပရိသတ်မှန်ရင် ငွေတစ်သောင်းလောက် ချေးခဲ့ပါ၊ နောက်ဘဝကျမှ ပြန်ဆပ်ပါ့မယ်"

အကွက်ဝင်လာသည့်အတွက် ဆီပလင်းနှင်းအောင် ပြုံးလိုက်ကာ -

"ငွေတော့ အိမ်ကျမှ ယူပါ - ဆရာ၊ အခုလတ်တလောမှာတော့ အနေအထိုင် ဆင်းရဲလှပါတယ် - ဆရာ၊ ကျွန်တော်တို့တိုက်မှာ အခမဲ့လိုက်ပြီးနေလှည့်ပါ"

စာရေးဆရာ စိန်ဆံထိုး ရှာခနဲ လှည့်ကြည့်ပြီး -



"ဟော့ကောင် ခွေးသား - ဘာလာပြီးနောက်နေတာလဲ၊ ဒကာ်ရာမပေါ်ဘဲ သေသွားချင်လို့လား၊ အခုထွက်သွား"

"နောက်တာမဟုတ်ပါဘူး - ဆရာ၊ ဆရာ့အိမ်ထောင်ပြောင်းဖို့ကိုတစ်ပါတည်း ကားခေါ်လာပါတယ်၊ ကဲ - ကဲ - ကလေးတို့ - ပစ္စည်းပစ္စယတွေကို ကားပေါ်တင်ကြ၊ မင်းတို့လည်း တက်ကြ"

ဒီတစ်ဖက်ရပ် တဲစုတ်ပဲ့ကိုပစ်ပြီး သွားစရာ၊ နေစရာ မရှိသောကြောင့် အောင့်အည်းနေခဲ့ရသော ကလေးများမှာ နှစ်ခါမခေါ်ရ၊ စားအိုးစားခွက်နှင့် ပစ္စည်းပစ္စယတွေ ကားပေါ်တင်ပြီးနေပြီ၊ သို့ပေသည့် - အားနာစရာကောင်းချေစွ၊ လူကိုးယောက်ရှိသော အိမ်ထောင်တစ်ခုပြောင်းတာ ဒေါ့ဂျစ်တစ်စီး ချောင်ချောင်လေး။

ဒေါ့ဂျစ်သည်တစ်ခဏသာမောင်း၏။ မကြာမီကျောက်မြောင်းရပ်ကွက်အတွင်းပိုင်း လမ်းတစ်လမ်းတွင် ရပ်၏။ ဆီပလင်းနှင်းအောင်က ဦးဆုံးဆင်းသွားကာ တိုက်တံခါးကို ဖွင့်ပြီးလျှင် -

"ကလေးတို့ လာကြဟေ့ - ဝင်ကြဟေ့၊ ဆရာကတော်ခင်ဗျား - မီးဖိုထဲမှာ မီးသွေးမီးဖိုမီးသွေးနဲ့ လျှပ်စစ်ပေါင်းအိုး၊ လျှပ်စစ်မီးဖိုတို့အပြင် ဆန်ဆီဆား၊ ငါးပိငါးခြောက်၊ ပုစွန်ခြောက်၊ ငါးငံပြာရည်၊ ကြက်သွန်ဖြူနီ၊ ငရုတ်သီးအမှုန့်အခြောက်၊ ဂျင်း၊ မဆလာ၊ အချိုမှုန့်၊ အိုးခွက်ပန်းကန်၊ ဓားကအစ အားလုံး အပြည့်အစုံ ရှိပါတယ်၊ ကလေးတွေ ဆာနေဟန်တူပါရဲ့"

အပေါက်ဆိုးလှသော မဒမ်စိန်ဆံထိုးမှာလည်း ယခုအခါတွင်ပြုံးရလွန်းသဖြင့် ပါးစပ်ညာဘက်အစွန်းနှင့် ဘယ်ဘက်အစွန်းတို့ နောက်စေ့တွင် ထိမိဆက်မိမှာ စိုးရိမ်နေရပြီ၊ ကလေးတွေ ဝုန်းဒိုင်းကြဲလျက် ပြေးဝင်သွားကြ၏။ သူတို့နောက်မှာ စိန်ဆံထိုးနှင့် ဆီပလင်းနှင်းအောင်၊ ဆီပလင်းနှင်းအောင်က စားပွဲတွင် ဝင်ထိုင်ရင်း စားပွဲအောက်မှ စာချုပ်တစ်ခု ထုတ်ပေး၏။

"ဒီနေ့ ဒီအချိန်ကစပြီး တစ်ဖက်ရပ်တဲကလေးကို ဆရာ ပြန်မရောက်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

စားပွဲအောက်တွင် အသင့်ထားသော တိုက်ခန်းဝယ်စာချုပ်နှင့် သိန်းတစ်ရာခန့်ရှိမည်ထင်ရသော မြန်မာကျပ်ငွေအထုပ်များကို ဆီပလင်းနင်းအောင်က စားပွဲပေါ်တင်ပေးလိုက်ပြီး -

"ကျွန်တော် -ပြန်ပါဦးမယ် - ဆရာ"

ဆီပလင်းနင်းအောင် ဦးညွတ်ထွက်သွားသောအခါ စာရေးဆရာမှာ အူကြောင်ကြောင်ဖြစ်လျက် ကျန်ခဲ့၏၊ နားထောင်စရာ ရေဒီယိုမရှိ၊ ဖော်ရွေ သတင်းစာလည်းနိမ့်ဟေးဖြစ်နေသော စာရေးဆရာသည်ဂလက်ဒီယေးဘား ဆုကို စောလှကေသီ ရကြောင်းကိုလည်း မသိပေ၊

ထိုအခါတွင် မိမိ၏ပြောင်းလွဲမှုမှာ စောလှကေသီနှင့်ပတ်သက်ကြောင်း လည်း မသိပေ၊ သို့ဖြစ်သဖြင့် စိတ်ထဲတွင် တနုံ့နုံ့ဖြစ်နေခဲ့ရာ - "ဘို - စိတ်မနှံ့ တဲ့လူတစ်ယောက်က ထင်မိထင်ရာ လျှောက်လုပ်တာနေမှာပါ" ဟု ဆုံးဖြတ် လိုက်တော့မှ စာရေးဆရာ စိန်ဆံထိုး၏ကိုယ်တွင်း သွေးလည်ပတ်မှုနှုန်းမှာ ပုံမှန်ပြန်ဖြစ်သွားလေ၏၊

→ ဓူနီစီယားချင်းအောင်




www.burmeseclassic.com

www.burmeseclassic.com

မည်သို့ပင်
အဖြင်သဏ္ဍာန်
ပြောင်းလဲပါစေ
အတွင်းစိတ်သဏ္ဍာန်က
ပြောင်းလဲမှု မရှိပုံကို
ထူးခြားစွာ ဖွဲ့ဆိုထားသည့် ။

## ဝန်းကျင်က ... သာယာနေသည်။

သာယာနေသည်ဟု ထင်နေမိသောသူ၏မျက်ဝန်းများသည် မှုန်ဝါးနေ ဆဲသာဖြစ်သည်။ သူသည် ထူးခြားသောဝန်းကျင်ကို ကြည့်ရင်းရှိုသည် ကြည့်စမ်း - ခပ်မြင့်မြင့်တောင်တန်းတွေ၊ စိမ်းစိုနေသောတောတန်းတွေ ချုံပုတ်တွေ၊ သစ်ပင်ကြီးငယ်တွေ၊ လျှိုမြောင်တွေ၊ ဒါတွေအားလုံးကို သူ ကြည့်နေသည်။

တကယ်တော့ - သူသည် တောင်ကုန်းဆိုတာ မသိ၊ တောတန်းကြီး တာ မသိ၊ သူရပ်တည်နေသည့်အရာကို မြေကြီးဆိုတာ မသိ၊ သူ့အထက် ပြာလဲ့လဲ့ကို ကောင်းကင်ဆိုတာလည်း သူ မသိ၊ ပြီးတော့ - လျှိုမြောင်၊ ချောင်း မြောင်းဆိုတာ၊ စိမ်းစိုတယ်လို့လည်း သူ မသိ၊ သူ သိသည်က သူသည် အကောင်တစ်ကောင်ဖြစ်သည်ကိုသာသိသည်၊ သူလှုပ်ရှားလို့ရသည်ကို သိသည်၊ သူ့မျက်လုံးတွေက အရာအားလုံးကို မြင်နိုင်စွမ်းရှိသည်ကို သိသည်၊ သူ့၌ပါသည့် ပါးစပ်ဆိုတာ ပိတ်လို့၊ ဖွင့်လို့ရသည်ကိုသာ သိသည် ပြီးတော့ - အသက်ရှူလို့ရသည့် နှာခေါင်းပေါက် ပါသည်ကိုသာ သိသည်

ဒါ - သူ့ခန္ဓာကိုယ်၊ ဒါ - သူ့မျက်လုံး၊ ပါးစပ်၊ နှာခေါင်းဆိုတာ သူ မသိခဲ့၊ သူ သိသည်က သူ့ခန္ဓာကိုယ်သည် ရှည်ရှည်မျောမျောဆိုတာ သိသည်၊ ရှည်ရှည် မျောမျောခန္ဓာကိုယ်သည် လှုပ်ရှားလို့ရသည်ကိုတော့ သိသည်၊ ဒါကြောင့် လည်း သူက သူ့ခန္ဓာရှည်မျောမျောကို လှုပ်ရှားကြည့်သည်၊ အမြီးပိုင်းခါးနှင့် ခေါင်းပိုင်းတို့ လှုပ်ရှားလို့ရသည်ကိုတော့ သူ သိသွားပြီ၊ ဒီတော့ - သူ ပျော် သွားသည်၊

ပျော်သွားလို့လည်း သူ မျက်လုံးများကို အားယူပြီး ဝန်းကျင်ကို ကြည့်နေ သည်က အငမ်းမရ၊ အသက်ရှူသည်ကိုလည်း တရှိုက်မက်မက်၊ သူ၏ နှစ်ခွ ပါသော ပါးစပ်ထဲကလျှာကိုလည်း ပြူတစ်ပြူတစ် လုပ်နေသည်က ခပ်သွက် သွက်၊ သူ သိသည်က သူ အသက်ရှင်နေသည်၊ လှုပ်ရှားရနေသည်ကို သိ သည်၊ လှုပ်ရှားရလို့လည်း သူ အသက်ရှင်နေသည်ဟု သူ့ကိုယ်သူ သိသည့် အချိန် သူသည် ကျေနပ်သွားသည်၊ လက်ရှိအချိန်မှာတော့ သူ့ကိုယ်ခန္ဓာ လှုပ်ရှားလို့ရသည်၊ ဝန်းကျင်ကို မြင်တွေ့နေရသည်ကိုသာ သိသေးသည်၊

သူသည် လူးလွန့်ရင်း ဝန်းကျင်ကို ထပ်ဆင့်အကဲခတ်လိုက်တော့ သူ့ သာတွေနှင့်အတူ သူနှင့်ရွယ်တူ၊ အရောင်တူအကောင်တွေကို တွေ့ရသည်၊ ဒီတော့ - သူတွေးသည်က ဒီနေရာဒီဝန်းကျင်၊ ဒီတောဒီတောင်၊ ဒီလျှိုမြောင်၊ အရပ်သည် သူ့မိဘတွေ၊ သူ့ဆွေမျိုးတွေ စည်ဆက်နေခဲ့သည့်တောတောင် ဆိုတာ သူသိသလိုလိုတော့ရှိသည်၊ သို့သော် ဒီအကြောင်းတွေက အရေး ကြီး သိဖို့မလိုသေး၊ သက်ရှိလောကမှာ သူရောက်လာသည်ဆိုကတည်းက လှုပ်ရှားလို့ရခြင်းကို သိရတော့ သူ ဝမ်းသာနေသည်၊

သူ့လိုပင် အကောင်ပေါက်စလေးများက သူ့လိုပင် ရှည်မျောမျောခန္ဓာ ကိုယ်နှင့် လှုပ်ရှားနေသည်ကို သတိပြုမိသည်၊ သူက ဟိုလှုပ် ဒီလှုပ်၊ ဟိုရွေ့ ဒီရွေ့ ဟိုတိုး ဒီတိုး၊ အခြားကောင်အပေါက်လေးတွေကလည်း သူ့လိုပင်၊

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းတည်ရာအရပ်ကို ရှေ့ရှု ရှေ့ကြည့်နေသည်။ မွေးကင်းစ သူတို့အဖွဲ့သည် သူ့လိုပင် ဝန်းကျင်ကို သွေးတိုးစမ်းနေကြသည်။ လောကကို သွေးတိုးစမ်းနေကြသည်။ သူတို့ကိုယ်သူတို့ သွေးတိုးစမ်းနေကြသည်လေ။

ဒီအထဲမှာ သူက အဆိုးဆုံး။ အကောင်ပေါက်လေးတွေအထဲ သူက အသန်မာဆုံး။ သူက အသွက်ဆုံးလို ဖြစ်နေသည်။

ဘာပဲဖြစ်ဖြစ်၊ သူသိသည်က သူ့ကိုမွေးပေးခဲ့သူရှိသည်၊ သူတို့နေသည့် ဝန်းကျင်ရှိသည်ကိုတော့ သူ သိနေပါသည်။

၃၃၃

သူ သိနေပါသည်။

သူသိနေသောအသိများသည် သူ သိသည်ကိုထပ်ပြီးသိသည့်အသိများနှင့် ပေါင်းလိုက်တော့ သူ သိနေသည့်များမှာ ပိုပြီး အသိကြွယ်လာသည်ဟု သူ သိရှိနားလည်လိုက်သည်။ သူ သိသည်က သူနှင့်အတူ သူ့လိုအကောင်များကို နံနက်ခင်းအချိန် နေထွက်အံ့ဆဲဆဲမှာ မွေးပေးခဲ့ကြသည်ကို သိပါသည်။ သူသည် နေမင်းဆိုတာ မသိ၊ မနက်ခင်း နေ့လယ်နှင့် ညနေဆိုတာ မသိ။ ပြီးတော့ - သူ့ကို မွေးပေးခဲ့သည့်မိဘဆိုတာ မသိ။

သူ သိသည်က သူ့ကိုယ်သူသာ သိသောအသိသာ ဖြစ်သည်။ သူသည် ဒီအသိနှင့် လူးလွန့်လှုပ်ရှားရင်းရှိသည်။ သူတို့နေသည့်နေရာကြီးသည် အပင်ကြီးငယ်တို့ လွှမ်းမိုးထားပြီး ချိုင့်ကြီးအနီးရှိသည့် လိုက်ဂူအတွင်း ဖြစ်သည်။ သူသည် လူးလွန့်ရင်းနှင့် လိုက်ဂူအတွင်း ကျောက်တုံးကျောက်ခဲတွေဆီ ရောက်သည်အထိ လူးလွန့်လာခဲ့သည်။ အခြားအကောင်တွေကလည်း သူတို့သွားချင်ရာသွားရင်း သူတို့ကိုယ်သူတို့ အားစမ်းနေသည်။

သူ သက်ရှိလောကထဲ ရောက်ခဲ့တာ သိပ်မကြာသေး။ အချိန်သည် သူ့ဘဝအတွက် အားထားရာ၊ မျှော်လင့်ရာ ဖက်တွယ်ထားရာဆိုတာ မသိ။ သူသည် ကြာလေ သန်မာလေ၊ လှုပ်ရှားလို့ ကောင်းလေလေ။



သည်တော့ - သူသည် ပိုပြီးသွက်နိုင်သမျှသွက်အောင် လှုပ်ရှားသည်။ လှုပ်ရှားရင်း သူသည် နောက်ပြန်လှည့်ပြီး ခေါင်းထောင်ကြည့်သည်။ တွေ့ရသည်က သူ့ကို မွေးပေး၊ ဥပေးခဲ့သည့်အမေ။ အမေဆိုတဲ့အမတစ်ကောင်။ သို့သော် သူ သိသည်က အမေဆိုတာကို မသိခြင်းဆိုသည့်အသိ။

"လူလေး - လူလေး - တော်တော့ - ပြန်လာခဲ့တော့၊ အားလုံး ပြန်လာခဲ့ကြတော့"

ရုတ်ကရက် သူ့အမေရဲ့အသံကိုကြားလိုက်ရသည်။ သူသည် ဘာ့ကြောင့်မှန်းမသိ၊ လူးလွန့်နေသော သူ့ခန္ဓာကိုယ်ရပ်တန့်လိုက်ပြီး နောက်ကြောင်းပြန်လှည့်လိုက်သည်။ နားလည်သည့်သဘောမျိုး။ သူ့လိုပဲ အခြားအကောင်တွေ အမေ့အနီး ပြန်လာကြသည်။

"လူလေးတို့ - အမေဆိုတာမင်းတို့ကိုဥဉပြီးမွေးပေးတဲ့သူက မောဒီက အမေဆိုတာပဲနော်"

"အမေ"

သူ အမေ့စကားအဆုံး အမေဟု ခေါ်ကြည့်မိသည်။ အလွန်ခေါ်ကောင်းသည့်စကားလေးနစ်လုံး။ ဩော် - လောကမှာ အမေဆိုတာ သားသမီးတွေကို မွေးပေးကြတာကိုး။ ဒါကြောင့် - အမေလို့ ခေါ်ခဲ့ကြတာကိုး။ သိပြီ - သူ သိသွားပြီ။

"အမေ - အမေ - ဟုတ်တယ် - အမေ"

သူ့ရင်ထဲ ကျေနပ်သွားသည်။ ပျော်ရွှင်သွားသည်။ သူ့မှာ အမေဆိုတာ ရှိတယ်ဆိုတာ သိသွားပြီ။ သူ - သူ့အမေအနား တွားသွားခဲ့ရင်း သူ့ခန္ဓာကိုယ်ကို ခွေလိုက်သည်။ အခြားအကောင်တွေကလည်း ခွေခွေလေးတွေနှင့် ငြိမ်နေသည်။ ဒါကိုကြည့်ရင်း အမေ ပျော်နေပုံရသည်။

သူ အမေ့ကိုကြည့်နေသည်။ ကြည့်ဆဲမှာပင် အမေသည် လူးလွန့်သွားသည်။ ကြီးမားသည့်၊ တုတ်ခဲသည့် ရှည်လွန်းသောခန္ဓာကိုယ်ကြီးကို ဆွဲချလိုက်သည်။ အမေ့ကိုကြည့်ရင်း သူ အံ့အားသင့်သွားသည်။ ကြည့်စမ်း



www.burmeseclassic.com

www.burmeseclassic.com

အမေ့ခန္ဓာကိုယ်ကြီးက မနည်းမနောပါလား။ ကြည့်ရတာ အားရလိုက်တာ၊ အားကျလိုက်တာ။

"ငါ - တစ်နေ့ - အမေ့လိုခန္ဓာကိုယ်မျိုး ဖြစ်လာမှာပဲ"

သူ ခွေရင်းတွေးသည်၊ ထိုအချိန် အမေက ပြောသည်၊

"သားတို့ - ဟို - ဂူပေါက်က လာနေတာ အဲဒါ - မင်းတို့ရဲ့အဖေ၊ အဖေဆိုတာပေါ့၊ ဖခင်ပေါ့ကွယ် - နော်"

အမေ့အသံကြောင့် သူ အခွေကိုဖြေပြီး အပေါက်ဝကို ကြည့်သည်၊

"အဖေ"

သူ့ပါးစပ်က အသံထွက်သွားသည်၊ အဖေတဲ့၊ စောစောက အမေတဲ့၊ ခုလည်း အဖေတဲ့၊ ဒါဆိုရင် - အဖေနဲ့အမေပေါ့၊ သူ အပေါက်ဝကနေ ဖြည်းဖြည်း ဝင်လာသည့်အဖေဆိုသူထံ ကြည့်သည်၊ ပိုပြီးအံ့အားသင့်ရသည်က အဖေသည် အမေ့ထက် ခန္ဓာကိုယ် တုတ်တုတ်ခဲခဲ ဖြစ်နေခြင်း။

သူ ကြည့်ဆဲမှာပင် အဖေသည် ပါးစပ်မှာ အစာတွေကို ကိုက်ခဲပြီး လာနေသည်ကို သူ သိသလိုလို။

"အဲဒါ - လူလေးတို့စားဖို့ မင်းတို့အဖေက စားစရာတွေ ယူလာတာလေ"

အမေက ပြောသည်၊ အမေပြောမှ စားစရာဆိုတာကို သတိရသည်၊ သူ့ဝမ်းသည် ဟာနေသည်၊ ဆာနေသည်ကို သတိထားမိသည်၊ သိသည်၊

"ကဲ - စားကြ"

အဖေက သူ့ပါးစပ်ထဲက စားစရာဆိုသည်များကို ချပေးသည်၊ ပြီးတော့ နောက်တစ်ခေါက် အပြင်ထွက်သွားပြန်သည်၊ အစာတွေ ပါလာသည်၊ စားကြဆိုပြီး ပြန်ထွက်သွားပြန်သည်၊ အစာတွေ လာပို့ပြန်သည်၊ အဖေပြန်လာတိုင်း စားစရာအကောင်တွေ ပါလာသည်၊ အမေပြောသည်မှာ စားစရာတွေက အကောင်တွေဖြစ်သည်၊ ဖားတွေ ပါသည်၊ ကြွက်တွေ ပါသည်၊ ငှက်တွေ ပါသည်၊ အခြားအကောင်တွေ ပါသည်၊



သူတို့အတွက် အစာရှာပေးသည့်အဖေက မောပန်းသွားပုံရသည်၊ အမေ့အနား ခွေနေသည်၊ အမေက သူတို့တစ်တွေကို စားပုံစားနည်း၊ ဝါးပုံဝါးနည်း၊ မျိုပုံမျိုနည်းကို သင်ပြသည်၊ သူတို့အားလုံး အမေ့စကားနားထောင်ရင်း ကျေနပ်နေကြသည်၊

တကယ်တော့ -

သူ - သူ့အဖေ၊ သူ့အမေနှင့် သူ့ပေါက်ဖော်တို့သည် မြွေဟုခေါ်သည့် သွားသွားသတ္တဝါတွေထဲမှာမှ တန်နိုးအကြီးဆုံး ငန်းတော်ကျားမြွေတွေပင် ဖြစ်သည်၊

သူတို့၏ ရှည်မျောမျောကိုယ်ပေါ်မှာတော့ အနက်တစ်ရစ်၊ အဝါတစ်ရစ်နှင့် ဆက်ကာဆက်ကာ ဖြစ်နေသည်က သိပ်ပြီးထူးခြားနေသည်လေ၊ သူတို့ကိုယ်ပေါ်က အဝါရောင်၊ အနက်ရောင်အရစ်များကို သူ သဘောကျသည်လေ၊ သဘာဝက လက်ဆောင်ပေးလာသည့် ထိုအရောင်တွေက သူ့အတွက် သူ့အမျိုးတွေအတွက် ဂုဏ်ယူစရာ မကောင်းပေဘူးလား။ ဒီတော့ သူ့အတွက် ဆိုတော့ သူ့အရောင်အဆင်းကို တမြတ်တနိုးနှင့် ရှိနေခဲ့သည်က နေ့စဉ်နဲ့ အမျှ။

သူ လောကထဲ ဝင်ဆန့်လာတာ ရက်ကြာခဲ့ပြီ။

ကြာလာပြီ၊

ـ ـ ـ

"ဟုတ်တယ် - သား။ ဒီဝန်းကျင်၊ ဒီတောတောင်ရေမြေမှာ သားတို့အဖေ ဟာ ခေါင်းဆောင်ပဲ။ မြွေတွေအားလုံးက ကြောက်ကြရတယ်၊ လန့်ကြရတယ်၊ အဖေ့ကို လန့်နေကြသလို၊ အမေ့ကိုလည်း လန့်ကြတယ်လေ၊ ပြောရမယ် ဆိုရင် ဒီဝန်းကျင်မှာ သားတို့အဖေက ခေါင်းဆောင်ပေါ့"

အမေက သူ့ကိုပြောသည်၊ သူ အသာနားထောင်သည်၊ တကယ်တော့ သူသည် မွေးကင်းစလို မဟုတ်တော့၊ တစ်ချိန်တုန်းကတော့ သူ့ခန္ဓာကိုယ်



www.burmeseclassic.com

www.burmeseclassic.com

ခပ်သေးသေး၊ ခပ်ရှည်ရှည်လေး။ ခုတော့ - အဖေနှင့်အမေ ရှာကျွေးတာစားပြီး သူ့ခန္ဓာကိုယ်သည်အတော်ကြီးထွားလာသည်၊ ဖွံ့ဖြိုးနေသည်၊ အဖေနှင့်အမေက တာဝန်ကျေသည်၊ မိဘ ပီသသည်၊ မိဘဝတ္တရား ကျေသည်လေ။

ဘယ်တော့ဖြစ်ဖြစ်၊ အဖေ အပြင်သွားပြီးလို့ ပြန်လာတိုင်း အစာတွေပါလာဆဲ၊ သူတို့တစ်တွေ အလုအယက် စားခဲ့ကြရဆဲ။ စားနည်း၊ ဝါးနည်း၊ မျိုနည်းကိုပါ အဖေပါပြပေးသည်၊ အမေကလည်း သင်ပေးသည်လေ၊ သင်ပေးသည့်အတိုင်း သူတို့ စားကြ၊ ဝါးကြ၊ မျိုကြသည်က နေ့စဉ်။

အဲဒါတင်မက အဖေက အစာရှာနည်းပါ သင်ပေးမည်ဟု ပြောခဲ့သည်၊ ခုအထိတော့ - အဖေက သွားရာခေါ်ပြီး အစာရှာနည်း သင်မပေးသေး၊ သူ အစာရှာချင်ပြီ၊ အစာရှာနည်း သင်ချင်ပြီ၊ တစ်ရက်ရက်တော့ သင်ပေးလိမ့်မည်ဟု သူ သိနေသည်၊ သင်ပေးမည့်ရက်ကို မျှော်နေမိသည်၊ ခုအထိတော့ အချိန်တန်စားရတာဆိုတော့ အသာပင် ရေသာခိုနေလိုက်သည်၊

"ဟောဟို - သားမြင်နေရတဲ့တောင်တန်းကြီးနဲ့ ဟိုတစ်ဖက်က တောအုပ်ကြီးအထိ သားရဲ့အဖေပိုင်တယ်၊ အဲဒီထဲက ရှိနေကြတဲ့မြွေတွေအားလုံးဟာ သားအဖေရဲ့အလုပ်အကျွေးပြုအကောင်တွေချည်းပဲ"

အမေ့စကားကို သူ နားမလည်၊ အမေ့ကို မေးမိသည်၊

"အလုပ်အကျွေးပြုဆိုတာ ဘာလဲဟင်"

"ဒီလိုသားရဲ့ - ဘယ်သတ္တဝါပဲဖြစ်ဖြစ် ခြေနှစ်ချောင်း၊ ခြေလေးချောင်း၊ အဲ - အမေတို့လို ခြေမရှိ လက်မရှိ၊ တွားသွားသတ္တဝါ - အဲဒီလိုသတ္တဝါတိုင်း ခေါင်းဆောင်ဆိုတာ ရှိတယ်၊ ရှိရတယ်၊ ထားကြတယ်၊ ထားရတယ်၊ ဒါမှလည်း အဆင်ပြေမှာ၊ ဖရိုဖရဲမဖြစ်မှာလေ၊ အဲဒါ - ခေါင်းဆောင်ရှိပြီဆိုရင် ကျန်တဲ့အကောင်တွေက တပည့်တွေပဲပေါ့၊ အလုပ်အကျွေးပြုတွေပဲပေါ့"

"ဒါဖြင့် - အမေပြတဲ့တောတန်းနဲ့ တောကြီးရဲ့အတွင်းမှာရှိတဲ့ မြွေဆိုတဲ့ သတ္တဝါတိုင်းက သားတို့အဖေရဲ့တပည့်၊ အလုပ်အကျွေးပြုတွေချည်းပဲပေါ့"

သူ အားရဝမ်းသာ ပြောမိသည်၊



"ဟုတ်တယ် - သား၊ ပြောရရင် - သားအဖေရဲ့အတွက်တင် မကပါဘူး၊ အမေရယ်၊ အခြားကလေးတွေရယ်၊ ပြောရရင် အမေတို့မိသားစုအတွက် အလုပ်အကျွေးပြုရတဲ့ကျေးကျွန်တွေပေါ့"

"ဟုတ်လား"

"အင်း"

သူ အမေနှင့် စကားကောင်းနေသည်၊ အခြားအကောင်တွေကတော့ အစာဝလို့ ဂူထဲမှာ ခွေနေကြပြီ၊ သူကတော့ အမေနှင့် ဂူအပြင်ထွက်ရင်း ဝန်းကျင်ကို စူးစမ်းရင်း စကားပြောနေမိသည်၊

"အဲဒါဆိုရင် - အဲဒီအလုပ်အကျွေးပြုကြရတဲ့ကျေးကျွန်တွေနဲ့ သားတွေ့ချင်တယ် - အမေ"

သူ့ဆန္ဒကိုဖွင့်ချပြလိုက်သည်၊ တကယ်လည်း အခြားအကောင်တွေကို တွေ့ချင်သည်၊ ခုချိန်ထိ ဂူထဲနေ၊ အဖေ ရှာလာတာ မျို၊ တစ်ခါတလေ ဂူပြင်ထွက်လို့အတောင်ပံပါသည့်အထက်မှာ ပျံနေသည့်ငှက်ဆိုတဲ့အကောင်မျိုးလောက်သာ သူ တွေ့ဖူးထားသည်လေ၊

"ဆန္ဒမစောနဲ့ - သား၊ အချိန်တန်ရင် တွေ့ကို တွေ့ရမှာ၊ သားအဖေက အချိန်မတန်သေးလို့ မပြသေးတာ၊ တစ်ရက်ရက် ပြပါလိမ့်မယ်ကွယ်"

အမေက ချော့ပြောသည်၊ သူ မကျေမနပ်တော့ ဖြစ်မိသည်၊ သို့သော် သူသည် ကျေနပ်ခဲ့သည်၊

"အဲဒီကျေးကျွန်တွေက အဖေ့ကို ဘယ်လိုဆက်ဆံကြ၊ လုပ်ကျွေးသမှုပြုကြတာလဲဟင်"

"ဒီလိုကွယ့် - အဖေ့အတွက်၊ အမေ့အတွက်၊ လူလေးတို့အတွက် အကြိုက်ဆုံးအစာကို ရှာပြီး ပေးဆပ်ရတယ်လေ၊ ရတဲ့အကောင်ကို ယူလာပြီး အဖေ့ရှေ့ချပေးရတယ်၊ အဖေ လိုချင်သလောက်ပေါ့၊ ရသလောက် ပို့ပေးကြရတာပေါ့၊ အဖေ မကျေနပ်ရင် အစာကို ထပ်ရှာပြီး ပို့ပေးကြရတာပေါ့ကွယ်၊ အဲ - အဲ - ကဲပါ - သားရယ်၊ နောက်ရက် - သား သိပါလိမ့်မယ်နော်၊



www.burmeseclassic.com

www.burmeseclassic.com

ခုတော့ - အဖေ့အရှိန်အဝါနဲ့ ကျေးကျွန်တွေ ပေးလာတဲ့အစာကိုပဲမျိုရင်း ကျေနပ်တော့ - ဟုတ်ပြီလား"

"ဟုတ်"

သူ ဘာမျှမမေးလိုတော့။ အမေနှင့်အတူ ဂူထဲ ပြန်ဝင်ခဲ့သည်။ ဂူထဲမှာတော့ ခပ်မှောင်မှောင်၊ အပြင်မှာတော့ နေရောင်ကြောင့် လင်းလင်းထိန်ထိန်။ တောရဲ့အရှင်၊ တောရဲ့သခင်၊ အများရဲ့ခေါင်းဆောင်လုပ်နေပြီး ဘာပြုလို့ ဂူထဲ အောင်းနေကြသနည်း။ ဒါလည်း သူ သိချင်သည်။ သို့သော် သူ မမေးမိတော့၊ ကိုယ့်ဘဝအတွက် လုံခြုံရေးကြောင့်လား၊ ဘာကြောင့်ပါလိမ့်။

ဂူထဲအဝင် မကြာခင်ပြန်လာသည့်အဖေ့ပါးစပ်ပြဲပြဲကြီးထဲမှာ အစာတွေက အပြည့်။ ဒါ - အဖေရှာလာတာလား၊ ကျေးကျွန်တွေ ဆက်သလို့ ယူလာတာလား။

သူ တွေးရင်း အဖေ့သားဖြစ်ရတာ၊ အမေ့သွေးဖြစ်ရတာ ကျေနပ်ရင်း သူ ကြည်နူးနေမိတာတော့ အမှန်။

ぷぷぷ

"လာ - သားကြီး"

အဖေက သူ့ကို သားကြီးဟု ခေါ်သည်။ ခေါ်ရာနောက် လိုက်လာသည်။ ဂူနှင့် အတော်ဝေးသည့်နေရာအရောက် ချုံတွေ၊ အပင်တွေ၊ ချိုင့်ကျင်းတွေ ကျော်ခဲ့သည်။ အဖေက ရှေ့က၊ သူက နောက်က။

မကြာ၊ အဖေက အပင်ကြီးတစ်ပင်အောက်မှာ ရပ်သည်။ သူလည်း ရပ်လိုက်သည်။ ပြီးတော့ - အဖေက သူ့ရဲ့ကြီးမားကျယ်ပြန့်သည့် ခေါင်းကြီးကို ထောင်လိုက်ပြီး ဘေးပတ်ပတ်လည်ကို စူးစူးရဲရဲကြည့်သည်။ နာခေါင်းပေါက်ကနေ၍ တရှူးရှူးအသံပြုသည်။ အသံက ဝန်းကျင်ကို ပျံ့လွင့်နေသည်။

"ဟင် ..."



သူ အဖေ့အပြုအမူ အဖေ့အသံကို ကြည့်နေဆဲမှာ ဘေးတွင်ရှိ ချုံပုတ်တွေ၊ ချိုင့်ကြီးချိုင့်အကြားတနေရာတောတွေထဲကနေ ထွက်လာသည့်အကောင်များကိုကြည့်ရင်း အံ့အားသင့်နေသည်။ ကြည့်စမ်း - ဒီအကောင်တွေက သူ့လိုပင် ရှည်ရှည်မျောမျောအကောင်တွေချည်း။ အကောင်ကြီးတာ၊ သေးတာ ကွာသည်၊ အရောင်အဆင်းကွာသည်။ အချို့အရောင်ကညိုညစ်ညစ်အရောင်၊ အချို့က ခပ်ညိုညိုအရောင်၊ အချို့က ခပ်ဝါဝါအရောင်၊ အချို့ အစိမ်းရောင်၊ အချို့က အကျားတွေ၊ အချို့က အကွက်တွေ။

ဒါ - အမေပြောခဲ့တဲ့၊ အဖေပြောခဲ့တဲ့ အဖေ့အလုပ်အကျွေးပြုတွေလား၊ အဖေ့ကျေးကျွန်တွေလား၊ အဖေ့တပည့်တွေလား။ အဖေ့ကိုကြောက်ရသည်ဆိုသောအကောင်တွေလား။

သူ ကြည့်ဆဲမှာပင် အဖေ့ကို အလုပ်အကျွေးပြုအကောင်တွေက အဖေရဲ့ရှေ့မှာ အဖေနှင့် မနီးမဝေးမှာ အပြေးတွားသွားလာကြရင်း ရပ်တန့်သွားကြသည်၊ သူ အံ့ဩနေမိသည်။ အကောင်အားလုံး တုတ်တုတ်မျှ မလှုပ်ဝံ့သည့်သဘောမျိုး။ အကောင်တွေက မနည်းမနော။

"အားလုံး - နားထောင် - ဒီတော၊ ဒီတောင်ရဲ့သခင်၊ မင်းတို့ရဲ့အရှင်သခင် ငါ နန်းတော်ကျားဘုရင်အနေနဲ့ မင်းတို့ကို ပြောစရာရှိလို့ ခေါ်တာပဲ။ မင်းတို့ အားလုံး ငါ့အတွက်၊ ငါ့မိသားစုအတွက် တာဝန်ကျေကြတယ်။ အစာဆိုရင် ငါကြိုက်တဲ့အကောင်တွေကို ရအောင်ရှာပြီး ဆက်သကြတယ်။ ရှိစေတော့၊ ငါပြောချင်တာက နောင်တစ်ချိန်မှာ ငါဘုရင်မွေးထားတဲ့ သားသမီးတွေထဲက ဟောဒီသားအကြီးဆုံးဟာ အသင်တို့ရဲ့ဘုရင် ဖြစ်လာလိမ့်မယ်ဆိုတာ ပြောထားချင်တယ်"

"ကောင်းပါပြီ - မြွေဘုရင်သခင်"

"လက်ခံပါတယ် - သခင်"

အဖေက ပြောသည်။ အားလုံးက သူ့ကိုကြည့်ပြီး အသံပြု လက်ခံကြသည်။ နောက်ထပ် အဖေက ပြောပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပြီ - ပြောချင်တာက ကိုယ့်တာဝန်ကိုယ်၊ ငါ့အတွက်၊ ငါ့မိသားစုအတွက် ငါလိုချင်၊ စားချင်တဲ့အစာကို အရှိန်နဲ့တစ်ပြေးညီ အမီပို့ကြ၊ မပို့ရင် အစာရှာမရရင် သိတဲ့အတိုင်း ကြီးလေးတဲ့အပြစ်ပေးခြင်း ခံရမယ်။ ငါဘုရင် ဘယ်လိုအပြစ်ပေးတယ်ဆိုတာ မင်းတို့အားလုံး သိတဲ့အတိုင်းပဲ၊ အစာမရှာနိုင်လို့အစာအကောင်ရဲ့အစား တာဝန်ပျက်တဲ့အကောင်က ငါရဲ့ခံတွင်းဝင်ပြီး ကိုယ်စား အစားခံရမယ်။ အဲသလိုပဲ - ငါ မျိုစားခဲ့ပြီးပြီ"

"သိပါတယ် - အရှင်သခင်"

"သိပါတယ်"

အဖေ့စကားအဆုံး အကောင်များက အော်ကြသည်။ နောက် ထိုအလုပ်အကျွေးပြုအကောင်များကို ပြန်လွှတ်လိုက်သည်။ အကောင်အားလုံး တစ်ချို့ထဲလစ်ကာ တောထဲ ဝင်ပြေးကြပြီ။ ဒီတော့ - သူနှင့်အဖေသာ ကျန်ရစ်သည်။

သူက မေးသည်။ ဒီအကောင်တွေရဲ့အမည်ကိုပေါ့၊ အဖေက ဖြေသည်။ အချို့က မြွေပွေး၊ အချို့က လင်းမြွေ၊ အချို့က ငန်းတဲ့၊ ငန်းပုပ်တဲ့။ ငန်းစောင်းတဲ့၊ အချို့က မြွေစိမ်းတဲ့၊ အမျိုးအမည်က စုံနေသည်။ ပြီးတော့ - သူ ဆက်မေးသည်။

"ဒါဖြင့် - ဒီကောင်တွေက အစာရှာမပေးနိုင်ရင် ပြင်းထန်တဲ့အပြစ်ပေးတယ်ဆိုတာက ဘယ်လိုလဲဟင်"

"ဒီလိုကွ - ငါ့အတွက်၊ ငါ့မိသားစုအတွက် အစာရှာမပေးနိုင်ရင်၊ အချိန်နောက်ကျရင် အဲဒီတာဝန်ပျက်တဲ့အကောင်ကို အဖေက မျိုတာပေါ့။ ငါက အသာလေး ပါးစပ်ဟနေရုံပဲ၊ သူ့ဘာသာ အဖေ့ပါးစပ်ထဲဝင်ပေါ့၊ ဒီတော့မှ အဖေက မျိုတာလေ။ တစ်ချိန်ချိန် သားကြီး တွေ့လာမှာပါ"

အဖေပြောသည်ကိုသူနားလည်သွားသည်၊ သိသွားပြီ။ အပြစ်ပေးတယ်ဆိုတာ တပည့်တွေကို ပါးစပ်ထဲ ဝင်ခိုင်းပြီး အစာအဖြစ် မျိုချခြင်းတဲ့။ ဒီတော့ ဤရွေ့ဤမျှ တန်ခိုးကြီး၊ ဘုန်းကံကြီးသော အဖေ့ဘဝကို သူ သဘောကျခဲ့သည်။ အားကျခဲ့သည်။ အဖေ့ကိုယ်စား သူ ဂုဏ်ယူမိသည်။ သို့ကြောင့် သူ ဘဝင်လေဟပ်ဖြစ်ရှင်ချင်၊



အဖေပြောသလို တစ်ချိန်ချိန်ဆိုသောနေ့ ရောက်ခဲ့ပြီ။ ထိုနေ့တ အကောင်တစ်ကောင်သည်အစာမရှာ့အဖေ့ဆီလာပြီးအမျိုခံရသည်။ အဖေက ပါးစပ်ဟပေးသည်၊ အကောင်က ဝင်သည်။ အဖေက မျိုသည်။ ဒီအဖြစ်ကို ပြဖို့အဖေက သူ့ကို ခေါ်ခဲ့သည်။ သူကလည်း ဒီလိုအဖြစ်မျိုးကိုကြည့်ဖို့ လိုက်ခဲ့သည်လေ၊ သူ အဖေ့လုပ်ရပ်ကိုကြည့်ရင်း သွားရည်ကျချင်ချင်၊ အရျင်းရျင်း မျိုတာ သိပ်အရသာရှိနေပြီလား။

န္ ၎ ၎

အရသာရှိသည်သောသဘောကို သူ သိသွားပြီ။ ထိုနေ့က အဖေသည် သူ့ကျေးကျွန်များ အစာလာပို့ရာနေရာသို့ သူ့ကို ခေါ်သွားသည်။ သူလည်း လိုက်ခဲ့သည်။ နေရာကိုရောက်တော့ သူနှင့် သက်တူလုံးပတ်တူ အကောင်တစ်ကောင်က အစာရှာမရကြောင်း ပြောသည်၊ အဖေက ကိုယ်စားခံစေဟု ပြောပြီး သူ့ကို ပါးစပ်ဟာခိုင်းလိုက်သည်၊

"သားကြီး - ပါးစပ်ဟထား"

"ဟုတ်ကဲ့ - အဖေ"

သူ သိပြီ၊ မျိုရတော့မည်။ အခြားအကောင်တွေ မျိုးစုံတော့ မျိုဖူးပြီ။ သူ့လိုအကောင် အမျိုးအနွယ်တူကိုတော့ မမျိုဘူးသေး။ အချင်းချင်းဆိုတော့ အရိုးအရေ၊ အသွေးအသား၊ အကြောက ချိုမည့်သဘော၊ သူက အမျိုခံမည့် အကောင်ကိုကြည့်နေမိသည်၊ သူ ပျော်နေသည်၊ ထိုအကောင် ပျော်၊ မပျော် ဝမ်းနည်း၊ မနည်းတော့ မသိ။ သူ မခံစားခဲ့၊ သိလည်း မသိချင်၊

သူ ပါးစပ်ဟလိုက်သည်၊ အမျိုခံရမည့်အကောင်က အဖေ့ရှေ့မှာ ခပ်ရှိုရှို လေးနှင့် ရှောင်ဖယ်ပြီး သူ့ပါးစပ်ထဲ ဝင်ဖို့လာသည်၊ သူ ဆတ်ခနဲ ဟလိုက်ပြီး အကောင်ရဲ့ခေါင်းကနေစပြီး မျိုသည်။ မျိုချဖို့ ကြိုးစားသည်။ အဖေက သူ့ကို ကြည့်ရင်း ကျေနပ်နေသည်။ အကောင်ကို ခေါင်း၊ ခါး၊ အမြီးပိုင်းအထိ သူ မျိုနိုင်ခဲ့ပြီ၊



www.burmeseclassic.com

www.burmeseclassic.com

"ဒါမှ ငါ့သား - ဒါမှ အဖေ့သား၊ ဟောဒီ တောတောင်အရပ်မှာ ငါ့သား အုပ်ချုပ်နိုင်ရမှာပေါ့ကွ"

အဖေက ပြောသည်။ တကယ်တော့ - ဒီလိုမျိုးခဲ့တာ၊ အဖေက ကိုယ်စားမျိုးနိုင်းခဲ့တာ ငါးကြိမ်တိတိ ရှိပြီ။ သူ ကျေနပ်ခဲ့သည်။ အဖေ့လုပ်ရပ်က ဒီအရပ်၊ ဒီဒေသမှာ ခေါင်းဆောင်၊ ဘုရင်ဟူသည် ကြီးမားသော မာန်မာနတွေနှင့် မပင်မပန်းပါပဲ အချိန်တန် ဆက်သရှာဖွေလာသည့်အစာကို သာမျိုးရင်း အသက်ဆက်ရှင်နေခဲ့သည်ကို။ ဒီတော့ - အားကျသည်၊ အားကျမိသည်။ ဒီရာထူးကို လိုချင်ပြီ။

နောက်တော့ - အဖေက သူ့ကို အတွေ့အကြုံသစ်ပေးပြီး အမျိုးခံတဲ့ဆီ မခေါ်တော့၊ အသက်ကင်းနေသည့် သက်မဲ့အကောင်များကိုသာမျိုးရင်း တဖြည်းဖြည်း အချိန်ကုန်ခဲ့သည်လေ။

သည့်အတွက် သူ ကျေနပ်ပါသည်။ နှစ်သိမ့်ပါသည်။ အဖေ့ဆီက ရာထူးကိုလည်း လုမယူချင်။ အဖေ့ကို ယှဉ်နိုင်သည့်အင်အားလုံးပတ်က မရှိသေး။ အဖေ့အနေနှင့် အချိန်တန်လျှင် ခေါင်းဆောင်ရာထူး ပေးမည်ပဲလေ။ ဒီတော့ အဖေ့ကို အန်တုယူဖို့ မကြိုးစားမိ၊ မကြိုးစားချင်။ လတ်တလောအခြေအနေက အဖေရှာကျွေးတာ စား၊ အမေဆုံးမတာကို နားထောင်ရင်း သူ နေပျော်သလို နေလာခဲ့သည်။

တစ်ရက် -

ထိုနေ့က အဖေ မရှိ။ ထုံးစံအတိုင်း အစာသွားယူနေပြီ။ အမေလည်း မောင်သားအချို့နှင့် ဂူအပြင်ရဲ့ ခပ်လှမ်းလှမ်းရှိ ရေအိုင်ဆီ သွားနေကြသည်။ သူက အမေနှင့် လိုက်မသွား။ သူ တစ်ကောင်တည်း။

သည်တော့ - သူ ပျင်းသည်။ ဂူအပြင် ထွက်ခဲ့သည်။ ဝန်းကျင်မှာတော့ နေရောင်ရဲ့လင်းလက်မှုကို တွေ့ရသည်။ စိမ်းစိုညိုမှိုင်းသော တောတောင်နှင့် ပြာလွင်သော ကောင်းကင်အကြား လှပမှုတွေဆီကို သူ့မျက်လုံးအစုံ ရောက်နေသည်။



"ဂီး ..."

ရုတ်တရက် အကောင်တစ်ကောင်၏အသံကို ကြားလိုက်ရသည်။ ဘာကောင်မှန်းတော့ မသိ။ အပင်တစ်ပင်ဆီက အသံဖြစ်သည်။ ထိုအပင်ကြီးက အကိုင်းအခက်အလက်များကြောင့် ကောင်းကောင်းမမြင်ရ။ အားလုံး မှုန်ဝါးဝါး။ အရွက်တွေကြောင့် ပိုပြီးမှောင်နေသည်ဟု ထင်ရသည်။

"ဂီး - ဂီး"

အကောင်က အပင်အမှောင်ထဲကနေပြီး ထပ်ဆင့်အသံပြုသည်။ သူ ဒေါသဖြစ်သွားသည်။ အသံနှင့် အကောင်နေရာအရပ်ကိုကြည့်ပြီး ခေါင်းဆောင်ဖြစ်တော့မည့် သူ့အနေနှင့် တောင်ပံပါသည့် ငှက်ဆိုသောအကောင်ဆိုတာ သိပါသည်။ ကောင်းကင်မှာ၊ လေထဲမှာ ပျံဝဲနေတတ်သည့်အကောင်တွေလေ။

နောက်ထပ် အသံပြုပြန်သည်၊ ဒီတော့ - သူ အသံပြုသည်။

"ဟေ့ - အသင်က ဘာကောင်လဲ"

"ကျွန်ုပ်က အတောင်၊ အမွေး၊ ခြေထောက်၊ နှုတ်သီးပါတဲ့ငှက် ဖြစ်တယ်"

ငှက်ဆိုသည့်အကောင်က ဖြေသည်။

"ဘာငှက်လဲ - ပြောစမ်း"

"ညငှက်၊ ငှက်ဆိုးလို့ခေါ်တဲ့ငှက်ပုပ်"

ငှက်ပုပ်က ဖြေသည်။ သူ မကျေနပ်သေး။

"ငါ့ကို သိရဲ့လား။ ငါ - ဘာကောင်လည်းဆိုတာ သိရဲ့လား - ငှက်ပုပ်"

"သိပါတယ်။ အသင်က သင့်အဖေမရှိတော့တဲ့နောက် ဒီတောဒီတောင်န်းကျင်မှာ မြွေဘုရင်ဖြစ်မယ်ဆိုတာ သိတယ်၊ သင်တို့က မြွေထဲမှာ ဘုရင်ဖြစ်တဲ့ ငန်းတော်ကျားမျိုးရိုးပါ"

ငှက်ပုပ်အဖြေကြောင့် သူကျေနပ်သွားသည်၊ သူ ကျေနပ်ပေမယ့် ငှက်ပုပ်ဆိုသည့်အကောင်ကို မမြင်ရ။ အပြင်ထွက်ပါဆိုတော့ ငှက်ပုပ်က ထွက်ပြီ၊ သူတို့ငှက်က ညပိုင်းကျမှ ထွက်သည့်အကြောင်း၊ နေ့ခင်းထွက်ပါက

www.burmeseclassic.com

အန္တရာယ်များကြောင်း ပြောလာသည်။ အကြောင်းပြချက် ခိုင်လုံသည်မို့ သူ ဆက်မပြောလိုတော့။

သို့သော် အနီ့ငှက်ပုပ်က ပြောလာသည်။

“အသင် ငန်းတော်ကျား - အသင့်ကို ပြောစရာရှိတယ်။ ကျွန်ုပ်ပြောမည့် အကြောင်းက သင့်အတွက် အရေးပါတယ် - နားထောင်လော့”

သူ့အတွက် အရေးကြီးသည့်စကား ပြောမည်ဆို၍ သူ စိတ်ဝင်စားသွားသည်၊ ငှက်ပုပ်က ပြောသည်။

“ဒီလိုပါ - ငန်းတော်ကျား မိတ်ဆွေ - အသင်တို့မျိုးရိုး၊ အသင်တို့မြွေမျိုး ဆိုတာ အချိန်တန်ရင် အသင်တို့ အပေါ်ယံမှာရှိတဲ့ အရေခွံကို လဲချွတ်ကြရ တယ်၊ အဲဒါ - အသင် သိပါရဲ့လား”

“မသိသေးဘူး - ငှက်ပုပ်”

ငှက်ပုပ်ပြောမှ သူ သတိထားမိသည်။ အရေခွံလဲသည်၊ ချွတ်ကြသည် ဆိုတာ သူ မကြုံဘူး။ သူကိုယ်တိုင်လည်း အရေခွံ မလဲဘူးသေး။

“ပြောပါ - ငှက်ပုပ်”

“ဒီလိုပါ - အသင့်အနေနဲ့ အခြားသူတွေ အရေခွံလဲတာကို သတိမပြုပါ နဲ့၊ အခြားအကောင်တွေ ဘာပဲဖြစ်ဖြစ် အသင် ငန်းတော်ကျားအနေနဲ့ အသင့် ရဲ့အရေခွံကို လဲလိုက်မယ်ဆိုရင် အသင်ဟာ ဒီဘဝကလည်း ပြောင်း၊ အခြား အကောင်တစ်မျိုးမျိုးဖြစ်ရင်လည်း ဖြစ်လိမ့်မယ်၊ ဒီတော့ - သင့်ရဲ့ အဝါနဲ့ အနက်နဲ့အလွန်လိုက်ဖက်တဲ့အရေခွံကို လှပအောင်၊ ထာဝရတည်တံ့အောင် ထိန်းပါ”

သူ တွေးမိသည်၊ သူတို့အမျိုးက အရေခွံလဲရတဲ့အမျိုးတဲ့၊ အချိန်တန်ရင် အရေခွံလဲသည်တဲ့၊ သူလည်း အချိန်ရောက်ရင် အရေခွံလဲရမည်တဲ့၊ သည် သို့ အရေခွံလဲပါက သူသည် ငန်းတော်ကျားဘဝက ပျောက်သွားပြီး အခြား ကောင်တစ်ကောင်ကောင် ဖြစ်သွားမည်တဲ့၊ ဒါဆိုလျှင် - သူသည် ဒီတော



ဒီတောင်မှာ ဒီဘဝမျိုးနှင့် ခေါင်းဆောင်အရှင်သခင် ဖြစ်တော့မည်မဟုတ်၊ သည်တော့ - ဘယ်လိုလုပ်မည်နည်း။

သူ မေးမိသည်၊

“အသင်ငှက်ပုပ် - ငါ အရေခွံလဲသွားရင် ငါ ဘယ်လိုအကောင်မျိုးဖြစ် မလဲ၊ အသင် - သိရဲ့လား”

“ကျွန်ုပ်တို့လို ငှက်၊ (ဒါမှမဟုတ်) အသင်တို့မျိုးနေတဲ့ အသင်တို့ရဲ့အစာ ဖြစ်တဲ့အကောင်လိုမျိုး ဖြစ်လိမ့်မယ်၊ အဲဒါ - သင့်အရေခွံကို ဂရုစိုက်ပြီး ထိန်း ပါတော့”

သူ တွေဝေသွားသည်၊ ငှက်ပုပ်ပြောသလို ဖြစ်မည်လား၊ တကယ်ဖြစ် မည်မို့ သတိပေးနေပြီလား၊ သူ တွေးရင်းရှိသည်၊ သူက ငှက်ပုပ်ရှိရာ အပင် ကြီးထက် ကြည့်သည်၊ ငှက်ပုပ်အသံ မကြားရတော့၊ သူက ခေါ်သံပြုသည်၊ ငှက်ပုပ်က အသံပြန်မပေး၊ နောက်ထပ် - သူ အသံပြုပြန်သည်၊ ငှက်ပုပ်က အသံမပေး၊

ထိုအချိန် အပင်ထက်မှနေ၍ ငှက်ပုပ်သည် ငိုးခနဲပျံရင်း ပြောသွားသည်၊

“အသင်ငန်းတော်ကျား - အသင့်စိတ်ဒွိဟဖြစ်မနေနဲ့၊ ကျွန်ုပ်ပြောစကား အမှန်ဖြစ်တယ်၊ အသင့်ကိုယ်သင် ဂရုစိုက်တော့”

ပြောရင်း ပျံသွားသည်၊ ခပ်ဝေးဝေးရှိသစ်ပင်ကြီးဆီ ငှက်ပုပ်နားသွားပြီ၊ ငှက်ပုပ်ဆီ မသွားချင်တော့၊ ဂူထဲ ပြန်ဝင်ခဲ့သည်၊

သူ တွေးသည်၊

“ငါ အရေခွံလဲလိုက်ရင် ဒီဘဝမှာ မနေရတော့ဘူး၊ အခြားအကောင် ကောင် ပြောင်းသွားမှာ၊ ငါ ခေါင်းဆောင်မဖြစ်ရတော့ဘူး၊ ကျေးကျွန် အကျွေးပြုသူတွေ ရှာကျွေးတဲ့အစာကို မျို မျိုရတော့မှာမဟုတ်ဘူး၊ တော့ - ဘာလုပ်မလဲ၊ ဘာလုပ်ရမလဲ”

တွေးရင်း စိတ်မသက်မသာနှင့် ပြင်းထန်သည့်ဝေဒနာကို ခံစားနေရ သူ့အနေဖြင့် နံးရှိသွားသည်၊




www.burmeseclassic.com

www.burmeseclassic.com

သည့်ဝေဒနာခံစားနေရတာရက်အနည်းငယ်ပင်ကြာခဲ့ပြီ၊ အဖေရှာပေးသည့်အစာလည်း မစားချင်၊ အမေပြောသည့် တောအကြောင်း၊ တောင်အကြောင်းကိုလည်း နားမထောင်လို၊ အဖေနှင့် အမေ့ကိုလည်း ငှက်ပုပ်ကပြောသည့်အကြောင်းများကို ပြန်ပြီးမမေးမိ၊ မမေးချင်၊ မမေးလိုတော့၊ သူ့ဘာသာတွေးရင်း ထိတ်လန့်နေသည်က အမှန်၊

နောင်တစ်ချိန်၊ ဒီဝန်းကျင်မှာ သူ ဘုရင်ဖြစ်ရင် သူ့အနိုင်းအစေတွေဖော အစာတွေ အများကြီးရအောင် အမိန့်ပေးဖို့ ကြံရွယ်ပြီးသား၊ အစာမရရင် တာဝန်ပျက်သည့်အကောင်ကို မျိုမည်ဟု တွေးပြီးသား၊ ဒါကလည်း အဖေ လုပ်လာသလို မျိုးရိုးစဉ်ဆက် လုပ်လာသည့်တာဝန်ကို လက်ဆင့်ကမ်းယူ သည့်သဘောမို့ သူ တာဝန်ကျေဖို့ ဆုံးဖြတ်ထားသည်၊

သူ့အရေခွံ စကျွတ်နေပြီ။ သူ မနေသာတော့။ 'ဟင်–လဲပြီ လဲနေပြီ–ကျွတ်ချင်ပြီ' သူ တွေးရင်း တင်းကျပ်စွာ ယားယံစွာ ခံစားနေရသည်။ သူ့ခေါင်း နောက်ကနေပြီး လဲစ၊ ကျွတ်စ ပြုနေသည်ကို သတိပြုမိသည်။ သူ အငြိမ်မနေနိုင်တော့။ အနီးရှိ ကျောက်တုံးတွေအကြား၊ အပင် တွေအကြား အသာတွားသွားရင်း အရေခွံ အမြန်ကျွတ်အောင် ပွတ်တိုက်နေမိသည်။





နုတော့ – ငှက်ပုပ်က အရေခွံမလဲနှင့် ပြောခဲ့သည်၊ အရေခွံလဲရင် ဘဝပြောင်းသွားမည်တဲ့၊ ဒီဘဝ၊ ဒီတော၊ ဒီတောင်က ဝေးသွားမည့်သဘောမျိုး ပြောခဲ့သည်၊ ဒီအကြောင်းတွေက သူ့ဘဝအတွက် သိပ်ကိုအရေးကြီးနေပြီ၊ သူ ဘာလုပ်မည်နည်း၊ လုပပဿော၊ တည်ရှိဆဲအရေခွံကိုမလဲမိအောင်၊ ကျွတ်ထွက်မသွားအောင် ဘယ်လိုထိန်းမည်လဲ၊ သူ တွေးရင်း နောက်ကျိုလာသည်၊

တစ်နေ့ အနားကိုရောက်လာသူက အဖေနှင့်အမေ ဖြစ်သည်၊ အမေက ဖြီး စကားဆိုသည်၊

"သားကြီး"

"ဗျာ – အမေ"

"နုတလော – သားကြီးကို ကြည့်ရတာ သိပ်ပြီးအားမရဘူး၊ သားကြီး ဘာတွေဖြစ်နေလဲ ဟင်"

"သား – ဘာမှမဖြစ်ပါဘူး – အမေ"

"ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်"

သူနှင့်အမေတို့စကားပြောနေသည်ကိုအဖေကအသာကြည့်နေသည်၊ ပြီးတော့ – ဝပ်ကျင်းမှာ ခွေနေသည်၊ အဖေ နေမကောင်းဘူးလားဟု မေးချင်သော်လည်း မမေးတော့၊ အမေက ပြောလာသည်၊

"သားကြီးကို ဒီနေ့ အမေ ပြောစရာရှိတယ်"

"ဟုတ်ကဲ့"

"သားကြီး – အဖေက အသက်ကြီးပြီ၊ သိပ်လည်း ကျန်းမာရေးမကောင်းဘူး ဟိုတစ်နေ့က အရှိန်လွန်ပြီး တောင်အောက်ကျသွားတယ်လေ၊ အဲဒါ အတွင်းဒဏ်ရာ ရထားတယ်"

"ဗျာ ..."



www.burmeseclassic.com

www.burmeseclassic.com

သူ အံ့အားသင့်သွားတယ်၊ အဖေ ဒဏ်ရာရထားသည် ဆိုပါလား၊ ဒီတောင်၊ဒီဝန်းကျင်မှာ သားကြီးအုပ်ချုပ်ဖို့သားကြီးအဖေကတာဝန်ပေးအပ် တော့မယ်တဲ့၊

"ဟင် ..."

သူ ပို၍အံ့အားသင့်ရချေပြီ၊ သူ့ကို မြွေတို့ရဲ့အရှင်သခင် ပေးတော့မည် ဆိုပါလား၊ သူ မကြာခင် ဘုရင်အရှင်သခင်ဖြစ်တော့မည်၊ အခြားမြွေတွေရဲ့ အပေါ် အုပ်ချုပ်ရတော့မည်၊ အစာတွေ အဆက်သခံရတော့မည်၊ တာဝန် ပျက်ကွက်သည့်အကောင်ကိုမျိုရတော့မည်၊ သူ - သူ - ပျော်ပါသည်၊ သို့သော် သူ့အပျော်များက တစ်ခဏလေးသာ ကြာသည်၊

"ငါ - ခေါင်းဆောင်ဖြစ်တော့မယ်တဲ့၊ ဒါပေမဲ့ - ငါ - ငှက်ပုပ်ပြောသလို ရုတ်တရက် အရေခွံလဲသွားရင်၊ ငါ - ဒီဘဝက ပြောင်းသွားရင် - ငါ - ငါအခြား သတ္တဝါတစ်ကောင်ကောင်ဖြစ်သွားရင်"

သူ - သူ - တွေးပူရင်း ပူဆွေးနေရချေပြီ၊ ငှက်ပုပ်ပြောသလို တကယ်ပဲ အရောင်ပြောင်း၊ ဘဝပြောင်းသွားမည်လား၊

သို့သော် သူသည် လတ်တလော ပူဆွေးသောကများကိုမေ့ကာ အဖေ နှင့်အမေတို့ ပေးအပ်လာမည့်တာဝန်ကိုယူဖို့ ကတိပေးလိုက်သည်၊

"သားကြီး - ကျွန်တော် - တာဝန်ကို လက်ခံပါတယ် - အမေ"

နောက်ရက် -

သူမနေနိုင်တော့၊ ထင်မှတ်မထားပါပဲ သူ့အရေခွံတွေက ယားလာသည်၊ သူ - စိတ်တွေ တစ်မျိုးဖြစ်လာသည်၊

"ဟင် - ငါ့ - ငါ့အရေခွံ - အရေခွံက လဲချင်ပုံရပြီ"



ရုတ်ခြည်း သူခွေနေရာက သူ့ကိုယ်ကိုဆန့်လိုက်သည်၊ ခေါင်းကိုထောင် လိုက်သည်၊ ဝန်းကျင်ကိုကြည့်တော့ အဖေနှင့်အမေတို့လည်း ဝပ်ကျင်းမှာ ခွေနေသည်၊ အခြားအကောင်တွေလည်း အစာဝပြီမို့ ခွေနေကြပြီ၊

"ငါ - အရေခွံ လဲတော့မှာကိုး၊ ဒီတော့ - ငှက်ပုပ်ပြောသလိုဖြစ်သွားရင် ငါအရှက်ရမယ်၊ ဒီတော့ - ခပ်ဝေးဝေးသွား၊ အရေခွံလဲ၊ ဘယ်လိုအကောင်ပဲ ဖြစ်ဖြစ်၊ ဖြစ်ချင်ရာဖြစ်တော့၊ အဲသလိုဖြစ်သွားရင် - ငါ - ငါ့မိသားစုနဲ့ဝေးရာ ငါထွက်သွားတော့မယ်"

သူ တွေးရင်း ဂူထဲရှိ ဝပ်ကျင်းမှ ထွက်ခဲ့သည်၊ သူ ထွက်လာသည်ကို ဘယ်သူမှမသိကြ၊ သူသည်ဂူပေါက်နှင့် ခပ်ဝေးဝေးကိုလာခဲ့သည်၊ ဝန်းကျင် က တိတ်ဆိတ်နေပေမယ့် သူ့စိတ်ထဲမှာတော့ မုန်တိုင်းထန်နေသည်၊

သူ လုံခြုံသည့်နေရာကို ရောက်ခဲ့ပြီ၊ သူ အရေခွံ လဲတော့မည်၊ အရေခွံ လဲပြီးသွားရင် သူ ဘာကောင်ဖြစ်မည်ကိုမသိ၊ သူသည် သူ့ကိုယ်သူ နောက် ဆုံးအနေနှင့် သူ့အရေခွံ သူကြည့်ရင်း ကြေကွဲနေမိတော့သည်၊ လှပသည့် သူ့အရေခွံကို အားရအောင်ကြည့်ရင်း ရှိသည်၊

မကြာ၊

သူ့အရေခွံ စကျွတ်နေပြီ၊ သူ မနေသာတော့၊

"ဟင် - လဲပြီ - လဲနေပြီ - ကျွတ်ချင်ပြီ"

သူ တွေးရင်း တင်းကျပ်စွာ ယားယံစွာ ခံစားနေရသည်၊ သူ့ခေါင်းနောက် တနေပြီး လဲစ၊ ကျွတ်စ ပြုနေသည်ကို သတိပြုမိသည်၊ သူ အငြိမ်မနေနိုင် တော့၊ အနီးရှိကျောက်တုံးတွေအကြား၊ အပင်တွေအကြားအသာတွားသွား ရင်း အရေခွံ အမြန်ကျွတ်အောင် ပွတ်တိုက်နေမိသည်၊ စိတ်က အရေခွံက မလဲချင်ပေမဲ့ သူ့ခန္ဓာကိုယ်က အရေခွံကျွတ်ဖို့ တမင်လုပ်နေသလို ဖြစ်နေ သည်၊

လဲပြီ၊ ခေါင်းပိုင်း၊ နောက်နား ရောက်လာပြီ၊ အရေခွံက ပွတ်အတိုက် တွေကြောင့် အကျွတ်မြန်နေသည်၊ သူ စိတ်မကောင်းစွာနှင့် အရေခွံလဲနေ



www.burmeseclassic.com

www.burmeseclassic.com

သည်၊ သူ အရေခွံလဲရသည်ကို ဝမ်းမနည်း။ ဝမ်းနည်းသည်က ဒီငန်းတော်ကျားဘဝက ထွက်ရမှာ၊ အခြားအကောင်တစ်ကောင်ကောင်ဘဝ ကူးသွားမှာ၊ ပြီးတော့ - အကြောက်ဆုံးက ဒီဝန်းကျင်မှာ ဘုရင်မဖြစ်တော့မှာ၊ ကျေးကျွန်မြွေတွေ ရှာပေးတဲ့အစာကို မမျိုရတော့မှာကို သူ အကြောက်ဆုံးဖြစ်နေသည်၊ သွားပြီ - အရေခွံလဲနေပြီ၊ သည်ဘဝက စွာရတော့မည်၊ အရာရာကို စွန့်လွှတ်ရတော့မည်၊ ကြေကွဲဝမ်းနည်းမှုအပြည့်နှင့် သူ - သူ - သူ့အရေခွံလဲနေခြင်းကို သတိထားရင်း မရိုမဆုံ ခံစားနေရသည်၊

မကြာ၊ သူ - သူ့အရေခွံ လဲပြီးသွားပြီ၊ အရေခွံကြီး ကျွတ်သွားပြီ၊ ကျွတ်ထွက်သွားသည့်အရေခွံကို သူကြည့်ရင်း ဝမ်းနည်းနေသည်၊

အရေခွံလဲအပြီး ဂူဆီသို့ အသာပြန်ခဲ့သည်၊ သူ အရေခွံလဲပြီးသည်ကို ဘယ်သူမျှမသိကြ၊ သူ့ကို အရှင်သခင်တာဝန်ပေးသည့်နေ့ ရောက်ခဲ့ပြီ၊ သို့သော် ငှက်ပုပ်ပြောသလို သူ ဘယ်လိုမျှမဖြစ်သေး၊ ဘာအကောင်၊ ဘယ်လိုသတ္တဝါမှ မဖြစ်သေး၊ ငန်းတော်ကျားက ငန်းတော်ကျားပဲ ဖြစ်နေသည်၊

သူ အသက်ငယ်ပေမယ့် သူ ခေါင်းဆောင်ဖြစ်သွားပြီ၊

"တောက် - ငှက်ပုပ် - ငါ့ကို လိမ်ညာစကားပြောတဲ့ငှက်ပုပ် - တွေ့ကြသေးတာပေါ့"

သူ နားလည်သွားသည်၊ ယုတ္တိမရှိ၊ တမင် လှည့်စားသည့်စကားကြောင့် အချိန်ကြာညောင်းသည်အထိ စိတ်သောက ရောက်ခဲ့ရပုံကိုတွေးရင်း သူ ငှက်ပုပ်အပေါ် မကျေမနပ် ဖြစ်နေမိသည်၊

*  *  *

အရေခွံလဲပြီးပါက သူ့ကိုယ်သူ ဘာကောင်ဖြစ်မလဲဟုတွေးရင်း ပူပန်ခဲ့သည်၊ သူ့အနေဖြင့် အရေခွံလဲပြီးသည့်နောက် တောအုပ်အရှင်သခင်အဖြစ် တာဝန်ယူပြီးသည့်နောက် သူ့ဖခင်ထက် ဆိုးသွမ်းသည့်အမိန့်ဖြင့် သူ၏ အလုပ်အကျွေးပြုမြွေများကို သူ့ဝမ်း၊ သူ့မိသားစုအတွက် အစာရှာခိုင်းခဲ့လေသည်၊

ထို့နောက် ငှက်ပုပ်ကိုလည်း ရန်သူအဖြစ် သတ်မှတ်လိုက်၍ ညအခါမှ ထွက်သည့် ငှက်ပုပ်အနေနှင့် မြွေတွေ့တိုင်း အထိတ်တလန့် ခြောက်လန့်ပြေးသော သား၊

သူကတော့ -

သူ့အရေခွံအဟောင်းလဲပြီး၍ အသစ်ဖြစ်လာသည့်အရေခွံကိုကြည့်ရင်း အရေခွံလဲခြင်းသည် သူ့သဘာဝပါလားဟု သူ နားလည်လိုက်သည်၊ အရေခွံသည် အရေးမကြီး၊ အသွေးအသားကသာ အရေးကြီးကြောင်း သူ သိသွားသည်၊

သူသည် ဘယ်လိုပဲ အရေခွံလဲလဲ၊ သူ့မျိုးရိုးကတော့ မပြောင်းလဲဟု သူ သိလိုက်ပြီ၊ အပူတပြင်း ခံစားလိုက်ရသည်မှ ဘယ်အရာက အရေးကြီးသည်ကိုတော့ ကြိုတင်တွေးတောရင်း သူ ဒီဝန်းကျင်မှာ မင်းမူနေလေတော့သည်၊

→ **တွင်းကြီးသား ထင်ဝင်းဦး**



www.burmeseclassic.com

www.burmeseclassic.com



သည်းထိတ်ရင်ဖိုရေး

ဖြစ်ရပ်မှန်ဇာတ်လမ်း..

– ဒေါ် ၅

ကားထိုင်ခုံတွင် ခေါင်းမှီကာ အိပ်ပျော်နေမိစဉ် ကျယ်လောင်လှသော
သံကြီးက နားထဲစူးဝင်လာသဖြင့် လန့်နိုးလာရသည်။ ကားက မြို့အဝင်
သဖြင့် ဟွန်းတီးခြင်းဖြစ်သည်။ စန္ဒီက တစ်ချက်သမ်းဝေရင်း ကားတံခါးမှ
မ်းကြည့်မိတော့ မြို့အဝင်မှ "ဆင်ပေါင်ဝဲမြို့မှ ကြိုဆိုပါ၏" ဟူသော
ဆိုင်းဘုတ်ကြီးကို တွေ့ရသည်။ စန္ဒီက အပျင်းတစ်ချက်ဆန့်လိုက်ရင်း
ခဲ့သူ ဝါဝါ၏စကားကို အမှတ်ရကာ ပြုံးမိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

"ငါတို့မြို့လေးက အရမ်းအေးချမ်းတာပဲ။ တိတ်တိတ်ဆိတ်ဆိတ်နဲ့ သိပ်နေလို့ကောင်းတယ်။ နင်တို့လို အတွေးနဲ့အလုပ်လုပ်ရတဲ့ စာရေးဆရာတွေနဲ့ အံကိုက်ပေါ့။ ပြီးတော့ - ငါတို့မြို့က နိုင်ငံကျော်ပုဂ္ဂိုလ်တွေ ထွက်တဲ့မြို့ပဲ့။ ဦးကြင်ဉတို့၊ ဆရာကြီး ဦးရန်အောင်တို့ဆိုတာ ငါတို့ဆင်ပေါင်ဝဲသားတွေလေ။ နင်လည်း သူတို့လို နိုင်ငံကျော်ဖြစ်အောင် ဆင်ပေါင်ဝဲမှာ အောင်ဓာတ်လာယူပေါ့"

ထိုစဉ်က သူမပင် ပြန်ပြောမိသေးသည်။ ငါက အောင်မြင်ပြီးသားပါဟာ။ အောင်ဓာတ်ယူစရာ မလိုပါဘူးဟူ၍ ယခုတော့လည်း ဘာပဲပြောပြော ဆင်ပေါင်ဝဲမြို့လေးသို့ သူမ ရောက်လာခဲ့ပြီ။

ဝါဝါနှင့် သူမက ကျောင်းတုန်းက သူငယ်ချင်းများ ဖြစ်သည်။

ရန်ကုန်တွင် ကျောင်းလာတက်သော ဝါဝါက ကျောင်းပြီးတော့ ဆင်ပေါင်ဝဲသို့ပြန်ကာ သူ့မိဘများ၏ ကုန်စုံဆိုင်တွင် ကူညီရသည်။ စန္ဒီကတော့ ကျောင်းပြီးသွားသည့်တိုင် ဘာအလုပ်မှမရှိပဲ ယောင်ချာချာဖြစ်နေဆဲ၊ ထိုအချိန်မှာ စာအုပ်ထုတ်ဝေရေးလုပ်နေသော ဦးလေးဖြစ်သူက စန္ဒီကို စာရေးဖို့ တိုက်တွန်းသည်။ ကွာလတီမဂ္ဂဇင်း စာအုပ်အထူကြီးများကိုသာ စာမဖတ်ပဲအရုပ်ကြည့်တတ်သော စန္ဒီမှာ စာပေအကြောင်းလုံးဝနားမလည် သူမို့ မဖြစ်နိုင်ဟု ငြင်းရသည်။

"ဘာဖြစ်လို့ မဖြစ်ရမှာလဲ - မိစန္ဒီရဲ့၊ ညည်းလိုလူတွေများ လုံးချင်းတွေ ထုတ်နေကြတာ တစ်ပုံကြီး။ ညည်းဝါသနာပါတဲ့လိုင်းသာရေး၊ ငါထုတ်ပေး မယ်" ဟု ဦးလေးက အာမခံသဖြင့် နောက်တော့ လုံးချင်းတွေ စ,ရေးဖြစ်သည်။ အချစ်ဝတ္ထုတော့ မဟုတ်ပါ။ စန္ဒီဝါသနာပါတာက သရဲတစ္ဆေနှင့်ဆိုင်သော ဝတ္ထုများဖြစ်သည်။ သူယောင်မယ်ဆိုသော ကလောင်အမည်ကိုယူပြီး သရဲ ဝတ္ထုများရေးခဲ့ရာ ယခုဆို အတော်အောင်မြင်လာခဲ့ပြီ။

ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ သူမ၏သရဲဝတ္ထုများကို ပရိသတ်ကြိုက်ကြသည်။ ယခုဆို - စာရေးတာ ဘယ်လောက်မှမကြာသေးသော်လည်း အုပ်ငါးဆယ်ပင် ပြည့်တော့မည်။ အုပ်ငါးဆယ်ပြည့်အထိမ်းအမှတ်ကို အထူး



ထုတ်အဖြစ် ထုတ်မည်ဖြစ်သည်။ အထူးထုတ်ဟု ဆိုရသော်လည်း သူမအတွက်တော့ ဘာမှမထူးခြားပါ။ နိုင်ငံခြားသရဲကားတစ်ချပ်ဝယ်ပြီးကြည့်ကာ မြန်မာမှုပြုလိုက်ရုံသာ။ ဟဲ - ဟဲ - မလွယ်ပေဘူးလား။

သူမတွေးနေမိစဉ်မှာပင် ဆင်ပေါင်ဝဲ - ရန်ကုန်အဝေးပြေးကားကြီးက ကားဂိတ်တွင် ထိုးရပ်လိုက်သည်။ စန္ဒီက အဝတ်အိတ်ကိုဆွဲကာ ကားပေါ်မှ ဆင်းလာတော့ ဂိတ်တွင် လာကြိုနေသော သူငယ်ချင်းဝါဝါကို တွေ့ရသည်။

"ငါက - နင်မှ လာကြိုပါ့မလားလို့"

စန္ဒီက ဝါဝါ၏ဆိုင်ကယ်နောက်တွင် တက်ထိုင်ရင်း ပြောလိုက်သည်။

"လာမကြိုလို့ ဖြစ်မလားဟဲ့၊ တော်ကြာ - ဒီလောက်ကျယ်တဲ့မြို့ထဲမှာ ချက်စီလည်သွားမှဖြင့်" စန္ဒီက အူကြောင်ကြောင်ဖြင့် ပြန်မေးတော့ ဝါဝါက ရယ်မောပြီး -

"ငါကနောက်နေတာဟဲ့၊ ငါတို့တစ်မြို့လုံးကိုဆိုင်ကယ်နဲ့ပတ်ကြည့်ရင်တောင် ဆယ်မိနစ်မကြာဘူး" ဟု ပြန်ပြောလေသည်။

☠

ထို့နောက်မှာတော့ သူမတို့နှစ်ယောက်သား ဆိုင်ကယ်ဖြင့် ဝါဝါ့အိမ်သို့ ရောက်လာခဲ့ကြသည်။ ဝါဝါတို့အိမ်က နှစ်ထပ်တိုက်ခံအိမ်ကလေးဖြစ်ပြီး သပ်သပ်ရပ်ရပ်ဖြင့် နေချင်စရာကောင်းသည်။ ကုန်စုံဆိုင်က အိမ်နှင့်သီးခြား ခွဲထားတာမို့ အိမ်မှာလည်း မရှုပ်ပေ။

အပေါ်ထပ်က ဝါဝါ့အခန်းထဲမှာ ဝါဝါနှင့် အတူနေရမည်ဖြစ်သည်။ ခေါင်းရင်းဘက်ပြတင်းပေါက်နားမှာ စာကြည့်စားပွဲရှိပြီး ထိုဘေးတွင် စာအုပ်စင်သေးသေးလေးရှိသည်။ ဝါဝါ့စာအုပ်တွေဖြစ်မည်။ ဝါဝါက ကျောင်းတက်နေစဉ်ကတည်းက စာအလွန်ဖတ်သည်။ ရုပ်ပြမှ ဘာသာပြန် ဂန္ထဝင်များအထိ စုံအောင်ဖတ်သည်။ ထိုမျှစာဖတ်သော ဝါဝါကို သူမက စာရေးဖို့တိုက်တွန်းသော်လည်း ဝါဝါက ယခုထိမရေးပါ။ စာရေးရန် ဝမ်းစာ မပြည့်သေးတဲ့ အမှုန့်များ ကွာပဲ့။

www.burmeseclassic.com

သူမက စာအုပ်စင်နားသွားပြီး စာအုပ်တစ်အုပ်ကို ယူကြည့်လိုက်သည်။ ဘာသာပြန် ဂန္ထဝင်ဝတ္ထုအထူကြီး ဖြစ်သည်။ တခြားစာအုပ်များကလည်း ဘာသာပြန်များနှင့်ဂျာနယ်ကျော်မမလေး၊ဂျူးစသည့်စာအုပ်အထူကြီးများ ဖြစ်သည်။ သူမက ပန်းတစ်ချက်တွန့်လိုက်မိရင်း -

"နင် - ဒါတွေဖတ်ရတာ မပျင်းဘူးလား ဟင်"

"မပျင်းပါဘူး - စာဖတ်ဝါသနာပါတဲ့သူက စာဖတ်ရတာ ပျော်တောင်ပျော်သေးတယ်၊ ဒါနဲ့ - နင်ကဒီလိုစာအုပ်တွေမဖတ်ဘူးလား၊ စာရေးဆရာမ လုပ်နေပြီး"

"ဟဲ့ - ဘာဖတ်စရာပဲရေးရေး စာရေးဆရာဆိုတာ စာစုံအောင်ဖတ်ရတယ်ဟ၊ အဲဒါမှ ဗဟုသုတရှိမှာပေါ့၊ နင်စာမဖတ်ပဲနဲ့ ဝတ္ထုအတွက် ကုန်ကြမ်းဘယ်လိုရှာသလဲ" ဝါဝါ့စကားကို သူမက ပြုံးဖြဲဖြဲလုပ်ရင်း -

"ဟဲ - ဟဲ - လွယ်ပါတယ်ဟာ၊ နိုင်ငံခြားသရဲကားတို့၊ ကိုရီးယားသရဲကားတို့ကြည့်ပြီး မြန်မာမှုနဲ့ လျော်ညီအောင် ပြင်လိုက်ရင် ဝတ္ထုတစ်ပုဒ်ရတာပဲ၊ တစ်ခါတလေလည်း ဟိုထဲက နည်းနည်း၊ ဒီထဲက နည်းနည်းယူလိုက်ရင် ဇာတ်လမ်းတစ်ပုဒ်ရသွားတာပဲ၊ စာအရေးအသားကလည်းအရမ်းကောင်းနေစရာ မလိုပါဘူး၊ ဇာတ်လမ်းက အဓိကပါ - မဟုတ်ဘူးလား"

"အေး - နင်တို့က အဲဒီလို အလွယ်လမ်းလိုက်နေကြလို့ သရဲဝတ္ထုတွေရုပ်ရှင်တွေက ရောင်းအားအကောင်းဆုံးစာရင်း ဝင်နေကြတာပဲ၊ ဒါပေမဲ့ နင်တို့က အဲဒီလိုကော်ပီတွေလုပ်နေတော့ စာဖတ်သူတွေက စိတ်ပျက်တာပေါ့"

"အံမယ် - ဘယ်သူက စိတ်ပျက်လို့လဲ၊ မြန်မာနိုင်ငံမှာ ငါ့ပရိသတ်တွေ အများကြီး"

"အေး - အဲဒီထဲမှာတော့ ငါမပါဘူးနော်၊ နင့်လို စာအရေးအသားလည်း ညံ့၊ သူများဇာတ်လမ်းကို ကော်ပီချထားတဲ့စာရေးဆရာမျိုးကိုငါက တစ်သက်လုံး အထင်မကြီးဘူး"



ဝါဝါ့စကားကြောင့် သူမစိတ်ထဲ အောင့်ခနဲ ဖြစ်သွားသည်။ သို့သော် စိတ်မဆိုးမိတော့ပါ။

ဝါဝါက ဒီလိုပဲ ပွင့်ပွင့်လင်းလင်း ဟောဟောဒိုင်းဒိုင်း ပြောတတ်သည့် အကျင့်ရှိသည် မဟုတ်လား။

"ကြည့်စမ်း - ကောင်မစုတ်၊ ငါ့ကိုများ ပက်ပက်စက်စက်ပြောလိုက်တာ၊ အေး - ငါ့ဘာသာငါ ကော်ပီဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် - ငါ - အခု နာမည်ကြီး စာရေးဆရာမ ဖြစ်နေပြီ၊ ကားလည်း စီးနိုင်တယ်၊ ဟန်းဖုန်းလည်း ကိုင်နိုင်တယ်၊ အဲဒီတော့ - ငါ့ဒီအလုပ်ကို ဆက်လုပ်နေဦးမှာပဲ၊ မနာလိုမဖြစ်နဲ့"



ရှူးရှသော မိန်းမအော်သံတစ်ခုက ကျယ်လောင်စွာ ထွက်ပေါ်လာသဖြင့် သူမ လန့်ဖျပ်ကာ အိပ်ရာထဲမှ ဝုန်းခနဲ ထ,ထိုင်လိုက်မိသည်။ ပေါက်ကရ ရေးတတ်သူပီပီ ပေါက်ကရ အတွေးက ခေါင်းထဲ တန်းဝင်လာသည်။ တစ်ယောက်ယောက် သရဲခြောက်ခံရလို့ အော်ပြေးလာတာများလား ... ဒါမှမဟုတ်။

www.burmeseclassic.com

"မဖြစ်ပါဘူးတော် - မဖြစ်ပါဘူး။ နာမည်ကြီးစာရေးဆရာ သူ့ယောင်မယ်ရဲ့သူငယ်ချင်းဖြစ်ရလို့ ဂုဏ်တောင် ယူမိပါတယ်၊ ဆင်ပေါင်ဝဲမှာလည်း နင့်ပရိသတ်တွေရှိတယ်၊ နင်လာရင် မိတ်ဆက်ပေးပါဦးလို့ ငါ့ကိုတောင် အပူကပ်နေကြတာ။ သူတို့လာရင်တော့ - နင် ချည့်ခံစကားပြောပေးလိုက်ဦး"

ဝါဝါက ခပ်ရွှဲရွှဲပြောပါသည်၊ သူမကလည်း ခပ်ရွှဲရွှဲပင် -

"သြော် - ပြောရမှာပေါ့၊ ကိုယ့်ပရိသတ်တွေပဲဟာ"

ထိုနေ့ညကတော့သူမဘာစာမှမရေးနိုင်ပဲစောစောအိပ်ရာဝင်ခဲ့ရသည်၊ ရန်ကုန်မှ ဆင်ပေါင်ဝဲသို့ တစ်နေ့လုံး ကားစီးလာရသဖြင့် သူမ အတော်ပင်ပန်းနေသည်၊ ထို့ကြောင့် အစောကြီးကတည်းက အခန်းထဲ ဝင်လှဲနေပြီး ဝါဝါကတော့ စာကြည့်စားပွဲတွင် စာဖတ်နေလေသည်၊ သူမသည် အိပ်ရာပေါ် လှဲနေရင်း အိပ်ပျော်စ,ပြုနေစဉ်မှာပင် -

"အမလေး - လုပ်ကြပါဦး - ကယ်ကြပါဦး"

စူးရှသော မိန်းမအော်သံတစ်ခုက ကျယ်လောင်စွာထွက်ပေါ်လာသဖြင့် သူမ လန့်ဖျပ်ကာ အိပ်ရာထဲမှ ဝုန်းခနဲ ထ,ထိုင်လိုက်မိသည်၊ ပေါက်ကရ ရေးတတ်သူပီပီ ပေါက်ကရအတွေးက ခေါင်းထဲ တန်းဝင်လာသည်၊ တစ်ယောက်ယောက် သရဲခြောက်ခံရလို့ အော်ပြေးလာတာများလား ဒါမှမဟုတ်၊

"ဘာဖြစ်တာလဲ ဟင် - ဘယ်သူ ဘာဖြစ်တာလဲ"

သူမက အထိတ်တလန့်မေးတော့ စာဖတ်နေသော ဝါဝါက ဘာမှမထူးခြားသလိုဟန်ဖြင့် -

"ဘာမှမဟုတ်ပါဘူး ဘေးအိမ်က တီဗီကြည့်နေတဲ့အသံပါ"

ဟု ခပ်အေးအေးပဲ ပြန်ဖြေသည်၊ သူမ မျက်လုံးပြူးသွားရကာ -

"တီဗီကြည့်တဲ့အသံ၊တီဗီကြည့်တာ - အဲဒီလောက်အသံအကျယ်ကြီး ကြည့်တာလား"

"ဟုတ်တယ် - ဒီနားမှာကတော့ ထုံးစံပဲ၊ နင် သေချာနားထောင်ကြည့်ရင် အသံအစုံတောင် ကြားရဦးမှာ"



မင်းကြီးစီးလာတဲ့ဖောင်က ဝဲဂယက်ထဲမှာ လည်နေတယ်။ ဘယ်လိုမှ ဆက်မသွားတော့ဘူး။ အဲဒါနဲ့ - ဖောင်ကို လွန်ကြိုးနဲ့ချည်ပြီး ဆင်ကြီးကို ဆွဲခိုင်းရတာ ဆင်က ဖောင်ကိုဆွဲတဲ့နေရာမို့ ဆင်ဖောင်ဆွဲလို့ အမည်တွင်ရင်းကနေ ဆင်ပေါင်ဝဲ ဖြစ်သွားတာလေ။



ဝါဝါ့စကားကြောင့် သူမ သေချာ နားထောင်ကြည့်လိုက်တော့ ထိုအသံအပြင် တခြားအိမ်များမှ အသံများကိုပါ ကြားလာရသည်၊ မြန်မာတော်လှန်ရေးကားထဲမှ သေနတ် တဒိုင်းဒိုင်းပစ်သံ၊ အော်ဟစ်ရန်ဖြစ်သံ၊ သီချင်းသံ၊ နာမည်ကြီးဘုန်းကြီး၏ တရားသံ စသည်ဖြင့် အသံမျိုးစုံနေလေသည်၊

"ဘုရားရေ - ဒီပုံစံနဲ့ - နင် ဘယ်လိုစာဖတ်လဲ"

သူမကမေးတော့ ဝါဝါက ပခုံးတစ်ချက်တွန့်ရင်း -

"ဥပေက္ခာပြုထားလိုက်တာပေါ့ဟာ၊ ငါ့အတွက်တော့ ရိုးနေပါပြီ" ဟု ပြန်ပြောသည်၊ သူမက ဘာမှဆက်မပြောတော့ပဲ - အိပ်ရာထဲသာ ပြန်ခွေခံနေလိုက်တော့သည်၊ ထိုညက သူမ ထူးဆန်းသော အိပ်မက် မက်သည်၊



www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်ထဲတွင် သူမသည် တော်လှန်ရေးစစ်ပွဲထဲ ရောက်နေပြီး သေနတ်သံ တဒိုင်းဒိုင်းကြားတွင် တရားနာနေရလေသည်။

☠

နောက်နေ့မနက်မှာတော့ ဝါဝါက သူတို့မြို့ဦးထိပ်မှ ဘုရားငါးဆူစေတီတော်ကို လိုက်ပို့သည်။ ဆင်ပေါင်ဝဲမြို့၏အကြောင်းနှင့် ဘုရားငါးဆူစေတီတော်၏သမိုင်းကြောင်းကိုလည်း ရှင်းပြသည်။ ဘုရားရှင်လက်ထက်တော်က ဤဆင်ပေါင်ဝဲမြို့နေရာသည် တောခေါင်ခေါင်သာဖြစ်ခဲ့ကြောင်း၊ ဘုရားရှင်သည် အလောင်းတော်နဂါးမင်းဘဝက ကျင်လည်ကျက်စားခဲ့ဖူးသော ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းမှ ကြက်ဆူတောင်သို့ ကြွလာစဉ် မြစ်အရှေ့ဘက်ကမ်းမှ ဤနေရာကိုကြည့်ပြီး နောင်တစ်ချိန်တွင် ဘုရားငါးဆူစေတီတော်ဟူ၍ တည်ထားကိုးကွယ်လိမ့်မည်ဟု ဗျာဒိတ်ပေးခဲ့ကြောင်း၊ ထိုကြက်ဆူးတောင်ပေါ်တွင် ဘုရားရှင်မှ ဗျာဒိတ်ပေးနေဟန် ရုပ်တုများရှိကြောင်း ပြောပြသည်။

"ဒါနဲ့ – နင်တို့မြို့နာမည်ကလည်း ထူးဆန်းတယ်နော်။ ဘာဖြစ်လို့ ဆင်ပေါင်ဝဲလို့ ပေးထားတာလဲ"

သူမက နားမလည်စွာ မေးလိုက်သည်။ ဝါဝါက –

"အဲဒါက ရာဇဝင်ရှိတယ်လေ။ ဒီလိုဟာ – အလောင်းစည်သူမင်းကြီးက ဒီဧရာဝတီမြစ်ကြောင်းအတိုင်း တိုင်းခန်းလှည့်လည်လာတုန်းမှာ ဒီနေရာကိုရောက်တော့ မင်းကြီးစီးလာတဲ့ဖောင်က ဝဲဂယက်ထဲမှာ လည်နေတယ်။ ဘယ်လိုမှ ဆက်မသွားတော့ဘူး။ အဲဒါနဲ့ – ဖောင်ကို လွန်ကြိုးနဲ့ချည်ပြီး ဆင်ကြီးကိုဆွဲခိုင်းရတာ ဆင်က ဖောင်ကိုဆွဲတဲ့နေရာမို့ ဆင်ဖောင်ဆွဲလို့အမည်တွင်ရင်းကနေ ဆင်ပေါင်ဝဲ ဖြစ်သွားတာလေ"

"ဪ – ဒီလိုလား"

"ဟိုဘက်မှာ ရွာတွေလည်း ရှိသေးတယ်။ လွန်ကြိုးရာတဲ့နေရာမှာ လွန်ကြိုးဆိုပြီး ရွာတည်ခဲ့တယ်လေ။ အခုတော့ – လယ်ကျိုးရွာ ဖြစ်သွားပြီပေါ့။ ပြီးတော့ – လွန်ကြိုးချည်တဲ့နေရာမှာ လွန်ချည်ဆိုပြီး ရွာရှိသေးတယ်။ တို့မြို့နဲ့ နီးနီးလေးပဲ"



ဝါဝါက ရှင်းပြသည်။ ထို့နောက် သူမတို့နှစ်ယောက်သား ဘုရားတန်ဆောင်းအတွင်းမှ ဘုရားငါးဆူ၏သမိုင်းကြောင်းကို ဖော်ပြထားသော ပန်းချီပုံများကို လျှောက်ကြည့်ကြသည်။ ဘုရားရင်ပြင်တော်ပေါ်တွင်တော့ သူမတို့လိုပင် ဘုရားလာဖူးသူ များစွာရှိနေကြသည်။

"ဘုရားငါးဆူဘုရားပွဲက ဒီဇင်ဘာလောက်မှာ ကျင်းပတယ်လေ။ အဲဒီကျရင် အရမ်းစည်တာဟ။ နာမည်ကြီးဇာတ်တွေလည်း လာကြတယ်၊ ဒီနှစ်ဘုရားပွဲကျရင် နင် လာခဲ့လေ" ဝါဝါ့စကားကို သူမ ခေါင်းညိတ်ရုံသာ ညိတ်ပြပြီး ဘုရားရင်ပြင်ပေါ်တွင် စိတ်ဝင်တစား လျှောက်ကြည့်နေမိသည်။ ဘုရားငါးဆူက တန်ခိုးကြီးပြီး ဆုတောင်းပြည့်သည်ဟု ဝါဝါက ပြောသဖြင့် သူမကတော့ ဆုတွေ အများကြီး တောင်းခဲ့သည်။

ဘုရားမှ ပြန်လာတော့ ဝါဝါက မြို့အနောက်ဘက်မှ ဧရာဝတီမြစ်ကမ်းနံဘေးသို့ လိုက်ပို့သည်။ မြစ်ကမ်းနဖူးတွင် အရိပ်အာဝါသကောင်းသော ညောင်ပင်၊ ပိတောက်ပင်၊ မန်ကျည်းပင် စသည့် သစ်ပင်ကြီး စီတန်းပေါက်နေသဖြင့် နွေရာသီနေရောင်အောက်တွင် စိမ်းစိုအေးမြကာ နားနေချင်စရာကောင်းလှသည်။

နွေရာသီဖြစ်၍ မြစ်ပြင်က အတော်လေးကျဉ်းနေကာ သဲသောင်ဖြူဖြူဖွေးဖွေးများက တပြန့်တပြူး ရှိနေကြသည်။ မြစ်စပ်မှာတော့ ဆေးခြယ်ထားသော ရောင်စုံစက်လှေလေးများ၊ မော်တော်ငယ်လေးများ အစီအရီ ဆိုက်ကပ်ထားကြသည်။ မြစ်အနောက်ဘက်ကမ်းသို့ လှမ်းကြည့်လိုက်သောအခါ သစ်တောစိမ်းစိမ်းများ မှိုင်းတလူလူ ထွက်နေသော တောင်ယာခင်းများနှင့် ... သို့ ညိုမြတောင်တန်းကြီးများက ပန်းချီကားတစ်ချပ်သဖွယ် လိုက်ဖက်... နေလေသည်။ စန္ဒီက –

"မြစ်အနောက်ဘက်မှာရော ရွာတွေရှိသေးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com

"ရှိတာပေါ့ – ရွာတွေမှာ အများကြီးပဲ၊ ဟိုးတောင်ပေါ်မှာလည်း ရွာတွေရှိတယ်၊ အဲဒီရွာတွေက လူတွေက ဆင်ပေါင်ဝဲကိုပဲ လာကြတာလေ၊ ဒီမှာပဲ ယာထွက်သီးနှံတွေ လာရောင်းကြတယ်၊ ဒီမှာပဲ ဈေးဝယ်ကြတယ်၊အထက်တန်းကျောင်းမရှိတဲ့ ရွာတွေဆိုရင် ဒီမှာပဲ ကျောင်းလာတက်ကြရတယ်လေ"

"ဟုတ်လား – ဒီနယ်ဘက်က ဘာသီးနှံတွေ စိုက်ပျိုးကြတာလဲ ဟင်"

"နှမ်း၊ မြေပဲ၊ ပဲမျိုးစုံပေါ့ဟာ၊ ဝါလည်း စိုက်ကြတယ်၊ တို့မြို့ကလည်း မြို့လို့ပြောရပေမယ့် လူဦးရေတစ်ဝက်လောက်က တောင်ယာလုပ်ကြတာလေ"

"ဟုတ်လား – အဲဒါကြောင့် – အသားညိုညိုနဲ့ ပါးကွက်ကလေးတွေကွက်ထားတဲ့တောသူပုံစံကောင်မလေးတွေကိုတွေ့နေရတာကိုး၊အဲဒီလိုပုံစံလေးကလည်း တစ်မျိုးလှတယ်နော်"

"ဒါပေါ့ – အသားညိုတဲ့သူတွေရောရင် အသားဖြူတဲ့သူတောင် လိုက်မမီဘူးတဲ့၊ ပြီးတော့ – ရိုးသားဖြူစင်တယ်ဆိုတာကလည်း အလှတစ်မျိုးပဲလေ၊ မိတ်ကပ်တွေ ရောင်စုံချယ်ပြီး ဆံပင်ကိုဆေးဆိုးထားတဲ့အလှမျိုးထက် အစုလို သနပ်ခါးပါးကွက်ကလေး လိမ်းထားတဲ့ သဘာဝအလှက မြင်ရတဲ့သူ့ရင်ထဲ အေးချမ်းတာပေါ့ဟာ"

ဝါဝါ့စကားကြောင့် စန္ဒီက မျက်စောင်းထိုးလိုက်မိရင်း –

"ဘာလဲ – နင်က နင့်မြို့ကို အမွှမ်းတင်သလိုလိုနဲ့ ငါ့ကို စောင်းပြောနေတာလား၊ ငါက ရန်ကုန်သူဟဲ့၊ ခေတ်နဲ့အမီတော့ လိုက်လျောညီထွေနေရမှာပေါ့၊ ပြီးတော့ – အနုခေတ်စာရေးဆရာမတွေက မင်းသမီးတွေလောက် လှပကျော်ကြားနေကြတာ၊ ငါကျန်ခဲ့လို့ ဘယ်ဖြစ်မှာမလဲ"

"အေးလေ – နာမည်က သူယောင်မယ်လို့ ပေးထားပြီးလှုက ရုပ်ဆိုးနေလို့ ဘယ်ဖြစ်ပါ့မလဲ၊ ဟွန်း – သူတို့ပဲ ပေးတတ်ကြတယ်၊ သူယောင်မယ်တဲ့၊ သရဲဝတ္ထုတို့၊ ဂမ္ဘီရဝတ္ထုတို့ရေးတာနဲ့ပဲ နာမည်ဆန်းဆန်းက ရှာမှည့်ရသေး



တယ်၊ ပါဠိတွေ၊ ပတ်လုံးပတ်ဆင့်တွေနဲ့ နာမည်ဆန်းဖို့က အဓိက မဟုတ်ပါဘူးဟာ၊ ဝတ္ထုကောင်းဖို့က အဓိကပါ"

ဝါဝါ့စကားကို သူမ ဘာမှပြန်မပြောချင်တော့ပါ၊ ဝါဝါသည် စာဇတ်နေသူတစ်ယောက်ပီပီ စကားပြောကောင်းပြီး ချက်ကျလက်ကျလည်း ပြောတတ်ပေရာ ဝါဝါနှင့် စကားပြိုင်ပြောတိုင်း သူမက ဘယ်တော့မှမနိုင်ပေ၊

ဝါဝါက သူတို့မောင်နှမလေးယောက်ထဲတွင် အကြီးဆုံးသမီးဖြစ်သည်၊ ဝါဝါ့ညီမလေးတစ်ယောက်က မကွေးမြို့မှ သူနာပြုသင်တန်းကျောင်းတွင် တက်နေပြီးဝါဝါ့မောင်လေးက ဆယ်တန်းဖြေထားသူဖြစ်သည်၊ အငယ်ဆုံးကောင်မလေးကမူ ဝါဝါ့ထက်(၁၀)နှစ်ငယ်ကာ သူတို့တစ်အိမ်လုံး၏အချစ်တော်ဖြစ်သည်၊ ဝါဝါသည် ကုန်စုံဆိုင်မှလွဲ၍ တခြားဘာအလုပ်မှ ပင်ပင်ပန်းပန်းမလုပ်ရသော်လည်း မောင်ငယ်၊ ညီမငယ်များ၏တာဝန်ကို အားလုံးယူထားရကာ စိတ်ပင်ပန်းရှာလေသည်၊

* * *

ထိုနေ့ညနေမှာပင် စန္ဒီ၏ပရိသတ်ဆိုသူများက ဝါဝါတို့အိမ်သို့ ရောက်လာကြသည်၊ ဆယ်ကျော်သက်အရွယ် ကောင်မလေးများဖြစ်ကြပြီး သူမကို ရုပ်ရှင်မင်းသမီးတစ်ယောက်လို အထူးအဆန်းကြည့်ကာ အော်တိုရေးနိုင်းကြသည်၊တစ်ယောက်တစ်ပေါက်နှင့်မေးကြ၊မြန်းကြ၊ဝတ္ထုအကြောင်းတွေ လုယက်ပြောကြသည်မှာ ဆူညံနေလေသည်၊

"မမ – ဟိုလေ – "သချိုင်းထဲမှာတစ်ညတာ" ဆိုတဲ့ဝတ္ထုအရမ်းကောင်းတယ် – သိလား၊ သုဘရာဇာကြီး ဦးတာတေကို သရဲက ခွစီးပြီး လည်ပင်းညှစ်တဲ့အခန်းလေ၊ အရမ်းကြောက်စရာကောင်းတာပဲ၊ ညီမလေးလေ အဲဒီဝတ္ထုဖတ်ပြီး အိမ်အောက်တောင် မဆင်းရဲဘူး"



www.burmeseclassic.com

www.burmeseclassic.com

"သမီးကတော့ ဟိုဝတ္ထုကို ကြိုက်တယ်၊ "မရွှေဝါ"ဆိုတဲ့ဝတ္ထုလေ၊ မရွှေဝါက ဆံပင်ဖားလျားချပြီး ထမီရင်လျားကြီးနဲ့ ညညဆို လျှောက်သွားနေတာလေ၊ သမီးလေ - အဲဒီဝတ္ထုဖတ်ပြီး သမီးတို့ရပ်ကွက်ထဲက ထမီရင်လျားနဲ့ အမြဲနေတတ်တဲ့ အရူးမကြီးကိုတောင် မရွှေဝါထင်ပြီး ခဲနဲ့ပစ်လိုက်သေးတယ် - မမရဲ့"

"ငါက အဲဒါကြီးမကြိုက်ပါဘူး၊ "သေရွာပြန်မပု"ဆိုတဲ့ဝတ္ထုကိုကြိုက်တာ၊ သူက သတိမေ့ပြီး ငရဲရောက်သွားတာလေ၊ ပြီးတော့ - ငရဲမင်းကြီးက သေချိန်မရောက်သေးဘူးဆိုပြီးပြန်လွှတ်လိုက်တာ၊ အဲဒီဝတ္ထုထဲက ငရဲပြည်က တော်တော်ကြောက်ဖို့ကောင်းတာပဲနော်၊ မမ - ငရဲပြည်က တကယ် အဲဒီလိုကြီးလား ဟင်၊ မမ - ဘယ်လိုလုပ်သိတာလဲ"

ကောင်မလေးတစ်ယောက်၏မေးခွန်းကို သူမ အဖြေရ ကျပ်နေစဉ်မှာပင် ဝါဝါက "…"ဟု ပြုံးစိစိဖြင့် ဝင်ဖြေသည်၊ သူမက ဝါဝါကို မျက်စောင်းတစ်ချက်ထိုးလိုက်ရင်းကောင်မလေးတစ်ယောက်မေးခွန်းကိုသူမအဖြေရကျပ်နေစဉ်မှာပင် ဝါဝါက -

"သူက ရောက်ဖူးလို့ သိတာဖြစ်မှာပေါ့ - ညီမလေးရဲ့"ဟု ပြုံးစစဖြင့်ပင် ဝင်ဖြေသည်၊ သူမက ဝါဝါကို မျက်စောင်းတစ်ချက်ထိုးလိုက်ရင်း -

"အစ်မလည်း စာအုပ်တွေထဲက ဖတ်ရတာပေါ့ - ညီမလေးရဲ့၊ ငရဲပြည်က အဲဒီဝတ္ထုထဲကလိုပဲ ကုသိုလ်များများ လုပ်ကြနော်၊ အဲဒါမှ - သေရင်နတ်ပြည်ရောက်မှာကွဲ့" စန္ဒီက ဆရာမကြီးစတိုင်လ်ဖြင့် ဖြီးဖြန်းနေသည်ကို ကောင်မလေးတွေက တလေးတစား နားထောင်နေကြသည်၊ ကောင်မလေးတစ်ယောက်က -

"ညီမကတော့ - အဲဒီလိုကြောက်စရာဝတ္ထုတွေ မကြိုက်ဘူး - မမရဲ့၊ "ဝိဇ္ဇာတစ်ဆူအောင်ကြူကြူ"ဆိုတဲ့ ဂမ္ဘီရဝတ္ထုကိုကြိုက်တာ၊ မုတ်ဆိတ်မွေးအရှည်ကြီးနဲ့ အဖြူဝမ်းဆက်ဝတ်ထားတဲ့ ဘိုးတော် အောင်ကြူကြူက ဓာတ်လိုက်ကောင်လေးကို ဓာတ်လုံးတစ်လုံးပေးခဲ့တာလေ၊ အဲဒီဓာတ်လုံးလည်းရရော - အဲဒီကောင်လေးက ချမ်းသာသွားရော၊ ညီမလည်း အဲဒီလို ဓာတ်လုံးမျိုး သိပ်လိုချင်တာပဲ - မမ၊ ဘိုးတော် အောင်ကြူကြူက အပြင်မှာ တကယ်ရှိတာလား ဟင်"

"ဟဲ့ - ရှိတာပေါ့၊ ဝတ္ထုဖြာတ်သိမ်းခန်းမှာ ရေးထားတာ မတွေ့ဘူးလား၊ မမတောင် - ဘိုးတော် အောင်ကြူကြူနဲ့တွေ့လို့ ဘိုးတော်က ဓာတ်ပြားပေးခဲ့သေးတယ်တဲ့၊ မမ - အဲဒီဓာတ်ပြား ဘာစွမ်းလဲ ဟင်၊ စန်းပွင့်တဲ့ဟာလား ဟင်၊ (ဒါမှမဟုတ်) ရုပ်လှတဲ့ဟာလား"

ကောင်မလေးတွေက တစ်ယောက်တစ်ပေါက် မေးနေသမျှကို စန္ဒီက စိတ်ထဲရှိရာ ပေါက်ကရများ ပြန်ဖြေရင်း စိတ်ညစ်လာသည်၊ ဝါဝါကတော့ တိဝိကြည့်ရင်းမှ သူမတို့စကားများကို နားထောင်ကာ တခိခိ ရယ်နေလေသည်၊

"ဒါနဲ့ - မမက စာရေးရင်ညဘက်ရေးတာဆို၊ သရဲဝတ္ထုတွေကိုညဘက်ရေးတော့ မကြောက်ဘူးလား ဟင်"

ကောင်မလေးတစ်ယောက်က မေးသည်၊ စန္ဒီက ဆရာမကြီးလေသံဖြင့် -

"ဘာဖြစ်လို့ကြောက်ရမှာလဲ - ညီမလေးရဲ့၊ သရဲဆိုတာ အပြင်မှာ တကယ်မှမရှိတာ"

"ဒါပေမဲ့ - ဖတ်ရတာ ကြောက်စရာကောင်းတယ်နော်၊ မမက သူများတွေအိပ်တဲ့အချိန်ကျမှ တစ်ယောက်တည်းရေးတယ်ဆိုတော့ တော်တော်သတ္တိကောင်းတာပဲနော်" ကောင်မလေးစကားကြောင့် စန္ဒီက ဘဝင်နည်းနည်း မြင့်သွားမိကာ -

"မမက သရဲတစ္ဆေဆိုတာကို အယုံအကြည် မရှိဘူးကွယ့်၊ ကြောက်လည်း မကြောက်တတ်ဘူး၊ ဝတ္ထုဖရေးတာကလည်း ဝါသနာပါလို့ ရေးနေတာ၊ အရင်တုန်းကဆိုရင်ဝတ္ထုဖရေးဖို့ကုန်ကြမ်းလိုချင်လို့သရဲခြောက်တယ်ဆိုတဲ့နေရာတွေ လျှောက်သွားကြည့်တာပေါ့၊ ဒါပေမဲ့ - ဘာသရဲမှ အခြောက်





www.burmeseclassic.com

www.burmeseclassic.com

မခံရဖူးပါဘူး၊ သရဲကို တွေ့ချင်တဲ့သူကျမှ သရဲက မခြောက်ဘူးလေ" စန္ဒီက အပြောကောင်းကောင်းနှင့် ဆက်ပြောနေမိသည်၊

"အဲဒါကြောင့် - အစ်မက ပြောတာပေ့ါ၊ သရဲဆိုတာ တကယ်မရှိပါဘူး လို့၊ ရှိတယ်ဆိုရင်လည်း အစ်မက မကြောက်ပါဘူး၊ ကုန်ကြမ်းတောင် ရသေးတယ်" သူမစကားတွေကို ချာတိတ်မတွေက အထင်ကြီးလေးစားသော အမူအရာဖြင့် နားထောင်နေကြသည်၊ ဝါဝါကတော့ ပြုံးစိစိနှင့် ခေါင်းတယမ်းယမ်း လုပ်နေလေသည်၊

ဘာပဲဖြစ်ဖြစ် - စန္ဒီကတော့ သူမ၏ ပရိသတ်အစစ်အမှန်များနှင့် တွေ့ဆုံစကားပြောလိုက်ရ၍ ကျေနပ်မိတော့သည်၊

* * *

ထိုနေ့ညမှာပဲ သူမ၏လုံးချင်းဝတ္ထုသစ်ကို စ,ရေးရသည်၊ စာရေးဆရာမလေးတစ်ယောက် နယ်မြို့လေးသို့ လာရောက်လည်ပတ်ရင်း သရဲတစ္ဆေတွေနှင့် ကြုံတွေ့ရသောဇာတ်လမ်းဖြစ်သည်၊

ဝတ္ထုထဲမှာ နယ်မြို့လေးကို ဆင်ပေါင်ဝဲမြို့လေးပုံစံ ထည့်ရေးထားပြီး အဓိကဇာတ်ကောင် စာရေးဆရာမလေးနေရာမှာတော့ သူမကိုယ်တိုင် ပါဝင်ထားသည်၊ ဒါမှလည်း - ဇာတ်ကောင်ရဲ့ခံစားမှုက အသက်ဝင်မည် မဟုတ်လား၊ ဝတ္ထုခေါင်းစဉ်ကိုတော့ "တစ္ဆေမြို့သူ"ဟု လောလောဆယ် ပေးထားသည်၊

ဝါဝါတို့တစ်အိမ်လုံး အိပ်ပျော်သွားမှ သူမက ကော်ဖီခါတ်ဘူးကို အနားမှာချကာ စာစ,ရေးခြင်းဖြစ်သည်၊ ထိုသို့တိတ်ဆိတ်ငြိမ်သက်နေသော ညအချိန်တွင်ရေးရမှ ပို၍ရှန်ဝင်ကာ စာရေးကောင်းသည်၊ မဟုတ်လျှင် ပတ်ဝန်းကျင်က အသံမျိုးစုံကြောင့် ဘယ်လိုမှ အာရုံစူးစိုက်ထားမိသည်၊

သူမသည် စာရေးနေရင်း ဝတ္ထု၏ အရေးကြီးသောအခန်းသို့ ရောက်လာသည်၊ စာရေးဆရာမလေး အိပ်ပျော်နေစဉ် ညဥ့်နက်သန်းခေါင်အချိန်တွင် စူးစူးဝါးဝါးအော်သံကြီးတစ်ခုက ထွက်ပေါ်လာသောအခန်းဖြစ်သည်၊

"အား"

ဝတ္ထုထဲ စိတ်ရောက်နေစဉ် အပြင်တွင် အမှန်တကယ်ကြားလိုက်ရသော အော်သံနက်ကြီးကြောင့် သူမ လန့်ဖျပ်ကာ လက်ထဲမှဘောလ်ပင်တောင် လွတ်ကျသွားသည်၊

"အား - ကယ်ကြပါဦး၊ လူဆိုးတွေ - လူဆိုးတွေငါ့ကိုဖမ်းထားကြတယ် အား"

ဆက်လက်ထွက်ပေါ်လာသော မိန်းမတစ်ယောက်အော်သံကြီးကြောင့် သူမက ဝါဝါကို အထိတ်တလန့်လှည့်ကြည့်ရင်း မေးမိသည်၊

"ဟဲ့ - ဘာဖြစ်တာလဲ၊ ဘယ်သူအော်နေတာလဲ"

ဝါဝါက စာအုပ်မှ မျက်နှာမခွာပဲ ဘာမှမထူးဆန်းသလိုဟန်ဖြင့် -

"ဘာမှမဟုတ်ပါဘူးဟာ၊ ဟိုဘက်တစ်အိမ်ကျော်က စိတ်မနံ့တဲ့အဘွားကြီးအော်နေတာပါ၊ သူကအဲဒီလိုပဲ - ညညဆိုအော်ဟစ်ဆဲဆိုနေတတ်တယ်" ဝါဝါက ရှင်းပြမှ အဖြစ်မှန်ကို သဘောပေါက်သွားသည်၊ သူမ -

"ဟင် - ဒါဆို - သူ့ကို စိတ်ရောဂါဆေးရုံ မပို့ကြဘူးလား"

"ပို့မယ့်သူ မရှိဘူးလေ၊ အရင်ကတည်းက အဘွားကြီးတစ်ယောက်တည်း၊ အဲဒီအိမ်လေးမှာနေတာ၊ ဆွေမျိုးတွေ၊ ဘာတွေလည်း မရှိဘူး၊ ပတ်ဝန်းကျင်က ကျွေးမွေးစောင့်ရှောက်ထားရတာ၊ အသက်လည်း တော်တော်ကြီးနေပါပြီ"

"ဒါဆို - သူက တစ်ယောက်တည်း နေရတာပေ့ါ"

"ဟုတ်တယ် - ပတ်ဝန်းကျင်ကလူတွေလည်း ကျွေးသာ ကျွေးချင်တာ၊ ရူးနေတဲ့လူတစ်ယောက်ကို အိမ်မှာ ဘယ်ခေါ်ထားချင်ပါ့မလဲ၊ ပြီးတော့ အဘွားကြီးက ညဘက်ဆိုရင် စိတ်ဖောက်တတ်တယ်ဟ၊ လူက ပိန်သေးသေးဆိုပေမယ့် စိတ်ဖောက်တဲ့အခါကျရင် အရမ်းသန်မာတာ၊ အဲဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com

သူ့တစ်ယောက်တည်း အိမ်ထဲပိတ်ထားရတယ်"

"အိမ်ထဲ ပိတ်ထားတယ် - ဟုတ်လား"

သူမက အံ့ဩစွာ မေးမိသည်။ ဝါဝါက -

"မပိတ်လို့မရဘူးဟ။ သူက ညညဆို လျှောက်လျှောက်သွားနေတတ်လို့ ပိတ်ထားရတာ။ ဒါတောင် - တစ်ခါတလေ အိမ်ထရံကို ဖွင့်ဖြဲပြီး ထွက်သွားတတ်သေးတယ်။ ဟိုလူ့အိမ်ထဲဝင်၊ ဒီလူ့ ခြံထဲဝင်နဲ့ ဘာမှအသိစိတ်ရှိတာမဟုတ်ဘူး။ မျက်စိကလည်း အတော်မှုန်နေတော့ အဲဒီလိုလျှောက်သွားရင် အန္တရာယ်ဖြစ်မှာစိုးလို့ ပိတ်ထားရတာလေ ..."

"ခြော် - ဖြစ်မှဖြစ်ရလေ။ အဘွားကြီး သနားစရာပဲနော"

သူမက အမှန်တကယ် သနားစိတ်ဖြင့် ပြောလိုက်မိသည်။ ထိုအဘွားကြီးက မမောနိုင်၊ မပမ်းနိုင် ဆက်လက်အော်ဟစ်ဆဲ။

"ကယ်ပါဦးတော် - လူဆိုးတွေ - ကျုပ်ကို ဖမ်းထားကြပါတယ် - ကယ်ကြပါ"

"ကျုပ်အိမ်ကို မီးနဲ့ရှို့မလို့တဲ့။ ကျုပ်ပစ္စည်းတွေ၊ အတွင်းပစ္စည်းတွေ ပါသွားတော့မယ်"

"ဗိုလ်အောင်ဒင်ရေ - ကယ်ပါဦး။ ကျုပ်ကို ဖမ်းမလို့တဲ့။ ကျုပ်က ဗိုက်ဆာနေတာ"

"ဟဲ့ - ပုစွန်တုပ်ကြော်တွေ၊ ကြက်ကြော်တွေ ယူခဲ့စမ်းပါ - ဗိုက်ဆာလို့" စသဖြင့် ပါးစပ်ထဲ တွေ့ရာများကို အော်ဟစ်ရင်း ရုန့်ရင်းကြမ်းတမ်းသော စကားလုံးများဖြင့် ဆဲဆိုနေလေသည်။ သူမလည်း ဘာမျှမတတ်သာသဖြင့် ထိုအသံကို ဥပက္ခာပြုကာ ဝတ္ထုကို ဆက်ရေးနေလိုက်သည်။

သို့ဖြင့် ရေးရင်း ရေးရင်း ဝတ္ထုထဲတွင် ရှုန်ဝင်နေသဖြင့် သူမ ပတ်ဝန်းကျင်ကို မေ့သွားသည်။ အချိန်မည်မျှရှိနေပြီကိုလည်း သတိမထားမိတော့။ ရေးနေသောဇာတ်လမ်းက သူမရှိနေသော ပတ်ဝန်းကျင်အနေအထားနှင့် အံ့ဝင်ခွင်ကျဖြစ်လွန်းသဖြင့် သူမကို ပင်တိုင်ဇာတ်လမ်းထဲ မျောပါနေသည်။



တဖြည်းဖြည်းနှင့်ဝတ္ထု၏ကြောက်စရာအကောင်းဆုံးအခန်းသို့ရောက်လာသည်။

တရေးဆရာမလေးက အိပ်ပျော်နေရာမှ အသံတစ်ခုကြောင့် လန့်နိုးလာသည်။ သူမ၏အခန်းနံရံကို တစ်ယောက်ယောက်က ကုတ်ခြစ်နေသော အသံဖြစ်သည်။ သူမက အိပ်ရာမှထကာ အခန်းတံခါးဆီသို့ ကြောက်ဆုတ်ဆုတ်ဖြင့် တိုးကပ်လာခဲ့သည်။ ထို့နောက် ဓာတ်မီးကိုဖွင့်ကာ လက်တစ်ဖက်က တင်းတင်းဆုပ်ကိုင်ပြီး ကျန်လက်တစ်ဖက်က တံခါးကို ဆွဲဖွင့်လိုက်သည်။ သူမ မြင်လိုက်ရသည်က -

ဆံပင်ရှည်များက ပြာနှမ်းအက်ကွဲနေသောမျက်နှာကို တစ်ဝက်တစ်ပျက် ဖုံးအုပ်လျက် လုံချည်ရင်လျားဝတ်ထားသော မိန်းမတစ်ယောက်၊ ထိုမိန်းမသည်နီရဲပြူးကျယ်နေသောမျက်လုံးကြီးများဖြင့်သူမကိုစိုက်ကြည့်ရင်း သူမထံသို့ လေးဖက်ထောက်ကာ တဖြည်းဖြည်း တိုးကပ်လာလေသည်။

"အား"

✻

စန္ဒီက ထိုစာပိုဒ်ကိုရေးပြီးသည်နှင့် ဘောလ်ပင်ကိုလွှတ်ချကာ လက်ကို အညောင်းဖြေလိုက်သည်။ ရေးပြီးသားစာပိုဒ်ကိုဖတ်ကြည့်တော့ဖတ်ရင်းမှ သူမကိုယ်တိုင်ပင် ကျောရိုးထဲ စိမ့်ခနဲ ဖြစ်သွားသည်။ သူမ ရေးဖွဲ့ထားသော သရဲမ၏ပုံသဏ္ဌာန်ကိုလည်း စိတ်ထဲမှာ မြင်ယောင်လာမိသည်။ အင်း ... ကြောက်စရာကောင်းလိုက်မယ့်ဖြစ်ခြင်း။

သူမက အညောင်းဖြေသွားချင်စိတ်ပေါက်လာသဖြင့် ထိုင်ရာမှ ထလိုက်သည်။ နာရီကိုကြည့်လိုက်တော့မနက်(၂)နာရီပင်ထိုးတော့မည်။ ဝါဝါတစ်ယောက်တော့ နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်နေခဲ့ပြီ။ သူမက ဝါဝါကိုနိုးပြီး အဖော်ခေါ်သွားရင် ကောင်းမလားဟု စဉ်းစားမိသည်။



www.burmeseclassic.com

www.burmeseclassic.com

နယ်မြို့များမှ အိမ်များထုံးစံအတိုင်း ဝါဝါတို့အိမ်နှင့် အိမ်သာက တစ်ဆက်တည်း မဟုတ်ပေ။ သီးခြားစီ ဆောက်ထားခြင်းဖြစ်ပြီး အိမ်သာဆီသို့ ရောက်ရန် ဝါးနစ်ပြန်ခန့် သွားရသေးသည်၊ ညဘက်ဆိုလျှင်တော့ အိမ်သာသို့သွားသောလမ်းတစ်လျှောက်မှ သစ်ပင်လေးများတွင် မီးလုံးကလေးများ ဖွင့်ပေးထားသည်။ သို့တိုင်အောင် သူမ တစ်ယောက်တည်းသွားရန် မဝံ့မရဲ ဖြစ်နေမိသည်။

ဝါ့ဝါကို နှိုးရင် ကောင်းမလားဟု စဉ်းစားမိသော်လည်း ညနေက ဝါဝါ့ရှေ့တွင် ကြားထားမိသောစကားများကို ပြန်သတိရမိကာ မနှိုးချင်တော့။ တော်ကြာ - "သရဲ မကြောက်တတ်ဘူးဆိုပြီး ဘာဖြစ်လို့ တစ်ယောက်တည်း မသွားတာလဲ" ဟု ပြန်နှိပ်ကွပ်နေမှ ဒုက္ခ။ ထိုမိန်းမ အထင်သေးမှာကိုတော့ သူမ လုံးဝမခံချင်ပါ။

သူမက တွေးရင်း စိတ်ကိုတင်းကာ အောက်ထပ်ဆင်းလာခဲ့သည်။ အောက်ထပ်ကလူတွေလည်း အိပ်ပျော်နေကြပြီဖြစ်ရာ မှောင်မည်းတိတ်ဆိတ်နေသည်၊ သူမက အိမ်ရှင်တွေ အနှောင့်အယှက်ဖြစ်မည်စိုး၍ မီးမဖွင့်တော့ပဲ မာတ်မီးအလင်းရောင်ဖြင့်သာ အိမ်မြင် ထွက်လာခဲ့သည်၊ ထို့နောက် အိမ်သာဆီသို့ ခပ်သွက်သွက် လျှောက်လာခဲ့သည်။

ထိုစဉ်မှာပင် ခြံစည်းရိုးတွင် စိုက်ပျိုးထားသော ပန်းပင်များက လှုပ်ခနဲ ဖြစ်သွားသည်ကို သူမျက်လုံးထောင့်မှ မြင်လိုက်ရသည်။ သူမက ရပ်ကာ လှည့်ကြည့်လိုက်တော့ ပန်းပင်တွေက ငြိမ်သွားသည်၊

"လေတိုက်လို့ ဖြစ်မှာပါ" ဟု တွေးပြီး သူမ ဆက်လျှောက်လာခဲ့သည်၊ သို့သော် ခြေလှမ်းနှစ်လှမ်းပဲ လှမ်းရသေးစဉ် ပန်းပင်တွေက လှုပ်သွားပြန်သည်၊ သူမက ထိုပန်းပင်များကို အထိတ်တလန့် လှည့်ကြည့်မိသည်။ အခုတစ်ခါတော့ ပန်းပင်တွေက ရပ်မသွားပါ၊

ပို၍ပို၍သာလှုပ်ရှားယိမ်းထိုးလာကြသည်၊ ထိုနေရာမှတကျစ်ကျစ်အသံများကိုလည်း ကြားရသည်၊ စန္ဒီသည် ထိုနေရာကို ငေးစိုက်ကြည့်နေမိရင်း



စောစောကမှ ရေးခဲ့သော ဝတ္ထုအကြောင်းက ခေါင်းထဲ ရောက်လာသည်၊ ကြောက်စိတ်က ရင်ထဲစိမ့်ဝင်လာသော်လည်း သူမ ထိုနေရာမှ မရွှေ့မိသေးပါ၊ ထိုစဉ်မှာပင် ထိုပန်းပင်များကြားမှ တစ်စုံတစ်ရာက တိုးဝှေ့ထွက်လာသည်၊ မိန်းမတစ်ယောက်၊ ပိန်လှီကာ အရိုးငေါငေါထွက်နေသော မျက်နှာကြီးပေါ်တွင် ရှုပ်ထွေးသောဆံပင်များကဖုံးအုပ်နေပြီး လုံချည် ရင်လျားထားသော မိန်းမကြီးတစ်ယောက်၊ ထိုမိန်းမက ပန်းပင်များကြားမှ လေးဖက်ထောက်ကာတိုးဝှေ့ထွက်လာသည်၊ ထို့နောက်ကြောင်ငေးကြည့်နေမိသော သူမကို မျက်လုံးနီနီများဖြင့် မော့ကြည့်လိုက်လေသည်၊

"အား ..."

သူမသည် စူးစူးဝါးဝါး အော်ဟစ်လိုက်ရင်း နေရာမှာတင် ပုံလဲကျသွားတော့သည်၊

"စန္ဒီ - စန္ဒီ - စန္ဒီ"

နားထဲတွင် ခေါ်သံသဲ့သဲ့ ကြားရသည်၊ သူမနာမည်ကို တစ်ယောက်ယောက်က ခေါ်နေသည်၊

"တူမကြီး - သတိရရဲ့လား - တူမကြီး"

ဝါဝါ့အမေ၏အသံကိုလည်း ကြားရသည်၊ သူမနှာခေါင်းထဲမှာလည်း ဆေးနံ့က မွှန်ထူနေသည်၊ သူမ ဘာဖြစ်နေတာပါလိမ့်၊

ဟင် - သရဲ၊ စန္ဒီက အဖြစ်အပျက်ကို သတိရလာကာ အထိတ်တလန့် ထ.ထိုင်လိုက်မိသည်၊

"သရဲ - သရဲတွေ့လိုက်တယ်၊ ဘယ် - ဘယ်ရောက်သွားလဲ"



www.burmeseclassic.com

www.burmeseclassic.com

စန္ဒီကပြောရင်း ဘေးပတ်ဝန်းကျင်ကို ကိုးကန်းတောင်းမှောက် ကြည့်မိသည်။ သူမကို ယပ်တောင်ဖြင့် တဖျတ်ဖျတ်ခတ်နေသော ဝါဝါက -

"မဟုတ်ဘူး - ငါတွေ့လိုက်တယ်၊ ထမိရင်လျှားကြီးနဲ့ ဆံပင်ဖားလျားချထားတယ်၊ မျက်လုံးကြီးကလည်း နီရဲလို့၊ ငါ - ငါ သေရွာတွေ့လိုက်တယ်ဟ"သူမက တုန်တုန်ယင်ယင် ပြောမိသည်။ သူမစကားကြောင့် ဝါဝါက ရယ်သည်။ သူမဘေးတွင် ဝိုင်းထိုင်နေကြသူများကပါ လိုက်ရယ်ကြသည်။

"ခြော် - လက်စသတ်တော့ - နင်က ဖွားသုံနဲ့ သွားတွေ့မိတာကိုး၊ ဖြစ်မှဖြစ်ရလေဟယ်" ဝါဝါက ပြောရင်းရယ်သည်။ သူမက အူကြောင်ကြောင်ဖြင့် -

"ဖွားသုံ - ဟုတ်လား၊ အဲဒီသရဲမကို နင်တို့သိတယ်ပေါ့" ဟု ပြန်မေးမိသည်ပေါ့။

"သူက ငါတို့ခြံစည်းရိုးကိုဖြဲပြီး ခြံထဲဝင်လာတာလေ၊ အဲဒါ - နင်နဲ့ သွားတွေ့တာပေါ့၊ သူက အဲဒီလိုပဲဟ၊ ညဘက်ရောက်ရင် လျှောက်သွားပြီး တွေ့တဲ့အိမ်ထဲ ဖွတ်ဝင်တာ၊ ဒါနဲ့ - နေပါဦး၊ နင်က ဖွားသုံကို သရဲမလို့ ထင်နေတာပေါ့ - ဟုတ်လား။ အဲဒါကြောင့် - ဖွားသုံကိုမြင်တော့ လန့်အော်ပြီး သတိလစ်သွားတာလား"

ဝါဝါ့စကားကြောင့် သူမမျက်နှာတစ်ခုလုံး ရှိန်းခနဲ ပူနွေးသွားသည်။ ရှက်စိတ်ကြောင့် နေရာမှာတင် အငွေ့ပျံသွားလိုက်ချင်တော့သည်။ အရွှေးကြီးတဲ့၊ အရူးမကိုများ သရဲထင်ပြီး သတိလစ်သွားရသတဲ့၊ ရှက်ဖို့ ကောင်းလိုက်တာ၊

နောက်တစ်နေ့မနက်မှာတော့ စန္ဒီတစ်ယောက် ရန်ကုန်သို့ ချက်ချင်းပြန်လာခဲ့သည်၊ ဝါဝါက တားသော်လည်း သူမ ဖွတ်အတင်းပဲ ပြန်လာခဲ့သည်၊နားထဲမှာတော့ဝါဝါ့အမေ၏စကားသံများကိုအထပ်ထပ်ကြားယောင်နေမိလေသည်၊

"ဖြစ်ရလေကွယ် - အရူးကိုများ သရဲလို့ထင်ပြီးမေ့လဲရတယ်လို့ အနီတီတို့ကတော့ သမီးရေးတဲ့ဝတ္ထုတွေဖတ်ပြီး သမီးကို အရမ်းသတ္တိကောင်းတာပဲလို့ ထင်နေကြတာ၊ ဒီလိုပုံစံနဲ့ သမီး ဘယ်လိုဝတ္ထုတွေ ရေးလည်း ဟင်"

ရယ်သံများ - ရယ်သံများက သူမနားထဲမှ မထွက်၊ သရဲဝတ္ထုရေးသောစာရေးဆရာမ သူယောင်မယ်တစ်ယောက် အကြောက်လွန်ပြီး မေ့လဲသွားသည်ဆိုသောအဖြစ်က တကယ်လည်း ရယ်စရာကောင်းနေသည် မဟုတ်လား၊

စန္ဒီကတော့ ထိုဝတ္ထုကို လုံးဝ ဆက်မရေးဖြစ်တော့သလို ထိုနေရာကိုလည်း ဘယ်တော့မှ ပြန်မသွားတော့ဟု ဆုံးဖြတ်ထားသည်၊ အရူးမကြီးဒေါ်ဖွားသုံနှင့်တကွ ဆင်ပေါင်ဝဲမြို့ကိုလည်းစိတ်အနာကြီးနာသွားမိပါတော့သည်၊

→ နှတ်ဝီဝယ်

စာမူများ
ပေးပို့လိုပါက



www.burmeseclassic.com

www.burmeseclassic.com



# ခိုးဖြူတောက နွေနေ့လယ်ခင်း

ဝေဟင်မှူးကြီး သိန်းဝင်း

အစာရေစာ ချို့တဲ့နေသော
ဝန်ထမ်းများ တောဝင်၊
ချောက်ကို ဖြစ်ခတ်ဖမ်းဆီးပုံကို
ဖတ်ရှုရမည် ..

**ယခုနှစ် ...**

ဧပြီလအတွင်း ရောက်သော်လည်း သကြန်အကြိုမိုးက မရွာပါ။ ပဲခူးရိုးမ အတွင်း တဲစခန်းချနေရခြင်းဖြစ်သော်လည်း ရန်ကုန်မန္တလေး အမြန်လမ်းမ ကြီး ဖောက်လုပ်ရန် အကျယ်ပေ (၆၀၀) ရှိသော လမ်းကြမ်းဧရိယာကို ရှင်း လင်းထားရသဖြင့် လမ်းမကြီးနှင့်နီးသော ကျွန်တော်တို့စခန်းမှာ ယခင်ကလို တောရိပ်၊ တောင်ရိပ်နှင့် မအေးတော့။ စခန်းဝင်းအတွင်းနှင့် ပတ်ဝန်းကျင်၌ လည်း ရဲဘက်တဲကြီး (၅) လုံးနှင့် ဗိုကြီး၊ ဝန်ထမ်းအိမ်ရာများ ဆောက်ထားပြီး သွပ်ဆူးကြိုးများ ကာရံထားသောကြောင့် တစ်ဧကခန့် ကျယ်ဝန်းသော ကွက် လပ်ကြီးဖြစ်နေပြီး ပတ်ဝန်းကျင်၌လည်း လုံခြုံရေးအရ သစ်ပင်ကြီးအချို့လွဲ၍ အပြောင်ရှင်းထားသောကြောင့် ပဲခူးရိုးမတောထဲ၌ နေထိုင်ရသော်လည်း ယခုလို နွေရာသီတွင် တောရိပ်၊ တောင်ရိပ်ဖြင့် မအေးတော့ပါ။

ပန်းအကြွေတွေလည်း နွမ်းပြီး စမ်းရေတွေလည်း ခန်းခြောက်ပြီထင်ပါရဲ့။ ကျွန်တော်တို့ အပူဒဏ်ကို ခါးစည်းပြီး ခံနေရတော့သည်။

"တင်သောင်းရေ- ဘာဟင်းချက်မလဲကွ"

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ - ဟဲ - ဒီနေ့တော့ သက်သတ်လွတ်ဟင်းပဲဖြစ်ဖို့များပါတယ် - ဆရာ၊ ဆရာ့အိမ်ကပို့ထားတဲ့ ငါးခြောက်၊ ငါးခြမ်းလည်း ကုန်ပြီဆိုတော့ ကျွန်တော် တောထဲသွားပြီးအသီးအရွက်ရှာပဲ့မယ် - ဆရာရေ့ ဂုန်ညင်းတန်းတောဘက် မှာတော့ ဇီးဖြူ(ဆီးဖြူ)ပင်၊ ကြောင်လျှာပင်နဲ့ ပုတတ်စာတွေ ပေါပါတယ်၊ ကံကောင်းရင်တော့ ပုတာတ်လေးငါးကောင်နဲ့ ဝါးရောင်ငှက်ကလေးများ ရနိုင်မယ်ထင်ပါတယ်"

"ဟိုကောင်အောင်သန်းကလည်း မုဆိုးလုပ်ပြီး ကြက်ကလေး၊ ရစ်ကလေး တောင်မရတာ ကြာပြီ၊ အူခြောက်လှသကွာ"

"ဟုတ်ပ့ါ - ဆရာရယ်၊ ဆရာလည်း ရှေ့တန်းလုပ်ငန်းထွက်ပြီး ဦးစီးနေ ရတာနဲ့တောမလည်ဖြစ်တာတောင်ကြာပေ့ါ၊ မိုးမရွာခင်စပ်ကြားနေကလည်း အလွန်ပူတယ်လေ - ဆရာရဲ့"

"အေးကွာ - ရှေ့တန်းတပ်ခွဲက ငါ့ရဲဘက်တွေလည်းနေ့စဉ်ပဲဟင်းနဲ့တစ် ပတ်တစ်ခါ မအူပင်ဆိပ်စခန်းကပို့တဲ့ အမဲပိန်အသားပဲ စားရလို့ အားပြတ် နေကြပြီ၊ ဒီနေ့တော့ - ငါအားတယ်၊ မုဆိုးအောင်သန်းနဲ့ အမဲလည်ကြမယ်၊ ဟိုတစ်ခါလိုတောဝက်ကြီးထှစ်ကောင်လောက် (ဒါမှမဟုတ်) ဆတ်ကြီးတစ် ကောင်လောက် ရလာရင်တော့ အတော်ကောင်းမှာပဲ၊ စခန်းဝန်ထမ်းနဲ့ ရဲဘက် ဝဝစားရတာပေ့ါ၊ ချေလောက်ကတော့ ဝန်ထမ်းလောက်ပဲ ကျွေးနိုင် မှာ ..."

"ဒီနေ့ရမှာပါ - ဆရာရယ်၊ အနီးပတ်ဝန်းကျင်မှာတော့ မလွယ်တော့ဘူး ရိုးမကျောပေါ်ဘက်မှ ရနိုင်လိမ့်မယ်ထင်တယ်"

"ကဲ - မနက်စာကလေးလုပ်ကွာ၊ ထမင်းကြော်ကလေးနဲ့ မနေ့ကဟင်း ကျန်ကလေးနဲ့ ထုံးစံအတိုင်းပေ့ါကွာ"

"ဟုတ်ကဲ့ - ဆရာ၊ ပူပူနွေးနွေး ရပါစေ့မယ်၊ ခဏကလေးစောင့်ပါ"

ထိုစဉ်က ယခုလို ကော်ဖီမစ်ထုပ်၊ ခေါက်ဆွဲခြောက်ထုပ်များကလည်း မပေါ်သေးပါ၊ ကျွန်တော် ကြိုက်၍ဆောင်ထားသော သကြား၊ ကော်ဖီမှုန့်နှင့် နို့ဆီကလည်း ကုန်တာ ကြာပါပြီ၊ မြို့ ရွာဖြင့် မနီးသဖြင့် လက်ဖက်ခြောက်



တောင် မရှိပါ၊ လောက်သေရွက်ကိုအခြောက်လှန်း၍လက်ဖက်ခြောက်လုပ် သောက်နေရပါသည်၊ နောက်ဆုံးကုန်ကုန်ပြောရလျှင်သောက်သုံးရေတောင် ရှားစပြုနေပါပြီ၊ သုံးရေကတော့ ဗိုကြီးအနီး ချောင်းခြောက်အတွင်း ရေတွင်း တူးထားသဖြင့်သုံးရေရနေပါသေးသည်၊ သောက်ရေကိုတော့စခန်းအနောက် ဘက် လျှိုအတွင်း သွားခပ်မှ ရနိုင်တော့သည်၊ အတော်လည်း လှမ်းပါသည်၊

ကျွန်တော်နှင့် မုဆိုးအောင်သန်းတို့ မနက်စာ စားသောက်ပြီး စခန်းမှ ထွက်ခဲ့ကြပါသည်၊ ကျွန်တော့်တွင် ဒသမ .၃၀၃ ရိုင်ဖယ်သေနတ်ကြီးနှင့် ကျည်(၁၀)တောင့်၊ အမဲလိုက်ဓားတစ်ချောင်းနှင့် ရေဘူးတစ်လုံး ပါသည်၊ မုဆိုးအောင်သန်းတွင်တော့ ဓားတစ်ချောင်းနှင့်မုဆိုးလွယ်အိတ်တစ်လုံးသာ ပါလာပါသည်၊

ကျွန်တော်တို့စခန်းက ထွက်လာချိန်က မနက်(၇)နာရီခန့်သာ ရှိသေး သော်လည်း နေမင်းကြီးက ကျဲကျဲတောက်ပူနေချေပြီဖြစ်ပါသည်၊ ယနေ့ အလုပ်နားရက်ဖြစ်သဖြင့် စခန်းအတွင်း နေရာအနှံ့မှ ချက်ပြုတ်ကြော်လှော် ကြသည်က မီးခိုးတလူလူဖြင့် -

"ဆရာ - ဘယ်ဘက်သွားကြမလဲ"

"မင်းပဲ ဂုန်ညင်းလျှိုဘက် သွားမယ်ဆို ..."

"ဟုတ်ပ - နည်းနည်းတော့ လှမ်းတယ် - ဆရာ"

"သွားစမ်းပါကွာ၊ နေမမြင့်ခင်ကလေး အရောက်လှမ်းရအောင် ..."

ယနေ့ ကျွန်တော်တို့ ထွက်သာလာရသည်၊ တောက အလွန်ခြောက်လှ ပြီ၊ ဆတ်တစ်သံ၊ ချေဟောက်သံမပြောနှင့်၊ ကြက်ငှက်အော်သံ၊ မျောက် သံပင် မကြားရ၊ ရေ၊ ချောင်းများကို ဖြတ်တော့လည်း ချောင်းရေက မရှိ၊ မိုးအစောပိုင်းက ဖြတ်သန်းသွားကြဟန်တူသော ချေအုပ်ခြေရာ၊ တော ဝက်ခြေရာများကိုတော့ တွေ့ရသည်၊ ရေကြည်ရာမြက်နုရာသို့ သွားကြ ဟန်တူသည်၊ ဆတ်လို၊ ပြောင်လို၊ စိုင်လိုအကောင်ကြီးခြေရာမျိုးကိုတော့ ရှာမှ တွေ့ရသည်၊ ... ရေကြိုက်၍ရွှံ့လူးသောအကောင်ကြီးများဖြစ်ကြ၍ စိမ့်စမ်းနှင့်ကျူ



www.burmeseclassic.com

www.burmeseclassic.com

တော၊ ကိုင်းတောများအတွင်း၌ ပုန်းအောင်းငိုက်မြည်းနေပေရော့မည်၊ ရှိုးမတောတွင်းနေထိုင်ပြီးအမဲလည်သူများဖြစ်ကြသော်လည်း တောကောင်များက ရှားပါးချေပြီ၊

ကျွန်တော်တို့ ရှိုးမတောင်ခြေသဲချောင်းတစ်ခုသို့ ရောက်ကြသည်၊ သဲချောင်းကမ်းပါးအနီးရှိ ပျဉ်းမပင်ကြီးက ရွက်ဝါတွေ ကြွေပြီး ခရမ်းရောင်အပွင့်များ အဆုပ်လိုက် ပွင့်ဖူးတွေ ဝေနေသည်၊ ဤဒေသက ရွက်ကြွေတောတွင် ရှိုးတံပြိုင်းပြိုင်းဖြင့် သစ်ပင်ကြီးငယ်များ အရွက်ချရိန်ဖြစ်သည်၊ ဝါးပင်များထင် အရွက်ကျဲကျဲနှင့် အရိုးစုပုံသဏ္ဌာန်ဆောင်နေသည်၊ ချောင်းခြောက်ကမ်း အနီးအရွက်မကြွေသော ကျွဲတည်းပင်ကြီး၏အရိပ်အောက်တွင် ကျွန်တော်တို့ခေတ္တနားကြသည်၊ ကျွန်တော် ရေဘူးကိုမော့နေစဉ် မုဆိုးအောင်သန်း ဝါးရုံပင်ကိုင်းတက်ပေါ်မှ ဝါးရောင်ငှက်အုပ်ကို လေးခွဖြင့် လိုက်ပစ်နေသည်

ငှက်အုပ်မှာ စုန်ဆွေ့ စုန်ဆွေ့ဖြင့် ပျံအပြေး အနီးရှိ ချုံကြီးတစ်ချုံပေါ်သို့ နားစဉ် ငှက်နှစ်ကောင် ထိမှန်၍ ချုံထဲ ကျသွားသည်၊ ဝါးရောင်ငှက်များ ဇရက်(ဆက်ရက်)ငှက်ခန့်သာ ရှိပါသည်၊ ဝေးဝေးသို့ မပျံတတ်၊ မုဆိုး ကျွမ်းကျင်ပါက တစ်အုပ်လုံး ရတတ်ပါသည်၊ တစ်ကောင်လျှင် (၁၅)ကျပ် သားခန့်ရှိသည်၊

"ကဲ - ဆရာရေ့ - မုဆိုး လာဘ်ဦးကောင်းပြီဗျို့၊ (၂)ကောင်တောင် သွားပြီ၊ တစ်အုပ်လုံးရမှာပဲ၊ (၇)ကောင်လောက် ရှိတယ်"

ကျွန်တော်ကတော့ စိတ်မဝင်စားပါ၊ သားကောင်ကြီးရရန်သာ မျှော် ထားသောကြောင့် ဖြစ်ပါသည်၊ ကျွန်တော်ထိုင်နေသော ကျွဲတည်း အရိပ်တွင် တောဆောင်းဦးထုပ်ကိုချွတ်၍ ယပ်ခတ်နေမိသည်၊ ထိုစဉ် အောင်သန်းတစ်ယောက် ချုံအနားကပ်၍ ဝါးရောင်ငှက်များအား အထ



"ဖောက် - ဖောက် - ချွတ် - ချွတ်" ဟူသောအသံနှင့်အတူ "ဝုန်း - ဝုန်း - ဝဈော" တူ သောအသံကြီး ပေါ်ထွက်လာပြီး ကြွက်နွယ်ချုံကြီး လှုပ်ယမ်းသွားပြီး ချုံထဲမှ နီညိုရောင်အဆင်းဖြင့် တောကောင်တစ်ကောင် ခုန်ထွက်လာသည်၊

ချေဖိုကြီးတစ်ကောင်ဖြစ်သည်၊ ချိုနှစ်ချောင်းနှင့်အကောင်က အတော် ကြီးသည်၊ ကျွန်တော့်တွင် ကျည်ထိုးပြီးသော့ဖွင့်ထားသော ရိုင်ဖယ်သေနတ် ကြီးက အဆင်သင့်ရှိသဖြင့် လျင်မြန်စွာ မတ်တတ်ထ၍ လုံခြုံရေးသော့ကို ဖွင့်ပြီး လက်တန်းထိုးပစ်ချလိုက်ပါသည်၊ ချေဖိုကြီးက ရေချောင်းထဲ ခုန် အဆင်း၊ ကျွန်တော်က သေနတ်လေတ်ကို အဆွဲ၊ ချေဖိုကြီး ပခုံးပေါ်မှ ကျည် ဆန်က ဖြတ်သွားပါတော့သည်၊

"ဒိုင်း - ဝုန်း"

ချေဖိုကြီးမှာ သေနတ်သံကြောင့် သူ ကျသွားသော ရေစပ်စပ်အိုင်ထဲမှ တစ်ဖက်ချောင်းကမ်းပါး၊ ကမ်းပါးယံ၊ ပထမအဆင့်သို့ ခုန်အတက်တွင် ကျွန်တော် နောက်ကျည်ဆန်အသစ်တစ်ခုလဲရန် မောင်းတံ့အား နောက်သို့ ဆွဲ၍ကျည်သစ်လဲရန်အလုပ်၊ ပြောင်းရင်းမှ ကျည်ခွံမှာ ပွနေသဖြင့် မောင်းတံ့ ကျည်ကော်က ပြောင်းရင်းမှ ကျည်ဆန်ခွံကို ကော်ထုတ်၍မရတော့ပါ၊ ထို အချိန်တွင်မှ မုဆိုးအောင်သန်း အပြေးလာပြီး သူ၏ဓားမြှောင်ဖြင့် ကျည်ပွ အခွံ ကြီးအား ကော်ထုတ်ပေးပါသည်၊ ကျည်ခွံကြီးပြောင်းရင်းက ကွာ၍ထွက်လာ တော့မှ နောက်ကျည်ဆန်အသစ်တစ်ခုကို ကျွန်တော် အလျင်အမြန် ထိုးရ သည်၊

ထိုအချိန်တွင် ချေဖိုကြီးမှာ ကမ်းပါးအပေါ်ဆင့်သို့ ရောက်သွားပြီး ထွက် ပြေးသွားရာ အမြီးတိုကလေးကိုပင် လှုပ်ပြသွားပါသေးသည်၊

"ဟာ - သွားပါပြီကွာ၊ အောင်သန်း - မင်းပဲ လာဘ်ဦးကောင်းတယ်ဆို တွ"

"အင်း - မမျှော်လင့်ဘဲ ဖြစ်သွားတာဆိုတော့ သွားပေ့ါ - ဆရာရယ် အရေးထဲ ဆရာ့သေနတ်ကြီးက ကျည်ပွနေရသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com

'ဖျော – ဖျော – ချွတ် – ချွတ် – ချွတ်'
ဟူသော အသံများနှင့်အတူ
ချေတစ်အုပ်၊ ဆတ်တစ်အုပ်နှင့်
တောဝက်အုပ်များ ဝင်လာကြသည်။
အုပ်ကောင်းသဖြင့် အကြောက်
အလန့်ရှိပုံမရ။ ရဲရဲတင်းတင်း
ဝင်လာကြခြင်းဖြစ်သည်။
ကျွန်တော်တို့ မလှုံမခြံ၊ ဆီးဖြူပင်
အကွယ်တွင် ဝင်ကပ်လိုက်ရင်း
ကျွန်တော်က ရှေ့ဆုံးမှ ဝင်လာသည့်
ဝက်အုပ်ခေါင်းဆောင် ဝက်တောင်း
ကြီးအား ပစ်ထည့်လိုက်တော့သည်။



"ထားပါတော့ကွာ၊ ပထမတစ်ချက်က ငါ ညှံ့တာပါ၊ ရှုတ်တရက် လက်တန်းထိုးပစ်ရတော့ ရုပ်ပြီးလွဲသွားတယ်၊ အမှန်က စောင့်ပြီး အေးအေးဆေးဆေးပစ်ရမှာပါ"

"ချေဖိုကြီး ကံကောင်းသွားတာ နေမှာပေါ့ – ဆရာရယ်၊ နောက်တွေ့ဦးမှာပါ၊ စိတ်မပျက်ပါနဲ့ – ဆရာရယ်"

"မင်း – ဝါးရောင်ငှက် – ဘယ်နကောင်ရသလဲ"

"မကောက်ရသေးပါဘူး – ဆရာရယ်၊ နစ်ကောင်သုံးကောင်ပဲ နေမှာပေါ့၊ ချေဖိုကြီးကြောင့် ဝါးရောင်ငှက်အုပ် လွတ်သွားပြီ"

ကျွန်တော်တို့ ဆရာတပည့် ချောင်းရိုးအတိုင်းလိုက်၍ ရိုးမပေါ်သို့ တက်ခဲ့ကြပါသည်၊ ချောင်းရိုးကလေးမှာ ရေစီးဆင်းနေခြင်းမရှိ၊ အချို့နေရာများတွင် ရေအိုင်ကလေးများတော့ ရှိသည်၊ ချောင်းရိုးတစ်လျှောက် ရှက်ကြေ



တောဖြစ်သဖြင့် နေက အလွန်ပူသည်၊ ကျွန်တော်တို့ ချောင်းကမ်းပါးသော မှဆိုးလမ်းကလေးအတိုင်း လျှောက်ကြခြင်းဖြစ်သည်၊

ချောင်းကလေးအကွေ့နားရောက်တော့ မုဆိုးအောင်သန်းက လက်ပြသည်၊ ကျွန်တော် တောသရက်ပင်ကြီးပင်စည်ကို ကွယ်ပြီးရပ်လိုက်တော့ မုဆိုးအောင်သန်းက – "ရှေ့မှာ ဆီးဖြူတော – ဆရာ၊ ချေတွေ ရှိတတ်တယ်၊ ခြေသံ လုံအောင်နင်း – ဆရာ"

ကျွန်တော်က အမဲလိုက်ဖိနပ်(တရုတ်ဇကာပဖိနပ်)စီးထားသောကြောင့် ခြေသံလုံပါသည်၊ မုဆိုးအောင်သန်းကသာ ရဲဘက် တာယာဖိနပ်စီးထားသဖြင့် ဖိနပ်ချွတ်၍ ခါးထိုးပြီးလျှောက်ပါသည်၊ ဆီးဖြူတောက အပင်များမှာ မြင့်မားခြင်းမရှိလှ၊ လူတစ်ရပ်ခန့်သာရှိသည်၊ ဆီးဖြူပင်များအောက်တွင် တောကောင်တစ်ကောင်တလေမျှ မမြင်ရပါ၊ အစောက ကျွန်တော်ပစ်လိုက်သော သေနတ်သံကြောင့် ချောင်းရိုးတစ်လျှောက် ဟိန်းပြီး တောကောင်များ လစ်ပြေးသွားကြဟန်တူပါသည်၊

ကျွန်တော်တို့ ဆီးဖြူတောတွင် နားကြပြန်သည်၊ နေ့နေမှာ အတော်ပူလာပြီ၊ ထို့ကြောင့် ကျွန်တော်က ပါလာသော ရေဘူးအား ခါးမှဖြုတ်၍ မော့ရပြန်သည်၊

"ဒီရာသီမှာ ချေသားက ဆီးဖြူသီး၊ တောဇွေးသီး စားထားလို့ ချဉ်ပြီး အလွန်စားကောင်းတာ – ဆရာရဲ့"

"အေး – ချေသားစားရဖို့မပြောနဲ့၊ ချေကောင်တောင် မတွေ့ရဘူး။ အမောသာ အဖတ်တင်တာပဲ၊ အောင်သန်းရေ – ဗိုက်တောင် ဆာလာပြီ၊ လှည့်ပြန်ကြရင် ကောင်းမယ်ထင်တယ်"

"ဆရာရယ် – ခဏနေပါဦး၊ ကျွန်တော် ဆီးဖြူသီး တက်ခူးလိုက်ဦးမယ်၊ ဆီးဖြူသီးကို ထောင်းပြီး ပုစွန်ငါးပိနဲ့ ကြော်စားရင် အလွန်ခံတွင်းလိုက်တာ ဆရာရဲ့၊ အဲ – ငရုတ်သီးစိမ်းကလေးပါရင် ပိုတောင်ကောင်းသေး"



www.burmeseclassic.com

www.burmeseclassic.com

"ကဲ - အခုလောလောဆယ်တော့ - ဆရာ - ဒါကလေးဝါးထား၊ ရေတော်ပြေတယ်၊ ဗိုက်အဆာပြေတယ်၊ မြို့ဖပါမှာတော့ "ရှားမြှုသီး" လို့ခေါ်တယ်၊ အလုံးကြီးတဲ့ဆီးဖြူသီးပေါ့၊ ဒီအပင်ကလေးက ငယ်တော့ အသီးနည်းတယ်၊ ဟိုဘက်နားမှာအပင်ကြီးရှိတယ်၊ ဆရာ - ဆီးဖြူသီးစားရင်းရေသောက်ပေါ့၊ အရသာရှိပါတယ်၊ ကျွန်တော် သွားတက်လိုက်ဦးမယ်"

မုဆိုးအောင်သန်းတစ်ယောက် မုဆိုးကိုစလွယ်သိုင်းလျက် တောင်းဘီတိုကလေးဖြင့် ကျွန်တော်ထိုင်နေသောနေရာဖြင့် အတန်ငယ်လှမ်းသော ဆီးဖြူပင်ကြီးရှိရာသို့ထွက်သွားပါတော့သည်၊ တောမှာ အလွန်ဆိတ်ငြိမ်နေသည်၊ ကြွက်ငှက်အော်သံပင် မကြားရပါ၊

မကြာပါ၊ "ဥုံဖွ၊ဥုံဖွ၊ဥုံဖွ" ဟူသော တောလုံငှက်တစ်ကောင်၏အထိတ်တလန့်အော်သံကိုကြားရသဖြင့် ကျွန်တော်လည်း ထိုင်နေရာမှ အသင့်ကျည်ထိုးထားပြီး လုံခြုံရေးသော့ပိတ်ထားသော ရိုင်ဖယ်သေနတ်ကြီးကို အသင့်ပြင်ဆင်မိသည်၊ တစ်ဆက်တည်း -

"အောင်သန်းရေ - သတိထားဟေ့၊ တောလုံငှက်က သတိပေးနေတယ်"

"ကျွန်တော် သိတယ် - ဆရာ၊ ဒီမှာ အကောင်ရှည်နဲ့ တိုးနေလို့၊ ကျွန်တော်ကြည့်လုပ်လိုက်မယ် - ဆရာ"

"ဟေ - ဘယ်မှာလဲ"

"ဆီးဖြူပင်ပေါ်မှာ - ဆရာ"

ကျွန်တော်အတော်အံ့သြသွားမိသည်၊ ဆီးဖြူသီးကိုမြွေကြောက်တယ်ဆို၊ မဟုတ်ပါလား၊ ကျွန်တော်လည်း မနေသာတော့၊ လိုရမည်ရအောင်သန်းရှိရာ ဆီးဖြူပင်ကြီးဆီသို့ လှမ်းခဲ့ပါသည်၊

မုဆိုးအောင်သန်းက - "ဆရာ - အနားမလာနဲ့၊ တောကြီးမြွေဟောက် ဆရာ၊ ကျွန်တော် - လေးခွနဲ့ ပစ်ထားလို့ ပါးပျဉ်းကျသွားပြီ၊ သေတော့ မသေသေးဘူး၊ အမြီးဆွဲပြီး အောက်ကို ပစ်ချလိုက်တော့မယ်"

"အေး - အေး - သတိထားနော်"



"စိတ်ချပါ - ဆရာ၊ ကျွန်တော် - မြွေအကြောင်း နားလည်ပါတယ်"

ထိုအချိန်တွင် ဆီးဖြူပင်ကြီးအနီးရှိဝါးရုံကိုင်းပေါ်၌ နားနေသော တောလုံငှက်ကလေးမှာ မအော်တော့ဘဲ ငြိမ်သက်စွာ နားနေသည်၊ ထိုတောလုံငှက်ကလေးများမှ ဝါးရောင်းငှက်သာသာ၊ မုဆိုးများအတွက် အရေးပါသော အဖော်မွန်စစ်စစ်ဖြစ်သည်၊ တောတိုင်းမှာလည်း မရှိပါ၊

မုဆိုးအောင်သန်း မြွေကြီးအားအမြီးဆွဲရာ ဆီးဖြူကိုင်းအား အထပ်ထပ်ရစ်ပတ်ထားသဖြင့် ပြုတ်မကျ၊ ထို့ကြောင့် မုဆိုးအောင်သန်းက မြွေကြီး ရစ်ပတ်ထားသော ဆီးဖြူကိုင်းအား သူ့တွင် ဆောင်ထားသည့်ဓားဖြင့် ခုတ်ချလိုက်တော့သည်၊ မြွေကြီးမှာ လေးခွဒဏ်ကြောင့် ခေါင်းကြေနေသော်လည်း မသေသေး၊ မုဆိုးအောင်သန်းက ဆွဲစွာပြီး အမြီးမှကိုင်၍ မွှေ့ယမ်းလိုက်ရာ တဖျစ်ဖျစ်မြည်သောအသံများထွက်၍ အဆစ်များပြုတ်ပြီး ငြိမ်သက်သွားတော့သည်၊

"ကဲ - ဆရာရေ - ဟင်းစားကတော့ သေချာပေါက်ရပြီ၊ မုဆိုးအယူအဆ အရအကောင်ရှည်တွေ့ပြီဆိုတော့ စရိုးဆက်ရကိန်းမြင်ပြီး ထမင်းဝတ်ကိန်း ပါမြင်တယ် - ဆရာရေ"

"တော်စမ်းပါကွာ၊ ငါမှ မြွေသားမစားတာ၊ မင်းရထားတဲ့ငှက်သားဟင်းနဲ့ ချက်မယ့် ကရော်ကမည်ဟင်းရယ်၊ ပဲဟင်းရည်နဲ့ပဲ စားပါတော့မယ်"

ထိုစဉ် ခပ်လှမ်းလှမ်းမှ ချေဟောက်သံ ကြားရပြီး တောတိုးသံပါ ကြားရသဖြင့် ကျွန်တော်တို့ စကားပြောရပ်၍ အကွယ်အကာ ယူလိုက်စဉ် -

"ဖျော - ဖျော - ရှုတ် - ရှုတ် - ရှုတ်" ဟူသော အသံများနှင့်အတူ ချေတစ်အုပ်၊ ဆတ်တစ်အုပ်နှင့် တောဝက်အုပ်များ ဝင်လာကြသည်၊ အုပ်ကောင်းသဖြင့် အကြောက်အလန့်ရှိပုံမရ၊ ရဲရဲတင်းတင်း ဝင်လာကြခြင်းဖြစ်သည်၊ ကျွန်တော်တို့ မလှုံမခြုံ ဆီးဖြူပင်အကွယ်တွင် ဝင်ကပ်လိုက်ရင်း ကျွန်တော်အ ရှေ့ဆုံးမှ ဝင်လာသည့် ဝက်အုပ်ခေါင်းဆောင် ဝက်တောင်းကြီးအား ပစ်ညှဉ့်လိုက်တော့သည်၊

"ဒိုင်း ..."



www.burmeseclassic.com

www.burmeseclassic.com

တစ်ဆက်တည်း အန္တရာယ်ကို မမှုနိုင်တော့ဘဲ ဒုတိယဝင်လာသည့် ဆတ်အုပ်အထဲမှ ဆတ်ဖားကြီးတစ်ကောင်ကိုလည်း ဒုတိယကျည်ဆန် အလျင်အမြန်ထိုး၍ လက်တန်းထိုးပစ်ရပါတော့သည်။

"ဒိုင်း ..."

ပထမသေနတ်သံကြောင့် နောက်လှည့်ပြေးသော ဆတ်ဖားကြီးအား အလျင်အမြန် လက်တန်းထိုးပစ်ရခြင်းဖြစ်ရာ ဆတ်ဖားကြီးမှာ တစ်ချက် ယိုင်သွားပြီး ဆက်ပြေးတော့သည်။ ကျွန်တော်တို့ ကံကောင်းသည်က ပေ (၃၀) ခန့်အကွာက တောဝက်တောင်းကြီးကို ပစ်ရခြင်းဖြစ်ရာ ဦးခေါင်းပွင့် သွားပြီးနေရာတွင်လဲကျ၍ဖြစ်ပါသည်။ အမှန်မှာမုဆိုးတစ်ယောက်အနေဖြင့် ဤမျှနီးကပ်သော တောဝက်တောင်းကြီးကိုမပစ်သင့်ပါ။ ကျွန်တော်တို့တွင် အကာအကွယ်အနေဖြင့်လည်း ထွာဆိုင်သာသာရှိ ဆီးဖြူပင်ကလေးသာ အကာအကွယ် ရှိပါသည်။

"ကဲ - အောင်သန်းရေ - ငါလိုက်နင့်မယ်၊ မင်းပြောသလို ခရီးတော့ရှည် ပြီပေါ့ကွာ၊ ဝက်ကြီးကိုစွ လုံအောင်ဖုံးပြီး နောက်က လိုက်ခဲ့ပေတော့"

"ဟုတ်ကဲ့ပါ - ဆရာ"

ကျွန်တော်ဆတ်ဖားကြီးအားပစ်သည့်နေရာတွင်သွေးများအိုင်ထွန်းနေ သည်။ ချက်ကောင်းမထိသဖြင့် နေရာတွင် မလဲသော်လည်း ဒသမ .၃၀၃ အမေရိကန် ရိုင်ဖယ်ကြီး၏ (၁၅၀၀) ဂရိမ်ပြင်းအားဖြင့် ပေ (၃၀) အတွင်း ထိမှန်ခြင်းဖြစ်ရာ အချိန် (၉၀) ကျော်ခန့်ရှိသော ဆတ်ဖားကြီးမှာ ယိုင်သွား သေးသည်မဟုတ်ပါလား။ ထို့ကြောင့် ကျွန်တော် ဆတ်ဖားကြီး ပြေးလမ်း အတိုင်းလိုက်ခဲ့ရာ ကျွန်တော်တို့လျှောက်ခဲ့သော ချောင်းခြောက်ကလေးမှာ ဝေ့ဝိုက်စီးဆင်းနေခြင်းဖြစ်သဖြင့် ရှေ့တွင် ချောင်းကမ်းပါးကို လှမ်းမြင်နေရ သည်။ ဒဏ်ရာရသည့်တောကောင်မှာ ရေရှိရာသို့ ပြေးတက်သည်မှာ တော ကောင်သဘာဝ ဖြစ်ပါသည်။



ထို့ကြောင့် ကျွန်တော် ချောင်းကမ်းပါးမှ အောက်သို့ ငုံ့ကြည့်တော့ ဒဏ် ရာရထားသည့် ဆတ်ဖားကြီး ရေအိုင်ကလေးထဲ၌ ရေစိမ်နေသည်။ ယခု အသေအချာကြည့်မိမှ ဦးချိုလဲခါစ ဆတ်ဖားကြီးဖြစ်သည်။ ရေချောင်းကလေး မှာ ကျွန်တော် ဆင်းရမည့်ဘက်တွင် ကမ်းပါးမတ်စောက်ပြီး ပေ (၂၀) ခန့် နက် ရှိုင်းသည်။ တစ်ဖက်တွင်တော့ ကမ်းပါးက တိမ်သည်။ ချောင်းရိုးထဲ၌ ဒူးဆစ် ခန့်မြုပ်သော ရေအိုင်ကလေးထဲတွင် ဆတ်ဖားကြီး ရေစိမ်နေခြင်းဖြစ်သည်။

ကျွန်တော့်အတွက် ပစ်ခတ်ရန် အပိုင်ဆုံးအနေအထား ဖြစ်ပါသည်။ ဒဏ်ရာဖြင့် ရေစိမ်နေသော သားကောင်ကို ကျွန်တော် မပစ်လိုပါ။ ထို့ကြောင့် "ဟေး" ဟု အသံကုန်အော်၍ ခြောက်လှန့်လိုက်ရာ ဆတ်ဖားကြီးက ရေအိုင် ထဲက ထ,အပြေး၊ တစ်ဖက်ကမ်းပါးပေါ်သို့အတက်တွင် ကျွန်တော် လိုက်ရှိန် ရင်း မောင်းဖြုတ်ချလိုက်ပါတော့သည်။

"ဒိုင်း ..."

ကျည်ဆန်မှာ လက်ပြင်ကြားက ဝင်သွားပြီး လည်တိုင်ရင်းက ထွက်သွား ခြင်းဖြစ်သဖြင့် ဆတ်ဖားကြီး ဦးစိုက်ကျွမ်းပြန်လဲကျသွားသည်။ လုံးဝမလှုပ် တော့။ ထိုစဉ် မုဆိုးအောင်သန်း ... ကျွန်တော့်နောက်သို့ အပြေးရောက်လာ သည်။

"ဆရာ့သေနတ်သံကတော့ မြေစိုက်သွားတဲ့အသံမျိုးပဲ၊ ခပ်အုပ်အုပ်နဲ့၊ ရသလား - ဆရာ"

"အပေါ်စီးက ပစ်ရတော့ မြေစိုက်သွားတာပေါ့၊ ရပါ့ - မောင်ရာ၊ ဟိုမှာ လဲနေပြီ"

"ဆရာ - ဘယ်လိုလုပ်ရမလဲ"

"စခန်းပြန်ပြီး တောကောင်တွေ ထမ်းဖို့ တင်သောင်းနဲ့ ရဲဘက် (၁၀) ယောက်လောက် ခေါ်ချေကွာ၊ ငါ - ဒီမှာစောင့်နေမယ်"

ထိုစဉ် ကျွန်တော့်တပည့် တင်သောင်း အပြေးရောက်လာပြီး -



www.burmeseclassic.com

www.burmeseclassic.com

"ဆရာ - ကျွန်တော့်ကို ခေါ်စရာမလိုပါဘူး။ ကျွန်တော် ဟင်းရွက်ခူးပြီး သခွပ်ပွင့်ကောက်တာက ဟိုးအနောက်နားတင်၊ သေနတ်သံကြားလို့အပြေးလာတာ။ ဒီဆတ်ဖားကြီးလောက်ကတော့ ကျွန်တော်နဲ့ အောင်သန်း ထမ်းရင် နိုင်နိုင်ပါတယ် - ဆရာရယ်"

"မဟုတ်သေးဘူး - တင်သောင်းရဲ့ ဆီးဖြူတောမှာလည်း ဝက်တောင်းကြီးတစ်ကောင် ပစ်ထားခဲ့သေးတယ်၊ မင်း စခန်းပြန်ပြီး ထမ်းဖို့ ရဲဘက်တွေ ခေါ်မှ ဖြစ်မယ်"

"ထင်တော့ထင်သား။ ဒီလိုလုပ်မယ် - ဆရာ၊ ကျွန်တော်နဲ့ အောင်သန်း ဝက်တောင်းကြီးကို ထမ်းပြန်မယ်၊ ဝက်တောင်းကြီးက အမြန်ကိုင်မှဖြစ်မယ်၊ ကြာရင် - သိုးနံ့နံ့ပြီး မစားနိုင်ဘဲဖြစ်လိမ့်မယ်"

ထို့ကြောင့် မုဆိုးအောင်သန်းက - "ငါက မုဆိုးပါ - တင်သောင်းရယ်၊ သိုဝိုက်လှီးပြီး ဝါးနက်ဝါးထမ်းပိုးခုတ်ပြီးလို့ အသင့်လုပ်ထားပြီးပါပြီ၊ ကဲ - ဆရာ - စကား၊ သစ်ပင်ရိပ်မှာ စောင့်ပါ၊ ကျွန်တော်တို့ စခန်းအမြန်ပြန်ပြီး ကျွန်တော်က ဆရာ စခန်းပြန်ရောက်တာနဲ့ နေ့လယ်စာ တောဝက်ကလီစာ ဟင်းနဲ့ ထမင်းအသင့်လုပ်ထားပါ့မယ်၊ အောင်သန်းနဲ့ဗိုကြီးက ရဲဘက်(၅)ဦး အမြန်ပြန်လွှတ်လိုက်ပါ့မယ် - ဆရာ"

"အေး - အေး - တင်သောင်း၊ မင်းအစီအစဉ် ကောင်းတယ်"

→ **ထောင်မှူးကြီး သိန်းဝင်း**



www.burmeseclassic.com

ညဉ့်နက်သန်းခေါင်
အလည်လွန်
လူငယ်တစ်ယောက်
ကားကြုံနှင့် လိုက်ပါရာမှ
မမျှော်လင့်ဘဲ ..

**ကျွန်တော်**… လူပျိုပေါက်အရွယ်က (၁)ကျပ်တန် အပေါ်စား ဖျော်ဖြေရေး လုံးချင်းဝတ္ထုစာအုပ်ကလေးများ ခေတ်စား တွင်ကျယ်ခဲ့ပုံကို ကောင်းစွာ မှတ်မိသတိရနေပါသေးသည်။ ကျွန်တော်လည်း စာဖတ်ဝါသနာ ပြင်းပြသူပီပီ၊ လက်လှမ်းမီသမျှ (၁)ကျပ်တန်ဝတ္ထုစာအုပ်ကလေးများစွာကို အငမ်းမရ ဖတ်ရှုခဲ့ရပါသည်။ ထိုဝတ္ထုများကလေးထဲမှ တစ်အုပ်ပါ ဇာတ်လမ်းကိုကော၊ စာရေးဆရာ၏ ကလောင်အမည်ကိုပါ စွဲမှတ်နေမိခဲ့ပါ၏။ စာရေးဆရာ၏ကလောင်အမည်မှာ "ကာလီဒါသ" ဟူသတတ်။ ရှေးခေတ်မဇ္ဈိမတိုင်းမှ ကာမသျှတ္တရကျမ်းပြုဆရာ အကျော်အမော် လူဖော်ကြီး "ကာလီဒါသ" တော့ မဟုတ်။ ကာလီဒါသဆရာကို အားကျနှစ်သက်၍လား၊ ကြည်ညိုလေးစား ပြုချင်၍လား၊ သို့တည်းမဟုတ် သူ၏ကလောင်အမည်ကို ပရိသတ်စိတ်ဝင်စားစေချင်၍လား၊ ကုန်ကုန်ပြောရလျှင် သူများထက်ထူးအောင် "စတန့်" ထွင်ချင်၍လားတော့ မသိ။ ကလောင်ရှင် ကာလီဒါသ၊ အထူးတလည် တောင်းပန်ချင်သည်ကတော့ ထိုဝတ္ထုစာအုပ်၏အမည်ကို ကျွန်တော် လုံးလုံးလျားလျား မေ့သွားခဲ့သဖြင့် ဤနေရာ၌ မဖော်ပြနိုင်ခြင်း ဖြစ်ပါသည်။

ဇာတ်လမ်းက ပုရိသတို့ ရင်ဖိုသွေးဆူဖွယ် ကောင်းလှပါသည်။ မိုးချုပ်သော ညတစ်ည၊ အိမ်ပြန်ရန် ကားအခက်အခဲကြုံနေသော လူရှိုးလူအ လုလင်ပျိုတစ်ယောက်၊ ကားတစ်စီးကို ကိုယ်တိုင်မောင်း၍ သားကောင်ကို ရှာဖွေနေသော ရမ္မက်ဇကေရီ။

စင်စစ် … ဝတ္ထု၏ဇာတ်လိုက်မသည် ရမ္မက်ဇကေရီမျှသာမဟုတ်၊ ပုရိသ သားကောင်ကို မာယာပရိယာယ်အသွယ်သွယ်နှင့် ဖမ်းယူသိမ်းပိုက်လေ့ ရှိသော ရမ္မက်မုဆိုး။

ကားကြုံစီး လုလင်ပျိုသည် ရမ္မက်ဇကေရီခေါ်ဆောင်ရာသို့ လိုက်ပါသွားမိသည်။ ရမ္မက်ဇကေရီ၏ တစ်ကိုယ်တော် စံမြန်းလျောင်းမွေ့ရာ လူကုံထံတို့၏ စံအိမ်ကြီးဆီသို့ ဖြစ်သည်။ ရမ္မက်ဇကေရီမမက ရိုးသားဖြူစင်သော အိမ်ရှင်မ တစ်ဦးအဖြစ် လုလင်ပျိုကို ဧည့်ဝတ်ပြုပါ၏။ နုံအသော လုလင်ပျိုကလည်း သဘောရိုးဖြင့် ကျေးဇူး အထပ်ထပ်တင်နေမိပါ၏။ အိမ်ရှင်မမ ဧည့်ဝတ်ပြုသော ကော်ဖီထဲမှာ အိပ်ဆေးပျော့ပျော့ ပါရှိသည်ကိုတော့ လူအ,ကလေး နိုးစဉ်မျှပင် မရိပ်မိရှာချေ။

လုလင်ပျိုသည် အိစက်ညက်ညောသော ဇမ္ဗူရာကြီးပေါ်မှာ အိပ်မော ကျသွားခဲ့၏။ တစ်ရေးနိုးလတ်သော် လူငယ်မှာ တုန်လှုပ်ချောက်ချားခြင်း ဖြစ်ရတော့သည်။ သူ့နံဘေးမှာ ရမ္မက်ဇကေရီမမက အိပ်မောကျလျက် မိမိ အား အလိုမတူ၊ စိတ်သဘော မတိမ်းညွှတ်ရဘဲနှင့် မသင့်မမြတ်လုစွာ ကာမ သုံးဆောင်ယူခံခဲ့ရပြီပါတကား။

၊ ၌ ၊

မိမိက စိတ်နှလုံးဖြူစင်သော ဂုဏ်ကြီးရှင်မိန်းမချော၊ မိန်းမလှကြီးတစ်ဦး အဖြစ် မှတ်ယူခဲ့မိသူသည် လက်စသတ်တော့ ရမ္မက်ကာဝေမကြီး ဖြစ်လို့နေ ပါပေါ့ကလား။ လုလင်ပျိုသည် ရမ္မက်နှောင်အိမ်ကနေ ညတွင်းချင်း ကိုယ် လွတ်ရုန်း၍ ထိတ်လန့်အားငယ်စွာ ထွက်ပြေးခဲ့ရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဆိုခဲ့ပါဝတ္ထုကို ဓမ္မမေ့ပျောက်ပျောက်ဖြစ်သွားပြီးနောက် နှစ်ကာလများကိုဖြတ်သန်းရင်း ကျွန်တော်သည်အသက်(၂၈)နှစ်အရွယ် လူပျိုကြီးဖားဖားဘဝသို့ရောက်လာခဲ့ပေပြီ။ ဘဝဖြတ်သန်းမှုအတွင်း မ,တို့၏သဘောသဘာဝကိုလည်း လက်တွေ့မျက်တွေ့ စမ်းသပ်တီးခေါက်ခွင့် ကြုံခဲ့ရပြီးဖြစ်သည်။ ချစ်သူမိန်းကလေးကိုကား မြတ်နိုးအပ်သော နူးညံ့သိမ်မွေ့သည့်ပန်းကလေးတစ်ပွင့်နှယ်၊ မထိရက်၊ မတို့ရက်၊ မရှူးရက်၊ မဆွတ်ရက်နှင့် တန်ဖိုးထားစွာ အရိပ်တကြည့်ကြည့်နေတတ်ခဲ့ပြီ။ လူ့ဘဝတွင် ဆန့်ကျင်ဘက်လိင်နှင့် နှစ်ဦးသဘောတူ ကြည်ဖြူစွာ လက်ထပ်ထိမ်းမြား ပေါင်းသင်းနေထိုင်သွားရမည့်အရေးထက် ပို၍ပို၍အလေးပေးစရာ ရှောင်လွှဲ၍မရနိုင်သော အခြားဘဝဝတ္တရားဝန်များ တစ်ပုံတစ်ပင်မက ရှိနေတတ်သည်ပါကလား။

၊ ၇ ၊

ထိုနေ့ညနေပိုင်းက မင်္ဂလာဒုံလေဆိပ်အနီးရှိရပ်ကွက်တစ်ခုအတွင်းမှာ နေထိုင်သော မိတ်ဆွေတစ်ဦး၏နေအိမ်တွင် ဝါသနာတူ၊ စိတ်တူ မိတ်ဆွေတွေစုထား၍ ဝိုင်းဖွဲ့စားသောက်ဖြစ်ခဲ့ကြသည်။ ညဥ့်နက်အချိန်တွင် စကားဝိုင်းမှာ ကမြင်းကစုန်၊ အစီအစဉ်မဲ့၊ အနောက်အပြောင်များဖြင့် အရှိန်မြင့်လာခဲ့၏။

ကျွန်တော်တို့၏ ကမြင်းကစုန်အကြောင်းအရာသည် နာနာဘာဝ၊ ဝိညာဉ်ဘာဝ၊ တစ္ဆေသရဲ ယုံကြည်မှုများဆီ ဆိုက်ရောက်သွားကာ ကျွန်တော်နှင့် မိတ်ဆွေတစ်ယောက်တို့ တစ္ဆေရှိ,မရှိ အကြောက်အကန် ငြင်းခုန်ကြတော့သည်။ ကျွန်တော်က ရုပ်ဝါဒီပီပီ(တစ္ဆေမရှိ)ဘက်မှ အနိုင်အမာ ရပ်တည်ငြင်းဆိုသည်။

"ကောင်းပြီ – မောင်ရင်က တစ္ဆေကို မယုံလည်းမယုံ၊ မကြောက်လည်း မကြောက်ဘူးဆိုရင် ဟောဒီကနေ လေယာဉ်ကွင်းဘေးက ကုန်းမြင့်ပေါ်ကို ဖြတ်သွား၊ ကုန်းမြင့်ကုန်းကြီးကိုဖြတ်ပြီး ပြည်လမ်းမအထိလျှောက်၊ ပြီးတော့ အိမ်ပြန်ပေါ့။ နောက်တစ်ပတ် ဆုံကြတဲ့အခါကျတော့ မောင်ရင့်တစ္ဆေအတွေ့အကြုံကို ငါတို့အားလုံး ကြားကြတာပေါ့ – ဟုတ်ပြီလား"

ဟု အိမ်ရှင်မိတ်ဆွေက စိန်ခေါ်ပါသည်။ ကျွန်တော်က "စိန်လိုက်" ဟု စိန်ခေါ်မှုကိုရဲရဲတင်းတင်းစွာလက်ခံသဘောတူလိုက်ပါသည်။ စင်စစ်၊ ယမကာအနည်းငယ်မှီဝဲထားသဖြင့် ကျွန်တော် သွေးကြွနေခြင်းလည်း ဖြစ်မည်။

"ဟောဒီကုန်းမြင့်ဟာ ဒုတိယကမ္ဘာစစ်ကာလတုန်းက စစ်စခန်းချခဲ့ဖူးတဲ့နေရာဖြစ်တဲ့အပြင် စစ်မြေပြင်လည်းဖြစ်ခဲ့ဖူးတယ်ဆိုတာ သမိုင်းကြောင်းရှိတယ်။ မကျွတ်မလွတ်သေးတဲ့ ကုလားစစ်သား တစ္ဆေတွေ ရှိနေကြသေးတယ်၊ မောင်ရင့်အနေနဲ့ရင်ဆိုင်ရမှာက တစ္ဆေတစ်ကောင်တည်းမဟုတ်ဘူး။ တစ္ဆေတွေအများကြီးရယ်၊ ကုလားတစ္ဆေ၊ အင်္ဂလိပ်တစ္ဆေ၊ ဂျပန်တစ္ဆေ စုံလို့ပဲ"

ဟု မိတ်ဆွေက ကျွန်တော့်ကို ကြိုတင်ခြောက်လှန့်နေခဲ့ပါသေး၏။

ကျွန်တော်က သူ့ကိုရယ်မောပြောင်လှောင်လိုက်ပြီး အရက်တစ်ပုလင်းလွယ်အိတ်ထဲထည့်ကာ ထွက်လာခဲ့ပါသည်။ အချိန်က သန်းခေါင်ကျော်လောက်တော့ရှိပြီ၊ လမိုက်ညလည်း ဖြစ်ပါသည်။ ပြည်လမ်းဆီသို့အတက် ကုန်းမြင့်ကြီးမှာ မြူနှင်းများကြားထဲမှာ မှောင်ပိန်းတိတ်ဆိတ်လျက် ရှိပါသည်။

ဤနယ်မြေဤလမ်းခရီးမှာ နေ့ဘက်အချိန်များ၌ ကျွန်တော်သွားနေကျလမ်းဖြစ်၍ ယခုလို ညကာလ အမှောင်လွှမ်းချိန်ဖြစ်သော်လည်း ကျွန်တော့်အတွက် အခက်အခဲ အတားအဆီး မရှိလှပါချေ။ ကုန်းမြင့်ကလေးက မြရာချုံပုကလေးအချို့မှအပ လွင်ပြင်တမျှ ရှင်းလင်းနေသည်။ ကြောက်စိတ်ဝင်ထတ်သူအဖို့တော့ မြရာချုံပုကလေးတွေမှာ ငုတ်တုတ်ထိုင်နေကြသော ညိုးမည်းသဏ္ဌာန် တစ္ဆေအုပ်စုနှင့် တူကောင်း တူနေပါလိမ့်မည်။ ကုန်းမြင့်ကလေးသည် အချင်းဝက် ကိုက်ငါးရာခန့် ကျယ်ဝန်းပြီး ယခုလို အ,ကားမှာ ကုန်းမြင့်ကလေး၏ ဧရိယာအတွင်း လူတစ်ယောက်မပြောနှင့် ခွေးလေ





www.burmeseclassic.com

www.burmeseclassic.com

ကောင်းပြီ – မောင်ရင်က
တစ္ဆေကို မယုံလည်း မယုံ၊
မကြောက်လည်း မကြောက်ဘူး
ဆိုရင် ဟောဒီကနေ လေယာဉ်ကွင်း
ဘေးက ကုန်းမြင့်ပေါ်ကို ဖြတ်သွား၊
ကုန်းမြင့်ကုန်းကြီးကိုဖြတ်ပြီး
ပြည်လမ်းမအထိလျှောက်။
ပြီးတော့ – အိမ်ပြန်ပေါ့။ နောက်
တစ်ပတ် ဆုံကြတဲ့အခါကျတော့
မောင်ရင့် တစ္ဆေအတွေ့အကြုံကို
ငါတို့အားလုံး ကြားကြတာပေါ့
ဟုတ်ပြီလား။



ခွေးလွှင့်တစ်ကောင်ကိုပင် တွေ့ဖို့ရန်မလွယ်ကူလှပါ။ ကျွန်တော် တွေ့ကောင်း တွေ့နိုင်သည်မှာ နာနာဘာဝတစ်ကောင်ကောင်သာ ဖြစ်သည်။ အနည်းဆုံး အသေးအမွှားမှင်စာတစ်ကောင်ကောင်ကိုတော့ တွေ့သင့်ပါသည်။ သို့သော် ကုန်းမြင့်အလယ်သို့ ကျွန်တော် ရောက်လာချိန်အထိ မည်သည့်အရိပ် အယောင်၊ မည်သည့်အသံဗလံ၊ မည်သည့်အနံ့အသက်၊ လေထု လှုပ်ရှားမှု ကိုမျှ မတွေ့ရ၊ အသည်းယားစရာပင်။

"ဟေး – ကုလားသရဲ၊ အင်္ဂလိပ်သရဲ၊ ဂျပန်သရဲတွေ ထွက်ခဲ့ကြလေကွာ။ မကျေနပ်သေးရင် မင်းတို့အမေ့လင် တရုတ်သရဲ၊ ကပ္ပလီသရဲတွေကိုပါ ခေါ် ခဲ့ကြ။ မင်းတို့ကို × × × လောက်တောက် သောက်ဂရုမစိုက်ဘူးမှတ်ကွ"



ဟု ကျွန်တော်က အရက်အရှိန်နှင့် ပင်ကိုရဲရင့်မှု ပေါင်းစပ်ကာ အားကုန် ညစ်၍ ဟစ်အော်စိန်ခေါ်လိုက်သည်။

ကျွန်တော်၏ဟစ်အော်သံက လေထုထဲသို့ လွင့်ပျံပြေးလွှား မှုန်ဝါး ပျောက်ကွယ်သွားသည်။ မည်သို့သော တုံ့ပြန်မှုမျိုးမျှ ပေါ်ထွက်မလာခဲ့၊ ကျွန်တော်သာ ဝမ်းဗိုက်ကြွက်သားတွေကို ညှစ်၍ အော်ဟစ်လိုက်လာသဖြင့် အားအင်တစ်စုံတစ်ရာ လျော့ပါးသွားပုံရသည်။ ထို့နောက် ကျွန်တော် ရယ် ချင်လာမိပါသည်။ လိပ်ပြာမလုံသလိုလိုလည်း ဖြစ်သွားသည်။ မိတ်ဆွေတွေ က ဤကုန်းမြင့်ပေါ်မှာ သရဲမျိုးစုံရှိသည်ဟု ပြောကြခြင်းမှာ တမင်သက်သက် ကျွန်တော့်ကို ကျီစယ်ခြောက်လှန့်ခြင်းသာ ဖြစ်ပေလိမ့်မည်။ ဤကုန်းမြင့်မှာ ဘာသရဲမျှမရှိ၊ ဤကုန်းမြင့်မပြောနှင့် တစ်ကမ္ဘာလုံးမှာ မြေနေရာ တစ် လက်မ.မကျန် ဘာသရဲမျှမရှိ၊ ကုန်ကုန်ပြောရလျှင် စကြဝဠာတစ်ခုလုံးမှာ (သရဲ)ဟူသော ဝေါဟာရစကားအသုံးအနှုန်း၊ စာပေအသုံးအနှုန်းနှင့် ရုပ်ရှင် ဗွီဒီယိုတွေထဲက သရဲအတုတွေကလွဲလျှင် ဘာသရဲမျှမရှိ။ ကျွန်တော်သည် ခွေးဒီးဒီးကျလျက် လမ်းလျှောက်ရင်း ရင်တွင်းထဲမှာ အထက်ပါအတိုင်း ရေရွတ်မြည်တမ်းနေမိပါသည်။

ဤသို့ဖြင့် ကုန်းမြင့်ကို လွန်မြောက်လာပြီး ပြည်လမ်းမကြီးအနီးသို့ ကျွန်တော် ရောက်ရှိလာသည်။ သန်းခေါင်လွန်ကာလဖြစ်၍ ပြည်လမ်းမ ကြီးပေါ်မှာ ယာဉ်သွားယာဉ်လာ ကင်းမဲ့နေသည်။ (စာဖတ်သူ သိမှတ်ရန်မှာ ဤဖြစ်ရပ်ကို တင်ပြနေချိန်သည် လွန်ခဲ့သော ၁၉၈၀ – ပြည့်နှစ်တစ်ဝိုက် ...တုန်တိုင်းထဲမှာ ကားစီးရေသောင်းဂဏန်းမျှသာ ရှိနေချိန်ဖြစ်သည်။ ယခု ...လတွင်တော့ ရန်ကုန်မှာ ကားစီးရေ သိန်းဂဏန်းရှိ၍ ရှိနေခဲ့ပါပြီ။)

ကျွန်တော်သည် လမ်းမကြီး၏ မြောက်ဘက်သို့ဦးတည်ကာ ဖြည်းဖြည်း ...လျှောက်သည်။ အလျင်လိုစရာ မရှိ၊ ကားကြုံတစ်စီးစီးက ကျွန်တော့် ...တင်ဆောင်သွားလိမ့်မည်ဟု မျှော်လင့်ထားသည်။ အချိန်မတော် ဘတ်စ် ...မရှိသဖြင့် မြေကျင်လျှောက်နေသူတစ်ယောက်ကို ကိုယ်ချင်းစာ...တ်ရှိ

www.burmeseclassic.com

သူတစ်ဦးဦးကတော့ သူ့ကားပေါ် ခေါ်တင်သွားလိမ့်မည်ဟု ကျွန်တော် ယုံကြည်သည်။

သို့ဖြင့် ရန်ကုန်ဘက်မှ ကားတစ်စီးစီးလာလျှင် ကျွန်တော် လက်ပြ၍ တားပါသည်။ တစ်စီး၊ နှစ်စီး၊ သုံးစီး၊ ရပ်မပေးကြပါ။ ကျွန်တော်က ဖွဲကောင်းကောင်းနှင့် လာသမျှကားတွေကို တားသည်။ တစ်စီးကမျှ ရပ်မပေးကြပါ။ ကျွန်တော်က သွေးဆူဆူနှင့် ရပ်မပေးသောကားတွေကို ကျိန်ဆဲသည်။ တကယ်တော့အကာလညအခါ၌လမ်းဘေးမှာလျှောက်နေသူတစ်ယောက်က တားဆီးခြင်းကို အလွယ်တကူ ရပ်ပေးကြလိမ့်မည်မဟုတ်။ လူလူချင်းစာနာစိတ်၊ ကူညီစောင့်ရှောက်လိုစိတ် ကင်းမဲ့သည်ဟု တစ်ယူသန် ပြော၍မရ။ ကားတားသူက စိတ္တဇရောဂါသည် ဖြစ်နေလျှင် ဘယ်လိုလုပ်မလဲ။ ရာဇဝတ်ဘေးမှတိမ်းရှောင်နေသောဝရမ်းပြေးတစ်ကောင်ဖြစ်နေလျှင် လမ်းမှာ ရုတ်တရက် ရဲအဖွဲ့နှင့် တွေ့ပါက ဘယ်လိုဖြေရှင်းမလဲ။

ရှိစေတော့ ... ဟု ကျွန်တော် စိတ်လျှော့လိုက်ပြီး ကားမတားတော့ဘဲ အရက်တစ်ငုံမော့ကာ ဆက်လျှောက်သည်။ သွေးပူနေ၍ ညောင်းရ၊ ညာရမှန်းပင် မသိတော့၊ အချိန်ကို ခန့်မှန်းကြည့်ရာ နံနက်(၁)နာရီဝန်းကျင်တော့ ရှိမည်ဟု တွေးလိုက်သည်။

မမျှော်လင့်သောအခြင်းအရာက ဖြစ်လာသည်။ ကျွန်တော်၏ဝဲဘက် ကားလမ်းပေါ်မှာ ကားတစ်စီး ထိုးရပ်သည်။ ဝီလီဂျစ် ...။

"ညီလေး - ဘယ်သွားမလို့လဲ"

ဂျစ်ကားပေါ်မှာ တစ်ယောက်တည်းသာ ပါလာသော ဒရိုင်ဘာက လှမ်းမေးသည်။ ဘေးမှဖြတ်သွားသော ကားတစ်စီး၏မီးရောင်ဖြင့် ဒရိုင်ဘာသည် အသက်(၄၀)တစ်ပိုက်၊ ဆံပင်တိုတိုနှင့် ဗလကောင်းကောင်း ယောက်ျားကြီးတစ်ယောက် ဖြစ်နေမှန်း သိရသည်။ သူ၏ညာဘက်လက်ဖျံမှ နာရီထဝင်းနေသည်။ သူ့အသံက ရည်မွန်ချိုသာသည်။



ကျွန်တော်က ကျွန်တော်ရောက်ရှိလိုသည့်ဘတ်စ်ကားမှတ်တိုင်အမည်ကိုပြောလိုက်သည်။ အရက်မူးသံမပါအောင် သတိနှင့်ထိန်းချုပ်ထားရပါသေးသည်။

"အတော်ပဲ - လမ်းကြုံတယ်၊ အစ်ကို့ကားနဲ့ လိုက်ခဲ့"

ပြောမပြတတ်အောင် ကျွန်တော် ဝမ်းသာသွားသည်။ သူ့ဘေးမှ ထိုင်ခုံလွတ်တွင် ဝင်ထိုင်ကာ "ကျေးဇူးပဲ" ဟူသောစကားကို သူ့ဘက်မလှည့်ဘဲ ပြောလိုက်သည်။ အရက်နံ့ရသွားမှာစိုး၍ဖြစ်သည်။ သူက သတိပြုမိဟန်မပြဘဲ ကားကို မောင်းထွက်ခဲ့သည်။

ထိုစဉ်က မင်္ဂလာဒုံဈေးသည် နံနက်(၁)နာရီဆိုလျှင် ကုန်စိမ်းသည်များဖြင့် စည်ကားနိုးကြားနေပြီဖြစ်သည်။ ဒရိုင်ဘာကြီးက မင်္ဂလာဒုံညဈေးဘက်သို့ ကားကိုကွေ့ပြီး ဈေးတန်းအနီးမှ ဖြတ်မောင်းသည်။ သူ တစ်ခုခုဝယ်မည်ဟု ကျွန်တော် ထင်သော်လည်း သူ ဘာမျှမဝယ်ပါ။ မင်္ဂလာဒုံဈေးတန်းက ထွက်ခဲ့ပြီး ပြည်လမ်းပေါ်ပြန်ရောက်လာသည့်အခါ သူက ရေရွတ်သည်။

"မိန်းမတွေ - မိန်းမတွေ - ဈေးတန်းထဲမှာ မိန်းမတွေ ရှုပ်တက်နေဆဲပါလား"

သူ့အသံက ရုတ်တရက် အဖျားဝင်သလို တုန်ခါနေ၏။ ကျွန်တော်က သူ့ဘက်သို့ လှည့်ကြည့်ရာ သူကလည်း ကျွန်တော့်ဘက်သို့ တစ်ချက်ငဲ့ကြည့်လိုက်ကြောင်း တွေ့လိုက်ရပြီး ကျွန်တော့်စိတ်ထဲ သရိုးသရီဖြစ်လာပါသည်။ ဘာကြောင့်မှန်းတော့မသိ။

"အဲဒီမိန်းမတွေထဲမှာမိန်းမကောင်းယောင်ဆောင်နေတဲ့မိန်းမပျက်တွေရှိတယ်"

ဟု သူက တုန်တုန်ယင်ယင် ဆက်ပြောနေပြန်သည်။ သူပြောနေသောစကားကို ကျွန်တော် ဘယ်လိုနားလည်ရမှန်းမသိပါ။ သူက ဘယ်လိုလူစားပါလဲ။ မိန်းမမုန်းတဲ့လူကြီးလား၊ အထူးသဖြင့် ပြည့်တန်ဆာတွေကို ရွံရှာသတဲ့လူလား ... ဘာလဲ။



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ - ညီလေး - မင်း - ကြေးစားကောင်မတွေနဲ့ ဆက်ဆံဖူးလား"

"ခင်ဗျာ ..."

သူ့မေးခွန်းကြောင့် ကျွန်တော် ဖျတ်ခနဲတုန်သွားပြီး သူ့ဘက်သို့ လှည့်စောင်းလိုက်မိပါသည်။ သူ ပြုံးစစလုပ်နေသည်ဟု ကျွန်တော် ထင်မိသည်။ သူ့အသံသည် မှုလက အေးစက်မာကြောသလိုလိုနှင့် နောင်ပိုင်းတွင် ချောင်နာနာ ပျစ်ချွဲချွဲဖြစ်လာသည်။

"အော် - ညီလေးအနေနဲ့ ပြည့်တန်ဆာတွေနဲ့ အတွေ့အကြုံရှိဖူးလားလို့မေးတာ"

"ဟင့်အင်း - ကျွန်တော် အရက်တစ်မျိုးပဲ သောက်တယ်"

ဟု ကျွန်တော် စိတ်ကသိကအောက်နှင့်ပင် ဖြေလိုက်ရသည်။

သူက စကားမဆက်တော့ဘဲ ငြိမ်သွားပြန်သည်။ ကျွန်တော် အမူးပြေ ချင်သလိုလိုပင် ဖြစ်သွားသည်။ ဘယ်လိုလူကြီးပါလိမ့်၊ သူက အပျော်အပါးဝါသနာပါလို့ ငါ့ကို စည်းရုံးနေတာများလား၊ သူ့အရွယ်၊ သူ့ပုံစံကြီးက သားနဲ့ မယားနဲ့ပုံစံပါ။

(၃)မိနစ်လောက်ကြာသောအခါ သူက ကားကို လမ်းချိုးတစ်ခုထဲသို့ ကွေ့ဝင်လိုက်သည်။

"ငါ့အိမ်ကို ခဏဝင်ရအောင်၊ ပြီးမှ - ညီလေးကို လိုက်ပို့ပေးမယ်"

ဟု သူက မပွင့်တပွင့်ပြောသောအခါ အံ့ဩရုံမှအပ ကျွန်တော် ဘာမှ မတတ်နိုင်။ ကျွန်တော့်အတွင်းစိတ်ထဲမှာတော့ ဝေခွဲမရမှုများစွာဖြင့် ရှုပ်ထွေးလှုပ်ခတ်နေသည်။ ဘယ်လိုလူထူးလူဆန်းကြီးနဲ့ လာတွေ့နေရပါလိမ့်။ သူ့ကားကို လိုက်မစီးမိရင် အကောင်းသား ဟု ကျွန်တော် နောင်တအတွေးဖြင့် ဗလောင်ဆူနေမိ၏။

ဂျစ်ကားက ခြံဝင်းတစ်ခုထဲသို့ ဝင်လာသည်။ ခြံဝင်းထဲတွင် ပေါ်တီကို မီးတစ်လုံးသာ လင်းနေသော တစ်ထပ်တိုက်ပုကလေးတစ်လုံး ရှိသည်။ ညီ



ရပ်ကွက် ဤလမ်းထဲသို့ ကျွန်တော် တစ်ကြိမ်တစ်ခါမျှ မရောက်ဘူးခဲ့ပါ။ လူလတ်တန်းစားနှင့် အခြေခံလူတန်းစားတွေ ရောနှောနေသော ရပ်ကွက်တစ်ခုဟုသာ ခန့်မှန်းမိသည်။

"အိမ်မှာ ကော်ဖီကလေး၊ ဘာကလေးသောက်ပြီးမှ ပြန်ထွက်ကြတာပေါ့၊ ဖြစ်တယ်မဟုတ်လား"

ဟု သူက ကျွန်တော့်ဘက်သို့ ယိမ်းပြီးလာသည်။ သည်တော့မှ သူ့ကိုယ်တနေ အလွန်အန့်ပြင်းသော ရေမွှေးနံ့တွေ လွင့်ပျံ့နေမှန်း ကျွန်တော် သတိပြုမိသည်။ အရက်သောက်ထားသူတစ်ဦးအတွက် ရေမွှေးနံ့၏အာနိသင်က မထိရောက်လှပါ။

သူက မရမက ဖိတ်ခေါ်သဖြင့် သူ၏တိုက်အိမ်ထဲသို့ ကျွန်တော် ကြောင်တက်တက်နှင့် ဝင်ခဲ့ရသည်။ အမူးပြေစမို့ သတိက အားကောင်းလာသည်။ အမြင်အာရုံ ကြည်လင်ထက်မြက်လာသည်။ ဧည့်ခန်းနံရံတွင် ဟောလီးဝုဒ်မှ ရုပ်ရှင်မင်းသားများ၏ဓာတ်ပုံတွေ လှလှပပချိတ်ဆွဲထားပုံက စိတ်ဝင်စားစရာဖြစ်သည်။ ထို့ထက် စိတ်ဝင်စားစရာကတော့ ဥရောပတိုက်သားနှင့် နီဂရိုးအာယဗလမောင်ကြီးများ၏ပိုစတာတွေ နံရံမှာ ကပ်ထားခြင်းဖြစ်သည်။

"ခဏနေဦးနော် - မင်းအရက်နဲ့မြည်းရအောင် စားစရာတစ်ခုခု ပြင်လိုက်ဦးမယ်"

ဟု ပြောလိုက်သော သူ့အသံက ကြောင်စီစီ အက်ရှရှ ဖြစ်နေသည်။ မျက်နှာအမူအမောင်းနှင့် ခန္ဓာကိုယ်ဟန်ပန်ကလည်း အရွယ်နှင့်မလိုက်။ သူကောင်ကြီးနှင့် မဆီလျော်အောင် နွဲ့တဲ့တဲ့ဖြစ်နေသည်။

ကျွန်တော့်အတွက်တော့ မမျှော်လင့်ဘဲ ကြုံတွေ့ရသော ပဟေဠိတစ်ခုသာ ဖြစ်သည်။ ကျွန်တော်က သွေးမကြောင်တတ်၊ ဘာပဲလာလာ၊ ဘယ်လိုအခြေအနေပဲ ရင်ဆိုင်ရသည်ဖြစ်စေ မီးစင်ကြည့်ကတတ်သောစိတ်ဓာတ်မျိုး အကျင့်စရိုက်ရှိပြီးသား။

www.burmeseclassic.com

သည့်လူကြီးသည် သာမန်တော့မဟုတ်၊ သားနားသော တိုက်အိမ်တစ်လုံးထဲမှာ တစ်ယောက်တည်းနေသူ ဖြစ်ပုံရသည်၊ လူပျိုကြီးလား၊ အိမ်ထောင်ပျက်လား၊ လူဆိုးဆိုလားတော့ မသိ၊

သူက အိမ်အတွင်းပိုင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားစဉ် ကျွန်တော်က လွယ်အိတ်ထဲက အရက်ဖြူပုလင်းထုတ်ပြီး တစ်ငုံမော့သောက်လိုက်ပြီး မာန်တွေကို ဆွထားလိုက်၏၊

အိမ်အတွင်းခန်းထဲသို့ ထိုလူကြီးဝင်သွားသည်မှာ (၅)မိနစ်ခန့်တော့ကြာပေမည်၊ ကျွန်တော့်မှာ တောင်တွေး မြောက်တွေးနှင့် စိတ်ဂနာမငြိမ်၊ အသားညိုညို၊ ထောင်ထောင်မောင်းမောင်း ရုပ်ရှင်ထဲက လူကြမ်းမင်းသားမျက်နှာပေါက်နှင့် အသင့်အတင့် လူကုံထံပုံစံဖမ်းထားသော လူကြီး၏နာမည်နှင့် အလုပ်အကိုင်ကို ယခုထိ ကျွန်တော် မသိရသေးပါကလား၊

ကျွန်တော်သည် နံရံရှိ နာရီကြီးကို မော့ကြည့်ရာမှ အရက်ပုလင်းထုတ်ကာ နောက်ထပ်တစ်ငုံ မော့ချလိုက်ပြန်သည်၊ အရက်တန်ခိုးက မပြဘဲ စိတ်လှုပ်ရှားမှုသာ ကြီးစိုးနေသည်၊ ဘာလိုလိုနှင့် နံနက်(၃)နာရီ ထိုးပေတော့မည်၊

လူကြီးဝင်သွားသောအပေါက်မှ ခန်းဆီးလိုက်ကာဆီသို့သာ ကျွန်တော်မျက်တောင်မခတ်အားဘဲ ငေးစိုက်ကြည့်နေသည်၊

နားထဲမှ ခြေသံလိုလို ကြားရသည်၊ စိတ်ထဲက ယောင်မှားထင်မြင်ခြင်းလားတော့ မသိ၊ ကျွန်တော်လည်း ရှိတုံ့ချတုံ့စိတ်ဖြင့် ဘာကိုမှ ဝေခွဲမရအောင် ဖြစ်လာနေပါသည်၊ ဟော … ခန်းဆီးစ လှုပ်သွားပြီး ခန်းဆီးစ အထက်မှာ တစ်စုံတစ်ယောက် ပေါ်ထွက်လာပြီ၊



"အိုး – ဘုရား – ဘုရား"

အထဲသို့ဝင်သွားသောအိမ်ရှင်ဗလကြီးပြန်ထွက်လာခြင်းမဟုတ်သလို၊ ဟုတ်လည်း ဟုတ်နေသည်၊ ဆံပင်စုတ်ဖွားဖွား၊ ပွယောင်းယောင်းနှင့်၊ ညိုပြောင်ပြောင်မျက်နှာမှာ မိတ်ကပ်ထူပိန်းပိန်း အဖွေးသားနှင့်၊ ရင်အုံကြီး ဖောင်းကားနေအောင် ရင်တုတန်ဆာပလာက ဘလောက်စ်အင်္ကျီအောက်ကနေ တွန်းကန်စူထွက်လို့၊

မျက်ခွက်ကြီးက မသတီစရာအကောင်းဆုံး၊ မျက်ခုံးမွေးတု၊ မျက်တောင်တုတွေနှင့် ထူအမ်းအမ်းနှုတ်ခမ်းကြီးကို ဆိုးဆေးတွေ ရဲတွတ်အောင် ဆိုးထားခြယ်သထားသည်က မသတီစရာ ကောင်းလိုက်ပါဘိ၊ အသံကလည်း ပြောင်းလဲသွားကာ တကယ့်မိန်းမအသံ၊ တကယ့်ဖြားယောင်းညို့မြူသံ၊

"မောင်နဲ့မမတို့ ဒီကမ္ဘာကြီးမှာ နှစ်ယောက်ထဲရယ်နော်၊ အေးဆေးပေါ့ မောင်ရယ်"

ဟု ဆိုရင်း သတ္တဝါကြီးက ကျွန်တော့်ရှေ့မှာ ကန့်ကလျ ခါးထောက်ရပ်နေပြန်သည်၊

"အရက်သောက်ဖို့ ဖန်ခွက်တစ်ခွက်လောက်"

ဟု ကျွန်တော်က အသံအက်အက်နှင့် သူ့ကိုမကြည့်ဘဲ မျက်လွှာချကာ တောင်းဆိုလိုက်သည်၊ ကျွန်တော် ရင်ဆိုင်ရမည့်အန္တရာယ်မှာ မဖွယ်မရာ ဖြစ်ရုံသာမဟုတ်၊ အော်ဂလီဆန်စရာ၊ အော့နလုံးနာစရာ ဖြစ်နေပြီကိုတွေးပြီး ကျွန်တော် ဒေါသထွက်လာသည်၊

"အိုကေ – အိုကေ – မမ – ဖန်ခွက် ယူပေးမယ်"

သတ္တဝါကြီးက အခန်းထဲဝင်ဖို့နောက်ပြန်အလှည့်မှာ ကျွန်တော်လည်း အသက်ခနဲ ခုန်ထပြီး အရက်၏အလေးချိန်ကြောင့် ဇေးဇေးပိုင်ပိုင်ရှိနေသော အရက်ပုလင်းကို လည်ပင်းဘက်မှကိုင်ကာ သတ္တဝါကြီး၏ဖက်ပိုးကို မိမိရရ ရိုက်ချလိုက်၏၊ သတ္တဝါကြီး ယိုင်သွားမှာ နောက်တစ်ချက် ဆင့်ရိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com


သတ္တဝါကြီးသည် ညည်းပင် မညည်းနိုင်ဘဲ ဖြည်းညှင်းစွာ ပုံလျက်လဲကျသွားသည်။ ထို့နောက်မှာတော့ ရှုံရှာအော့အန်ဖွယ်သတ္တဝါကြီးအနီးမှ ဝေးရာသို့ ကျွန်တော် ခြေကုန်သုတ်နေခဲ့ပါပြီ။

→ ကြူးနှစ်

## စာမူရှင်များသို့

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ၍ မိတ္တူ ပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

ဆိုဆုံးမ ခက်ခဲလှသော
ရေလုပ်သားတစ်ဦး၏သားကို
ရာဇဝတ်သားအဖြစ် မြင်လည်
တွေ့ကြုံလိုက်ရသော
ဖခင်တစ်ဦး၏ကရုဏာ၊
နာကြည်းမှုများနှင့်အတူ ။

**ကိုဘမောင်**... သည်းမခံနိုင်တော့ပြီ၊ ယတိပြတ် ဆုံးဖြတ်ချက်ကို ချလိုက်၏။

"ဟော့ကောင် - မင်းမောင် - မင်းကိုငါ - သားအဖြစ်က စွန့်လွှတ်လိုက်ပြီ၊ မင်း - အခုချက်ချင်း ငါ့အိမ်ပေါ်က ဆင်းသွားတော့"

ကိုဘမောင်၏အသံက ဒေါသတို့ဖြင့် အတိပြွမ်းလျက် ရှိလေသည်၊ မင်းမောင် ဘာမှပြန်မပြောဘဲ နေရာတွင်ပင် ရပ်မြဲရပ်နေသည်၊

"အို - ကိုဘမောင် - ရှင် - ဘယ်လိုပြောလိုက်တာလဲ"

ကိုဘမောင်၏ဇနီးဖြစ်သူ မနှင်းမေက ဝင်ပြောလာခြင်းဖြစ်သည်၊

"တိတ်စမ်း - နှင်းမေ၊ မင်း - ဝင်မစွက်စမ်းနဲ့၊ ဒီမှာ မင်းမောင် - ငါ လာတ် မပါလာခင် မင်းအိမ်ပေါ်က ဆင်းနော်၊ ငါ့ဒေါသကိုလည်း မင်းသိတယ်မဟုတ် လား၊ နောက်မှသာ ငါ့ကို အဆိုးမဆိုနဲ့၊ ကြာရင် - မင်းကိုငါ သတ်မိလိမ့်မယ်"

ကိုဘမောင်က ဒေါသသိပ်ကြီးသည်၊ သို့သော် မဟုတ်တာ၊ မမှန်တာတွေ့ ဘယ်တော့မှမလုပ်၊ သူများမဟုတ်တာ၊ မမှန်တာလုပ်လျှင်လည်း နည်းနည်းလေးမှ သည်းမခံတတ်၊ မနှင်းမေလည်း ကိုဘမောင်ကို ကြောက်သည်၊ မင်းမောင်လည်း မတတ်သာ၍သာ အိမ်ကပစ္စည်းတွေကို ခိုးသုံးနေရပေမယ့် ကိုဘမောင်ကိုတော့ ကြောက်သည်၊

မင်းမောင် အသားအနာမခံလိုတော့၊ အိမ်ပေါ်က ဆင်းသွားခဲ့လေသည်၊

"ကိုဘမောင်ရယ် - ရှင် တကယ်ပဲ သားလေးကို စွန့်လွှတ်လိုက်တော့မှာလား ဟင်"

မငံ့မရဲမေးလာသော မနှင်းမေ၏ မျက်လုံးအိမ်၌ မျက်ရည်စများ ရွှဲရွှဲစို နေ၏၊

"ဘာလဲ - နှင်းမေ၊ မင်းက မင်းမောင်ကို မစွန့်လွှတ်နိုင်ဘူးလား၊ ဒီကောင့် အတွက် ဝမ်းနည်းမနေစမ်းပါနဲ့ကွာ၊ သူမရှိလည်း သမီးနှစ်ယောက်တောင် ကျန်သေးတာပဲ၊ မင်း စဉ်းစားကြည့်စမ်း၊ တို့ဟာ သူဌေးတွေ မဟုတ်ဘူး၊ တံငါ အလုပ်နဲ့ အသက်မွေးနေရတဲ့ ဆင်းရဲသားတွေ၊ ဒါပေမဲ့ - သူတို့ကို မျက်နှာငယ်စေခဲ့သလား၊ ကျောင်းလည်း ထားပေးတယ်၊ အဝတ်အစားလည်း သူများနဲ့တန်းတူ ဆင်ပေးတယ်၊ နာရီကလေး၊ လက်စွပ်ကလေးကိုတောင် မဖြစ်ဖြစ်တဲ့နည်းနဲ့ ကြိုးစားပြီး ဆင်ပေးခဲ့တယ်၊ ဒီလောက် - သူ့အပေါ် စေတနာထားခဲ့ပါလျက်နဲ့ ဒီကောင်က မိုက်တယ်၊ မဟုတ်တဲ့လူတွေနဲ့ပေါင်းတယ်၊ အရက်သောက်တယ်၊ တမေးပွဲ တဗုန်းဗုန်းကျတယ်၊ အသက်က (၁၆)နှစ်ရှိပြီ၊ (၉)တန်း မအောင်သေးဘူး၊ ငါ ရိုက်နက်ဆုံးမပေမယ့်လည်း ဒီကောင်က မမှတ်ဘူးကွ၊

နောက် ပိုပြီးအကျင့်ပျက်လာတယ်၊ ဆေးဖိုးအတွက် ဆင်ပေးထားတဲ့ နာရီနဲ့လက်စွပ်ကို ရောင်းစားပစ်တယ်၊ သူ့အဝတ်အစားတွေရော အိမ်က ပစ္စည်းတွေကိုပါ ခိုးပြီးရောင်းတယ်၊ ပိုက်ဆံခိုးတာလည်း ခဏခဏပဲ၊ သူ နှိပ်စက်သမျှ ငါ ခါးစည်းပြီး ခံနေရတာ မင်းအသိပဲ၊ အခု - ငါ အမြတ်တနိုး ထားတဲ့ ငါ့နာရီလေးကိုပါ ခိုးပြီးရောင်းစားပစ်ပြန်ပြီ၊ ဒီလောက်အထိ ဆိုးသွမ်း နေတာကို တို့က တွယ်တာနေရဦးမှာလား၊ ချစ်ခင်နေရဦးမှာလား၊ မြွေပွေး ခိုတ်ပိုက်ထားသလို ဖြစ်နေတော့မှာပေါ့၊ ကြာရင် - ဒီကောင်ဟာ တို့ကို

www.burmeseclassic.com

www.burmeseclassic.com

တောင်သတ်ပြီး လုချင်လုမှာကွ။ ငါတော့ ဒီကောင့်အပေါ်သားတစ်ယောက်လို့လည်း သဘောမထားတော့ဘူး။ သံယောဇဉ်လည်း လုံးဝမရှိတော့ဘူး ဒါပဲ"

ကိုဘမောင် ပြောတာလည်း ဟုတ်သည်။ အပြစ်ရှိသူ တရားခံက မင်းမောင်သာ ဖြစ်၏။ မင်းမောင် သိပ်မိုက်သည်။

ကိုဘမောင်က ခပ်ပြတ်ပြတ်သမား။ ဘူးဆိုလျှင် ဖရုံသီးသည့်လူစားမျိုး မဟုတ်။ ယခုလည်း ကြည့် ...။ မိုက်မဲလှသောသားအပေါ် ထားရှိသည့် ကိုဘမောင်၏သဘောထားကား ခပ်ပြတ်ပြတ်။

သို့သော် ခပ်ပြတ်ပြတ်စကားကိုပြောဆိုခဲ့သော ကိုဘမောင်၏မျက်လုံးအိမ်၌ မျက်ရည်စများ ဝေ့ဝဲနေသည်ကို မနှင်းမေ သတိပြုမိလိုက်လေသည်။

သားအတွက် ဒေါသထွက်၍မျှမဆုံးမီ နောက်ထပ် ဒေါသထွက်စရာ ကြုံရပြန်လေသည်။ ကိုဘမောင်၏ ပိုက်နှစ်လက်စလုံး အခိုးခံရခြင်းပင် ဖြစ်ပါ၏။

ယခုတလော ရွာအနီးအနားတွင် ငါးရှာ၍မရ၊ ထို့ကြောင့် ကိုဘမောင်လည်း အများနည်းတူ ရွာနှင့် သုံးလေးမိုင်ခန့်ဝေးသော အင်းဒရန့်တောတန်းဘက်သို့ ပိုက်တန်း ထွက်ခဲ့ရလေသည်။

ပိုက်ပျောက်မည့်ညက ကိုဘမောင်သည် အင်းဒရန့်တောတန်းတစ်နေရာ၌ ပိုက်နှစ်လက်ကို ဆက်၍ တန်းထားပြီးနောက် ပိုက်လက်စတိုင်၌ လှေကိုချည်ကာ အိပ်ရာဝင်ခဲ့၏။ သို့သော်လည်း တော်တော်နှင့် အိပ်မပျော်ပါ။ မင်းမောင်၏အကြောင်းများက မကြာခဏပင် ခေါင်းထဲသို့ဝင်ဝင်လာသောကြောင့် ဖြစ်ပါသည်။

ည(၁၁)နာရီခန့်တွင်မှ ကိုဘမောင် အိပ်ပျော်သွားခဲ့သည်။

မည်မျှလောက်ကြာကြာ အိပ်ပျော်သွားခဲ့သည် မသိ။ ညဉ့်ငှက်တစ်ကောင်၏ အော်ဟစ်သံကြောင့် အအိပ်ဆတ်သော ကိုဘမောင် လန့်နိုးလာခဲ့လေသည်။ ကိုဘမောင်အတွက် နာရီမရှိသည့်အတွက် ဘယ်နနာရီရှိပြီမှန်း



မသိပါ။ စောတော့ မစောလှတော့။ အခြားပိုက်လှေသမားများပင် ပိုက်တစ်ချီလိုက်ပြီးကြပြီထင်သည်။

ကိုဘမောင် ပိုက်လိုက်ရန် အိပ်ရာမှ ထလိုက်၏။ ထို့နောက် ပိုက်လက်စကိုရှာကာ မ,ယူလိုက်သည်။ ပိုက်သည် တင်းနေရမည့်အစား အလွယ်တကူ လျှော့ရဲပေါ့ပါးစွာ ပါလာလေသည်။ ကိုဘမောင် ရင်ထိတ်သွားလေသည်။

ဆက်လက်၍ ကိုဘမောင် ပိုက်ကို ဆွဲယူလိုက်ပါသည်။ ငါးလံကျော်လောက်တွင် ပိုက်သည် တုံးတိတိကြီး ပြတ်နေသည်ကို တွေ့ရလေသည်။ ပိုက်သူခိုးသည် ပိုက်ကို တစ်ပိုင်းဖြတ်၍ ခိုးယူသွားခဲ့ချေပြီတကား။

ပိုက်တစ်လက်တွင်အလံ(၄၀)ကျော်ရှိ၏။ ပိုက်နှစ်လက်ဆိုတော့ အလံ(၈၀)ကျော် ရှိသည်။ အလံ (၈၀)ကျော်ရှိသည့်အနက် ယခု ကိုဘမောင်ထံတွင် ငါးလံကျော်ကျော်လောက်သာ ကျန်ရှိတော့သည်။ သည်ငါးလံကျော်လောက်မျှနှင့်တော့ ဘာမျှသုံး၍မရတော့။

ကိုဘမောင် အကြီးအကျယ် ဒေါသထွက်လေသည်။ မိမိတွင် သည်ပိုက်နှစ်လက်တည်းသာ ရှိလေသည်။ သည်ပိုက်နှစ်လက်ကိုရင်း၍ အသက်မွေးဝမ်းကျောင်းနေရခြင်း ဖြစ်သည်။ သည်ပိုက်နှစ်လက်စလုံး အခိုးခံလိုက်ရပြီဆိုသောအခါ အဘယ်မှာ ဒေါသမထွက်ဘဲ ရှိပါချေမည်နည်း။

ကိုဘမောင်၏အသားများပင်တဆတ်ဆတ်တုန်လာသည်အထိ ဒေါသအရှိန်က ပြင်းထန်မြင့်မားလှလေသည်။

"မိများ မိရင်တော့လားကွာ။ ဓားနဲ့ကို တောက်တောက်စဉ်းပြီး ရေထဲမျှောပစ်လိုက်မယ် - ဟင်း - တောက်"

ကိုဘမောင် အံကြိတ်၍ ကြိမ်းဝါးပစ်လိုက်သည်။ တောက်တစ်ချက်ကိုလည်း ပြင်းပြင်းထန်ထန် ခေါက်ပစ်လိုက်၏။

မိမိ သတိလစ်ဟင်းမိသည့်အတွက် သူခိုးက လက်ဦးသွားပြီဆိုတော့လည်း ကိုဘမောင်တစ်ယောက် ဒေါသထွက်ရုံ၊ ကြိမ်းဝါးရုံမှလွဲ၍ ဘာမျှ မတတ်နိုင်တော့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com

ပိုက်တစ်လက်၏တန်ဖိုးသည် (၅၀၀)ကျော်မျှ ရှိ၏၊ မင်းမောင်၏နှိပ်စက်မှုကြောင့်ကိုဘမောင်ထံတွင်ထိုမျှလောက်သာငွေကိုစုမိ၊သောင်းမိထားခြင်းမရှိ၊

နောက်ဆုံးတော့ကိုဘမောင်သည်ဝမ်းနည်းစွာဖြင့်ပင်မနှင်းမေနားကပ်ကလေးအားရောင်း၍နှစ်လုံးကားပိုက်တစ်လက်ကိုဝယ်ယူလိုက်ရလေတော့သည်၊ နှစ်လုံးကား ပိုက်ဆိုသည်မှာ ပိုက်ကွင်းတစ်ကွင်း၏အကျယ်သည် လက်ညှိုးနှင့် လက်ခလယ်နှစ်ချောင်းကို ကားထားသည့် အကျယ်အဝန်းရှိသောပိုက်မျိုးဖြစ်ပါသည်၊

ကိုဘမောင် ပိုက်စိပ်ကို မကိုင်ပါ၊ ပိုက်စိပ်က ငါးမရှားသော်လည်း ငါးရောင်းသောအခါ ဈေးကောင်းမရချေ၊ ပိုက်ကျဲမှရသော ငါးများမှာမူ သန်သည်၊ ဈေးကောင်းရသည်၊

ယခုကိုဘမောင်အခိုးခံလိုက်ရသောပိုက်နှစ်လက်မှာလည်း နှစ်လုံးနှင့်နှစ်လုံးကား ပိုက်ကျဲများပင် ဖြစ်၏၊ ပျောက်သွားသော ပိုက်နှစ်လက်အစားပြန်မဝယ်နိုင်သေးသော ကိုဘမောင်အနေဖြင့် လောလောဆယ်တွင်တော့ ယခုဝယ်ယူထားသည့်ပိုက်တစ်လက်ကိုရင်း၍ပင်ဝမ်းစာရေးအတွက်ရုန်းရကန်ရပေဦးတော့မည်၊

ပိုက်တစ်လက်တည်းနှင့်မို့ အားတော့ သိပ်မရှိလှ၊ သို့သော် မတတ်နိုင်ပါ၊ ပိုက်တစ်လက်တည်းပေမယ့် ကြိုးစားရှာဖွေလျှင် မိသား၊ ဖသား လေးယောက်ထမင်းတော့ မငတ်နိုင်ဟု အားတင်းလိုက်ပါသည်၊

ကိုဘမောင်တစ်ယောက် ညစဉ်မပျက် ပိုက်တန်းထွက်ခဲ့သည်၊ အခြေအနေက မဆိုးလှ၊ ကိုဘမောင်ပဲ ကံကောင်း၍လား၊ ပိုက်ကပဲ ငါးသတ်၍လားမသိ၊ အခြားသူများနှင့်စာလျှင် ငါး ပိုမိုရလျက် ရှိလေသည်၊

သည့်ညလည်း အင်းဒရန့်တောတန်း တစ်နေရာတွင် ကိုဘမောင် ပိုက်တန်းချထားပါသည်၊ ယခင်ကလိုတော့ ပိုက်လက်စတိုင်တွင် လှေကိုချည်ပြီး မအိပ်တော့၊ ပိုက်တန်း၏အလယ်တွင် လှေကို ကန့်လန့်ဖြတ် ကြိုးချည်ကာ အိပ်လေသည်၊ သို့မှသာ အကယ်၍ ပိုက်ကို တစ်ပိုင်းဖြတ်ခိုးသွားခဲ့လျှင်



တောင်မှ ကျန်တစ်ပိုင်းသည် တစ်ဝက်ကျော်ကျော် ကျန်ရှိမည်ဖြစ်သောကြောင့် ပြန်၍အသုံးချနိုင်မည် မဟုတ်ပါလား၊

ည(၁၀)နာရီခန့်တွင် ကိုဘမောင် အိပ်ပျော်သွားခဲ့သည်၊ ပိုက်နှစ်လက်အခိုးခံရပြီးပြီဖြစ်၍ နှစ်နှစ်မြိုက်မြိုက်ကြီးတော့ မအိပ်ရဲ၊ ကြက်အိပ် ကြက်နိုးသတိဖြင့် အိပ်ရသည်၊

ည(၁၂)နာရီခန့်တွင် ကိုဘမောင် လန့်နိုးလာလေ၏၊ ဆူဆူညံညံအသံများကြောင့် လန့်နိုးလာခြင်း ဖြစ်ပါသည်၊

"သူခိုးဟေ့ – သူခိုး – ပိုက်သူခိုးဟေ့"

"လိုက်ဟ – လိုက် – လိုက်"

"မိရင်တော့ အသေသာ သတ်ကွာ"

အသံများကကိုဘမောင်၏နားထဲသို့စူးစူးဝါးဝါး ပီပီသသပင် တိုးဝင်လာလေသည်၊

ထိုအသံများကြောင့် ကိုဘမောင် မျက်လုံးများ ပြူးကျယ်သွားခဲ့၏၊ နောက် – ရုတ်တရက် ထထိုင်လိုက်ပြီး ဘေးပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလိုက်သည်၊

ဓာတ်မီးရောင်များ ဝင်းဝင်းလက်လျက် ရှိသည်ကို တွေ့ရလေသည်၊ မီးရောင်တန်းများ၏အောက်တွင် လှေတစ်စင်း အမြန်အဆန် ရွေ့လျားနေလေသည်၊ လှေပေါ်၌ လူ(၂)ယောက် ပါရှိ၏၊ ပိုက်သူခိုး၏လှေ ဖြစ်ပေလိမ့်မည်၊

ပိုက်သူခိုး၏လှေသည် ကမ်းစပ်နှင့် အလွန်နီးကပ်နေပြီဖြစ်သည်၊ နောက်မှ ဓာတ်မီးများထိုး၍လိုက်လာသော လှေများမှာ အတန်ငယ် ဝေးကွာသေး၏၊ ဤအတိုင်းသာဆိုလျှင် ပိုက်သူခိုးအား မိနိုင်မည်ဟု မထင်ပါ၊

ကံကောင်းချင်တော့ သည်ည ကိုဘမောင်သည် ကမ်းစပ်နှင့် အနီးဆုံးနေရာတွင်ပိုက်တန်းထားမိသည်၊ ကိုဘမောင်၏လှေနှင့်ကမ်းစပ်သည် သိပ်မဝေးကွာလှ၊



www.burmeseclassic.com

www.burmeseclassic.com

ကိုဘမောင် တွေဝေမနေတော့၊ ဆုတ်ဆိုင်းမနေတော့၊ လှေကို ကြိုး ဖြတ်၍ ကမ်းစပ်သို့ အမြန်ဆုံး လှော်ခတ်လိုက်လေသည်၊

မကြာမီပင် ကိုဘမောင်၏လှေ ကမ်းစပ်သို့ ရောက်သွားသည်၊ ထိုအချိန် ၌ပိုက်သူခိုး၏လှေမှာ တောင်ဘက် ခပ်လှမ်းလှမ်းကမ်းစပ်သို့ ရောက်ရှိသွား နှင့်ပြီဖြစ်ပြီး ပိုက်သူခိုးနှစ်ဦးမှာလည်း ကမ်းပေါ်သို့ တက်ပြေးသွားခဲ့ပြီ ဖြစ်ပါ သည်၊

ကိုဘမောင်သည် သုံးတောင့်ထိုးဓာတ်မီးနှင့် လှေပေါ်တွင် အသင့် ဆောင်ထားသော နှစ်တောင်ခန့်ရှိ ဝါးစိမ်းတုတ်ကြီးကို ယူပြီးနောက် ပိုက် သူခိုး ထွက်ပြေးမည်ထင်သောဘက်သို့ ဖြတ်၍ပြေးလိုက်လေသည်၊

တံစွပ်ကံညားမီလိုမီကြား ပြေးလိုက်ခြင်းဖြစ်ပါ၏၊ အကယ်၍ပိုက်သူခိုး သည် လမ်းမြောင်လေးရှိရာဘက်သို့သာ ထွက်ပြေးမည်ဆိုပါက ဖြတ်လမ်းမှ လိုက်လာသော ကိုဘမောင် မီနိုင်တန် ကောင်းပါသည်၊

ကိုဘမောင်လုပ်ရပ်က အရျည်းနှီး ဖြစ်မသွားပါ၊ ကိုဘမောင် ထိုးထား သော သုံးတောင့်ထိုးဓာတ်မီးရောင်အောက်၌ ရေမှလှမ်းမကမ်းတွင် ပြေးလွှား နေသည့် ပိုက်သူခိုးတစ်ဦးကို လှမ်းမြင်ရလေသည်၊ ကျန်တစ်ဦးကိုတော့ အရိပ်အရောင်မျှပင် မတွေ့ရတော့၊


ကိုဘမောင် အားသွန်၍ ပြေးလိုက်လိုက်သည်၊ ပိုက်သူခိုးလည်း အပြေး နေးသူဖြစ်သောကြောင့် ကိုဘမောင်နှင့်ပိုက်သူခိုး နီးသည်ထက် နီးလာလေ သည်၊ နောက်ဆုံး ဝါးတစ်ပြန်အကွာအဝေးလောက်အထိ နီးကပ်လာလေ ၏၊

"ဟေ့ကောင် - ရပ် - ရပ်စမ်း - မပြေးနဲ့နော်၊ မင်း ဆက်ပြေးနေရင် ငါ ဝါးစိမ်းတုတ်နဲ့ ပစ်ထည့်လိုက်မှာ"

ကိုဘမောင် လှမ်းအော်လိုက်သည်၊ ပိုက်သူခိုးသည် ပြေး၍မလွတ်နိုင် မှန်း သိသွားဟန်တူ၏၊ နောက်ပြန်လှည့်လိုက်သည်၊ ပိုက်သူခိုး၏လက်ထဲ တွင် ချောက်လက်မခန့်ရှိ ဓားမြှောင်ကို လှမ်းမြင်လိုက်ရသည်၊

ကိုဘမောင် - ပိုက်သူခိုး၏မျက်နှာကို ဓာတ်မီးဖြင့် စိုက်ထိုးလိုက်လေ






သည်၊ ပိုက်သူခိုး မျက်စိပြာဝေသွားစေရန် ရည်ရွယ်ချက်နှင့် ဖြစ်ပါသည်၊ ပိုက်သူခိုး၏မျက်နှာသည် ဓာတ်မီးရောင်အောက်၌ ထင်လင်းစွာ ပေါ်လာ လေ၏၊

ကိုဘမောင်တစ်ယောက် အံ့ဩခြင်းမက အံ့ဩသွားခဲ့ရပါတော့သည်၊

"ဟင် - မင်း - မင်း - မင်းမောင်"

ကိုဘမောင် အံ့ဩသွားသလိုပင် ကိုဘမောင်၏အသံကို သတိပြုမိလိုက် သော ပိုက်သူခိုးမှာလည်း အံ့ဩသွားခဲ့ပါ၏၊

"ဟာ - အဖေ - အဖေ မဟုတ်လား"

"အေး - ဟုတ်တယ်၊ ငါ - ဘမောင်ပဲ"

"ဝမ်း - ဝမ်းသာလိုက်တာ - အဖေရာ၊ ဒါဖြင့် - ဒါဖြင့် - ကျွန်တော် - ထွက် ထွက်ပြေးတော့မယ်နော် - အဖေ"

ကိုဘမောင် ကြောင်အမ်းအမ်း ဖြစ်သွား၏၊ ရုတ်တရက် ဘာမျှပြန်မပြော လိုက်နိုင်၊ မင်းမောင်ကား ထွက်ပြေးဖို့ ခြေလှမ်းပြင်လေပြီ၊

"ဟေ့ကောင် - မင်းမောင် - နေဦး - နေဦး"



www.burmeseclassic.com

www.burmeseclassic.com

သည့်စကားများက ကိုဘမောင်၏နှုတ်မှ အလိုအလျောက်ပင် ထွက်သွားခဲ့လေသည်။ မင်းမောင် ခြေလှမ်းများ တုံ့ရပ်သွားလေ၏။

"ဗျာ - ဘာလုပ်မလို့လဲ - အဖေ၊ ဟိုနောက်က လိုက်လာတဲ့လူတွေလည်း နီးသထက် နီးလာပြီဗျ၊ သူတို့မိသွားရင် ကျွန်တော်တော့ ဟို - ဟိုမလွယ်ဘူး၊ အဖေ - ကျွန်တော့်ကို ခွင့်မလွှတ်နိုင်ရင် နောက်မှကြိုက်သလိုလုပ်ပါ - အဖေ၊ အခုတော့ - ကျွန်တော့်ကို သွားခွင့်ပြုပါနော် - အဖေနော်"

မင်းမောင်၏အသံက တုန်ယင်ဆွဲ့အလျက် ရှိလေသည်၊ ငိုသံလည်းပါနေ၏၊ မင်းမောင်သည် ကိုဘမောင်၏သား ဖြစ်သည်၊ မင်းမောင်အပေါ် ကိုဘမောင် တကယ်တမ်း သံယောဇဉ်ဖြတ်နိုင်ပါရဲ့လား ဖြတ်နိုင်သည်ဟုတော့ မထင်ပါ၊ သို့သော် -

"ကျွန်တော် - ကျွန်တော် - ပြေးတော့မယ်နော် - အဖေ"

ပြောပြောဆိုဆို မင်းမောင် စတင်ပြေးလေသည်၊

"ဟေ့ကောင် - မင်းမောင် - မပြေးနဲ့၊ ရပ် - ရပ် - မင်းမရပ်ရင် ငါ ပစ်ထည့်လိုက်မှာနော်"

မင်းမောင် မပြေးသာတော့၊ အကွာအဝေးက လက်တစ်ကမ်းသာသာမှာ ရှိသည်၊ ကိုဘမောင် ဝါးစိမ်းတုတ်နှင့် ပစ်ထည့်လိုက်လျှင် မည်သည့်နည်းနှင့်မျှ မလွှဲရှောင်နိုင်၊ မင်းမောင် ရပ်လိုက်ရတော့သည်၊

ဓာတ်မီးအလင်းရောင်တွင် မင်းမောင်၏တစ်ကိုယ်လုံး အတိုင်းသားပေါ်လွင်နေ၏၊ မင်းမောင်သည် ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလေသည်၊ အံကိုလည်း တင်းတင်းကြိတ်ထားလေသည်၊ မင်းမောင်၏မျက်နှာ၌ မယုံကြည်နိုင်ခြင်း၊ အံ့သြခြင်း၊ နောက် - နာကြည်းခြင်းအရိပ်အယောင်များဖြင့် ပြည့်လျှမ်းလျက် ရှိနေလေသည်၊

"အဖေ - အဖေ - ကျွန်တော့်အပေါ် သိပ်ပြီးရက်စက်လွန်းတယ်ဗျာ"

မင်းမောင်ထံမှ ကြေကြေကွဲကွဲအသံ ထွက်လာသည်၊ ကျယ်တော့ မကျယ်လှ၊ ကိုဘမောင် ကြားသာရုံသာ ဖြစ်သည်၊ ကိုဘမောင် ဘာမှပြန်မပြောမိ၊

မင်းမောင်သည် ကိုဘမောင်ဘက်သို့ မျက်နှာမူထားသော်လည်း ဓာတ်မီးဖြင့် ထိုးထားသော ကိုဘမောင်ကိုမူ လုံးဝမမြင်ရပါ၊ ထို့ကြောင့် ကိုဘမောင်၏မျက်လုံးအိမ်မှ မျက်ရည်စများ စီးကျနေသည်ကိုလည်း မင်းမောင်တစ်ယောက် မည်သည့်နည်းနှင့်မျှ သိရှိနိုင်မည်မဟုတ်၊

ဓာတ်မီးများ၊ တုတ်၊ ဓားများကို ကိုင်ဆောင်၍ နောက်မှလိုက်လာကြသော တံငါသည်များ၏အသံသည် ပို၍ ပို၍ ဆူညံလာလေသည်၊ မဝေးကွာလှတော့၊

၎င်းတို့ မင်းမောင်ကို မိသွားလျှင် ဘာလုပ်ကြမည်ကို ကိုဘမောင် ကောင်းကောင်းသိပါသည်၊ ထိုးကြ၊ ကြိတ်ကြမည်၊ ရိုက်ကြ၊ နက်ကြမည်၊ သတ်ပစ်ချင်တောင် သတ်ပစ်ကြမည်၊ သူတို့လက်စုပ်ထဲက ရေ၊ သွန်ချင်သွန်၊ မှောက်ချင် မှောက်ကြမည်၊ ကိုဘမောင် ရင်ထဲတွင် နင့်ခနဲ ခံစားလိုက်ရ၏၊

မိမိ၏လုပ်ရပ် မှားများ မှားသွားလေပြီလား၊ မင်းမောင် ပြောသကဲ့သို့ သားတစ်ယောက်အပေါ်ရက်စက်လွန်းရာများကျသွားလေပြီလား၊ မင်းမောင်အား လွတ်ရာကျွတ်ရာသို့ ပြေးခွင့်ပြုလိုက်ရလျှင်များ ကောင်းလေမည်လား၊

ကိုဘမောင် ဝေခွဲ၍မရ၊ ဆုံးဖြတ်၍မရ၊

မိမိပိုက် အနိုးခံရစဉ်က မိမိ အကြီးအကျယ် ဒေါသဖြစ်ခဲ့တာတွေ၊ မိမိ အကြီးအကျယ် ဒုက္ခရောက်ခဲ့ရတာတွေ၊ နောက်ဆုံး - မနင်းမေ၏နားကပ်တစ်လေး ရောင်းစားခဲ့ရတာတွေ၊ ဒါတွေ - ဒါတွေကို ကိုဘမောင် တစ်ကွက်ချင်း ပြန်လည်မြင်ယောင်လာလေသည်၊

ကိုဘမောင်၏ဦးနှောက်ထဲတွင် ဆူဝေလျက် ရှိလေသည်၊ ရင်ထဲတွင်လည်း ဗလောင်ဆူလျက် ရှိလေ၏၊ တစ်ကိုယ်လုံးတွင်လည်း ချွေးစေးများက ရွှဲနစ်လျက်၊

ယင်းသို့ တွေဝေနေဆဲမှာပင် တုတ်၊ ဓားများ ကိုင်၍ နောက်မှပြေးလိုက်လာကြသော တံငါသည်များသည် ပို၍ ပို၍ နီးကပ်လာသည်ထက် နီးကပ်လာကြချေပြီတကား၊

→ ထွန်းရင် (သစန်းကိုင်း)



www.burmeseclassic.com

www.burmeseclassic.com




တောထဲတွင်
ဝက်ဝံရာမှ မမျှော်လင့်ဘဲ
နေ့ကြွေကြီးနှင့် ဖက်ပင်းရင်ဆိုင်
တိုးရလေသောအခါ ။

## ကျွန်းညိုကြီး ...

ဆိုသည့်အတိုင်း အဝေးက မြင်လိုက်ရတည်းက ညိုမှိုင်းအုပ်ဆိုင်းနေသည်။ ကနစို၊ မဒမ၊ လမု၊ လမုည့်၊ ပျဉ်းကတိုးပင်များက အဓပါသို့ အလုအယက်တက်ကာ စိမ်းလန်းစိုပြေနေသောကြောင့် ကျွန်းကြီးတစ်ခုလုံးကလည်း ကော်ဇောစိမ်းစိမ်းကြီး ဖြန့်ခင်းထားသလိုကြည့်၍ ကောင်းလှသည်။

မြစ်ဆိုသော်လည်းပင်လယ်ဝနှင့်နီးနေသောကြောင့်ပင်လယ်ကြီးတမျှ ကျယ်ဝန်းလှသည်။ ကိုတောက်ထိန်က ဘောက်တူကို တစ်ချက်ချင်း မှန်မှန်လှော်နေသည်။ ပင်လယ်ဝမှ ဆားနံ့သင်းဖနသော လေပြေကလေးက တစ်ချက်တစ်ချက် တိုးဝှေ့၍ တိုက်ခတ်လာသည်။ စောရှိမ်းနှင့် ကျော်စိုးက လှေဦးတွင်ထိုင်ရင် ကျွန်းညိုကြီးတောကို ငေးကြည့်လိုသည်။ စောရှိမ်းက ဘောက်တူဘေးတွင် လက်ကိုချကာ ရေကို ဆော့လိုက်ရင်း -

"တင်ဝင်းကိုသတိရတယ်ကွာ၊ သူ့မိန်းမက ကလေးအမြွာပူးမွေးနေလို့ ဒီကောင် အလုပ်ရှုပ်နေလို့ မခေါ်ခဲ့တာ၊ ဒီကောင်ကလည်း လိုက်ချင်နေတာယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် - စောဂျိမ်း၊ ကျွန်တော်တို့နှစ်ယောက် တောက်ထိန်ဆီ သွားမလို့ ဆိုကတည်းက ဒီကောင် လိုက်ချင်နေတာ"

"တောက်ထိန် - မင်းသူငယ်ချင်း တိုးစိန်က ဒီမိန်းမလှကျွန်းတောထဲမှာ ပဲလား"

"ဟုတ်တယ် - စောဂျိမ်း၊ ဒီကောင်က ချောင်းတစ်ခုကို လေလံဆွဲထား တယ်လေ၊ ချောင်းကိုပိတ်ပြီး ဒီကောင် ငါးပုစွန် ဖမ်းတာပေါ့၊ သူ့မိန်းမရော၊ ကလေးတွေရော၊ ယောက်ဖတွေရောအကုန်ခေါ်ထားတယ်၊ ခွေးတွေတောင် ပါလိုက်သေးတယ်"

"ပျော်စရာကြီးပေါ့"

"ဒီကောင်လည်း တံငါသာ လုပ်နေတာ၊ ကျွန်တော့်လိုပဲ အမဲပစ်တာကို သိပ်ဝါသနာပါတယ်၊ ကျွန်တော်တို့အဖွဲ့ရောက်လာရင်တော့ ပျော်နေမှာပဲ"

ဘောက်တူက ကမ်းနှင့် တဖြည်းဖြည်း နီးလာသည်၊ သစ်ပင်များပေါ်မှ ကွဲကွဲကွကွနှင့်အော်ကာ ပြေးလွှားနေသော မျောက်များ တစ်ပင်မှ တစ်ပင် သို့ကူးနေသော ရှဉ့်ငပေါ်များကို မြင်နေရသည်၊ ကမ်းစပ်အတိုင်း ဘောက်တူ က တရွေ့ရွေ့သွားနေရင်း တစ်နေရာအရောက်တွင် ချောင်းကလေးတစ်ခု အတွင်းသို့ ဘောက်တူက ဝင်လာသည်၊ ချောင်းအတိုင်း နာရီဝက်လောက် ဝင်လာပြီးနောက် ချောင်းကိုပိတ်၍ ဝါးတိုင်များစိုက်ကာ ကမ်းပေါ်၌ တဲတစ် လုံးဆောက်ထားသောနေရာကို ရောက်လာသည်၊ ကိုတောက်ထိန်က တဲ ဆီသို့ လှမ်းကြည့်ရင်း -

"တိုးစိန်ရေ - တိုးစိန်"

တဲအတွင်းမှ ကိုယ်တုံးလုံးနှင့် လူတစ်ယောက် ထွက်လာသည်၊

"ဟေး - ဘယ်သူလဲဟေ့"

"တိုးစိန် - ငါတို့ပါကွ"

"ဟာ - တောက်ထိန်တို့ပါလား၊ ဘယ်သူတွေ ပါကြသေးလဲ - လာကြ လေကွာ - တက်ကြကွာ"



တဲပေါ်တွင် ငါးခြောက်များ၊ ငါးစိုများနှင့် ပြည့်နေသည်၊ တဲက ခပ်ကျဉ်း ကျဉ်း၊ လူများနှင့် ပြည့်နေသည်၊ ကလေးတွေရော၊ ခွေးတွေရော ဖြစ်သည်၊ တိုးစိန်က ရယ်ကျဲကျဲဖြင့်၊

"ငါ့မီးပွားရေးက ဒီမှာဆိုတော့ ရွာကနေ တစ်အိမ်လုံး ပြောင်းလာကြတာ ကွ၊ နေရာကတော့ မင်းသိတဲ့အတိုင်းပဲ"

"အေးပါ - သိပါတယ်၊ မင်းတို့ဆီမှာ တောဝက်တွေ ပေါတယ်ဆိုလို့ ငါ့မိတ်ဆွေတွေ ခေါ်လာတာ၊ ဒါက စောဂျိမ်း၊ ဒါက ကျော်စိုး"

"တောဝက်ပေါတာကတော့ မပြောနဲ့ဟေ့ - အုပ်လိုက်ပဲ၊ ငါ့မှာ ငါးဖမ်းတဲ့ အလုပ်ကလည်း ရှိနေသေးတော့ အသာပဲ ကြည့်နေရတယ်၊ တစ်ခါတလေ ငါတို့တဲနားမှာတောင် ရောက်.ရောက်လာတယ်၊ မနေ့တစ်နေ့ကတင် ငါ့ယောက်ဖနဲ့အလုပ်သမားကောင်လေးတစ်ယောက်တောဝက်သွားပစ်ကြ တာတောဝက်ကိုထိတယ်၊ အန္တရာယ်နဲ့တွေ့လို့ပြေးလာခဲ့ရတယ်ပြောတယ်၊ တောဝက်တောင် မသယ်နိုင်ဘူးတဲ့"

စောဂျိမ်းက စိတ်ဝင်စားသွားကာ -

"ဘယ်လိုအန္တရာယ်နဲ့ တွေ့လာတာတဲ့တုံး"

"အကောင်ကို သေသေချာချာ မတွေ့ရဘူးတဲ့ ဝိုးခနဲ ဝိုးခနဲ အသံကြီးနဲ့ နောက်ကနေ လိုက်လာလို့ ကြောက်ကြောက်နဲ့ ပြေးခဲ့ရတယ်ပြောတယ်၊ ဒီကောင်တွေ သွားတောင် မသွားရဲကြတော့ဘူး"

"တောဝက်ကို ဘာနဲ့ပစ်တာလဲ"

"ဒူးလေးနဲ့ပဲပေါ့ဗျာ၊ ဒီမှာကတော့ ဒါပဲရှိတာပဲ"

"ကဲ - ကဲ - တောက်ထိန်တို့ - ဒီမှာက လူများတယ်ကွာ၊ ဖောင်ပေါ်ကို သွားရအောင်၊ အဲဒီမှာ တဲတစ်လုံးရှိတယ်၊ မင်းတို့အဖွဲ့ကောင်းကောင်းနေလို့ ရတယ်၊ ညနေစာလည်း အဲဒီဖောင်ပေါ်မှာ စီစဉ်ကြတာပေါ့၊ နောက်ပြီးမှ အေးအေးဆေးဆေးစကားပြောကြမယ်၊ လာ - သွားရအောင်"

တဲနှင့်မလှမ်းမကမ်းရှိချောင်းထဲမှ ဝါးဖောင်တစ်ခုပေါ်တွင်ဆောက်ထား သော အင်ဖက်အမိုး တဲတစ်လုံးတွင် စောဂျိမ်းတို့က ပါလာသော အထုပ်အပိုး

www.burmeseclassic.com

များကို ချလိုက်ကာ အနားယူလိုက်ကြသည်၊ တိုးစိန်က စားဖို့၊ သောက်ဖို့ ကိစ္စများ စီစဉ်နေသည်၊ ခဏအကြာတွင် တိုးစိန်၏အမျိုးဖြစ်ဟန်တူသော လူငယ်တစ်ယောက်က အိုးတစ်လုံးယူလာကာ ချလိုက်သည်၊ နောက်ထပ် ရောက်လာသော ပန်းကန်ပြားတစ်ချပ်နှင့်ထည့်ကာ မွှေးကြိုင်နေသောအရာ များက ပုစွန်တုပ်မီးဖုတ်များ။ တိုးစိန်ပါ ရောက်လာသည်၊

"ကဲ - တောက်ထိန် - ထန်းရည်နဲ့ ပုစွန်တုပ်မီးဖုတ်၊ ဒါက ငါးခူကြော်၊ ထန်းရည်အတွက် မပူနဲ့ - မှာထားသေးတယ်၊ ဘာမှအရောအနှောမရှိဘူး၊ နေစောင်းလာတော့ ခါးခါးပြင်းပြင်းလေးပေါ့"

စောဂျိမ်းက ပုစွန်တုပ်တစ်ကောင်ကို ကောက်ဝါးရင်း -

"ကောင်းတယ်ဟေ့ - မစားရတာကြာပြီ၊ မွှေးကြိုင်နေတာပဲ"

ထိုအချိန်တွင် စောစောက ထန်းရည်အိုးယူလာသော လူငယ်တစ်ယောက်နှင့် သက်တူရွယ်တူ မတိမ်းမယိမ်းလူငယ်တစ်ယောက် တဲအတွင်းကို ဝင်လာသည်၊

တိုးစိန်က -

"ထိုင်ကြကွ၊ ကဲ - တောက်ထိန် - စောစောက ထန်းရည်အိုး လာပေးတဲ့ကောင်က ငါ့ယောက်ဖ အေးသိန်း၊ သူက ငါ့ဖောင်မှာ ငှားထားတဲ့မြအေး၊ သူတို့နှစ်ယောက် တောဝက်သွားပစ်ရင်း တောဝက်တောင် မရလိုက်ဘူး၊ ပြေးလာကြတာ၊ မင်းတို့သိချင်တာတွေ မေးပေတော့၊ အေးသိန်းနဲ့မြအေး သူတို့က ငါ့မိတ်ဆွေတွေ - မှဆိုးတွေပေါ့"

စောဂျိမ်းက ထန်းရည်တစ်ခွက်ကို ကောက်သောက်လိုက်ရင်း -

"မင်းတို့တောထဲမှာ ဘာတွေ့လို့ ထွက်ပြေးလာကြတာလဲ"

အေးသိန်းနှင့်မြအေးက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း အေးသိန်းက -

"တောဝက်ကို ထိထားလို့ သွားမယ်၊ အလုပ်မှာ နောက်ကနေ တဖြောဖြောအသံတွေ ကြားလိုက်ရပြီး ဝိုးခနဲ ဝိုးခနဲ မြည်သံနဲ့အတူ မြွေလိုလို အကောင်လို့တော့ ထင်တာပဲ၊ ဒါပေမဲ့ - ကျွန်တော်တို့အရပ်ထက်တောင် မြင့်သေးတယ်၊ မျက်လုံးက မီးဝင်းဝင်းတောက်နေတာပဲ၊ အဲဒါနဲ့ ကြောက်ပြီး ပြေးလာတာ"

မြအေးက -

"ကျွန်တော်လည်း အသံတွေကြားလိုက်ရပြီး သူပြေးလာတာနဲ့ ရောပြေးလာတာ ဘာကောင်မှန်းကို မမြင်လိုက်ရပါဘူး"

တိုးစိန်က -

"မင်းတို့ အမှားအယွင်းတွေ ဘာတွေကော ဖြစ်ခဲ့ကြသလား၊ ဒီတောတွေက အမှားအယွင်းမခံဘူး"

"မဖြစ်ပါဘူး - အစ်ကိုရယ်၊ သွားကတည်းက တင်မြှောက်ပသပြီးမှ သွားတာပါ"

စောဂျိမ်းက -

"မင်းတို့က တောဝက်ကို ဒူးလေးနဲ့ပစ်တော့ ဒူးလေးကိုရော ကျွမ်းကျွမ်းကျင်ကျင် ကိုင်တတ်လို့လား"

"မကိုင်တတ်ပါဘူး၊ ပစ်ချင်ဇောနဲ့သာ သွားကြတာပါ"

"တောဝက်က အသက်ပြင်းတယ်၊ တော်ရုံခက်ရာလောက်နဲ့ မသေဘူး၊ နှင်ညွန့်တို့၊ လည်ချောင်းတို့ ထိမှသာ လဲနိုင်တယ်၊ ဝမ်းဗိုက်တို့၊ ခြေလက်တို့၊ အင်ပါးတို့ဆိုရင် အပြေးတောင် မပျက်ဘူး၊ တောဝက်ပစ်တာ အန္တရာယ်များတယ်၊ ချက်ကောင်းထိပြီးမသေရင် ဝက်နာ၊ ဝံနာ၊ ကျားနာ ဆိုတဲ့စကား ရှိတယ်၊ နာသွားတဲ့ဝက်ဟာ တစ်နေရာမှာ အောင်းနေပြီး လူမြင်တာနဲ့ တစ်ဟုန်ထိုး လိုက်ပက်တတ်တယ်၊ အဲဒီအခါမှာ သေရင်သေ၊ မသေရင် ဒဏ်ရာပြင်းထန်စွာ ရတတ်တယ်"

"ဒါတွေလည်း နားမလည်ပါဘူး - မှဆိုးကြီးရယ်၊ တောဝက်တွေက နားအထိတောင်ရောက်လာတတ်တော့ လက်ယားနေတာနဲ့ ဒူးလေးငှားပြီး ထွက်ပစ်ကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဒီကောင်တွေကို ထောင်ဖမ်းရင်လည်း ရတာပဲဟာ၊ မထောင်ကြဘူးလား"

တောက်ထိန်က -

"ဒီတောထဲက လူတွေက သစ်ခုတ်ထင်းခုတ်၊ ငါးဖမ်း၊ လယ်လုပ်ဆိုတော့ ဒါတွေလည်း မလုပ်ကြပါဘူး - စောကျိန်းရယ်"

"သူတို့ကို မလုပ်ပေမဲ့ သူတို့က သစ်ခုတ်ထင်းခုတ်၊ လယ်လုပ်တဲ့လူတွေကို ဒုက္ခပေးကြမှာပဲ၊ လယ်တွေဆိုရင် စပါးနံ့ထွက်စအချိန်တွေမှာ တောဝက်တွေက ဝင်စားကြတာကိုး"

"အဲဒီတော့ - ဒီကောင်တွေကို ဘယ်လိုထောင်ရမလဲ - စောကျိမ်း"

"ကြိုးကွင်းနဲ့ ထောင်ရတယ်၊ ကြိုးကွင်းဆိုတာ ရိုးရိုးချည်ကြိုး၊ လျှော်ကြိုးတို့နဲ့မရဘူး၊ သံကြိုး၊ သွပ်ကြိုး၊ ဖယောင်းကြိုးတို့နဲ့မှရတယ်၊ ထောင်နည်းတလည်း ထိုးကွင်းနဲ့ ခြေနင်းကွင်းထောင်နည်း နှစ်မျိုးရှိတယ်၊ လည်ထိုးကွင်းထောင်ရင် တောဝက်တွေ သွားလာတတ်တဲ့နေရာတွေမှာ မသိမသာ ထောင်ရတယ်၊ ထောင်ထားတဲ့နေရာကိုလည်း ခဏခဏမသွားရဘူး၊ ဒီကောင်တွေက အနံ့ခံကောင်းပြီး ပါးနပ်တော့ လူနံ့ရရင် ရှောင်သွားတတ်တယ်၊ ခြေနင်းကွင်းကလည်း လည်ထိုးကွင်းထောင်သလို တောဝက်တွေ သွားလာတတ်တဲ့နေရာတွေမှာ ကျင်းတူးပြီးတော့ ကြိုးကွင်းကိုချ၊ အပေါ်ကနေ မသိသာအောင် မြေဖြန့်အုပ်ထားပြီးတော့ ခလုတ်တို့၊ ကိုင်းတံတို့နဲ့ ထောင်ရတာမျိုးပဲ၊ ခြေနင်းကွင်းထောင်ရင်လည်း ချက်ချင်းမမိတတ်ဘူး၊ လူနံ့ရလို့မလာကြတာလဲ၊ လူနံ့ပျောက်မှ လာနင်းပြီးမိတတ်တယ်၊ နောက်တစ်ချက်က ကျွဲတို့၊ နွားတို့ လူတို့ မလာတတ်တဲ့နေရာမျိုးမှာ ထောင်တာ အကောင်းဆုံးပဲ၊ ဝက်မဟုတ်တဲ့ သူတို့ကို မိတတ်လို့၊ ကဲ - တိုးစိန် - ထန်းရည်ရော၊ အမြည်းရော ကုန်ပြီ ထမင်းစားကြရအောင်"



"ထမင်းစားဖို့လည်း အဆင်သင့်ပါပဲ - ဆရာတို့၊ ဒါထက် - တောဝက်တစ် ဘယ်တော့ထွက်ကြမလဲ"

"မနက်စောစောပေါ့၊ ဘယ်သူတွေ လိုက်ဦးမလဲ"

"အေးသိန်းနဲ့မြအေး လိုက်ကြမယ်"

"ကောင်းတယ်၊ ဒါမှ - သူတို့ ဘာကောင်မှန်းမသိလိုက်ရတဲ့နေရာကို လိုက်ပြနိုင်းရမယ်"

"ဖြစ်ပါ့မလား - စောကျိမ်း"

"ဘာဖြစ်လို့မဖြစ်ရမှာလဲ၊ ကျုပ် အမဲပစ်လာတာကြာပြီ၊ တောထဲမှာ ဘာကောင်မှန်းမသိဘူးဆိုတဲ့ကောင် မကြုံဖူးသေးဘူး၊ အဲ - မလိုက်ရဲရင်တော့ မလိုက်ခဲ့နဲ့ပေါ့"

အေးသိန်းနှင့်မြအေးက -

"လိုက်မယ် - လိုက်မယ်၊ ဆရာတို့ပါရင် လိုက်ရဲတယ်"

"ဒါဆိုရင် - စောစောထွက်မယ်"

မြစ်ဝကျွန်းပေါ် အမြဲစိမ်းသစ်တောဖြစ်သောကြောင့် တစ်တောလုံးက အမြဲစိမ်းလန်းနေသလို အောက်ခြေတွင်လည်း မြေက စိုစွတ်နေသည်၊ တချို့နေရာများက ရေစပ်စပ်၊ တချို့နေရာတွေက ရွံ့နွံတော၊ တချို့နေရာများက မရှိသော်လည်း လမုပင်၊ သင်ပေါင်းပင်၊ ကျူပင်များက ရှုပ်ယှက်ခတ်နေသည်၊ အေးသိန်းနှင့်မြအေးက နယ်ခံဖြစ်၍ သစ်ခုတ်၊ ထင်းခုတ်သူများ လမ်းထွင်၍ သွားထားသော တောလမ်းကလေးကြောင့်သာ ခရီးတွင်ခြင်းဖြစ်သည်၊

ဒါတောင် - တချို့နေရာများ၌ ဆူးများလှသော အလိုလေးနွယ်များကြောင့် ငိုရအခက်၊ ရယ်ရအခက် ကြုံရသေးသည်၊ အလိုလေးနွယ်များက အများတွင် ချိတ်များရှိသောကြောင့် အပင်ကို ထိလိုက်လျှင် ငြိတတ်သည်၊ သစ်ခါတလေ နားရွက်ကိုလည်း ချိတ်သည်၊ ရှန်းလျှင်လည်း ပြုတ်မထွက်၊

www.burmeseclassic.com

အတော်အစံ့ရခက်သည်။ သတော့ဒူးတိုက်ပင်ကလည်း ဆူးများရှိသော အပင်မျိုး ဖြစ်သည်။ စောဂျိမ်းတို့အဖွဲ့ နာရီကြာလောက် တောတွင်းဝင်လာသည်အထိ တောဝက်အရိပ်အယောင်မျှ မတွေ့ရသေး။ ခြေရာများကတော့ ရှုပ်ယှက်ခတ်နေသည်။

တောကြက်များ၊ ယုန်များကတော့ ဖျတ်ခနဲ ပြေးလွှားနေကြသည်။ တောတွင်းလမ်းကလေးအတိုင်း ကွေ့ကွေ့ကောက်ကောက် လျှောက်လာကြရသည်။ ရေစပ်စပ်ရှိသော ကျူတောတစ်ခုနားအရောက်တွင် -

"ဖောက် - ဖောက် - ဖောက်"

"ဖောက် - ဖောက် - ဖောက်"

"ဝေါ - ဝရော"

"အီ - အီ - အီ"

ခပ်ဝေးဝေးမှ ကြားလိုက်ရသော အသံများဖြစ်သည်။ ရှေ့မှသွားနေသော အေးသိန်းနှင့်မြအေးက နောက်ကို လှည့်ကြည့်လိုက်သည်။ စောဂျိမ်းနှင့် ကျော်စိုးက လက်ကာပြလိုက်သည်။ ကျော်စိုးက လေသံတိုးတိုးဖြင့် စောဂျိမ်းအား -

"စောဂျိမ်း - တောဝက်တွေ မေးရိုက်သံထင်တယ်"

"အေး - ဟုတ်တယ်။ ကျော်စိုးက ငါ့နောက်က လိုက်ခဲ့။ မင်းတို့နှစ်ယောက် အခြေအနေကြည့်ပြီး ဖြည်းဖြည်းချင်းလာ။ ရှေ့မှာ တောဝက်ရှိပုံရတယ်"

စောဂျိမ်းက ရှေ့မှဦးဆောင်ကာ ကျူတောထဲမှ ကြားရသော အသံရှိရာသို့ သေနတ်များကို အသင့်ကိုင်ရင်း တက်လာကြသည်။ အသံများက တဖြည်းဖြည်း နီးလာသည်နှင့်အမျှ ကျယ်လောင်စွာ ကြားလာရသည်။ ကျူတောအတွင်း တောတွင်းတိုက်ပွဲတစ်ခုဖြစ်နေသလို တဖြုန်းဖြုန်း တဗျောဗျောနှင့် ဆူညံနေသည်။ ဖောက် - ဖောက် အသံများကလည်း ဆက်တိုက်လို ကြားနေရသည်။

စောဂျိမ်းက ကျူတောကို တဖြည်းဖြည်း တိုးဝင်ကာ ရှာနေတတ်လာရင်း တစ်နေရာအရောက်တွင် နောက်မှ ကပ်ပါလာသော ကျော်စိုးကို မျက်ရိပ် မျက်ခြည်ပြလိုက်ကာ ကျူပင်တချို့ကို ဖြဲလိုက်သည်။

"ဟာ - စောဂျိမ်း - ဝက်တောင်းနှင့် ဝက်ပေါက် ထင်တယ်"

"အေး - အကောင်ကြီးက ဝက်တောင်းပဲ၊ အစွယ်တွေ တောင်ကွေး ကောက်နေပြီ"

ဝက်အုပ်တစ်အုပ်တွင် ခွန်အားကြီးသော ဝက်ထီးကြီးတစ်ကောင်က အုပ်ချုပ်တတ်သည်။ တောဝက်ထီးကြီးများမှာ အရွယ်ကြီးလာသည်နှင့်အမျှ အစွယ်များက ရှည်လာကာ ကွေးကောက်လာတတ်သည်။ မိတ်လိုက်ချိန်ရာသီတွင် ဝက်ပေါက်များက ခေါင်းဆောင်ဝက်ထီးကြီးကို ပြန်လည်စုခံတတ်သည်။ ယခုမြင်တွေ့လိုက်ရသော မြင်ကွင်းက ထိုအနေအထားဖြစ်သည်။ ပိဿာချိန် (၇၀)၊ (၈၀) နီးပါးရှိသော ဝက်ထီးကြီးနှင့် အချိန် (၂၀၊ ၂၅) ခန့်ရှိသော ဝက်ပေါက်တစ်ကောင်တို့ တိုက်ခိုက်နေခြင်းဖြစ်သည်။

ကျူဖျာယက်သူများ ခုတ်ထားသောကြောင့် ကွက်လပ်ကြီးတစ်ခုလို ဖြစ်နေသော ကျူငုတ်များအကြားတွင် တစ်ကောင်နှင့်တစ်ကောင် ပက်လိုက်၊ ရှောင်ပြေးလိုက်နှင့် လုပ်နေခြင်းဖြစ်သည်။ အစွယ်များ ကွေးကောက်နေသော ဝက်ထီးကြီးက ဝက်ပေါက်ကို ပြန်ပက်နေသော်လည်း ချော်ချော်ထွက်နေသောကြောင့် ဝက်ပေါက်ပက်နေသမျှကို ခံနေရသည်။

စောဂျိမ်းက -

"ကျော်စိုး - တိုက်ပွဲကတော့ အတော်ပြင်းထန်နေတယ်ကွ။ ဒါပေမဲ့ သိပ်မကြာခင် ဝက်ထီးကြီး ပြေးလိမ့်မယ်။ ဒီကောင်ကြီး အတော်အထိနာနေပြီကွ။ အဲဒီတော့ - ဝက်ထီးကြီးကို ငါ့တာဝန်ထား။ ဝက်ပေါက်ကို မင်းတာဝန်ယူ - ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

"စိတ်ချ - စောကိုမ်း၊ ဒါပေမဲ့ - စောကိုမ်းအပစ်နဲ့ ကျွန်တော့်အပစ်က သိပ်မတွာဖို့ အရေးကြီးတယ်နော်"

"သိတယ် - ငါ အချက်ပေးလိုက်မယ်"

စောကိုမ်းရော ကျော်စိုးပါ တူမီးကြီးနှင့် (၅၀၀) နှစ်လုံးပြူးရိုင်ဖယ်ကြီးကို ကျူပင်များအကြားမှ ထိုးချိန်ထားရင်း ခေါင်းကလေးများကို ငုံ့လိုက်ကြကာ ချိန်သီးနှင့် တစ်တန်းတည်းကျအောင် ကြိုးစားနေကြသည်။ ပစ်မှတ်က လှုပ်ရှားနေသောပစ်မှတ်၊ ဝက်ထီးကြီးရော၊ ဝက်ပေါက်ပါ အတော်မောနေကြပြီ၊ ဝက်ထီးကြီးကတော့ ဒဏ်ရာဇလပွနှင့်၊ မိမိထက် ဇလအားသေးကာ မိမိအုပ်ချုပ်မှုကို ခံခဲ့ရသော ဝက်ပေါက်ကို ဝက်ထီးကြီးက မခံချင်ဖောနှင့် (၁၀) ကိုက်အကွာလောက်မှ တစ်ရှူးထိုးပြေးလာကာ ထိုးပက်လိုက်သည်၊ ဝက်ပေါက်က ငယ်ရွယ်ဖျတ်လတ်သောကြောင့် လျင်မြန်လှသည်။ ဇင်ကိုယမ်းကာ ခေါင်းကို လှည့်၍ရှောင်လိုက်သည်၊ ဝက်ထီးကြီးက လွန်သွားသောအရှိန်ကို သတ်လိုက်ချိန်တွင် စောကိုမ်းတို့ ချောင်းနေသောနေရာနှင့် ဘေးတိုက်အနေအထား၊ ဝက်ပေါက်က ခေါင်းကိုလှည့်ရှောင်ကာ ပြန်ပက်ဖို့ပြင်လိုက်သည့်အနေအထား ကလည်း ဘေးတိုက်၊ စောကိုမ်းက ကျော်စိုးကို လက်ကုတ်လိုက်သည်၊

"ဘောင်း"

"ဒိန်း"

စောကိုမ်းပစ်လိုက်သော ဝက်ထီးကြီးက လက်တစ်ဖက် ခွေကျသွားကာ ခေါင်းပါ စိုက်သွားပြီးမှ ပြန်အထတွင် -

"ဘောင်း"

ဝက်ထီးကြီး၏နားနောက်တွင် အပေါက်ကြီးဖြစ်သွားပြီး နောက် ဝက်ထီးကြီးက ဗုန်းခနဲ လဲကျသွားတော့သည်၊ ကျော်စိုးပစ်လိုက်သော ဝက်ပေါက်ကတော့ တစ်ချက်တည်းနှင့်ပင် ငြိမ်သက်နေပြီဖြစ်သည်၊ ဝက်ထီးကြီးကတော့



အကြောဆွဲနေဆဲ၊ စောကိုမ်းနှင့်ကျော်စိုး ကျူတောထဲမှ အထတွင် အေးသိန်းနှင့် မြအေးအနားကို ရောက်လာကြသည်၊ အေးသိန်းက -

"အားရလိုက်တာ - ဆရာတို့ရယ်၊ ကျွန်တော်တို့က ရင်တထိတ်ထိတ်နဲ့ ပွဲကိုကြည့်နေရတာ"

"တို့တာဝန်တော့ ပြီးပြီ၊ နောက်ပိုင်းတာဝန်တော့ မင်းတို့တာဝန်ပဲ"

"စိတ်ချ - ဆရာတို့၊ ဝါးဖောင်က အလုပ်သမားတွေက တောဝက်သား သိပ်စားချင်နေကြတာ၊ နေ့တိုင်း ငါးပုစွန်ပဲ စားနေရတော့ ငြီးငွေ့ကုန်ကြပြီ"

"ကဲ - ကျော်စိုး - ဒီအချိန်က မိတ်လိုက်ချိန်နော်၊ သိုတန်တွေက နံကုန်လိမ့်မယ်၊ လိုးထုတ်လိုက်နော်"

"ဪ - ဟုတ်သားပဲ၊ စောကိုမ်းပြောမှ ကျွန်တော်လည်း သတိရတယ်၊ လှီးထားလိုက်ပါမယ်"

"အေးသိန်းနဲ့မြအေး - မင်းတို့ ဘာကောင်မှန်းမသိပဲ ပြေးလာခဲ့တဲ့နေရာ ဝေးသေးလား"

အေးသိန်းက -

"မဝေးတော့ဘူး၊ ဒီကျူတောလွန်ပြီး ချောင်းရိုးကလေးတစ်ခုကျော်ရင် ရောက်ပြီ၊ နာရီဝက်လောက်တော့ လျှောက်ရဦးမယ်ထင်တယ်"

"အေး - ဒါဆိုရင် - အေးသိန်းက ငါတို့နဲ့ လိုက်ခဲ့၊ မြအေးက ဝါးဖောင်ကို ပြန်သွား၊ ဒီကောင်တွေသယ်ဖို့ လူပြန်စုတော့"

"ဟုတ်ကဲ့ - ဒါဆိုရင် - ကျွန်တော် ပြန်နှင့်တော့မယ်"

ကျော်စိုးက ကိစ္စဝိစ္စပြီးသည်နှင့် -

"ကဲ - တို့သုံးယောက် ချီတက်ကြမယ်၊ အေးသိန်းက ရှေ့က အရင်သွား"

ကျူတောကြီးကို (၁၅) မိနစ်လောက်ကြာအောင် ဖြတ်ကြပြီးသည်နှင့် (၁၀) ပေခန့်ကျယ်သော ချောင်းရိုးကလေးတစ်ခုကို ရောက်ကြသည်၊ ချောင်းမှာ ဖြတ်ကျော်ရန် ခိုင်ခိုင်ခန့်ခန့်တံတားမရှိသော်လည်း မဒမပင်တို့ ခုတ်



www.burmeseclassic.com

www.burmeseclassic.com

လှဲကာ ချောင်းရိုးပေါ်သို့ ဖြတ်တင်ထားသော သစ်လုံးပေါ်မှ ခက်ခက်ခဲခဲ ဖြတ်ကျော်လာကြရသည်။ ချောင်းရိုးကို ကျော်လာပြီးနောက် အောက်ခြေတွင် သင်ပေါင်းပင်များ၊ လမုပင်ပေါက်များ ရှုပ်နေအောင် ပေါက်နေ၍အပေါ်တွင်လည်း လမုပင်များ၊ ကနစိုပင်များ မြင့်မားစွာ ပေါက်နေသော တစ်ဇက်ကမ်းသို့ ရောက်လာကြသည်။

ချောင်းရေအတက်တွင် ရေဝင်သောကြောင့် မြေသားများ စိုစွတ်နေသည်။ အေးသိန်းက ရှေ့မှ သွားနေရင်း -



ဝေါခနဲအသံကြောင့် ခေါင်းထောင်ကြည့်လိုက်ချိန်တွင် လမုပင်ပေါက်များ သင်ပေါင်းပင်ပေါက်များကို တိုးဝှေ့ကာ တဖြောင်းဖြောင်းမြည်အောင် တိုးဝှေ့၍ ဆင်းလာသောအကောင်ကြီး စောဂျိမ်းရော၊ ကျော်စိုးပါ သေနတ်ကိုယ်စီ ကောက်ကိုင်၍ မော့ကြည့်လိုက်ချိန်တွင် လမုပင်များအကြား၌ ကိုယ်တစ်ဝက် မြုပ်နေ၍ အပေါ်တွင် ပါးပျဉ်းထောင်ကာ ရဲရဲနီသောမျက်လုံး အစုံဖြင့် လူတစ်ရပ်ခန့်မြင့်သော မြွေကြီးတစ်ကောင်။



"ကျွန်တော်တို့ ထွက်ပြေးလာကြတာ ရှေ့နားကလေးကပဲ"

စောဂျိမ်းက -

"လမ်းကြောတော့ ရှိတယ်ကွ။ လာ - မင်းနောက်ကနေ ငါရှေ့က သွားမယ်"

စောဂျိမ်းနှင့် ကျော်စိုးက သေနတ်ကိုယ်စီကိုင်ကာ ရှေ့ကနေ သွားနေသော်လည်း အေးသိန်းက ကုတ်ချောင်းချောင်းဖြင့် နောက်က လိုက်လာသည်။ ကျေးငှက်သာရကာများ၏အသံမှလွဲ၍တောက တိတ်ဆိတ်လျက်။ လမုပင်များ၊ ကနစိုပင်များက ပင်ချင်းထိ၊ ရွက်ချင်းထိ၊ အကိုင်းချင်းရှုပ်အောင် အုပ်ဆိုင်းနေသည်။ တစ်နေရာရှိလမုကိုင်းတစ်ကိုင်းတွင် ချိတ်နေသောလွယ်အိတ်တစ်လုံးနှင့် အောက်တွင် စစ်သုံးရေဘူးတစ်လုံး။ စောဂျိမ်းက ကောက်ယူလိုက်ကာ -

"အေးသိန်း - မင်းတို့ကျနေခဲ့တာတွေဖြစ်မယ်"

"ဟုတ်တယ် ခင်ဗျ"

စောဂျိမ်းက ပတ်ဝန်းကျင်ကို အကဲခတ်ကာ -

"အေးသိန်း - ခုတော့လည်းအေးအေးဆေးဆေးပါလားကွ။ မင်းတို့ပြောတဲ့ ဘာကောင်မှန်းမသိတဲ့ကောင်လည်း မတွေ့၊ ဟင်းစားကောင်လည်း မတွေ့။ ခဏနားကြရအောင်ကွာ"

ကျော်စိုးက -

"စောဂျိမ်း - နေအတော်မြင့်နေပြီ။ ထမင်းစားကြရအောင်လား"

"အေး - ကောင်းတယ်ကွာ၊ တို့ပါလာတာလေးလည်း ထုတ်ကွာ၊ အေးသိန်းကတို့ထမင်းမစားခင်မင်းတို့လေ့အတိုင်းတင်စရာ၊ မြှောက်စရာရှိရင်လည်း လုပ်လိုက်ကွာ"

တိုးစိန်ထည့်ပေးလိုက်သော ထမင်းထုပ်များနှင့်အတူ ပုစွန်တုပ်မီးဖုတ်များ ငါးရံ့ခြောက်ဖုတ်နှင့် ကဏန်းဆီပြန်ဟင်းများကို ထုတ်လိုက်ကြကာ မြေ



www.burmeseclassic.com

www.burmeseclassic.com

ဖြောင်ဖြောင် လမုပင်တစ်ပင်အောက်တွင် ထိုင်လိုက်ကြသည်။ အေးသိန်းက သူလွယ်လာသောအိတ်တစ်လုံးထဲမှ ရေဘူးတစ်ဘူးကိုထုတ်ကာ ချလိုက်သည်။ အထဲတွင် တောအရက်များ။ အေးသိန်းက အရက်အနည်းငယ်၊ ပုစွန်တုပ်မီးဖုတ်၊ ငါးရံ့ခြောက်ဖုတ်နှင့် ကဏန်းဆီပြန် အနည်းငယ်ကို ပန်းကန်တစ်ခုတွင်ထည့်ကာ တစ်နေရာတွင် သူတို့ခေလေ့အတိုင်း သွားရောက်တောတင်သည်။

အေးသိန်းက လူငယ်ဆိုပေမင့် မသောက်တတ်၊ စောဂျိမ်းနှင့်ကျော်စိုးသာ ပုစွန်တုပ်မီးဖုတ် စားလိုက်၊ တစ်ခွက်သောက်လိုက်၊ ငါးရံ့ခြောက် ဝါးလိုက်၊ ကဏန်းဆီပြန်ဟင်းစားလိုက်၊ တစ်ခွက်သောက်လိုက်နှင့် ဟန်ကျနေသည်။ အေးသိန်းက ထမင်းစောစောစားပြီးသောကြောင့် ဆေးလိပ်တစ်တိုကို ကောက်ဖွာလိုက်သည်။ ထိုအချိန်တွင် -

"ဒီး - ဒီး - ဒီး" ဟူသောမြည်သံနှင့်အတူ လမုပင်တစ်ပင်၏ထိပ်ဖျားတွင် ငှက်တစ်ကောင် လာနားသည်။ အေးသိန်းက အသံကြားရာဆီသို့ မော့ကြည့်လိုက်ကာ -

"ဟာ - အတော်ကြီးတဲ့ငှက်ပဲ၊ ဘာငှက်လည်းမသိဘူး"

စောဂျိမ်းက -

"အဲဒါ - ရစ်ငှက်ကွ၊ စောစောက အသံက အတောင်ရိုက်တဲ့အသံ၊ မင်းမှာ လေးခွပါသလား၊ ဆော်ထည့်လိုက်စမ်းကွာ"

အေးသိန်းက လမုပင်အကိုင်းအခက်များအကြားမှ ပုန်းကာ ကွယ်ကာဖြင့် လေးခွကိုကိုင်ကာ တရွေ့ရွေ့တိုးသွားလိုက်သည်။ ရစ်ငှက်ကို ထင်ထင်ရှားရှား မြင်သာသောနေရာအရောက်တွင် -

"ဖလပ် - ဘုတ်"

"ဖလပ် - ဒေါက်"

ပထမတစ်ချက်က ရစ်ငှက်၏ရင်အုံကိုမှန်သောအသံဖြစ်၍ သေချာစေရန် ဒုတိယတစ်ချက်ကို အေးသိန်းက ပစ်လိုက်ခြင်းဖြစ်သည်။ ဒုတိယတစ်ချက်က လွဲသွားကာ လမုပင်အကိုင်းဖျားကို သွားမှန်သည်။ ရစ်ငှက်တစ်ကောင်ကို မှန်လိုက်သောကြောင့် အတောင်ကိုဖြန့်ကာ ကားရားကြီးဖြစ်နေချိန်တွင် အေးသိန်းက တစ်ချက် ထပ်ပစ်လိုက်ပြန်သည်။

"ဖလပ် - ဒေါက်"

လွဲသွားပြန်သည်။ ထိုအချိန်တွင် လမုပင်အကိုင်းအခက်များကို တိုးဝှေ့ကာ ဝေါခနဲမြည်သံနှင့်အတူ လမုပင်အပေါ်မှ အကောင်တစ်ကောင် လျှောဆင်းလာသည်။ စောဂျိမ်းနှင့်ကျော်စိုးက ထမင်းစားနေချိန်ဖြစ်၍ ဝေါခနဲအသံကြောင့် ခေါင်းထောင်ကြည့်လိုက်ချိန်တွင် လမုပင်ပေါက်များ၊ သင်ပေါင်းပင်ပေါက်များကို တိုးဝှေ့ကာ တဖြောင်းဖြောင်းမြည်အောင် တိုးဝှေ့၍ ဆင်းလာသောအကောင်ကြီး၊ စောဂျိမ်းရော၊ ကျော်စိုးပါ သေနတ်ကိုယ်စီ ကောက်ကိုင်၍ မော့ကြည့်လိုက်ချိန်တွင် လမုပင်များအကြား၌ ကိုယ်တစ်ဝက် မြုပ်နေ၍ အပေါ်တွင် ပါးပျဉ်းထောင်ကာ ရဲရဲနီသောမျက်လုံးအစုံဖြင့် လူတစ်ရပ်စန့်မြင့်သော မြွေကြီးတစ်ကောင်၊

"ဟာ ..."

စောဂျိမ်းရော ကျော်စိုးပါ သေနတ်ချိန်ရန် အချိန်မရလိုက်၊ မမျှော်လင့်သော အန္တရာယ်ကြောင့် သုတ်ခြေတင်ကာ ပြေးတော့သည်။ နောက်ဘက်မှ တဖြောင်းဖြောင်းမြည်အောင် လိုက်လာသောအသံများ ဝေးသွားတော့မှ ရပ်လိုက်ကြသည်။ ရပ်လိုက်သောနေရာက ချောင်းရိုးလေးတစ်ဖက်နေရာ၊ အရင်ဆုံးရောက်နေသူက အေးသိန်း၊ စောဂျိမ်းက -

"ဟာ - မင်းက ဘယ်လိုရောက်နေတာလဲ"

"ကျွန်တော် - ရစ်ငှက်ကို လေးခွနဲ့ပစ်ကတည်းက သစ်ပင်ပေါ်က ဆင်းလာတာ မြင်လိုက်တယ်၊ ဒါကြောင့်မို့ - ဟိုတစ်ခါက တွေ့တဲ့အကောင်ကြီးမှန်းသိလို့ ပြေးလာတာ"




www.burmeseclassic.com

www.burmeseclassic.com

"စောဂျိမ်း – ကျွန်တော်တို့တွေ့တဲ့ကောင်ဟာ ငန်းမြွေထင်တယ်ဗျ။ ဒါဖေမဲ့ – ဒါလောက်ကြီးတဲ့ငန်းမြွေ မတွေ့ဖူးသေးဘူး"

"သေချာတယ် – ကျော်စိုး။ ဒီရာသီက ငန်းမြွေတွေ ဥဥတဲ့ရာသီပဲ။ အဲဒီ အနီးအနားမှာ ငန်းမြွေအသိုက် ရှိရမယ်။ အသိုက်ရှိရင် ဒီကောင်တွေက သက်ရှိသတ္တဝါမှန်သမျှ သားသမီးအရိုန်ကြောင့် သူ့ရန်သူလို့ပဲ ထင်နေတာ။ တို့တင်မကဘူး။ ထင်းခုတ်၊ သစ်ခုတ်တဲ့လူတွေရော၊ တောကောင်တွေရော အန္တရာယ်ပေးမှာပဲ"

"အဲဒီတော့ ..."

"ဒီကောင်ကြီးကို ရှင်းပစ်ရမှာပေါ့။ အခုနေတော့ – ခဏလောက် နားရင်း နဲ့ စောင့်ကြရအောင်၊ ဒီကောင်ကြီး – သူ့အသိုက်ထဲ ပြန်ရောက်ချိန်လောက် ကျရင် သွားကြမယ်။ ဟိုရောက်ရင် ငါမှာတဲ့အတိုင်းသာလုပ်"

ချောင်းရိုးကလေးနားတွင် နာရီဝက်လောက် နားနေကြပြီးနောက် စောဂျိမ်းတို့သုံးယောက်ပြန်ထွက်လာကြသည်။ အသံမပေးပဲ တိတ်တဆိတ် လျှောက်လာကြရင်း စောဂျိမ်းက ရစ်ငှက်နားသွားသော လမုပင်ကြီးအောက် တွင်ပတ်ကာ အပေါ်ကို မော့ကြည့်၍ လေ့လာနေသည်။ တစ်နေရာအရောက် တွင် ကျော်စိုးနှင့် အေးသိန်းကို ခေါ်၍ လက်ညိုးထိုးပြလိုက်ကာ လေသံတိုး တိုးဖြင့် –

"ဒီတည့်တည့်မှာ – တွေ့လား။ သစ်ကိုင်းသစ်ခက်တွေ စိတ်နေပြီးတော့ ထမင်းစားပွဲဝိုင်းအရွယ်လောက်ရှိတဲ့ နေပြောက်မထိုးအောင် ပိတ်နေတဲ့ သစ်ရွက်အုပ်စုကို တွေ့တယ်မဟုတ်လား။ အဲဒါ – ငန်းမြွေအသိုက်ပဲ။ စော စောက တို့ သတိမထားမိလို့ ..."

"တွေ့တယ် – စောဂျိမ်း"

"အဲဒီလမုပင်နဲ့ယှဉ်ပြီးတက်နေတဲ့ ဟိုဘက်ကအပင်ကို ငါတက်မယ်။ ငါ တစ်နေရာရောက်လို့ လက်ပြလိုက်ရင် ကျော်စိုးက အဲဒီအသိုက်ကို အောက်



ကနေ လေးခွနဲ့ (၃၊ ၄)ချက်လောက် ပစ်ထည့်လိုက် – ဟုတ်ပြီလား။ လတ် မပြမခြင်း မပစ်နဲ့နော်"

"စိတ်ချ – စောဂျိမ်း"

စောဂျိမ်းက တူမီးကြီးကို ကျောတွင် လွယ်လိုက်ကာ လမုပင်ပေါ်သို့ အသံမကြားအောင်တက်သွားသည်။ ငန်းမြွေအသိုက်က ပေအစိတ်လောက် အမြင့်တွင်ရှိနေသည်။ ကျော်စိုးနှင့်အေးသိန်းက အောက်ကနေရင်းတထိတ် ထိတ်ဖြင့်ကြည့်နေကြသည်။ စောဂျိမ်းက ငန်းမြွေအသိုက်ထက် အနည်းငယ် မြင့်သော သစ်ပင်ခွကြားတစ်ခုတွင် အကျအန ထိုင်လိုက်ကာ အသိုက်ထဲသို့ ငုံ့ကြည့်လိုက်သည်။ ထို့နောက် တူမီးကြီးကို သေသေချာချာ ချိန်ကြည့်လိုက် ရင်း အောက်မှ မော့ကြည့်နေသောကျော်စိုးကို လက်ပြလိုက်သည်။

ကျော်စိုးထံမှ သားရေခွပစ်သံနစ်ချက်ဆက်တိုက် ကြားလိုက်ရချိန်တွင် ငန်းမြွေအသိုက်ထဲမှ ကြီးမားသော ငန်းမြွေခေါင်းကြီးက ရှူးခနဲမြည်ကာ တစ်ပေကျော်ကျော်ခန့်အထိ အသိုက်အပေါ်သို့ ထောင်တက်လာသည်။ အသံကြား၍ ရန်သူရှိမရှိ စူးစမ်းလိုက်ခြင်းဖြစ်သည်။

"ဒေါင်း"

စောဂျိမ်းသေနတ်မှ ကျယ်လောင်သောမြည်ဟည်းသံကြီး ထွက်သွား ပြီးနောက် ငန်းမြွေခေါင်းကြီးက တစ်စစီ ပြတ်သတ်ထွက်သွားကာ အောက် သို့ပြုတ်ကျသွားသည်။ တွန့်လိမ်နေသော ကိုယ်လုံးကြီးက အသိုက်အပေါ်မှ လျှံထွက်လာကာ အောက်သို့ လုံးထွေး၍ ကျသွားတော့သည်။

လူပတ်က လူကြီးပေါင်းလုံးနီးပါးခန့်၊ အရှည်က (၁၅)ပေခန့်လောက်ရှိ သောအကောင်ကြီးမို့ ကျော်စိုးနှင့် အေးသိန်းက တအံ့တဩ ဝိုင်းကြည့်နေ ကြသည်။ စောဂျိမ်းက သစ်ပင်ပေါ်မှ ဆင်းလာပြီး –

"အေးသိန်း – ထည့်စရာအိတ်တစ်လုံးယူပြီး အပင်ပေါ်တက်။ အသိုက် ထဲမှာ ဥတွေ အလုံး(၂၀)ကျော်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

"ငန်းမြွေဥတွေကို ဘာလုပ်ဖို့လဲ - စောကျိမ်း"

"ဟေ - ဘာလုပ်ဖို့လဲ - ဟုတ်လား၊ တက်မှာသာ တက်စမ်းပါကွာ၊ မင်း မသိပါဘူး"

စောစောက ပြေးရင်းလွှားရင်း ကျန်ရစ်ခဲ့သော တောအရက်ထည့်ထားသည့် ရေဘူးနှင့် အမြည်းများကို စောကျိမ်းက လိုက်ကောက်ပြီး ရေဘူးကို တစ်ကျိုက်မော့လိုက်ကာ ပုစွန်တုပ်မီးဖုတ်တစ်ကောင်ကို ဝါးလိုက်သည်။ ကျော်စိုးကလည်း ခြေပစ်လက်ပစ် ထိုင်ချလိုက်ရင်း စောကျိမ်းထံမှ ရေဘူးကို ယူကာ တစ်ကျိုက်မော့လိုက်သည်။ စောကျိမ်းက -

"ဒီကောင်ကြီးနဲ့တွေ့လို့ စောစောက သောက်ထားတဲ့အရက်ရှိန်တောင် ပြေသွားတယ်။ တော်သေးတာပေါ့ကွာ၊ ရေဘူးက မှောက်မသွားလို့ ..."

"အေးဗျာ - အခုမှပဲ - အေးအေးဆေးဆေးသောက်ရတော့တယ်။ အေးသိန်းတို့၊ မြအေးတို့ ကြောက်မယ်ဆိုလည်း ကြောက်စရာ၊ နည်းနည်းနောနောအကောင်ကြီးမှမဟုတ်ပဲဗျာ"

"အေးကွာ - ငန်းမြွေဆိုတာ ငါလည်းကြားဖူးပါတယ်၊ ဒါလောက်ကြီးတာ တစ်ခါမှ မတွေ့ဖူးဘူး"

အေးသိန်းက သစ်ပင်ပေါ်က ဆင်းလာပြီး -

"ဥတွေက (၂၂)လုံးရတယ် - စောကျိမ်း၊ ဒါတွေက စားဖို့လား"

"အေးပေါ့"

"ငန်းမြွေဆိုတာ အငြိုးကြီးတယ်လို့ကြားဖူးတယ်၊ သူ့ဥတွေနောက်တို့ ရေတစ်တန်၊ ကုန်းတစ်တန် ဖြစ်ပစေ လိုက်တတ်တယ်ဆို"

"ဟုတ်ပ"

"ဒါဆိုရင် - ဥတွေ ယူသွားလို့ ကျွန်တော်တို့နောက်လိုက်လာရင် ဘယ်နယ်လုပ်မလဲ"

"ဟေ - အေးသိန်းရာ - ညံ့ပ၊ မင်းပြောတဲ့ နောက်ကလိုက်လာမယ့် ငန်းမြွေကြီးတောင် ကိစ္စချောလို့ညနေကျရင်ဟင်းအိုးထဲ ရောက်တော့မယ့် ဟာ ဘယ်ကောင်က မင်းနောက်ကို လိုက်မှာလဲ"



"ဩော် - ဟုတ်သားပဲ၊ ဒါနဲ့ - ဒီကောင်ကြီးကို ချက်စားမှာ - ဟုတ်လား၊ ဘာမှမဖြစ်ဘူးလား"

"အေး - မင်းလည်း တံငါလုပ်ပြီး ငါးပုစွန်ကလွဲပြီး ဘာမှမစားဖူးဘူးထင်တယ်၊ ချက်စားလို့ ဘာမှမဖြစ်တဲ့အပြင် မဆလာနိုင်နိုင်နဲ့ ချက်တတ်ရင် မင်းရည်းစားတောင် မေ့သွားနိုင်တယ်ဟေ့ - ဟား - ဟား - ဟား - ဟား"

တောအရက်တန်နိုးနှင့် တဟားဟားရယ်ကာ အော်ပြောလိုက်သော စောကျိမ်း၏စကားကြောင့် ငန်းမြွေအသေကောင်အပုံကြီးကို ယောင်၍ကြည့်မိလိုက်သော အေးသိန်းတစ်ယောက် ကြက်သီးများပင် ထသွားပါတော့သည်။

→ **မောင်မြင့်ဖား (ဗိုလ်ကလေး)**

စာမူရှင်များသို့ ။

[illegible]

www.burmeseclassic.com

www.burmeseclassic.com

# ခိုင်းကြော့သျှင်

## ဝတ်ကျောင်းကချေသည်






ခြေသံကြားပ – ငါ့ရှင်တို့၊ သတိနဲ့ အရံသင့် ပြင်ထားကြပါဘိ”

“ဩ – ရှင်ကြီး မမှဖေ – ဩ – ဩ – အသင့်ပ”

“ခြေသံညက်ပါဘိ – လုံမပျိုတစ်ဦး ဖြစ်ပါသည်ကော – ရှင်ကြီး

“ရော – ဒေသရာပကော၊ နတ်မိမယ်တမျှ မှန်မှန်ညက်ညက်၊

ရော်မော တင့်တယ်လွန်းတာပ – ရှင်ကြီး နာဂိန္ဒ”

ဒဗမ်းတောအုပ်အကျော်တွင် ညောင်မှတ်ဆိတ်ပင်ကြီးအောက်မှ

စကားပြောသံများ ကြားလိုက်ရသည်။ ရှေ့နားတွင် ကြွတ်စိမ့်

မည်းညစ်သော နက်ပြာရောင်ကိုယ်ရုံထည်ကြီးများကို

ဖရိုဖရဲ ရုံထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com

နီကြင်ဖွာလန်နေသော ဆံပင်ရှည်ကြီးများကပခုံးပေါ်တွင်လွင့်ဝဲကျလျက်ရှိသည်။ ကြီးမားသော အနက်ရောင်ပုတီးကုံးများကို လည်ပင်းတွင် တွဲလွဲဆွဲထားကြသည်။ လက်ထဲတွင် ဓား၊ လှံ၊ လေး၊ မြား၊ တင်းပုတ်၊ ခက်ရင်းခွစသည် သံထည်လက်နက်များကို ကိုင်ဆောင်ထားကြသည်။

လက်မောင်းတွင် ကြေးကွင်းများ၊ အဆောင်လက်ဖွဲ့များကို ချည်နှောင်ထားကြသည်။ အစီအရင်များ ရေးထားသော ကြေးပြားကြီးအား ကြိုးဖြင့်ချည်နှောင်၍ ခါးစည်းလက်ဖွဲ့ရှည် (ခါးလှည့်)မှ နေရောင်ဟပ်၍ ကြေးရောင်များ တလက်လက် ထွက်ပေါ်လျက် ရှိသည်။

ခရီးသွားအရှည်းကြီးများ ဖြစ်ကြသည်။ ဒဗမ်းတောအုပ်ကား သစ်ပင်တောတန်းများနှင့် အုပ်ဆိုင်းဆိုင်း မှိုင်းမှိုင်းညို့ညို့စိမ်းရင့်နက်မှောင်နေသော တောအုပ်ကလေးဖြစ်သည်။ စင်စစ် တောအုပ်စိမ်းစိမ်းများကို မြင်တွေ့ကြရသည်လည်းမဟုတ်။ သူတို့အနီးသို့ ချဉ်းကပ်လာသောအခါ လုံမပျိုလေးကိုလည်း မတွေ့ရ၊ ညောင်ကိုင်းများမှ တွဲလွဲကျနေသော ညောင်မုတ်ဆိတ်ဖားဖားကြီးကိုလည်း မမြင်။

မတွေ့မမြင်ရဘဲနှင့် ထူးခြားစွာ ပြောဆိုနေကြသည့်အရှည်းကြီးသုံးပါး၏ မျက်လုံးအိမ်များကို သေချာစွာ ကြည့်လိုက်မည်ဆိုလျှင် မျက်ဆံနက်များ ပျောက်ကွယ်လျက် ရှိသည်။ မျက်သားဖြူဖြူကြီးများနှင့်သာ ပြည့်နက်လျက်ရှိသည်။ မျက်စိကြောင်တောင်ကန်း မျက်မမြင်အရှည်းသုံးပါး။

ဟုတ်သည်။ မျက်စိနှစ်ကွင်း အလင်းမရသော မျက်မမြင်အရှည်းကြီးသုံးပါးဖြစ်သည်။ လက်ဝဲမဟာယဉ်ဂိုဏ်းသားများ ဖြစ်ကြသည်။ ကာလစက္ကရဂိုဏ်းဝင် ၄က်ပစ်တောင်ဂိုဏ်းခွဲများဖြစ်ကြသည်။ အရှည်းကြီးဂိုဏ်းခွဲတွေကလည်း အမျိုးမျိုး ရှိကြသည်။

မျက်မမြင်အရှည်းကြီးသုံးပါးစလုံးတွင် လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသလို၊ တိုက်ကွက်မျိုးစုံအသတ်အပုတ်၊ အထိုးအနှတ်တစ်ဖက်ကမ်းရောက် တိုက်ခိုက်စွမ်းရည်မြင့်သူများ ဖြစ်ကြသည်။ အဌာရသ တစ်ဆယ့်



ရှစ်ပါး တတ်ပွန်ကြသူများပီပီ မျက်စိမမြင်၊ အလင်းမရ၊ အမှောင်ကျနေကြသော်လည်း မြင်နိုင်စွမ်းအားရှိသည့်အလားအံ့ဩလောက်စွာ ထူးချွန်ထက်မြက်သူများဖြစ်သည်။ အရှိန်မရွေး စွင့်ထားသော နားရွက်ကားကားကြီးများတ သောတအာရုံကို အမိအရ ဖမ်းယူပိုင်စွမ်း ရှိကြသည်။

ကာလစက္ကရဂိုဏ်းဝင် အရှည်းကြီးများ ဖြစ်ကြသည့်အလျောက်သုမိရတ်၊ အဂ္ဂရိတ်၊ အာယုဗေဒဆေးအင်း၊ ဗေဒင် ယတြာ၊ ဂါထာ၊ မန္တန်၊ ဗေဒရား၊ စရဏီ၊ ဓာတ်ရိုက်ဓာတ်ဆင် အစီအရင် ပညာရပ်များကို တတ်ကျွမ်းကြသည်။ လူတိုင်းမသိနိုင်သော လျှို့ဝှက်ဂန္ဓာရီလမ်းစဉ်အစီအရင်များကိုအားလည်ကြသည်။ ခေါင်းဆောင်ဖြစ်သော ရှင်ကြီး ဓမ္မဓဇက ပြောကြားလိုက်သည်ကို နောက်ပါအရှည်းကြီးနှစ်ပါးကလည်း သူတို့တတ်ကျွမ်းသော ပညာစွမ်းများကို ထုတ်ဖော်ပြသလိုက်ခြင်း ဖြစ်သည်။ မျက်စိအမြင် ချို့ယွင်းသည့်အိုင် ခြေသံကြားရုံနှင့် ချောမောလှပသော မိန်းမပျိုတစ်ဦးဖြစ်မှန်း သိလိုက်ကြသည်။

လုံမပျိုသည် မိတ်ဆွေရောင်းရင်းမဟုတ်။ ရန်ပြုမည့်အငွေ့အသက်များ၊ အန္တရာယ်ရနံ့များ ရလိုက်၍ လက်နက်များကို အသင့်ပြင်ရင်း ကျောချင်းကပ်တိုက်ခိုက်ရန် လှုပ်ရှားလိုက်ကြသည်။ မျက်စိအမြင် ချို့တဲ့သော်လည်း အကြားအာရုံက သူမတူအောင် ထက်မြက်စူးရှပုံရသည်။ ခြေသံကြားသည်ဟု ပြောလိုက်သော အရှည်း ဓမ္မဓဇက ဂိုဏ်းခွဲခေါင်းဆောင် ဖြစ်သည်။ မျက်နှာလေး ထောင့်စပ်စပ်၊ မေးရိုးကားကား၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်ကျင်စွယ်တ မျက်နှာပြင်တစ်ခုလုံးအား တောချုံရိုင်းလို ရှုပ်ထွေးလျက်ရှိသည်။

အရှည်း ဓမ္မဓဇလောက် စွမ်းရည်မထက်သော်လည်း ခြေသံကြားရုံနှင့်ကျား မိန်းမ၊ လူကြီး ကလေး၊ သတ္တဝါ မည်သူမည်ဝါဖြစ်မည်ကို မှန်ကန်ခွဲခြားသိနိုင်စွမ်းရှိသူမှာ အရှည်း စိန္တာမဏိ ဖြစ်သည်။ မေးရိုးချောင်ချောင်၊ နှာခွက်ခွက်၊ ပိန်ညောင်ညောင်၊ အရပ်ရှည်ကိုင်းကိုင်းနှင့် လျင်မြန်သွက်လှသည်။



www.burmeseclassic.com

www.burmeseclassic.com

"လုံမပျို့ရဲ့အသက်ရှုသံက မှုမမှန်ဘူးပ၊ တုန်ခါပြင်းထန်နေဘိ၊ ကေ့ လုံမပျိုရင်ထဲမှာ လှိုင်းထလာပြီကော ..."

ညောင်မုတ်ဆိတ်ပင်အောက်သို့ဝင်ရောက်လာသော လုံမပျို၏အသက်ရှုသံကိုနားစွင့်ရင်းအရည်းရာဂိန္နကလည်း သတိပေးစကား ပြောကြားလိုက်သည်၊ မျက်မမြင်အရည်းသုံးပါးစလုံး သုံးပွင့်ဆိုင် ကျောချင်းကပ်ထားရာမှ မြေလှမ်းများကို သိုင်းကွက်နင်း ရွေ့လျားစ ပြုလာကြသည်၊

"ရော - အဲဒီလှိုင်းတွေက ငါရှင်တို့ကို ဝါးမျိုတိုက်ခိုက်ဖို့ မုန်တိုင်းဆင်လာတဲ့ သေကွင်း၊ သတ်ကွင်းအသက်ရှုသံများ ဖြစ်ပြီကော"

"ဝှစ် - ဝှစ် - ဝှစ်"

"ဗိုး - ဗိုး - ဗိုး"

ရုတ်တရက်လေတိုက်သံများနှင့်အတူ ဓားသွားလှိုင်းစက်ကွင်းများထ မျက်မမြင်အရည်းသုံးပါး၏ခေါင်းပေါ်သို့ စက်ဝိုင်းသဏ္ဍာန် ဖြန့်ကျက်လာသည်၊ အရည်းကြီးသုံးပါးကလည်း လျင်မြန်စွာ တိုက်ခတ်လာသော ဓားချက်များအား အပြင်းအထန် နှစ်ခွမိန်းများ၊ ပုဆိန်များ၊ ခရင်းခွများ၊ တင်းပုတ်များ လက်နက်ပေါင်းစုံနှင့် ခုခံဖြိုလှဲပစ်သည်၊

သံနှင့် သံချင်းထိသံတို့မှာ မီးပွင့်များ ဖြာထွက်လျက် မိုးကြိုးလျှပ်စီး သကဲ့သို့ အလင်းရောင်များ ဖျတ်ခနဲ ဖျတ်ခနဲ ပေါ်ထွက်လာသည်၊ လုံမပျို၏ အလင်းရောင်ဓားစက်လှိုင်းများနှင့်အရည်းကြီး၏ခုခံတိုက်ခိုက်သော အနည်ရောင်လှိုင်းများ ထိပ်တိုက်တွေ့လိုက်ကြသည်၊

"ဗိုး"

"ထန်း ..."

"ရွမ်း ..."

"ဝှစ် - ဝှစ်"

"ဒုတ်"

"အွး"

"အား"



ခေါင်းဆောင်ဖြစ်သော အရည်းမှူးဓဇာ၏ ပခုံးတစ်ဖက်မှာ ပူခနဲ ဖြစ်သွားပြီး သွေးများဖြာကျသွားသည်၊ တော်သေးသည်၊ ညာခြေတစ်လှမ်းကိုနောက်ဆုတ် ခါးကိုညွတ်ကာ ခေါင်းကို လျင်မြန်စွာငုံ့ရှောင်လိုက်သဖြင့် ခေါင်းနှင့်ကိုယ် အိုးစားကွဲမသွားခြင်းဖြစ်သည်၊ မည်းနက်သော နက်ပြာရောင် သက်နံ့စများ စွာထွက်သွားသလို ဖြူဖွေးသော ပခုံးအရိုးကြီးက ဝေါခနဲ လှစ်ပြူထွက်လာသည်၊

"အား - ကျွတ် - ကျွတ်"



www.burmeseclassic.com

မချိမဆံ့အော်ဟစ်ရင်း သွေးများ စီးကျနေသော ပခုံးစွန်းကို ကျန်လက်တစ်ဖက်နှင့် ဖိအုပ်ထားလျက် မြေပြင်ပေါ်သို့ ပုံလဲကျသွားသည်။ အရည်းစိန္တာမဏိက လဲကျသွားသော ဆရာသခင် အရည်းမဟ္မဓဇအား အလျင်အမြန် ပွေ့ယူလိုက်သည်။

"ရော – ဓားရေးငင်ပုံက ကြောက်ခမန်းလိလိ ရှိပြီကော။ သိပြီပ – နဂါးပတ်ကျော့ကွင်း မထုတ်မီ ရပ်လိုက်ကြပါဘိ။ လုံမပျိုဟာ သမင်ဗြောင်ညမဟုတ်ပ။ မန္တရယာနဂိုဏ်းက အရည်းဗဇ္ဇရဉာဏရဲ့ဝတ်ကျောင်းကချေသည် အိုထိပ်တင် ဖြစ်ပြီကော ..."

အရည်း နာဂိန္ဒသည် တိုက်ခိုက်နေသော လက်နက်များကို တီခနဲ ရပ်ပစ်လိုက်သည်။ လျင်မြန်စွာ တိုက်ကွက်အပြင်သို့ ခုန်ထွက်လိုက်သည်။ ပြင်းထန်သော သူ့သေကိုယ်သေတိုက်ပွဲသည် ရုတ်ခြည်းဆိုသလို တိတ်ဆိတ်သွားသည်။ ပခုံးတွင် ဓားချက်ထိသွားသော အရည်း မဟ္မဓဇမှာ မျက်နှာကို ရှုံ့မဲ့ရင်း ညည်းညူသံများ ထွက်ပေါ်လာသည်။

"ကျွတ် – ကျွတ် – အား"

"မျက်ကန်းရှင်ကြီးသုံးဖော် – ဘယ့်နှယ်ရှိစ။ အကြောင်းသိမှတ်မိကော။ မပြည်နဲ့လေ – အတို့ကျွန်ကို အကြောက်အရွံ့ ရှိပြီး ဆက်လက်တိုက်ခိုက်ဖို့ မရဲပြီဘူးပ – လာကြပါဘိ"

မန္တရယာနဂိုဏ်းဝင် ဝတ်ကျောင်းကချေသည် အိုထိပ်တင်က တိုက်ခိုက်ရန် ရဲရဲဝံ့ဝံ့ စိန်ခေါ်ရင်း သူမ၏ လက်ယာလက်ဖျံတွင် တံထောင့်ထွာခန့်ရှိသုံးလွန်းတင်ကြိုးနက်တစ်ချောင်းကို ရစ်ပတ်ထားသည်။ နဂါးပတ်ကျော့ကွင်း ဖြစ်သည်။ မျက်စိမမြင်သော အရည်းကြီးသုံးပါးစလုံးကလည်း အိုထိပ်တင် လက်ယာလက်ဖျံတွင် နဂါးပတ်ကျော့ကွင်း ရှိနေသည်ကို အာရုံဖြင့် သိနေကြသည်။ သူတို့အကြောက်ဆုံးလက်နက် ဖြစ်သည်။ အိုထိပ်တင်သာ သူမလက်စွဲတော် နဂါးပတ်ကျော့ကွင်းကို ထုတ်သုံးလိုက်ပါက သူတို့လည်ပင်းအား ရစ်ပတ်လာပြီး ဇက်ကျိုးကာ အသက်ပျောက်သွားနိုင်သည်။



"ရော – လုံမပျို့အိုထိပ်တင် – ပဇာကြောင့် ကျုပ်တို့ကို တိုက်ခိုက်ရတာတဲ့ ဆိုတာ သိပ။ လုံမပျိုလိုချင်သောပစ္စည်း ကျုပ်တို့ဆီမှာ မရှိပြီကော။ နဂါးဝတ်ကျော့ကွင်းနဲ့ ရစ်ပတ်လာရင် လဲသေရုံသာ ရှိမည်ပ။ ငတို့ခန္ဓာကိုယ်မှာ တန်ဖိုးအနန္တ ထိုက်တန်သောပစ္စည်း မရှိပြီ။ ငတို့ ဖြေရှင်းတာကို လက်မခံ၊ သဘောဆန္ဒ မညီရင်လည်း လုံမပျိုသဘောအတိုင်းသာပ"

အိုထိပ်တင်၏ ကျော့ရှင်းလှပသော မျက်နှာလေးသည် မဲ့ယောင်ယောင်နှင့် မခိုးမခန့်ပြုံးလိုက်သည်။ ရယ်သံလွင်လွင်လေးကြောင့် ညောင်မှတ်ဆိတ်နွယ်များပင် လှုပ်ရှားယိမ်းနွဲ့သွားစေသည်။

"ဟင်း – ဟင်း – ဟင်း – မျက်ကန်းအရည်းကြီးတွေ နှုတ်ထွက်စကားက ပလီတောင်တာ ရှိပြီကော။ အရည်းတို့ဆရာ ကာလစက္ကရဂိုဏ်း ဂိုဏ်းချုပ် ဒေဝဒတ္တ မသေခင်တုန်းကလည်း ဒီလိုပဲ မုသားပြောခဲ့တာပ။ အတို့ကျွန်ရဲ့ ဆရာသခင် ဗဇ္ဇရဉာဏရဲ့ ဂူဗိမာန်ကို ဖောက်ပြီး အရည်းတို့ဆရာ ဒေဝဒတ္တ ယူသွားတဲ့ အတို့ကျွန်တို့ ကိုးကွယ်ရာ ကာလကဏ္ဍိရွှေစင်ရုပ်ထုနဲ့ ပြည်တန်ပတ္တမြားနှစ်လုံးဟာ အရည်းတို့လက်ထဲမှာပဲ ရှိကိုရှိရမှာပ။ ကဲ – အချိန်လင့်ပါဘိ။ အမြန်ဆုံး ထုတ်ပေးသင့်ပြီကော။ သလိုမှ ထုတ်မပေးရင်တော့ မိန္တာလမ်းအတိုင်း ပို့ပေးရမှာပေါ့။ အရည်းတို့ ဝိညာဉ်ဘဝရောက်သည်အထိ ဘယ်သူဘယ်ဝါမှန်း မသိရလောက်အောင် ဖြစ်ရမှာကော – ကြာပါဘိပါစ့်"

ဒဏ်ရာ ပြင်းထန်စွာရရှိထားသော အရည်း မဟ္မဓဇ အခက်တွေ့နေရပြီ ဖြစ်သည်။ ဝတ်ကျောင်းကချေသည် အိုထိပ်တင်၏ဆရာသခင် ဗဇ္ဇရဉာဏ၏ ဂူဗိမာန်မှ ပျောက်ဆုံးသွားသော ကာလကဏ္ဍိရွှေစင်ရုပ်ထုနှင့် ပြည်တန်ပတ္တမြားနှစ်လုံးကလည်း အရည်းလောကတစ်ခုလုံး သတင်းပျံ့လျက်ရှိသည်။ အရည်းဂိုဏ်းအစဉ်အဆက် ကြာမြင့်ခဲ့ပြီဖြစ်သည်။ တခြားသော အရည်းဂိုဏ်းခွဲများကလည်း အသေအကြေ အသည်းအသန် ရှာဖွေစုံစမ်းထောက်လှမ်းနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

တန်ခိုးကလည်း ကြီးပါဘိ။ ရွှေစင်ရွှေသားစစ် ကာလကဏ္ဍိ၊ ပြည်တန်ပတ္တမြားနှစ်လုံး မဥ္ဇူရသီရိမူလကပ္ပကျမ်းနှင့် ပျူမင်းဆက်ရတနာသိုက် ရှာဖွေတွေ့လို့ကတော့ သည်ဇမ္ဗူ ဘယ်သူယှဉ်နိုင်ဝံ့ပ၊ အိုထိပ်တင်နှင့် ယခုလို ထိပ်တိုက်ရင်ဆိုင်တိုးကြသည်မှာ လွယ်ကူလှသည်တော့မဟုတ်၊ အခြေအနေက တင်းမာလျှင် တင်းမာသလောက် အသက်ပါ ပေးဆပ်ရမည့်အနေအထား။

အရည်းလောကတွင် အိုထိပ်တင်အကျော်ဒေးယျရှိပဲ၊ လက်ရဲဇက်ရဲနှင့် သွေးအေးရက်စက်တတ်သူ၊ သူ့ မသတ်ဖြတ်ခဲ့သောလူများ၏ လည်ချောင်းသွေးနှင့် ကာလကဏ္ဍိမယ်တော်အား သွေးစွန်းစေခဲ့သူ ဖြစ်သည်၊ လုပသလောက် ရက်စက်ပြီး ကြောက်မက်ဖွယ်ကောင်းသော ဝတ်ကျောင်းကချေသည် အိုထိပ်တင်၊

လည်ပင်းတွင် နဂါးပတ်ကျော့ကွင်းက ရစ်ပတ်လိုက်သည်ကို အမြင်အာရုံ ချို့ယွင်းသော်လည်း ခံစားသိရှိလိုက်ရသည်၊ ပခုံးစွန်းတစ်ဖက်တွင် ဒဏ်ရာပြင်းထန်စွာ ရထားသလို မြေပြင်ပေါ်တွင် လဲကျရင်း အိုထိပ်တင်၏ ကျော့ကွင်းက မိမိလည်မျိုပေါ်တွင် ရစ်ပတ်ထားသည်၊ အရည်း ဓမ္မဇ ဘယ်လိုမှ မလှုပ်သာတော့၊ လက်နက်များ ကိုယ်စီကိုင်ဆောင်ထားသော အရည်းစိန္တာမဏိနှင့် အရည်း နာဂိန္ဒတို့နှစ်ဦးလည်း ဆက်လက်မတိုက်ခိုက်ဝံ့တော့ပဲ နားစွင့်ကာ ရပ်နေကြသည်၊

ဝတ်ကျောင်းကချေသည် အိုထိပ်တင်မျက်လုံးများက သိန်းစွန်ငှက်မျက်လုံးကဲ့သို့ စူးရှလျင်မြန် စေ့စပ်လွန်းသည်၊ အရည်း ဓမ္မဇ၏ နီညိုရောင် လွယ်အိတ်ကြီးက မြေပေါ်တွင် ပုံလျက်သား၊ လွယ်အိတ်ထဲမှ အင်းချပ်များ၊ အစီအရင်ရုပ်ထုများ၊ အလင်းတိုင်များက ဖရိုဖရဲ ပြန့်ကြဲထွက်ကျလျက်ရှိသည်၊ ထိုအထဲမှ ရွှေရောင်ဝင်းပနေသော ရုပ်ထုလေးအား အိုထိပ်တင်က လျင်မြန် စွာ ကောက်ယူသိမ်းဆည်းလိုက်သည်၊

"အို - မယ်တော်ကာလကဏ္ဍိ"

ဆရာသခင် အရည်းဗဒ္ဓရဉာဏ၏ ဝှုဗိမာန်ထဲက ပျောက်ဆုံးသွားသော မယ်တော်ကာလကဏ္ဍိရွှေစင်ရုပ်ထုအားပြန်လည်ရှာဖွေတွေ့ရှိသောကြောင့် အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရသည်၊ သို့သော် မယ်တော်၏ မျက်လုံးအိမ်တို့ကား ချိုင့်ခွက်ဝပ်လျက် အကောင်းပကတိမရှိတော့၊ စူးရဲသောမျက်လုံးသဖွယ် ထည့်သွင်းမြှုပ်နှံထားသော ပြည်တန်ပတ္တမြားနှစ်လုံးကား မရှိတော့၊

အိုထိပ်တင်သည် ရွှေစင်ရုပ်ထုအား ရင်ခွင်ထဲတွင် ပွေ့ပိုက်ထားလိုက်သည်၊ သွေးစုန်နှုန်းများက မြန်ဆန်လာသည်၊ အရည်း ဓမ္မဇကား ဘယ်လိုမှ လိမ်ညာဖုံးကွယ်ထား၍မရတော့ပေ၊ နှစ်ပေါင်းများစွာ ပျောက်ဆုံးနေသော ဖွည်းအား မျက်မြင်ဒိဋ္ဌ ပြန်လည်ရလိုက်သည်၊ လျှို့ဝှက်ဖုံးကွယ် မှုသားဆို ရတော့၊ သေငယ်ဇောမျောနေရာမှ စကားသံသဲ့သဲ့ ထွက်ပေါ်လာသည်၊

"မယ်တော်ရဲ့ မျက်လုံးဖြစ်တဲ့ ပြည်တန်ပတ္တမြားကြီးနှစ်လုံးဟာ သချိုင်းကျောင်းတော်ရာမှာ ဝှက်ထားတာပ၊ ကျောင်းတော်ရာ ဘယ်မှာပြီကော၊ ဘယ်သို့သွားရပ်၊ သိတဲ့သူတစ်ယောက် ရှိပါစုံ"

"အမြန်ပြောစမ်းပ - အရည်း၊ သိတဲ့သူ ဘယ်သူဖြစ်ပ"

အိုထိပ်တင်က အလောတကြီး မေးလိုက်သည်၊

"အရည်း ဝေဒဗ္ဗရဲ့အဆက်အနွယ်များဖြစ်တဲ့ ကြက်စိမ့်ရွာက ငလုံးသာ ၊ ငလုံးဟာ အရည်း ဝေဒဗ္ဗရဲ့ဆွေစဉ်မျိုးဆက် ဖြစ်ပြီကော"

အိုထိပ်တင် လိုချင်သည့်အဖြေကို ရပြီဖြစ်သည်၊ အရည်း ဓမ္မဇအား အသက်ရှင်ခွင့် မပေးနိုင်တော့ပေ၊ အရည်းဝိုဏ်းသားအားလုံး လောဘဇောက် ရှာဖွေနေကြသည်မှာ မယ်တော် ကာလကဏ္ဍိ ရွှေစင်ရုပ်ထုနှင့် ပြည်တန်ပတ္တမြားနှစ်လုံး၊ မယ်တော်၏ ချို့ယွင်းသွားသော မျက်လုံးအိမ်ထဲသို့ ပတ္တမြားနှစ်လုံးအား ပြန်လည်တပ်ဆင်ပေးလိုက်ပါက ပျူမင်းဆက်၏ ရှေးဟောင်းဂူသချိုင်းထဲမှ ရတနာများကို ရှာဖွေရန် လမ်းစရမည်ဖြစ်သည်၊ အနော်ရထာမင်းကြီး အုပ်စိုးစဉ်ကာလ ပေါက္ကာရာမတွင် အရည်းသာသနာများ စည်ပင်နေချိန်ဖြစ်သည်၊





www.burmeseclassic.com

www.burmeseclassic.com

မန္တရယဂိုဏ်းဝင်ဒဿမမြောက်ဂိုဏ်းချုပ်ဆရာတော်မှာအရှည်းယောဆ ဖြစ်သည်၊ မဥ္ဇူသီရိကျမ်းကြီးကိုသာ ရမည်ဆိုပါက မန္တန်မန္တရား၊ အင်းအိုင် လက်ဖွဲ့စသော လောကီပညာရပ်များကို စေတလုံးပိုင် တတ်မြောက်နိုင်စွမ်း ရှိသည်၊ ဂိုဏ်းစဉ်အဆက်ဆက် ကိုးကွယ်သော မယ်တော် ကာလကဏ္ဍိ ရွှေစင်ရုပ်ထုနှင့် မဥ္ဇူသီရိကပ္ပကျမ်းကြီးမှာ အရှည်းဗဇ္ဇရဉာဏ ဂူဗိမာန်တွင် လျှို့ဝှက်စွာ မြှုပ်နှံထားရာမှ ပျောက်ဆုံးသွားခဲ့သည်၊

ပျူမင်းဆင်ရတနာသိုက်နှင့်မဥ္ဇူသီရိမူလကပ္ပကျမ်းကြီးအားမယ်တော် ကာလကဏ္ဍိရွှေစင်ရုပ်ထုမှ အခြေခံ၍အရှည်းဂိုဏ်းဝင်များ အသည်းအသန် ရှာဖွေဖော်ထုတ်နေကြချိန်ဖြစ်သည်၊ ခေတ်ကာလများက ပြောင်းလဲသွား သည်၊ တမ္ပဝတီနိုင်ငံတော်ကြီးအားအရှင်သိုက်တိုင်မင်းအုပ်စိုးနေချိန်ကာလ ဖြစ်သည်၊

နန်းရင်ပြင်တွင် ထီးဖြူနန်းဖြူကားတည်ငြိမ်စပြုလာချိန်၊ အရှင်သိုက် တိုင်မင်းက ယခင်ထီးဘုရားသည်းထန်မင်း၏ သားတော်ဖြစ်သည်၊ အရှင် သာရမွန်ဖျား နတ်ရွာစံ၊ ကံတော်ကုန်ပြီးနောက် နန်းတက်လာသည်၊ သင် သေဥ္စကြောင်မင်းလက်ထက်သမုတိရာဇ်မင်းတည်ခဲ့သော ရွာကြီးတစ်ထောင် ကိုးရွာ၊ ပေါက်ကာရာမကိုဖျက်၍ လောကနန္ဒာအရပ်တွင် သီရိပစ္စယာ တည် သည်၊ အရှင်သိုက်တိုင်မင်းကား သီရိပစ္စယာကိုဖျက်၊ သမထီးသို့ ပြောင်း ပြီး တမ္ပဝတီ နန်းသစ်တည် စိုးစံလာခဲ့သည်၊

တမ္ပဝတီ၊ သမထီး ငှက်ပစ်တောင်အရပ်တွင် အရှည်းကြီးများစွာ ရှိ သည်၊ အရှည်းသာသနာပြုဖကလည်းကျေးလက်တောရွာများကိုအုပ်ချုပ် သော ကလန်သံပျင်ရွာစိုးရွာအုပ်တို့အထိ လွှမ်းမိုးထားသည်၊

မယ်တော်ကာလကဏ္ဍိရွှေစင်ရုပ်ထုမျက်နှာများပေါ်တွင်လျှာတန်း ထုတ်လျက် ပြုံးနေပုံရသည်၊ အိုထိပ်တင် စိတ်များ ရှုန်းကြွလာသည်၊ ရှေ့ ကိုယ်တွင် လည်ပတ်နေသောသွေးများ ဆူပွက်လာသည်၊ မယ်တော် ထုတ်ထားသောလျှာမှ သွေးညှီနံ့တို့က ညှီစို့စို့ ပျံ့လွင့်လာသည်၊



"အို - မယ်တော် - မသမာသူမျက်ကန်းအရှည်းများလက်ထဲမှမယ်တော် ကိုပြန်လည်ရယူခဲ့ပါပြီ၊ ပျောက်ဆုံးနေသော စူးရဲထက်မြက်သည့်မယ်တော် ပဋ္ဌာမြားနှစ်စုံကို ထပ်မံရှာဖွေပေးရပါဦးမယ်၊ အတို့ကျွန်အားမြင့်မြတ်ရာသို့ ဆောင်ကြဉ်းရန် မယ်တော်အား လူ့အသက်သွေးနဲ့ ပူဇော်ကန်တော့ပါအံ့၊ လူ့သွေးပင်လယ်တွင် မယ်တော်သည် ပျော်ရွှင်စွာ လူးလားကူးခပ် စံပယ်ပါ တော့"

နဂါးပတ်ကျော့ကွင်းကိုကိုင်ဆောင်ထားသောအိုထိပ်တင်လက်များက လျင်မြန်စွာ လှုပ်ရှားလိုက်သည်၊ မြေပြင်ပေါ်တွင် ပခုံးဓားဒဏ်ရာနှင့် လဲကျ နေသော အရှည်း မွှေဇဖ၏လည်ပင်းတွင် နဂါးပတ်ကျော့ကွင်းက တင်း သထက်တင်းကာ ရစ်ပတ်လာသည်၊ မျက်လုံးများ ပြာလာသည်၊ အမှောင် ကမ္ဘာထဲသို့အရှည်းမွှေဇ တိုးဝင်လျက် ရှိသည်၊ ပြင်းထန်သောဝေဒနာများ ကို ခံစားနေရသည်၊ အရှည်း မွှေဇမျက်နှာမှာ ရှုံ့မဲ့လျက်ရှိသည်၊ ဝင်လေ ထွက်လေအသက်ရှူသံများက ပါးပါးတဲတဲမျှသာ၊ သူ သေရတော့မည်ကို သိနေသည်၊ အိုထိပ်တင်နှင့် တွေ့ဆုံပါက အသက်ရှင်ခွင့်ရမည်မဟုတ်ကို ကြိုတင်သိရှိထားခဲ့သည်၊

သူ၏အသက်ရှူသံများမြန်ဆန်လာရာမှ မေ့လျော့သွားသည်၊ အိုထိပ် တင်၏ ညှိုသွယ်နုးညံ့သော လက်မနှစ်ချောင်းသည် အရှည်း မွှေဇ၏ ဇက် နောက်နားသို့ နှိမ့်ချလိုက်ပြီး ဦးခေါင်းကို မ,တင်လိုက်သည်၊ အရှည်း မွှေဇ ဇက်ကြီးကား ဓားနှင့် ထစ်ပိုင်းရာတွင် မပြတ်သေးဘဲ တွဲလွဲဒိုက်ကျနေသည့် သစ်ကိုင်းကဲ့သို့ ဇက်ကျိုးကာ သေဆုံးသွားတော့သည်၊

လူသတ်ရာတွင် နဂါးပတ်ကျော့ကွင်းနှင့် ရက်ရက်စက်စက် ဖိစီးနှိပ်စက် တတ်သော အိုထိပ်တင်၊ မျက်မမြင်အရှည်းနှစ်ပါးဖြစ်သော အရှည်း စိန္တာမဏိ နှင့်အရှည်းနာဂိန္ဒတို့သည် အိုထိပ်တင်၏လှုပ်ရှားမှုများကို မမြင်ရသော်လည်း မြင်နိုင်စွမ်းရှိသူများကဲ့သို့ အားလုံးသိရှိလိုက်ကြသည်၊ နဂါးပတ်ကျော့ကွင်း



www.burmeseclassic.com

www.burmeseclassic.com

မှာ သူတို့နှစ်ဦးလည်းမျိုသို့ မရစ်ပတ်ခင်မှာပင် ညောင်မုတ်ဆိတ်ပင်ကြီးအောက်မှ လှစ်ခနဲ ပျောက်ကွယ်သွားတော့သည်။

ကြက်စိမ့်ရွာသည် သူ၏ဇာတိချက်ကြွေမွေးရပ်မြေ။ ရွာသို့ပြန်မရောက်သည်မှာ ကြာမြင့်ခဲ့ပြီ။ အဖဖြစ်သူ သံပျင်ကြီး ဦးသီလနှင့် အမိဖြစ်သူ အိုမျက်ချယ်တို့လည်း မျှော်နေရှာမည်။ ထီးဘုရားသိုက်တိုင်မင်းမြတ်၏ ထီးတော်ရိပ်မှ ရဲမက်ကျော်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်လာခဲ့သည်။ နန်းသစ်တည်စိုးစံလာကာ တမ္ပဝတီနိုင်ငံတော်မှာလည်းအခြေတကျတည်ငြိမ်စပြုပြီး ခွင့်တော်ရ၍ ကြက်စိမ့်ရွာသို့ အလည်တစ်ခေါက် ပြန်လာခြင်းဖြစ်သည်။

သည်တစ်ခေါက် ပြန်လာရသည့်တိုင် စိတ်အေးလက်အေး နားအေးပါးအေး သက်သောင့်သက်သာ နားရမည်တော့မဟုတ်။ ဗိုလ်မင်းစည်သူ၏ အမှာအပါးစကားက နားဝတွင် ပဲ့တင်ထပ်သလို ကပ်ပါလာသည်။

“မောင်မင်း – ခွင့်တော်နဲ့ ရွာပြန်နားချင်သပဆိုလည်း နားရတာပ။ ဒါပေသိ – လမ်းခရီးမှာ သွားသတိ၊ လာသထိနဲ့ သွားစေချင်ပြီကော။ မင်းနေပြည်တော်နဲ့ အလှမ်းဝေးတဲ့ဒေသတွေမှာ သူပုန်သူကန်၊ လူဆိုး၊ တောပုန်းဓားပြ အန္တရာယ် ကြုံမယ်မပြောနိုင်ပါစံ့။ မောင်မင်းအဖ သံပျင်ကြီး ဦးသီလအုပ်ချုပ်တဲ့ရွာမှာ နယ်မြေအေးချမ်းဖို့အတွက် ရောက်တုန်းရောက်ခိုက် မောင်မင်းမှာ တာဝန်ရှိပ။ ခုအခြေမှာ အနက်ရောင် အရည်းဂိုဏ်းတွေကလည်း ဂိုဏ်းခွဲတွေများသလို၊ အချင်းချင်း မသင့်မမြတ် ရှိပြီကော။ အရည်းပြဿနာ၊ အရည်းသာသနာ၊ အရည်းအန္တရာယ်ကြားမှာ လက်လျှိုပါဝင်မပတ်သက်ပါနဲ့လို့ ကျုပ် အထူး သတိချပ် မှာကြားလိုက်ပါစံ့”

လေက တဟူးဟူး တိုက်သည့်ကြားမှ ဗိုလ်မင်းစည်သူ အမှာစကားတွေကြားယောင်နေဆဲ။ အညိုရောင် ဖောင်းဝတ်မြင်းကြီး တိမ်ညွန့်စား၏ ခြေကျသံက စည်းချက်ညီညီ ထွက်ပေါ်လျက်ရှိသည်။ မြင်းပေါ်တွင် ကျော့ကျော့မော့ လိုက်ပါလာသူကား တော်ဝင်နန်းသုံးရဲမက်တော် မြေတ်ခေါင်း မြင်းနီး လိုက်ပါလာရင်း ဝန်းကျင်အား ထူထဲသော မျက်ခုံးအောက်ရှိ စူးရှသော မျက်လုံးများနှင့် လေ့လာကြည့်ရှုလျက်ရှိသည်။ ဖြောင့်စင်းသောနှာတံ၊ အောက်နှုတ်ခမ်းမွေးစစကြောင့် ရုပ်ရည်က တည်ကြည်တင်းမာဟန်အသွင် ရှိသော်လည်း စင်စစ် အသက်(၂၀)ကျော် သန်စွမ်းဖျတ်လတ်သည့် လုလင်ပျိုတစ်ဦးပင် ဖြစ်သည်။

ရဲမက်တော် မြေတ်ခေါင်သည် သျှောင်တစ်စောင်း မြိတ်လျှိုထားပြီး နီလွင်သောပိုးပဝါကို တင်းတင်းစေ့အောင် ရစ်ပတ်ထားသည်။ ပြန့်ကားသော ရင်အုပ်မို့မို့ပေါ်တွင် အစိမ်းရောင် လည်စွပ်အကျီလက်တိုပေါ်၌ မှန်ကူကွက်များက နေရောင်အောက်တွင် ပြောင်လက်ဖိတ်ဖိတ်တောက်နေသည်။ မြင်းဇက်ကြိုးကို အသာအယာကိုင်ထားသော လက်ဖျံလက်မောင်းအိုးကြီးများက တင်းတင်းရင်းရင်း ရှိလှသည်။

ဝှံထည်သော စစ်သုံးကျောက်စီဓားလွယ်ကြီးကိုလည်း ကျောပိုးလွယ်ထားသည်။ ကြက်စိမ့်ရွာပြန်ခရီးဖြစ်၍ လွမ်းရောမြင်းပါ မြူးကြွလျက် ရှိနေပေသည်။

တမ္ပဝတီနန်းရင်ပြင်မှာ သူ ခရီးထွက်လာခဲ့သည်မှာ တစ်ပတ်ကျော်ခန့် ကြာခဲ့ပြီ။ ရှေ့တွင် တောအုပ်စိမ်းစိမ်း ဒဗ်းတောအုပ်၊ ဒီတောအုပ်ကျော်လျှင် သူ့ဇာတိချက်ကြွေ မွေးရပ်မြေကြက်စိမ့်ရွာ၊ အဖအမိတို့ရော အိသာကျန်းမာ ရှိကြပါစံ့။ မမြင်မတွေ့ရတာ ကြာပြီမို့ အဖအမိတို့မျက်နှာများက အတွေးထဲမှာ ပေါ်လာသည်။

အဖအမိတို့မျက်နှာကိုမြင်ယောင်လာသည့်နည်းတူ ချစ်စဖွယ်ကောင်းသော မျက်နှာသွယ်သွယ်လေးက ပြက်ပြက်ထင်ထင် အတွေးမျှင်ထဲမှာ ရစ်ဝတ်လာပြန်သည်။ အိုထိပ်တင်ဟုခေါ်သော ကြက်စိမ့်ရွာသူ လှထိပ်ထား၊ ရဲမက်တော် မြေတ်ခေါင်သည် လေးလံသော သက်ပြင်းရှည်ကြီးကို ချမိလိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com

သူ ရွာမှ ထွက်ခွာသွားသလို အိုထိပ်တင်လည်း ရွာမှ ထွက်ခွာသွားခဲ့သည်။ပြန်လို့သာပြန်လာရသည်။အိုထိပ်တင်ကိုရွာမှာတွေ့ရမည်မဟုတ်တော့။ ကိုယ်ရည်ကိုယ်ဖန် တစ်တစ်ရစ်ရစ်နှင့် သာမန်ရွာသူတို့ထက် ထူးထူးကဲကဲ လှပချောမွေ့သူ၊ မားရေးဝါသနာပါသလို ကခုန်သီဆိုခြင်းကိုတွင်လည်း မျော့မွေ့သူ၊ ထက်ထက်မြက်မြက်လည်းရှိသူ လယ်ပိုင်ရှင်သူဌေးကြီး ဦးမြေတ်၏ တစ်ဦးတည်းသော သမီးချော။

အမိကား အိုထိပ်တင်ငယ်စဉ်ကပင် ကွယ်လွန်သွားခဲ့သည်။ မင်းကြိုက် စိုးကြိုက် ဂုဏ်ရည်မြင့်သူတစ်ဦးဖြစ်၍လား၊ သူဌေးကြီး ဦးမြေတ်၏ စည်းစိမ် ဂုဏ်ရှိန်ဩဇာကိုကြောက်ရွံ့ကြသည်ပဲလား လုလင်ပျိုများမရှုဉ်းကပ်ခဲ့သော အိုထိပ်တင်၊ သို့ပေမဲ့ ရဲမက်တော်ဖြစ်လာမည့် မြေတ်ခေါင်နှင့်ကျတော့ ငယ်က ရောင်းရင်း၊ ပြီးတော့ – ရည်ငံပြီးသား ချစ်သူများဖြစ်လာကြသည်။

နန်းရင်ပြင်တွင် တာဝန်တထွေးနှင့် ရှုပ်ထွေးနေချိန်မှာ လူကြုံသတင်းစကားများ ရောက်လာသည်။ အိုထိပ်တင်တစ်ယောက် ကြက်စိမ့်ရွာမှာ မရှိတော့ ဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်းမသိ၊ ပျောက်ဆုံးသွားခဲ့သည်။

"အို – လွမ်းတသသ – သတိတရရှိပါစ့် – အိုထိပ်တင်ရယ်"

ရဲမက်တော် မြေတ်ခေါင်သည်မြင်းစီးလာရင်းမှ နှုတ်မှ ဖွင့်ဟတမ်းတမိ ချေသည်။ ရွာမှာနေစဉ်က နှစ်ကိုယ်ချင်း ရည်ငံပြီးသား ဖြစ်ပေမည်၊ အဖ သံပျင်ကြီး ဦးသီလနှင့် သူကြွယ် ဦးမြေတ်တို့က မသင့်မတင့် ရှိပ၊ ကျောင်းတော်က ရန်စ ဟူ၍ ပြောရမည်လား၊ သူကြွယ် ဦးမြေတ် ငယ်စဉ်က မိမိအိမ်ဖြစ်သူ အိုမျက်ချယ်အား ငွေကြေးစေနှင့် အပိုင်သိမ်းပိုက်ရန် ကြံစည်ခဲ့ဖူးသည်။

အဖ ဦးသီလနောက် ကောက်ကောက်ပါအောင် လိုက်ပါသွားသော အိုမျက်ချယ်နှင့်ဦးသီလတို့အား အငြိုးကြီးပြီးကာ အမုန်းကြီး မုန်းခဲ့ပေသည်။ မုန်းတီးရုံသာမက ကိုးကွယ်သော သာသနာချင်းကလည်း မတူ၊ သူကြွယ် ဦးမြေတ်က မန္တရဂိုဏ်းသား သမထီးကိုးကွယ်သူဖြစ်သလို၊ အဖ ဦးသီလက



ကာလစတ္တဂိုဏ်းသား ငှက်ပစ်တောင် ကိုးကွယ်သူများဖြစ်၍ ပိုဆိုးတော့ သည်။

လူငယ်ချင်း ရည်ငံနေသည့်တိုင် မိဘများအဆင်မပြေမှုကြောင့် ချစ်ခရီး ကား မဖြောင့်ဖြူးခဲ့၊ မြေတ်ခေါင်နန်းရင်ပြင်မှာ အမှုတော် ထမ်းဆောင်နေစဉ် အိုထိပ်တင်လည်း ရွာမှနေ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားခဲ့သည်၊ တွေးရင်း ရင်လေးလာမိသည်၊ အိုထိပ်တင်နှင့် နှစ်ကိုယ်တူ အတူနီးချင်လှပါ သော်လည်း ခရီးက ဝေးကွာလှပေတော့သည်၊

စိမ်းစိမ်းမှောင်မှောင် သစ်ရွက်ကြိုးကြားမှကျနေရောင်အလင်းတန်းများ ပြိုးပြိုးပြက်ပြက် တောက်ပလျက် ရှိသည်၊ ရော – နေညိုတော့မှာပါလား၊ နေမဝင်ခင် ရွာဝင်မှဖြစ်မည်၊ မြင်းဇက်ကြိုးကိုတင်းတင်းဆုပ်ကိုင်ရင်း တော အုပ်ထူထူထဲသို့ ဖြတ်ဝင်လိုက်သည်၊ သူ့မြင်းညိုကြီး တိမ်ညွန့်စားကလည်း သခင်အလိုကျ ပါးနပ်လိမ္မာလှသည်။ ချုံငယ်ပိတ်ပေါင်းများကို လွှားခနဲ လွှားခနဲဖြတ်ကျော်လိုက်သည်၊ ရှေ့နားတွင်အမြစ်တဖွားဖွားနှင့်ကြီးမားသော ညောင်မုတ်ဆိတ်ပင်ကြီး၊ သစ်ပင်ရှုံငယ်များကိုကျော်ထွက်လိုက်သောအခါ မြေတ်ခေါင် ထိတ်ခနဲ ဖြစ်သွားသည်၊

ညောင်မုတ်ဆိတ်ပင်ကြီးအောက်နားတွင် ရုပ်ဆင်းပျက်စွာ လဲကျနေသော အရည်းကြီးတစ်ယောက်၊ မြင်းကိုစုရပ်လိုက်ပြီး လွှားခနဲ ခုန်ဆင်းလိုက်သည်၊ ကျောပိုးလွယ်ထားသော ကျောက်စီဓားရိုးအား တင်းတင်းဆုပ်ကိုင်ရင်း အနီးသို့ ချဉ်းကပ်လိုက်သည်၊ အရည်းကြီးလည်ပင်းတွင် ညိုမည်းနေသောဒဏ်ရာများတွေ့ရသည်၊ ဖက်ကျိုးကျလျက်မျက်ဆံမရှိသော မျက်သား ဖြူဖြူများထွက်ကာ ပျံလွန်တော်မူနေခြင်းဖြစ်သည်၊

လုပ်ကြံသတ်ဖြတ်သွားခြင်းဖြစ်မည်၊ အဘယ်အငြိုးနှင့် ရက်ရက်စက် စက် သတ်ဖြတ်ခဲ့ရပါလိမ့်မည်၊ လည်မျိုမှ စီးကျနေသော သွေးစများက ခြောက်ကပ်လျက်ရှိသည်၊ ရဲမက်တော် မြေတ်ခေါင်က ပျံလွန်တော်မူသွား သော အရည်းအလောင်းအား စေ့စေ့စပ်စပ် ကြည့်လိုက်သည်၊ ပခုံးစွန်းတွင်



www.burmeseclassic.com

www.burmeseclassic.com

လည်း အရိုးပေါ်အောင် ခုတ်ခံထားရသော ဓားဒဏ်ရာကိုပါ တွေ့ရသည်။ တိုယ်ရုံသက်န်းမည်းညစ်ညစ်အား လှန်လှောရင်း အတွင်းလက်ဖျံဖနောင့်ကို ကြည့်လိုက်သည်။

နဂါးသုံးကောင် လိမ်ယှက်နေသော စမတံဆိပ်တော်ကို မြင်လိုက်ရ၍ ကြေကွဲဝမ်းနည်းသွားရသည်။ မထင်မှတ်ဘဲ သူ့လက်ဖျံအား ပြန်ငုံ့ကြည့်လိုက်သည်။ သူ့လက်ဖျံပေါ်တွင်လည်း အရည်းကြီးကဲ့သို့ပင် နဂါးသုံးကောင် လိမ်ယှက်နေသည့် စမတံဆိပ်တော် ရှိသည်။ ဒါဖြင့် – ဒီအရည်းဟာ သူ့လိုပင် ကာလစက္ကဂိုဏ်းသားအရည်းကြီး၊ သူနှင့် ဂိုဏ်းတူအဖွဲ့ဝင်ဖြစ်သည်။ ကြက်စိမ့်ရွာ မရောက်ခင် ဒဗမ်းတောအုပ်ထဲ ဝင်ခါစမှာပင် ပြဿနာနှင့်ကြုံရသည့် အရေးကား ပေါ့သေးသေးတော့ မဟုတ်။ မိမိတို့ဂိုဏ်းသား အသတ်ခံရသည့်ကိစ္စ၊ လူသတ်မှု လူသတ်တရားခံကို ရှာဖွေဖော်ထုတ် ဖမ်းဆီးရမည့်တာဝန်က သူ့အပေါ် ကျလာသည်။

အေးဆေးစွာ အနားယူဖို့ ရွာကို ပြန်လာခါမှ အမှုအခင်းက သူ့ကို ဆီးကြိုနေခြင်းဖြစ်သည်။ အရည်းကြီးအလောင်းအား စိတ်မကောင်းစွာဖြင့်ကြည့်ရင်း မြင်းညိုကြီး တိမ်ညွှန့်စားပေါ်သို့ လွှားခနဲ ခုန်တက်လိုက်သည်။ ရွာကို အမြန်ရောက်မှဖြစ်သည်။ အဖသံပျင်ကြီး ဦးသီလနှင့် အရည်းကျောင်းတိုက်မှ ဆရာတော် ဂေါဝိန္ဒကို အမြန်ဆုံး သတင်းပို့ရပေတော့မည်။

အဝေးဆီမှ လှမ်းမျှော်ကြည့်လိုက်လျှင် ရှတင့်သာမောဖွယ် စီးကျရေ တသွင်သွင်နှင့်မြင့်မားသော တောင်စဉ်တောင်တန်းများကြားမှ အရှိန်ပြင်းစွာ စီးဆင်းကျလာသော ရေတံခွန်ကို မြင်တွေ့ရသည်။ အနီးသို့ရောက်လျှင် ရေကျသံများက ကြောက်မက်ဖွယ် မြည်ဟည်းလျက် ရှိသည်။

“ဝေါ – ဝေါ – ဝေါ”

“ဝုန်း – ဝုန်း – ဝုန်း”



ရေလုံးရေဖွား ရေပန်းရေတံခွန်များက ကွေ့ပတ်သွယ်တန်းနေသော တောင်ကြိုတောင်ကြား အောက်ခြေရှိ ရေစီးကြောင်းထဲသို့ ပေါင်းဆုံစီးဆင်းသွားကြသည်။ ကျောက်တုံးကျောက်ဆောင်များကို ရေလုံးနှင့် ရိုက်ခတ်မိရာမှ ထွက်ပေါ်လာသော အသံများက ကြောက်မက်ဖွယ် ကောင်းလှသည်။

မည်မျှပင် ကြောက်မက်ဖွယ် ကောင်းသည်ရှိစေ၊

ဒိုထိပ်တင် ကြောက်လန့်မည်မဟုတ်။ အကြောက်အရွံ့ကင်းသော မယ်တော် ကာလကဏ္ဏိ၏သမီးတော်၊ မယ်တော်၏ဝိဇ္ဇာဥ်များ သိမ်းဆည်းထားသော ဒိုထိပ်တင်၊ ဝတ်ကျောင်းကချေသည် တုနှိုင်းမမီ ဒိုထိပ်တင်၊ နေဝင်ဖျိုးဖျအချိန်ဖြစ်သလို ရောင်စဉ်ဖြာသက်တမ်းရောင်စုံများကလည်း ရေတံခွန်စီးကြောင်းတွင် အရိပ်ထင်လျက် ရောင်ပြန်ရောင်ပြေးများ ဆော့ကစားဖိတ်လျှံဝင်းပလျက် ရှိသည်။ ရေတံခွန်နှင့် ကျောက်သားကျောက်ဆောင်များကား ရွှေဆင်းရွှေရောင် ဖိတ်လက်တောက်ပနေကြသည်။

ရေတံခွန်အောက်ခြေတွင် ကြီးမားသော ကျောက်တုံးကြီးရှိသည်။ ကျောက်တုံးကြီးပေါ်တွင် ဒိုထိပ်တင်သည် အရိုင်းကကြိုးဆင်လေ့ကျင့်လျက်ရှိသည်။ မျက်ဝန်းအစုံကို မှေးမှိတ်ထားသည်။ လေးကိုင်းသဏ္ဍာန် ပိရိသေသပ်သော ဖူးငုံနှုတ်ခမ်းနှစ်လွှာက ပြုံးယောင်ယောင် မနို့မရိုဟန်သွင် ဖြိုးဖြိုးကြွကြွ မို့မို့ဝန်းဝန်း ရင်အစုံက ရေလှိုင်းများလို နိမ့်ချည်မြင့်ချည်။

နွဲ့နှောင်းလှပသော ခန္ဓာကိုယ် အယိမ်းအနွဲ့၊ အလှည့်အပြောင်း လက်ထားဟန်ခြေသိမ်း၊ ခြေရွှေ့တို့ကလည်း ရွှေရောင်တောက်ပနေသည်။ ရေစက်ရေမှုန်များနှင့် ရောထွေးသွားသည်။ ပါးလွှာသော ပိုးသားအနက်ရောင် ကိုယ်ကြပ်အကျီအောက်မှ မက်မောတိမ်းမူးဖွယ် ခန္ဓာကိုယ်အချိုးအဆစ်များကလည်း တုနှိုင်းမမီသော သက်ဝင်ပန်းပုရုပ်ကြွပမာ ရှန်းကြွလှစ်ဟလျက်ရှိသည်။

တလ္လာဝကကြိုးနှင့် ကပြလေ့ကျင့်လျက်ရှိသည်မှာ ညနေစောင်းလုပြီ၊ အချိန်ကာလကိုမသိ၊ အပြင်လောကကိုမသိ၊ ခန္ဓာကိုယ်သည် အသွင်ပြောင်းသွားသော ရောင်စုံလိပ်ပြာတစ်ကောင် တောင်ပံစုံဖွင့်၍ ပျံသန်းနေသကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com

ပေါ့ပါးလွင့်မျောလျက်ရှိသည်၊ အရှိန်ပြင်းစွာ စီးကျနေသောရေတံခွန် စီးကြောင်းမှ ကျိန်းစပ်မှုများကိုလည်း ဘယ်လိုမှ ဝေဒနာခံစားရခြင်းမရှိ၊ ထေတိတည်ငြိမ်လှသည်၊ ရေလွှာကိုခွဲနိုင်သည့်စိတ်စွမ်းအင်ကကြီးများကား စွမ်းအားထက်မြက်လှသည်၊

အို – မယ်တော် – မိခင်အပေါင်းတို့၏ မယ်တော်ဖြစ်သော မယ်တော်၊ အတို့ကျွန်သည် မယ်တော်ကို ယုံကြည်ပါသည်၊ ရိုသေပါသည်၊ ချစ်မြတ်နိုးပါသည်၊ အတို့ကျွန်၏ အသက်ဝိညာဉ်ထက် မယ်တော်ကို ပို၍ခင်တွယ်မိပါသည်၊ မယ်တော် တာဂ္ဂုဝကကြီးကကွက်အတိုင်း အတို့ကျွန်ကပြလျက်ရှိပါသည်၊ ရေကိုခွဲ၍ မယ်တော်ထံ ဝိညာဉ်အရောက်စေပါမည်၊ မယ်တော်သွားရာလမ်းအတိုင်း သွေးဖြင့်ဆေး၍ သန့်ရှင်းစေပါသည်၊ ညှိသောအနံ့ဖြင့် မွှေးကြိုင်စေပါသည်၊ အမှောင်များသည် မှောင်သထက်မှောင်ပါစေသတည်း၊

တာဂ္ဂုဝကကြီးဆင်ပါဘိ – မယ်တော်၊ လောကဓာတ်ကြီးတစ်ခုလုံး သိမ့်သိမ့်တုန်စေသော ကမ္ဘာမြေကြီး သိမ့်သိမ့်မြည်ဟည်းစေသော အရိုင်းကကြီးစွမ်းသတ္တိများကို ပေးပါလော့၊

ဂန္ဓာမာန၊ ဒေဝကုဏ္ဍာ၊ ခန္ဓာရက္ခ၊ တောလုဟောမာ၊ ရွှေမှာမြဂူ၊ ဇလ်ဂူရောင်ကြွ၊ ပတ္တမြားဂူ ငွေဂူမျိုးကြီး၊ ပန်းမျိုးကြိုင်စွာ၊ ဂူလိုက်သာမှာ မယ်တော်မှာကြားမိန့်ဆိုစကားအတိုင်း သက်ပါလှည့်ကုန် – သက်လှည့်ကုန်၊

အတို့ကျွန် သဒ္ဓါတရားတို့ နိုင်ကြဉ်ပါစေအံ့၊

အတို့ကျွန် အသက်ဝိညာဉ်သည် ရုပ်ခန္ဓာစွန့်ခွာခဲ့သော မယ်တော်၏ဗီဇမျိုးဥတွင် နှောင်ဖွဲ့ရစ်သိုင်း လွှမ်းခြုံပါအံ့ – အိုမယ်တော်၊ မယ်တော်၏ အရိုင်းကကြီးစွမ်းသတ္တိများ ရရှိပါစေသတည်း၊

ဝတ်ကျောင်းကချေသည် အိုထိပ်တင်သည် ရေတံခွန်ကြီးအောက်မှ အရိုင်းကကြီးဆင်ခြင်း လေ့ကျင့်မှုများကို ရပ်နားလိုက်သည်၊ မျက်မမြင် အရည်းသုံးဖော်ထဲမှ ခေါင်းဆောင်ဖြစ်သော အရည်း ဓမ္မဇထံမှ ပြန်လည်ရရှိခဲ့သည်၊ မယ်တော်ရုပ်ထုအား ထုံဝင်ဂူသို့ ပို့ဆောင်ပြီး လျှို့ဝှက်ထားသည်၊



အိုထိပ်တင်သည် ရေတံခွန်အတွင်းသို့ လျှောက်လှမ်းလာခဲ့သည်၊ ရေတံခွန်နောက်ကျောတွင် ကြီးမားသော ကျောက်လိုဏ်ခေါင်းကြီးတစ်ခု ရှိသည်ကို သာမန်လူများ သိနိုင်မည်မဟုတ်ပေ၊ ကျောက်လွှာများမှာ ချော ကျိုးနေသောကြောင့် သတိထားပြီး လျှောက်လာခဲ့သည်၊

အတွင်းဂူကား အတော်အတန် ကျယ်ဝန်းသော လိုဏ်ခေါင်းကြီး ဖြစ်သည်၊ မန္တရယာနဂိုဏ်းမှ ဆရာသခင် ဗဇ္ဇရညာဏ ပူအောင်းခဲ့သော လျှို့ဝှက်လိုဏ်ဂူဖြစ်သည်၊ ဆရာသခင်နှင့်အတူ နေထိုင်ခဲ့ဖူးသော နေရာဖြစ်၍ အိုထိပ်တင်အတွက် လုံခြုံစိတ်ချရသောနေရာ ဖြစ်သည်၊ အဆိုပါဂူထဲတွင် မယ်တော်က ကာလကဏ္ဍီ ရွှေစင်ရုပ်ထုအား လျှို့ဝှက်စွာ သိမ်းဆည်းထားလိုက်သည်၊ မယ်တော်၏ အာကာစက်ရှိန်များသို့ ကြွလာတော့မည်ဖြစ်သည်၊

အညိုရောင်ဖောင်းဝတ်မြင်းကြီး တိမ်ညွှန့်စားကို တလွှားလွှားစီးရင်း ခုန်းစိုင်းနှင်လာသော ရဲမက်တော် မြေတ်ခေါင်သည် ဒဇမ်းတောအုပ်ထဲမှ ထွက်ပေါ်လာသည်၊ ရှေ့တွင် ဝက်ပါတောင်စောင်း၊ ဝက်ပါကဲ့သို့လမ်းတွေက တွေ့ကွေ့ကောက်ကောက်၊ ရှုပ်ရှုပ်ထွေးထွေးခရီးလမ်း မကျွမ်းကျင်ပါက ဝက်ပါတောင်များအလယ်တွင် လမ်းပျောက်တတ်သည်၊ ဝက်ပါတောင်များကို ကျော်ဖြတ်ပြီးမှ သုဓာတိ ကြက်စိမ့်ရွာသို့ ရောက်မည်ဖြစ်သည်၊

အမှန်တော့ – ကြက်စိမ့်ရွာသည် မင်းနေပြည်တော် တမ္ဗဝတီနှင့်အလှမ်းဝေးလှသည်၊ တောင်စောင်းကွေ့တစ်ခုကို ကျော်လိုက်သည်နှင့် ရှေ့တွင် တိုက်ပွဲဖြစ်နေသည်ကို သိလိုက်ရသည်၊

"ထန် – ထန်"

"ချွမ်း"



www.burmeseclassic.com

"ဝှန်း"

"အား"

"အိယား"

"ချွင် - ချွင်"

"ထန် - ထန်"

ဆူညံတိုက်ခိုက်နေသော တိုက်ပွဲတစ်ခု၊ အနက်ရောင်ကိုယ်ရုံများ တလွှားလွှားများနှင့် အရည်းကြီးတစ်စု တိုက်ပွဲဖြစ်နေသည်၊ အရည်းကြီးနှစ်ယောက်အား ဆယ်ယောက်ခန့်သော အရည်းကြီးများက ဝိုင်းဝန်းတိုက်ခိုက်နေကြခြင်းဖြစ်သည်။ ဂိုဏ်းဂဏ အယူအဆ၊ ရွှေငွေပစ္စည်း မာတုကာမ အမှုအခင်းများနှင့် အရည်းကြီးများ အပြန်အလှန် တိုက်ကြသည်မှာလည်း တမ္ဗဝတီတွင် အဆန်းမဟုတ်တော့ပေ။

ခုခံတိုက်ခိုက်နေသော အရည်းနှစ်ယောက်မှာ အတိုက်အခိုက် ကျွမ်းကြသည်။ အရည်းအုပ်စုက ဝိုင်းဝန်းထိုးခုတ်နေကြသည့်တိုင် လက်ရည်က မကျ။ ရန်သူအရည်းကြီးများသာ တစ်ယောက်ပြီးတစ်ယောက် ဒဏ်ရာရ အော်ဟစ်ညည်းတွားရင်း မြေပြင်ပေါ်သို့ အတုံးအရုံး ကျဆုံးသွားကြသည်။ မျက်စိမမြင်သူများ ဖြစ်ကြသလို အသံစွမ်းအင်ကို အာရုံခံပြီး တိုက်ခိုက်နေပုံမှာ ထူးခြားလှသည်။

အားနည်းသူ အရည်းကြီးနှစ်ယောက်ဖက်မှ ဝိုင်းကူရင်း သေကွင်းသတ်ကွင်းထဲသို့ မြတ်ခေါင်သည် လက်စွဲတော် ကျောက်စီဓားကိုဝင့်ရင်း လွှားခနဲ ခုန်ဝင်ကာ အပြေးဝင်ခုတ်သည်၊ အရည်းကြီးနှစ်ယောက်မှာ ငှက်ပျောပင် ပိုင်းရိုက်သလို ဘိုင်းခနဲ လဲပြိုကျသွားသည်၊ နှစ်ဦးစလုံး၏ ဗိုက်သားပေါ်တွင် သွေးများ ဖြာခနဲစဉ်ထွက်သွားသည်၊ မြတ်ခေါင်ဓားကလည်း သွေးသောက်နေကျ၊ သွေးရည်ဝဓားကောင်းတစ်လက်ဖြစ်သည်ကို သင်းတို့ မသိကြလေရော့သလား။



ဝိုင်းဝန်းတိုက်ခိုက်နေကြသော အရည်းအုပ်စုထဲမှ မြတ်ခေါင်၏ဝတ်စားဆင်ယင်ပုံကိုကြည့်ပြီး တမ္ဗဝတီနေပြည်တော်မှ ရဲမက်တော်မှန်း သိရှိသွားကြသည်၊

"တမ္ဗဝတီက ရဲမက်တော်ပေါ့ - ပြေးကြ - ပြေးကြ"

ဒဏ်ရာရနေသော အရည်းများကို ဆွဲယူရင်း ဝက်ပါတောင်စောင်း အောက်ဘက်သို့ အပြေးဆင်းသွားကြသည်။ များသောအားဖြင့် အရည်းများသည် တမ္ဗဝတီရဲမက်များနှင့် မတိုက်ခိုက်လိုကြပေ၊ သိုက်တိုင်မင်း၏ အပြို့အငြင်ခံရမည့်အရေးကို ရှောင်ကွင်းကြသည်၊ မျက်မမြင်အရည်းနှစ်ယောက် ကလည်း မြတ်ခေါင် ဝင်ရောက်တိုက်ခိုက်သည်ကို သိနေကြသည်၊ မြတ်ခေါင်အနီးသို့ လျှောက်လာကြသည်၊

"တမ္ဗဝတီရဲမက်တော် - စစ်သားထင်ပ"

"ဟုတ်ပါသော်ကော - အရည်းတို့၊ ပသို့ အခင်းကြုံလို့ တိုက်ခိုက်ရတာပ"

"အိမ်း - ငတို့ခရီးသွားအရည်းများဖြစ်ပါစုံ၊ ကြက်စိမ့်ရွာ သွားမှာပါကော၊ ပဏ္ဍာကြောင့် ငတို့ကို တိုက်ခိုက်သည်မသိပ၊ တောနက်ထဲဝင်တုန်းကလည်း ညောင်မုတ်ဆိတ်ပင်ကြီးအောက်မှာ ငတို့ဂိုဏ်းခွဲခေါင်းဆောင် အရည်းမွှေဇလည်း အသတ်ခံခဲ့ရပြီကော"

"ရော - အတို့ကျွန် ကိုယ်တိုင်တွေ့ခဲ့တာပ၊ ပန်းမှာ ဓားဒဏ်ရာ လည်ပင်းမှာ အညိုအမည်းစွဲတဲ့ဒဏ်ရာများ တွေ့ရပါသကော၊ ပဏ္ဍာကြောင့် ဖြစ်ပါစုံ၊ အသတ်သွားတဲ့သူကိုရော အရည်းတို့ မသိသော်ကော"

"ငတို့သိတာပ - ငတို့ဆီက မယ်တော်ကာလကဏ္ဍ ရွှေစင်ရုပ်ထုကို လုယူသွားတဲ့ ဝတ်ကျောင်းကရေသည် အိုထိပ်တင်ဖြစ်ပါသော်ကော"

"အရည်း - ပသို့လဲ - အိုထိပ်တင် - ဟုတ်စုံ"

www.burmeseclassic.com

"ဩ - တမ္ဗဝတီတိုင်းနိုင်ငံမှာ အကျော်ဒေးရရှိပ၊ ကချေသည်ပ - ရဲမက်တော် မသိပါချေပ"

မြတ်ခေါင်ရင်ထဲတွင် စိုးထိတ်သွားသည်၊ သူ့ငယ်စဉ် ရွာမှာ ရှိစဉ်က သူ့ရည်းစားသူ့ပင်လျှင် အိုထိပ်တင်ဖြစ်သည်၊ လူတူမရှား၊ နာမည်တူမရှား ရှိသည်ပင်ဖြစ်သည်၊ ဝတ်ကျောင်းကချေသည် အိုထိပ်တင်သည်ပင် အခြားတစ်ပါး မိန်းမပျိုဖြစ်ပေလိမ့်မည်မဟုတ်၊ မဟုတ်ပါစေနှင့်ဟုသာ စိတ်ထဲမှာ ငြင်းဆန်မိသည်၊

"ငတို့ - အေးဆေး နောင်မှ ရှင်းပြပါအံ့၊ ရဲမက်တော်ရော - အဘယ်သို့ အဘယ်ခရီးဆက်ပါစုံ့"

အရည်းတို့လို့ - အတို့ကျွန်က ကြက်စိမ့်ရွာသားသာပ၊ အရည်းတို့ရွာ သွားမယ်ဆိုရင် အတို့ကျွန်နဲ့ အဖော်ရပြီကော၊ ဝက်ပါတောင်စောင်းကိုဖြတ်ကျော်ရန် ခက်ခဲမည်ပ၊ အတို့ကျွန်နဲ့သာ လိုက်ခဲ့ပ"

"အိမ်း - သင့်ပ"

"ဒါထက် - အရည်းတို့က ကာလစက္ကဂိုဏ်းသားများ မဟုတ်လော"

"ရော - ရဲမက်တော်ပသို့ သိပ"

"အတို့ကျွန်လည်းကာလစက္ကဂိုဏ်းဝင်ဖြစ်ပါသကော၊ ပုံလွန်တော်မူတဲ့ အရည်းတို့ဆရာသခင်ရဲ့လက်ဖျံမှာ နဂါးသုံးကောင်စမဝံဆိပ်တော်ကိုတွေ့ခဲ့ရတာပ"

"ဩ - ကောင်းလင့်တည်း - ကောင်းလင့်တည်း"

ဂိုဏ်းတူအဖွဲ့သားများဖြစ်သလိုကြက်စိမ့်ရွာသို့ သွားကြမည့်မျက်မမြင်အရည်းနှစ်ယောက်အား ရဲမက်တော်မြတ်ခေါင်က ခေါ်ဆောင်လာခဲ့သည်၊ အရည်းများ ပြောပြသည့် ဝတ်ကျောင်းကချေသည် အိုထိပ်တင် လုံမပျိုသည် အကျော်ဒေးရရှိလှသည်၊ ယခင်တုန်းက သူ့ချစ်သူ အိုထိပ်တင် မဖြစ်ပါစေနဲ့ ဟုသာ ဆုတောင်းရပေတော့မည်၊ ရွာသို့မရောက်ခင် တောစပ်အဝင်၌ အနိုင်ဝ အာဂါသကောင်းသော သံသတ်ပင်ကြီးကို မြင်တွေ့လိုက်ရသည်၊



ရွာနှင့် တစ်တိုင်လောက်ကွာသော တောစပ်တွင် သံသတ်ပင်ကြီးသည် ထီးထီးမားမား တည်ရှိသည်၊ ချုံနွယ်ပိတ်ပေါင်းများနှင့် ရှုပ်ထွေးပြီး လှိုက်ခဲ နေသောကြောင့် ပင်စည်အောက်ခြေကို မမြင်တွေ့ရပေ၊ မြတ်ခေါင်နှင့် အိုထိပ်တင်တို့သည် အချိန်းအချက်ပြုကာ သည်နေရာမှာပင် ဆုံတွေ့ခဲ့ကြသည်၊

အိုထိပ်တင်ဖခင် သူကြွယ် ဦးမြတ်နှင့် မိမိဖခင် ဦးသီလတို့က ကမ္ဘာရန်သူများဖြစ်ကြသည်၊ သူတို့နှစ်ဦး ရည်ငံနေသည်ကိုသာ သိရှိသွားမည်ဆိုပါက အနာဂတ်အရေး တွေးဝံ့ဖွယ်မရှိ၊ မြတ်ခေါင်ကို ဦးမြတ်က ဘယ်လိုမှကြည့်မရ၊ အသားလွတ် မုန်းတီးနေသည်ဟုဆိုကာ အဆက်အဆံ ဖြတ်တားထားသည်၊ ထို့ကြောင့်လည်း လူသူကင်းရှင်းရာ သံသတ်ပင်ကြီးခြေရင်းတွင် ပုန်းလျှိုးပုန်းကွယ် ရင်တထိတ်ထိတ် ဆုံတွေ့ရသည်၊

မြတ်ခေါင်က တစ်ခါတစ်ရံမှ တွေ့ရသော အိုထိပ်တင်ကို အားမလိုအားမရ ဖြစ်ရသည်၊ ကြည့်ပါဘိ - စကားပြောရာတွင် အိုထိပ်တင်က ပြုံး၍ပြောသည်၊ သို့သော် သူမအပြုံးကား သောကနှင့် စွပ်ဖက်နေသော အပြုံးသာ ဖြစ်သည်၊ မြတ်ခေါင်က အိုထိပ်တင်ပခုံးနှစ်ဖက်ကို ကိုင်လှုပ်ပြီးမေးသည်၊

"အိုထိပ်တင်ရယ် - မိဘတွေ ရန်ငြိုးရန်စကြောင့် ကျုပ်တို့ ဘယ်နံ့ရောတွင်မှ နီးစပ်ရစုံ့"

သည်လိုမေးခွန်းမျိုးကို အိုထိပ်တင် စိုးရွံ့သည်၊

"မောင်မောင် - သည်စကားကလုံ့မပြောရတဲ့စကားပါတကား၊ ချစ်ရသူ မောင်မောင့်အနားမှာဟူယင် အိုထိပ်တင် ပသို့နှလုံးငြိမ်နိုင်ပုံ၊ ဘယ်နေရာမှာ ဘယ်လောက်ပဲ ဝံ့စား၊ ဝံ့စား မောင်မောင့်အပါးမှာ အတို့ကျွန် ရင်စုန်လှပါဘိတယ်"

မြတ်ခေါင်ရင်ခွင်ကျယ်ကြီးထဲတွင် ခေါင်းငုံ့ရင်း အိုထိပ်တင် ရင်လှိုင်းဆသည်၊ မောင်မောင်နှင့် မခွဲနိုင်သော်လည်း ရှေ့ရေးကံကြမ္မာက ပသို့ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

မည် ပိုးထိတ်မိ၊ အိုထိပ်တင်ရင်တွေ ခုန်လှိုက်ပူလောင်လာ၏၊ တဒိတ်ဒိတ် သွေးခုန်နှုန်းတွေကလည်း မြင့်မားလာသည်။

"မောင်မောင် - နေပြည်တော်ကို အမှုတော်ထမ်းဖို့ ထွက်ရပါစို့"

အိုထိပ်တင် မျက်နှာပျက်သွားသည်၊ ကပျာကသီ လှုးလဲထပြီး မြေတ်ခေါင်ရင်အုပ်ကျယ်ကြီးကို လက်ဖြင့် ဆီးတွန်းလိုက်သည်။

"ထိုင်ပါဦး - အိုထိပ်တင်၊ ကျွန်ုပ်စကားဆိုရတာ မတင်းတိမ်သေးတကား၊ သေချာရှင်းပြပရစေဦး"

"တော်ပါတော့ - မောင်မောင်၊ မောင့်အတွက်ဆို အသက်တော် ပေးဝံ့သူပါ၊ မောင်မောင်သာ အတို့ကျွန်ပန်းဦး ပန်ရမယ်လို့ တွေးထင်ထားသူပါ၊ ခုတော့ - မောင်မောင်က တစ်နယ်တစ်ကျေး ရှောင်ပြေးပြီပေါ့၊ ရက်စက်ပါဘိ"

မြေတ်ခေါင်က အိုထိပ်တင်လက်ကို လှမ်းဆွဲထားသော်လည်း လက်ကိုဆောင့်ရုန်းကာ အပြေးထွက်သွားသည်၊ မြေတ်ခေါင်ခါးမှ ဓားလွယ်သည် လှုပ်ယမ်းသွားသည်၊ ဝင်ခါနီး နေရောင်အောက်တွင် ပြောင်လက်သွားသည်၊ အိုထိပ်တင်က တစ်စက်လေးမှ နောက်ကြောင်းပြန်လှည့်မကြည့်ဘဲ အပြေးထွက်ခွာသွားသည်။

စင်စစ် သူမသည် စိတ်ဆိုးခြင်းမဟုတ်၊ စိတ်ကောက်ခြင်းသာဖြစ်ရမည်၊ ချစ်ရသူအဖြစ် စိတ်မဆိုးနိုင်ပါ၊ "မောင်မောင်" ဟုခေါ်ပြီး ပြန်လှည့်မည်ဟု မြေတ်ခေါင်စိတ်က ထင်ထားသည်၊ သို့သော် ခပ်လှမ်းလှမ်းရောက်သည် အထိ အိုထိပ်တင် ပြန်လှည့်မလာတော့ပေ၊ သံသတ်ပင်ကြီးခြေရင်းတွင် မြေတ်ခေါင်တစ်ယောက်တည်း ငေါင်တောင်တောင်ကျန်ခဲ့ရှာသည်၊ ထိုချိန် စိတ်ကောက်သွားသည့်နေ့မှစ၍ အဝေးကြီး ဝေးခဲ့ရသည်၊ ဘယ်သောကာလ များမှ အမျက်တော်ပြေ၊ စိတ်ဆိုးပြေမှာလား - အိုထိပ်တင်ရယ်၊



မြေတ်ခေါင်ရွာသို့ မရောက်ခင် တောစပ်အဝင်မှ သံသတ်ပင်ကြီးကို ငေးကြည့်ရင်း အတိတ်ပုံရိပ်တို့က ပြန်လည်အမှတ်ရစရာအဖြစ် တရေးရေး ပေါ်လာရသည်။

အိမ်ရှေ့တွင် တိမ်ညွန့်စားကို ချည်ထားခဲ့ပြီး အိမ်တွင်းသို့ လှမ်းဝင်လိုက်သည်၊ သူ ရောက်လာချိန်မှာ နေဝင်ဖျိုးဖျအချိန် ဖြစ်နေပေပြီ၊

"ရော - သူစိမ်းစည့်သည် မှတ်ပိုက်မိသဘော - မြေတ်ခေါင်၊ လူလေးပါလား၊ ဘယ်နံ့ရောက ရောက်ခဲ့လတ်ပါစို့"

"အရပဲ - အဘ - ကိုယ်လက်အီသာ ကျန်းပါစို့"

"အိမ်း - အီသာကြလတ်တယ်"

စကားပြောသံများကြောင့် အိမ်ခန်းတွင်းမှ မိခင်ဖြစ်သူ အိုမျက်ချယ် ထွက်လာသည်၊ သားဖြစ်သူ မြေတ်ခေါင်ကို မြင်လိုက်ရ၍ အလွမ်းပြေ ဝမ်းသာသွားသလို မျက်နှာတစ်ချက်ပျက်သွားသည်၊ ထို့နောက် လင်ယောက်ျား ဦးသီလနှင့် နှစ်တောင်ခန့်အကွာ ဝင်ထိုင်လိုက်သည်၊

"လူကလေးတို့ တမွဝတီမှာ သာယာပါစို့"

"သာယာလတ်ပါသော်ကော - အမိ၊ ပဇာကြောင့်မေးပါစို့၊ ရောသီလတ်ပြီ၊ အရည်းကြီးဂိုဏ်းတွေ ရှုပ်ရှုပ်ထွေးထွေးကြောင့် တိုင်းကားပြည်ရေး ဗိုးရိမ်ဘိရန်ကော၊ အဖ၊ အမိတို့ ပူပန်နီးတာပ၊ မင်းရေးမအေးရင် အတို့ကျွန်ခံမက်ဟာ ပသို့မျှ နေပြည်တော်က မခွာရသေးပါ၊ အနို - အိုထိပ်တင်တစ်ယောက်ရော - ပဇာသို့"

မြေတ်ခေါင်က ရင်ထဲတွင် စိုးရိမ်နေသည့်အတိုင်း မေးလိုက်သည်၊ အဖ အမိတို့ အမူအရာတွေက ပျက်ချင်ချင်၊ ဦးသီလက ဆေးတံကို မီးညှိရင်း အိုမျက်ချယ်ကို ကြည့်သည်၊ အိုမျက်ချယ်ကလည်း ဦးသီလကို ပြန်ကြည့်ရင်း စကားမဆို နှုတ်ဆိတ်နေကြပြီကော၊



www.burmeseclassic.com

www.burmeseclassic.com

"ပြောပါ - အဘ"

ဦးသီလက သက်ပြင်းချသည်၊ ဆေးတံကို တစ်ချက်နှစ်ချက်ဖွာသည်၊

"လူကလေးချစ်သူက ကြက်စိမ့်ရွာမှာ မရှိ - ကြာဘီကော"

"ပဏ္ဍ အရပ်ဖြစ်ပါစ့်"

"အဘတို့ မသိနိုးပြီ၊ ဘယ်နံ့ရောမှာ ပြန်လာလတ်မည် မထင်ပါစ့်၊ သူ့အဘ ဦးမြေတ်လည်း ကွယ်လွန်သွားကတည်းက ရွာက ခြေရာဖျောက်ချေပြီကော"

အိုထိပ်တင် သဲလွန်စများကား ပျောက်ကွယ်သွားသည်၊ လမ်းခရီးတွင် တွေ့ခဲ့ရသော မျက်ကန်းအရှည်းကြီးများ ပြောပြသည့်အတိုင်း အိုထိပ်တင်သည် ဝတ်ကျောင်းကချေသည်တစ်ဦးဖြစ်နေပြီရောမသိ၊ ဝေးသထက်ဝေး

ငမြတ်ခေါင်သည် ငလုံးအတွက်
စိုးရိမ်ထိတ်လန့်သွားသည်။
အိုထိပ်တင်သည်လည်း ဟိုတုန်းက
ကြက်စိမ့်ရွာသူ၊ ကွမ်းတောင်ကိုင်
အိုထိပ်တင် မဟုတ်တော့။
မန္တရဂိုဏ်းသားပီပီ၊ လှသတ်ရာတွင်
ရက်စက်သည်။ မယ်တော်
ကာလကဏ္ဍိ၏သမီးတော်အဖြစ်
ခံယူထားပါက လူသွေးနှင့်
မယ်တော်ကို အစဉ် ပူဇော်နေရသူ
ဖြစ်သည်။





သွားပြီလား၊ သည်တစ်ခေါက် ရွာအပြန်တွင် အမျက်တော်ပြေစေရန် ငင်ကောက်ပြေလျော့စေရန် သူမှားသမျှ တောင်းပန်ဝန်ချမည်ဟု တင်ကြံ့စိတ်ကူးထားသည်၊ ထိမ်းမြားလက်ထပ်ယူဖို့အထိ ဆုံးဖြတ်ထားမိသည်၊

ထိုင်းမှိုင်းလေးလံသော စိတ်များက ငမြတ်ခေါင်ခန္ဓာကိုယ်တစ်ခုလုံးကို လွှမ်းခြုံသွားသကဲ့သို့ ခံလိုက်ရသည်၊

"ဘယ်ကိုရောက်နေပြီလဲ - အိုထိပ်တင်ရယ်"

နောက်နေ့ နံနက်စာစားပြီးချိန်ရောက်သည့်တိုင် ငမြတ်ခေါင်သည် မည်သူနှင့်မျှ စကားမပြောနိုင်အောင် ဖြစ်ရသည်၊ အိမ်ဘေးအဖီအောက် ကွပ်ပျစ်ရှည်ပေါ်တွင် တစ်ယောက်တည်းထိုင်ကာ နက်နက်နဲနဲ စဉ်းစားနေမိသည်၊

ယခုတော့ - ရွာတွေ သူကြွယ် ဦးမြေတ် ကွယ်လွန်သွားပြီး သမီးဖြစ်သူ အိုထိပ်တင်လည်း မရှိတော့၊ ဦးမြေတ်တို့က မန္တရဂိုဏ်းသား သမထီးကိုးကွယ် သူများဖြစ်ကြသည်၊ သမထီးဆရာသခင် ဗဒ္ဓရဉာဏကား အရှည်းလောကတွင်မသိသူမရှိ၊ ထင်ရှားကျော်စောရှိလှသည်၊ အိုထိပ်တင်သည်ပင် ဗဒ္ဓရဉာဏ၏ ဝတ်ကျောင်းကချေသည်တစ်ဦး ဖြစ်မည်ဆိုလျှင်လည်း ဖြစ်လောက်ပေသည်၊ ငယ်စဉ်ကတည်းက ဓားရေးငင်ကျွမ်းသလို ဝါဂီနစ်သုခမတွင်လည်း အထုံဝါသနာကြီးသည်၊

ကာလစက္ကဂိုဏ်းသား မျက်မမြင်အရှည်းကြီးသုံးပါးနှင့် ရင်ဆိုင်တိုက်နိုက်ခဲ့ကြသည်၊ သူတို့ဆရာသခင် အရှည်း ဓမ္မဓဇ အသတ်ခံခဲ့ရသလို မယ်တော် ကာလကဏ္ဍိရွှေစင်ရုပ်ထုအား ပြန်လည်ရယူသွားသည်၊ ပျောက်ဆုံးသွားသော ပတ္တမြားနှစ်လုံးနောက်ကို လိုက်လံရှာဖွေနေသည်၊ ပျူသချိုင်းကျောင်းတော်ရာကို သိသူက ရွာထဲက ပန်းပဲဆရာ ငလုံး၊ ငလုံးက အရှည်းဝေဒဗ္ဗနှင့် သွေးသားတော်စပ်သည်၊ အရှည်းများပြောစကားအရ ကြက်စိမ့်ရွာဝန်းကျင်တွင် အိုထိပ်တင် ရောက်ရှိပုန်းကွယ်နေပေလိမ့်မည်၊



www.burmeseclassic.com

ပန်းပဲဆရာ ငလုံးထံမှ ပျူသချိုင်းကျောင်းတော်ရာ ...။

မြွတ်ခေါင်သည် ငလုံးအတွက်စိုးရိမ်ထိတ်လန့်သွားသည်။ အိုထိပ်တင်သည်လည်းဟိုတုန်းကကြက်စိမ့်ရွာသူ၊ ကွမ်းတောင်ကိုင်အိုထိပ်တင်မဟုတ်တော့။ မန္တရဂိုဏ်းသားပီပီ၊ လူသတ်ရာတွင်ရက်စက်သည်။ မယ်တော်ကာလကလျှို၏သမီးတော်အဖြစ် ခံယူထားပါက လူသွေးနှင့် မယ်တော်ကို အစဉ်ပူဇော်နေရသူဖြစ်သည်။ လူသတ်လက်နက်၊ နဂါးပတ်ကျော့ကွင်းကိုလည်း ပိုင်ဆိုင်ထားသည်။ ကြောက်ဖွယ်လိလိ - ဝတ်ကျောင်းကရှေသည် အိုထိပ်တင် ဖြစ်နေပြီကော။

ပန်းပဲဆရာ ငလုံး - အခုအချိန်ထိ အသက်ရှိမှ ရှိပါ့မလား။ မြွတ်ခေါင်စိုးရိမ်သွားသည်။ ထိုင်ရာမှ ဆတ်ခနဲထသည်။ အင်္ကျီပုဆိုးကိုခါးစည်းနှင့်တကွ ဒေါက်ပိုင်းကျိုက်သည်။ ပြီးတော့ - လက်စွဲတော်ဖြစ်သော ကျောက်စီဓားရှည်ကြီးကိုလွယ်သည်။ ဓားကို ဓားအိမ်မှချွတ်ကာ တစ်ချက်နှစ်ချက် ဝှေ့ယမ်းသည်။ တစ်ဖန်ဓားသွားကိုသေသေချာချာကြည့်ရှုစစ်ဆေးသည်။ ထို့နောက်မှ အိမ်ထဲသို့ပြန်ထည့်သည်။

တင်းကုပ်မှ အညိုရောင် ဖောင်းဝတ်မြင်းကြီး တိမ်ညွှန့်စားကိုထုတ်လာသည်။ သူ့ကို တစေ့တစောင်းနှင့် ထာဝစဉ် အကဲခတ်ကြည့်နေသော သံပျင်ကြီးက လှမ်းမေးလိုက်သည်။

"လူလေး - ပဏ - သွားပုံ"

"ရွာထဲက ပန်းပဲဆရာ ငလုံးအိမ်ပ။ အတို့ကျွန် စိတ်ထင်လှပါဘိ။ ငလုံးမှာ အသက်အန္တရာယ် ရှိပြီကော"

"လူလေး - ဓားတစ်လက်က ဘယ်မျှထက်ထက် အလက်များစွာနဲ့ တွေ့ရင် တုံးတတ်ပါသော်ကော"



မြွတ်ခေါင်က ဖခင် ဦးသီလကို ကြည်ညိုစွာ စိုက်ကြည့်မိသည်။ ထို့နောက်မှ -

"မပူပါလင့် - အဘ - ညဉ့်နေဏအမိ၊ အတို့ကျွန်ရဲ့မျက်နှာကိုဆက်ဆက်မြင်ရစိမ့်"

မြွတ်ခေါင်သည် တိမ်ညွှန့်စားပေါ် လွှားခနဲ တက်လိုက်ရင်း ကဆုန်စိုင်းနှင်ခဲ့တော့သည်။ ရွာထဲမှ ဝေးလှသည်မဟုတ်။ ငလုံးကား အိမ်သပ်သပ်၊ အလုပ်သမားများ ပန်းပဲလုပ်ရာ အလုပ်ရုံက သပ်သပ်တည်ဆောက်ထားသည်။ ကြက်စိမ့်ရွာတွင် ထုသံရိုက်သံ တညံ့ညံ့ ထွက်နေသော အိမ်သည် ပန်းပဲဆရာ ငလုံးအိမ် ဖြစ်သည်။ သို့သော် ယနေ့ ထူးခြားနေသည်။ ထုသံရိုက်သံ တညံ့ညံ့ မကြားရ။ ပဏကြောင့် တိတ်ဆိတ်ငြိမ်သက်နေရပါဘိ။

မြွတ်ခေါင်သည် အလျင်အမြန် အိမ်ထဲသို့ တန်းဝင်လိုက်သည်။ သူထင်မှတ်ထားသည့်အတိုင်း ငလုံးကိုမြင်တွေ့ရသည်။ သို့သော် သက်မဲ့ခန္ဓာကိုယ်ကြီးက ရုပ်ဆင်းပျက်စွာ သူ့ကို ဆီးကြိုလျက် ရှိသည်။ အရည်းဓမ္မဓေကဲ့သို့ပင် လည်ပင်း၌ ညိုမည်းမည်းယောင်ယောင် အရစ်ရာများကို တွေ့ရသည်။ ဇက်ကျိုးကျ သေဆုံးနေခြင်းဖြစ်သည်။

ငလုံးအလောင်းကို သေချာစစ်ဆေးကြည့်သည်။ သေသွားသည်မှာ မကြာသေး။ ပူနွေးနွေးရှိနေသည်။ ရန်သူက အဝေးသို့ ရောက်မသွားနိုင်၊ ဒီအထဲမှာပင် ရှိနေနိုင်သေးသည်။ ထိုစဉ်မှာပင် သူ့နောက်ကွယ်မှ အရိပ်တစ်ခုကျလာသည်ကို လှစ်ခနဲ မြင်လိုက်ရသည်။ ကိုယ်ကို တစ်ပတ်လှည့်တိမ်းစောင်းရင်း ခုန်ထွက်လိုက်သည်။ ဓားကိုလည်း ဆွဲထုတ်လိုက်သည်။

တစ်ဖက်လူကလည်း လျင်မြန်လှသည်။ ခြေတစ်ဖက်နင်းပြီး ခုန်ဝင်လာသော စလွယ်ပိုင်းဓားချက်အား ဓားဖြင့်ပင် ခံပက်ထုတ်လိုက်သည်။ တစ်ဖက်လူက ဖိအားသုံးပြီး ဝိုက်ချလာသည်။ မြွတ်ခေါင်၏ဓားသည် တစ်ဖက်လူ၏ဓားကိုပါ ဖိဆွဲသွားသည်။ သူ၏ဓားဦးသည် တစ်ဖက်လူ၏ လက်ဝဲဘက်နားအထက် ရေအိုးတင်ကို လက်တစ်ထောက်ခန့် ဖြတ်ဝင်လိုက်သည်။

www.burmeseclassic.com

လျှင်မြန်လှသည်။ နေရာပြောင်းပြီး တိမ်းရှောင်လိုက်သည်။ မြေတ်ခေါင်တ ရန်သူ၏မျက်နှာကို အလျှင်စလို ကြည့်လိုက်သည်။ မျက်နှာကို မမှတ်မိစေရန်၊ ဇာပဝါအနက်နှင့် စည်းနှောင်ထားသည်။ ရန်သူက ဆုပ်ထားသော ဘယ်ဘက်လက်ကို ဖြန့်ထုတ်လိုက်သည်။ နံ့သာနံ့က နှာခေါင်းဝတွင် ကြိုင်လှိုင်ပျံ့သင်းလာသည်။

ရော - မြေတ်ခေါင် - ထိုခဏတွင် မှင်တက်မိသလို ဖြစ်သွားရာ ငိုင်သွားခိုက် ရန်သူထံမှ ရယ်သံသဲ့သဲ့ ထွက်ပေါ်လာသည်။ သည်လိုရယ်သံမျိုး ကြားဖူးခဲ့သည်။ ထို့နောက်တွင် လျှင်မြန်စွာပင် သူ့လက်မောင်းနှစ်ဖက်ကို ဆတ်ခနဲကြွကာ ကိုယ်ကို လိမ်တွန့်၍ လှည့်ထွက်လိုက်ရာ ရန်သူက မြေတ်ခေါင်နောက်ကျောဘက်ဆီသို့ ရောက်သွားသည်။

မြေတ်ခေါင် တစ်ချက်မှားသွားသည်။ ဟန်ပန်အသွင်အပြင် လှုပ်ရှားမှုများကိုကြည့်၍ မြေတ်ခေါင် သိနေပါသည်။ ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာသော အိုထိပ်တင်မျက်နှာကို မမှတ်မိစေရန် အနက်ရောင်ဇာပဝါဖြင့်မည်သို့ပင် ဖုံးကွယ်ထားစေကာမူ အိုထိပ်တင်မှ အိုထိပ်တင်အစစ်။

"အိုထိပ်တင် - ပသို့မှု လိုက်ပါစံ့"

မြေတ်ခေါင် အသံထွက်ပေါ်လာသလို၊ ဓားနှောင့်ဖြင့် နောက်စေ့ကို လွှဲခုတ်လိုက်ခြင်း ခံရသည်။

မြေတ်ခေါင် သတိလစ်၍ မြေပေါ်သို့ ပုံလဲကျသွားသည်။

မြေတ်ခေါင် သတိပြန်ရ၍ မျက်စိဖွင့်ကြည့်ရာ သံပျင်ကြီးအိမ်သို့ ပြန်ရောက်နေမှန်း သိလိုက်ရသည်။ အမိတို့ကလည်း အနီးအပါးဝိုင်းကာ စိုးရိမ်တကြီးရှိသည်။ သူ့ သတိမေ့နေရာမှ အိမ်သို့ပြန်ခေါ်ဆောင်လာကြသူများမှာ မျက်မမြင်အရည်းကြီးနှစ်ပါးဖြစ်သော ရှင်ကြီးစိန္တာမဏိနှင့် ရှင်ကြီးနဂိန္ဒတို့ဖြစ်သည်။

"ဝတ်ကျောင်းကချေသည်ဆိုတာက မေထုန်ပူဇော်ပွဲတွေမှာ အရည်းကြီးတွေ ပညာစည်းတက်တဲ့ တပည့်လက်သားတွေကို ကာမဂုဏ်လွှတ် (လှူ)ရတဲ့ လုံမပဲ - ရဲမက်တော်။ သူတို့အယူကတော့ ပါရမီဖြည့်ပြီး ဗျွှတ်ဆငယူတယ်ဆိုသပ။ အိုထိပ်တင်က မန္တရယာနဂိုဏ်းချုပ် ဗဇ္ဇညာဏရဲ့လက်ရင်းတပည့်ကြီး ဖြစ်နေပြီပ။ လက်ရင်းတပည့်ဖြစ်ဖို့ကလည်း ခက်ခဲပါဘိ။ ပူဇော်အကမျိုးစုံ တတ်ကျွမ်းမှ လက်ရင်းတပည့်အဖြစ် သတ်မှတ်ပါစံ့။ ရော - ပိုဆိုးတာက အိုထိပ်တင်ဟာ မယ်တော် ကာလကဏ္ဍီရဲ့ ကိုယ်ပွားရုပ်သွင်ဖြစ်နေတယ်၊ တဂဏ္ဍဝကကြိုးဆင်မယ်၊ နဂါးပတ်ကျော့ကွင်းနဲ့ လူတွေကို သတ်မယ်။ လူသွေးနဲ့ မယ်တော် ကာလကဏ္ဍီကို ပူဇော်မယ်။ ရဲမက်တော်ကိုတော့ ပဏာကြောင့် နဂါးပတ်ကျော့ကွင်းနဲ့ ရစ်လည်းမသတ်၊ ဇက်လည်း မချိုးဘဲ ပဏာကြောင့် ချမ်းသာခွင့် ပေးခဲ့တယ်ဆိုတာကတော့ အိုထိပ်တင်ပဲ သိတော့မှာပဲလေ"

→ နှန်းကြော့ချွင်

စာမူများ
ပေးပို့လိုပါက
အယ်ဒီတာအဖွဲ့



www.burmeseclassic.com